www.burmeseclassic.com

# မိန်းကလေး

တူနစ်ကိုယ်စွယ်တော်

ပထမပိုင်း




DESIGN THEIN SHWE KYI

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

# မိန်းကလေး

# တူနှစ်ကိုယ်စွယ်တော်

(ပထမပိုင်း)

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)

"ကျစ်"

လျှာဖျားလေး အာခေါင်မှာထိကာ နှုတ်ခမ်းလွှာလှလှလေး ဖွင့်ဟလျက်သားနဲ့ ကျစ်ခနဲ စုတ်သပ်ရှုတ်မိသည်က စိတ်ပျက်စွာပဲ ဖြစ်သည်။

ကားလက်ကိုင်ကို လက်သီးဆုပ်ဖွဖွနဲ့ တစ်ချက်ထုဏ်။

သွားနေတဲ့ကားက ချက်ချင်းထိုးရပ်သွားတာ ဘာကြောင့်မှန်း မသိပေမယ့် ကားဆက်မောင်းလို့ မရသည့်အဖြစ်။ ဒေါ်သအမျှင်တန်း စရာ ကောင်းလှသည်။

ဒရိုင်ဘာကိုဝေကို သေချာစစ်ဆေးခိုင်းထားလျက် မစစ်ဆေး



www.burmeseclassic.com

www.burmeseclassic.com



ဘူးထင်တယ်။ ခုတော့ လမ်းတစ်ဝက်မှာ ထိုးရပ်သွားတဲ့အဖြစ်။

နေ သူငယ်ချင်းတွေနဲ့ချိန်းထားတာ ဂျဲတော့မှာပဲ။

တောက်၊ ကိုဝေ၊ တာဝန်မကျေတဲ့ ဒရိုင်ဘာ။

"နေနှင်းဆီ"အကြောင်း သိရစေမယ်၊

ဒရိုင်ဘာကိုဝေကို စိတ်ထဲမှ တေးမှတ်လိုက်သည်။

လောလောဆယ် ဒီကားကြီးမောင်းလို့ရဖို့ အရေးကြီးသည်၊ နေနှင်းဆီက ကားသာမောင်းတတ်သူ။ ကားအကြောင်း ဘာမှနားမလည်သူ။ ကားအကြောင်းကောင်းကောင်းသိတဲ့ မက္ကင်းနစ်ကို ခေါ်ပြရမယ်။

အင်း၊ မက္ကင်းနစ်ထက် "ကိုထော" ကိုခေါ်လိုက်တာအကောင်းဆုံးပဲ။

ဟုတ်တယ်။ လတ်လတ်ဆတ်ဆတ်အတွေးလေးနဲ့အတူ ပခုံးစွန်းမှာလွယ်ထားတဲ့ ငွေမင်ရောင်သားရေအိတ်ကို ဖြုတ်သည်။

သားရေအိတ်ဖွင့်ပြီး ငွေဖြူရောင်လက်ကိုင်ဖုန်းလေးထုတ်ကာ ကိုထောဖုန်းနံပါတ်ကို နှိပ်သည်။

"ဟင်"

နေ့မျက်ခုံးလေး ပင့်တက်သွားပြန်သည်။

ဖုန်းက ဘက်ထရီ အားကုန်နေသည့်အဖြစ်။

တောက် ဘက်ထရီကို အားထည့်ပါလို့ အိမ်ဖော်ကောင်မ





လေး ပူစူးကို သေချာပြောထားလျက် နိုင်းတာကို သေချာမလုပ်တဲ့ ပူစူး။

အနားမှာရှိနေရင် ဆောင့်တွန်းပစ်ပြီး အလုပ်ထုတ်လို့ အမိန့်ချမှာ သေချာသည်။

ခုတော့ နေ့ရင်ထဲ ဒေါသအမှုန်တွေ ပြန့်ကျဲသွားသည်။

ပူစူးနဲ့ကိုဝေ၊ ဒင်းတို့နှစ်ယောက် နေနဲ့ တွေ့ကြသေးတာပေါ့။

လက်ရှိ ကားကလည်း ဘာဖြစ်လို့ဖြစ်မှန်းမသိ။ ဖုန်းကလည်း ဘက်ထရီဒေါင်းနေတော့ ကိုထောကို အကြောင်းကြားလို့မရတဲ့အဖြစ်ရယ်။

ခက်လိုက်တာနော်။ လက်ကိုင်ဖုန်းကို အိတ်ထဲ ဆောင့်ဆောင့်အောင့်အောင့် ပြန်ထည့်ရင်း ဘယ်လက်ကောက်ဝတ်မှ စိန်ပွင့်ကလေးများ ဝိုင်းရံထားတဲ့ ပလက်တီနမ်ကြိုးတပ် နာရီပိုင်းလေးကို ကြည့်မိ၏။

တစ်နာရီနဲ့ ဆယ်မိနစ်ရှိသွားပြီ။ သူငယ်ချင်းတွေနဲ့ချိန်းထားတဲ့ဆီ နောက်ကျမှ ရောက်လို့မဖြစ်ဘူး။

နေ နောက်ကျမှရောက်ရင် သူငယ်ချင်းတွေ ဘာညာဝိုင်းပြောကြမှာလေ။ နေ့စိတ်က ဘယ်သူမှ ဘာမှဆိုပြောတာကို မခံချင်။

ဒါကြောင့် လက်ဆွဲအိတ်လေးဆွဲ၍ တံခါးဖွင့်ကာ ကားပေါ်မှ သွက်သွက်လေးဆင်းလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကားတံခါးကို လော့ကျအောင်ပိတ်၍ ဒီအတိုင်းထားပစ်ခဲ့ပြီး တက္ကစီနဲ့သွားရင် နောက်မကျနိုင်ပါဘူး။

ဒါပေမဲ့

နေ့တစ်သက်နဲ့တစ်ကိုယ် တက္ကစီ မစီးဖူး။ ပြီးတော့ လူတကာစီးနေတဲ့ တက္ကစီကို နေစီးတာသိရင် မာမီဆူလို့ ဆုံးတော့မှာ မဟုတ်ဘူး။

မာမို့အတွက အဆင့်အတန်းကို ဘာနဲ့မဆို ခွဲခြားတတ်တယ်လေ။ ဒါကြောင့် တက္ကစီစီးလို့မဖြစ်ဘူး။

ပလက်ဖောင်းပေါ်ရပ်ရင်း ဟိုဒီကြည့်လိုက်တော့ မလှမ်းမကမ်းမှာ စတိုးဆိုင်လေး မြင်သည်။

စတိုးဆိုင်က တယ်လီဖုန်းနဲ့ ကိုထောကို အကြောင်းကြားမှပဲ။

ဟုတ်တယ်။ ဖျတ်ခနဲဝင်လာတဲ့အတွေးနဲ့ နေ့ခြေလှမ်းသွက်သွက်လေးက စတိုးဆိုင်ဆီ ရောက်သွားသည်။

ဆိုင်ဝမှာ ဖုန်းဆက်နိုင်သည်လို့ ဆိုင်းဘုတ်လေး ချိတ်ဆွဲထားတာမြင်တော့ နေ တအားတက်သွားသည်။

နေ စတိုးဆိုင်ထဲလှမ်းဝင်လျှင် ဆိုင်ရှင်အမျိုးသမီးကြီးလက်ချောင်းက ကြိုးဖုန်းနံပါတ်ကို နှိပ်နေသည်။ အမျိုးသမီးနဲ့ မျက်နှာချင်းဆိုင်ထိုင်နေတဲ့လူရွယ်က အမျိုးသမီးကြီးနှိပ်နေတဲ့ ဖုန်းနံပါတ်ကို စိတ်ဝင်တစား ငေးကြည့်နေသည်။





နေ့ထက် ဖုန်းဆက်ဖို့ ဦးနေတဲ့အဖြစ်။

နေ ဘဝင်မကျဖြစ်သွားသည်။

"ဖုန်းဆက်မလို့လား၊ ခဏစောင့်နော် သမီး"

ဟု အမျိုးသမီးကြီး ရိပ်မိစွာပြောသည်။ နေ မစောင့်ချင်။

"ဟို အရေးကြီးလို့ပါ"

နေ လွှတ်ခနဲပြောလိုက်သည်။ ဖုန်းနံပါတ်နှိပ်နေတဲ့ အမျိုးသမီး လက်ချောင်းလေးတန့်ကာ နေ့ကိုမော့ကြည့်သည်။

"နေ အရေးကြီးလို့ပါ၊ အရင်ပေးဆက်ပါနော် အန်တီ"

နေ ပြောရင်း ဖုန်းရှိတဲ့စားပွဲဆီ ရွှေ့လာသည်။

ဖုန်းတင်ထားတဲ့စားပွဲခုံလေးခြားလျက် မျက်နှာချင်းဆိုင်ထိုင်နေတဲ့လူရွယ်ကို အမျိုးသမီးကြီး မျက်လွှာပင့်ကြည့်သည်။

ဘေးတစောင်းမြင်နေတဲ့ လူရွယ်မျက်နှာက နေ့ဘက် လှည့်မကြည့်ဘဲ မေးတစ်ချက်ဆတ်သည်။

အရေးကြီးနေတယ်လို့ပြောတဲ့ နေ့ကို အရင်ပေးဆက်လိုက်လို့ အသံတိတ်ပြောတဲ့သဘော။

နေ ကျေနပ်သွားကာ ကိုထောဖုန်းနံပါတ် ရွတ်ပြလိုက်သည်။ အမျိုးသမီးကြီးဖုန်းနံပါတ်နှိပ်စဉ် နေ မထိုင်တော့။

မတ်တတ်ရပ်လျက်ပင် အမျိုးသမီးကြီးကမ်းပေးတဲ့ ဖုန်းခွက်ဖြူလေးကို လှမ်းယူကာ နားနားကပ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဖုန်းက ငင်နေပြီမို့ နေ ခပ်သွက်သွက်လေးပြောလိုက်သည်။

ကိုထော အမြန်လာခဲ့ပါလို့။

ကိုထောက နေ့အတွက်ဆို သေသေရှင်ရှင် လုပ်ပေးဖို့ စိတ်အားထက်သန်သူ။

နေ တကူးတကခေါ်လိုက်တော့ ဆယ်မိနစ်အတွင်း အရောက်လာခဲ့မယ်တဲ့။

နေ ကျေနပ်စွာပဲ ဖုန်းချလိုက်သည်။

ပခုံးလွယ်အိတ်ထဲက ဖုန်းဆက်ခ နှစ်ရာတန်အသစ်တစ်ရွက် ထုတ်၍ စားပွဲပေါ်တင်ပေးလိုက်သည်။ အန်တီကြီးက လူရွယ်၏ဖုန်းနံပါတ် ပြန်နှိပ်လျှင် နေက ဆိုင်အဝက ထိုင်ခုံလေးပေါ် ထိုင်ချလိုက်သည်။ ကိုထော အမြန်လာပါတော့လို့ မျှော်ရင်း။ ထိုစဉ်

''ကျွန်တော် 'ရင့်သဘာ' ပါ ကိုတူ''

လို့ တိုးတိုးဖွဖွအသံလေး နေ့နားထဲ ဝင်လာသည်။

ထိုအသံကြောင့် ကိုထောလာရာဆီ ငေးမျှော်နေမိတဲ့ နေ့မျက်ဝန်းက ဖုန်းပြောနေတဲ့လူရွယ်ဆီ အလိုလို စွေကြည့်လျက်သား ဖြစ်သွားသည်။

✿





နာမည်က 'ရင့်သဘာ'တဲ့။ နာမည်က ဆန်းသလို လူရွယ်ပုံစံကလည်း ထင်းနေသည်။

ဖုန်းတင်ထားတဲ့ ကျွန်းစားပွဲပေါ် လက်တစ်ဖက်တင်ကာ ညာလက်ဖြင့် ဖုန်းခွက်ကိုင်ထားသည်။ ခပ်မတ်မတ်ထိုင်ပြီး ဖုန်းကို စိတ်ဝင်တစားပြောနေတဲ့ ဘေးတစောင်းမြင်ရတဲ့ သူ့ရုပ်သွင်ကြောင့် နေ့အကြည့်တွေ ရုပ်သိမ်းဖို့ မေ့လျော့သွား၏။

သူ့အရပ်မြင့်မားမှုနဲ့ ကြည့်တာနဲ့ သိသာနေသည်။ ဖြူသော အသားက နေရောင်ထိပါများယာန်တူသည်။ နီကြွင်ကာ ကြမ်းသယောင်ရှိသည်။

နဖူးနဲ့နားရွက်ပေါ် ခပ်ဖွာဖွာကျနေတဲ့ ဆံပင်ပုံက သပ်သပ်ရပ်ရပ် ဖြီးသင်ထားပုံမျိုး မဟုတ်။ သူ့ဘာသာ ခပ်ရိုင်းရိုင်းကျနေသည့်က မျက်နှာပုံနဲ့ လိုက်ဖက်နေသည်။ သူ့မျက်နှာမှာ ထူထဲစိမ်းမှောင်တဲ့ မျက်ခုံးနှစ်သွယ်က အထင်ရှားဆုံးဖြစ်၏။

ပြာနက်သော မျက်ဆန်နဲ့ မျက်အိမ်ကျယ်သယောင်ရှိသလို ထူပြည့်သောနှုတ်ခမ်းက တစ်ဖြောင့်တည်းဖြစ်၏။ အနည်းငယ်ကားသယောင်ရှိသော မေးရိုးကြောင့် လေးထောင့်ဆန်နေပေမယ့် မေးဖျားသွယ်သောဟန်က ယောကျ်ားပီသစွာ ဆွဲဆောင်မှုတို့ရှိနေသည်။

အထူးသဖြင့် ရိုတ်ပြီးပြန်တက်စ နှုတ်ခမ်းမွေးတိုစိစိလေးတွေ



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ဖြစ်မည်ထင်သည်။

"ကျွန်တော်ပြောထားတဲ့ အလုပ်တစ်နေရာ ရမလား ကိုတူ"

ဖုန်းပြောနေတဲ့ သူ့အသံတိုးတိုးက နေ့နားထဲ ရှင်းရှင်းကြီး တိုးဝင်လာပြန်သည်။

တစ်ဖက်က ဘာပြန်ပြောသည်မသိ။ သူ အတန်ကြာ တိတ်ဆိတ်သွားပြီးမှ –

"ရပါတယ်ဗျာ၊ ဘာတတ်နိုင်မှာလဲ၊ အခုလိုပြောပြတဲ့ အတွက် ကိုတူကို ကျေးဇူးတင်ပါတယ်"

ပြန်ပြောလိုက်တဲ့ သူ့အသံက လေးလေးပင်ပင်ကြီး ဖြစ်နေသည်က အလုပ်မရမှန်း သေချာကြောင်း နေ နားလည်သွားသည်။

သူ့ပိုက်ဆံက သူ့မျက်နှာနဲ့သူ့ဝတ်စုံလိုပဲ နွမ်းနေသည်။ သူ့ရုပ်နဲ့ မလိုက်ဖက်လှ။

အညွှံစားရှပ်ကွက်အဝါရောင်လေးကို လက်ခေါက်ဝတ်ထားတဲ့အင်္ကျီက မူလအရောင်ပင် မပေါ်လွင်တော့။ ဂျင်းဘောင်းဘီအပြာရောင်ကလည်း ထိုနည်းတူဖြစ်သည်။

ဖြောင့်မတ်သောအရပ်ကြီးနဲ့ ဆွဲဆောင်မှုရှိတဲ့ သူ့မျက်နှာက အရောင်ပြယ်နေတဲ့သူ့ဝတ်စုံကြောင့် သိသိသာသာကြီး မှေးမှိန်နေသည်။

အနိတ်ကြီး ပြန်အမ်းပေးတဲ့ တစ်ရာတန်အသစ်ကလေးကို





တစ်ချက်ကြည့်၍ ဘောင်းဘီအိတ်ထဲထိုးထည့်ကာ ဆိုင်ထဲက ထွက်သွားတဲ့ သူက နေနှင်းဆီလို လူတကာ လည်ပြန်ငဲ့မကြည့်ဘဲ မနေနိုင်အောင် အိအိစက်စက်လှနေသော ကုဋေကုဋာမက ချမ်းသာတဲ့ သူဌေးသမီး အလှတုရုပ်မလေး ရှိနေတယ်လို့ သတိထားကြည့်မိဖို့ စိတ်ဝင်စားဟန်မတူ။

နေ ကားနဲ့ဟမ်းဖုန်းကြောင့် စိတ်ညစ်သလို အလုပ်မရတဲ့ သူ့အဖြစ်ကလည်း စိတ်ညစ်စရာကောင်းနေပြီထင်ရဲ့။

စတိုးဆိုင်ရှေ့ ပလက်ဖောင်းပေါ် သူ့ခြေအစုံက ဦးတည်ရာမဲ့ ရပ်ကာ ဟိုဟိုဒီဒီငေး၍ တစ်ခုခုကို စဉ်းစားနေဟန်တူသည်။

စတိုးဆိုင်ရှေ့ ကိုထောရဲ့ပရာဒိုကားသစ်ကြီး ထိုးရပ်လျှင်–

ထိုးရပ်ပြီးတဲ့ ကိုထောကားရှေ့ကနေ တစ်ဖက်လမ်းသို့ ဖြတ်ကူးသွားတဲ့ သူ့ပုံရိပ်လေးနောက် နေ့အကြည့်တွေ တောက်လျှောက်ပါသွား၏။

"နေ ကားဘာဖြစ်လို့လဲ"

ကိုထော ကားပေါ်က ကမန်းကတန်းဆင်းလာ၍ အရေးတယူမေးမှ သူ့ဆီကအကြည့် ကိုထောဆီ ပို့လိုက်ရသည်။

ကိုထောက သူ့လောက် အရပ်အမောင်းမလှပေမယ့် စမတ်ကျတဲ့လူငယ်ပါပဲ။

မဆိုင်တာကို နှိုင်းယှဉ်ခံစားမိရင်း နေ့စိတ်ကို ထိန်းချုပ်လိုက်



www.burmeseclassic.com

www.burmeseclassic.com



ရသည်။ နေ့အဖြစ်အပျက်ကိုပြောပြကာ ကားကိုထားခဲ့ပြီး ကိုထောက်ကို သူငယ်ချင်းတွေဆီ အရင်လိုက်ပို့ခိုင်းမိသည်။

ဘာကြောင့်မှန်း မသိ၊ နေ့အခက်အခဲကိုကူညီပေးတဲ့ ကိုထောက်ကို ကျေးဇူးတင်စကား မဆိုမိ။

နေ့အခက်အခဲအတွက် ဖုန်းအရင်ဆက်ခွင့်ပေးတဲ့သူ့ကို သူမသိပေမယ့် Thank you ပါကွယ်လို့ တိုးတိုးလေးပြောမိသွားသည်။

ဒါကိုတော့ သူ မသိနိုင်ပေ။ မသိတာဘဲ ကောင်းပါတယ်လေ။ ဘာဖြစ်လို့လဲဆိုတော့ နေနဲ့ သူက အခြေအနေချင်း ဂုဏ်ပကာသနချင်း မတူ။ သုံးနဲ့လေးလိုပဲ။

✿ ✿ ✿



## အခန်း (၂)

"နေ နောက်ကျလိုက်တာ"

ချိန်းထားတဲ့ ရွှေကုံကော်အသားကင်ဆိုင်ထဲ နေ့, ဝင်မိသည်နှင့် ကေကေ အသံကျယ်ကျယ်နှင့် ဦးစွာပြောသည်။

"ဘာကြောင့် နောက်ကျရတာလဲ မဖုရားရယ်၊ လင်းစမ်းပါဦး"

ရွှေနီကလည်း ခနဲ့သလို မေးပြန်သည်။

"ဟုတ်သားပဲ၊ အကြောင်းရှိလို့ နောက်ကျတာပဲပေါ့ဟ၊ ဟင့် ဟင့် ဟင့်"

အပြုံးချိုကလည်း အခွင့်အရေးရတုန်း ပြောရင်း အဟင့်ဟင့်



www.burmeseclassic.com

www.burmeseclassic.com



ရယ်ပြန်သည်။ နေ မျက်နှာလေးကိုမော့ကာ နှုတ်ခမ်းသားကို ဆွဲဆန့်ပြီး ဆောင့်အောင့်ဟန်လေးနဲ့ ခုံမှာထိုင်ချလိုက်သည်။

“ရှင်တို့နော်၊ နေ ငါးမိနစ်လေးနောက်ကျတာကို အပြစ်ကြီးလို ပြောမနေပါနဲ့”

“အပြစ်ပြောတာ မဟုတ်ဘူးရှင့်၊ ရွှေနီတို့ တစ်ခါတလေ နောက်ကျရင် ရှင်ပဲ နှုတ်ခမ်းတလန်ပန်းတလန်နဲ့ ပြောပြီးတော့”

“ဟဲ့ ရှင်တို့က အကြောင်းမဲ့ နောက်ကျတာလေ၊ ပြောရမှာပေါ့”

“အခု နေ နောက်ကျတာက အကြောင်းမဲ့မဟုတ်ဘူးဆိုတဲ့ သဘောလား”

“ဟုတ်တယ်၊ အကြောင်းမဲ့ မဟုတ်ဘူး၊ ဒင်းတို့ကြောင့်”

နေ နှုတ်ခမ်းလေးစူလျက် သိချင်နေကြတဲ့သူငယ်ချင်းတွေကို နောက်ကျရတဲ့အကြောင်း ပြောပြလိုက်သည်။

သူ့အကြောင်းတော့ ချန်ထားခဲ့သည်။

“ဟွန်း ကိုဝေနဲ့ ပုရူးကို အလုပ်ဖြုတ်ပစ်လိုက်တော့ နေရာ”

“ဟုတ်ပါ့၊ ခိုင်းတဲ့အတိုင်း အဆင်သင့်လုပ်မထားတဲ့ ဒရိုင်ဘာရော၊ အိမ်ဖော်ကိုရော ချက်ချင်းထုတ်ပစ်လိုက်၊ ဒါမှ ဒင်းတို့တွေ မှတ်မှာ”

အပြုံးချိုနဲ့ ကေကေ နေ့ဘက်က မခံရပ်နိုင် ဝင်ပြောသည်။





ကိုဝေနဲ့ပုရူးတို့ကို အစက ရင်ထဲမှာတေးမှတ်ထားပေမယ့် သူ့ မျက်နှာလေးမြင်ယောင်လျှင် နေ့စိတ်က တွေတွေဝေဝေဖြစ်သွားတယ်။

“ဘာလဲ နေက နှမြောနေတာလား၊ မနှမြောနဲ့၊ ဒင်းတို့နှစ်ယောက်လုံးကို ထုတ်ပစ်လိုက်၊ ခိုင်းတဲ့အတိုင်းမလုပ်တဲ့ အလုပ်သမားတွေကို နေ အလုပ်ထုတ်ပစ်နေကျအတိုင်း ထုတ်ပစ်လိုက်၊ ဘာမှ စဉ်းစားမနေနဲ့”

နေ့အကျင့်ကို သိနေတဲ့ ရွှေနီကလည်း အားတက်သရော ဝင်ပြောသည်။ နေ စိတ်အလိုမကျရင် ဘယ်အလုပ်သမားကိုဖြစ်ဖြစ် ချက်ချင်းအလုပ်ဖြုတ်ပစ်ခဲ့တာ ဆယ်ယောက်မကတော့။

သူနဲ့မဆုံခင်ကအထိ ကိုဝေနဲ့ပုရူးတို့ အလုပ်ထုတ်ပစ်ဖို့ စိတ်ထဲ တေးမှတ်ပြီးသား။

အလုပ်မရတာ သေချာလို့ စိတ်ဓာတ်ကျမှိုင်တွေသွားတဲ့ သူ့ မျက်နှာ မြင်လိုက်ကတည်းက နေ့ရင်ထဲ ပုရူးနဲ့ ကိုဝေကို တေးမှတ်ထားတဲ့အကြောင်းအရာက ကြက်ပျောက်ငှက်ပျောက် ပျောက်သွားသလိုဖြစ်မှန်း နေကိုယ်တိုင် သိနေရင့်နေသည်။

“ဟဲ့ နေ ဘာငိုင်သွားတာလဲ၊ ကိုဝေနဲ့ပုရူးတို့ အလုပ်ထုတ်ပစ်လိုက်ပါဆို”

ကေကေ တွန်းထိုးပြောမှ နေ အသိဝင်လာသည်။ မျက်နှာ



www.burmeseclassic.com

www.burmeseclassic.com



လေး ပုံမှန်အတိုင်းဖြစ်အောင် ပြုပြင်၍ –

"နေပါစေတော့ဟာယ်"

"ဟင်"

ရွှေနီတို့သုံးယောက် မျက်လုံးကလေးတွေ ပြိုင်တူပြူးကာ နေ့ကို တအံ့တဩ စိုက်ကြည့်သည်က မယုံနိုင်စွာ။

"ဘယ်လို နေ့"

"ဟုတ်တယ်၊ နေပါစေတော့၊ ပူစူးတို့ အလုပ်လက်မဲ့ဖြစ်သွားရင် မျက်နှာတွေ ငယ်ကျသွားမယ်"

"အလိုလေး"

အပြုံးချိုက ရင်ဘတ်ဖိမိသွားသည်။

"နေပဲ အစကပြောတော့ အပြစ်ရှိရင်ထုတ်တာပဲ၊ ဘာမှငဲ့စရာ မလိုဘူးဆို၊ အခု အပြစ်ရှိတာယ်လေ၊ ချိန်းထားတာနောက်ကျတာကိုဝေနဲ့ပူစူးကြောင့်၊ ခင်းတို့ကို အလုပ်ထုတ်ပစ်မှပေါ့၊ ဘာကိုငဲ့နေတာလဲ"

"ဟုတ်သားပဲ၊ အလုပ်ထုတ်ပစ်လို့ မျက်နှာငယ်ရုံမကလို့ ဘာပဲငယ်ငယ် အနေသာကြီးပါဟာယ်"

သူငယ်ချင်းတွေ နေပြောခဲ့ဖူးသော နေ့စကားလုံးတွေနဲ့ နေ့ကို ပြန်တွယ်ကြသည်။

နေရဲ့ တင်းမာခဲ့ဖူးတဲ့စိတ်တွေ အလိုလိုပျော့ကျသွားသည်။





သူငယ်ချင်းတွေကို တစ်ချက်ဝေ့ကြည့်၍ –

"တစ်ကြိမ်တစ်ခါမို့ ခွင့်လွှတ်ပေးလိုက်မယ်ဟာယ်"

"ဟွန်း နေနော် ရှင့်စိတ် အရောင်ပြောင်းနေပြီ"

ကေကေ မျက်နှာမဲ့မဲ့နှင့်ပြောသည်။

ကေကေတို့သုံးယောက်က နေ့လောက် ကျိုကျိုတက် မချမ်းသာပေမယ့် မာနက အညွန့်တလူလူတက်ကာ အရာရာကို အဆင့်အတန်း ခွဲခြားတတ်သည်။

ကိုယ့်ထက်နိမ့်ကျတဲ့သူဆို ပိုပြီးတောင် အထင်သေးတတ်သည်။

အစကတော့ နေလည်း အဲ့လိုပဲ ဖြစ်ခဲ့သည်။

အခုတော့ သူ့ကြောင့်ပဲဖြစ်မယ်။ ကေကေပြောသလို နေ့စိတ် အရောင်ပြောင်းလဲသွားသည်။ ဒါပေမဲ့ သူငယ်ချင်းတွေမရိပ်မိဖို့ နေ ဝိပိရိရိဟန်ဆောင်ထားမှ သင့်မည်။

ဒါကြောင့် မျက်နှာလေးကိုမော့၍

"မပြောင်းလဲပေါင်နော်၊ အရင်ကာလာအတိုင်းပဲ"

"ဟွန်း အရင်ကာလာအတိုင်းဆို ကိုဝေနဲ့ပူစူး ချက်ချင်းအလုပ်ပြုတ်ပြီပေါ့ဟဲ့၊ မဟုတ်လား ရွှေနီ"

"သိပ်ဟုတ်တာပေါ့ အပြုံးရဲ့၊ ကာလာပြောင်းနေလို့သာ"

"တော်ပါတော့ဟာယ်"



www.burmeseclassic.com

www.burmeseclassic.com



အဲဒီအကြောင်း မြန်မြန်ပြတ်စေချင်သည်။ နေ စကားလမ်းကြောင်းလွှဲဖို့ ဟန့်တားသလိုပြောမိသည်။

"နေ နောက်ကျတဲ့အတွက် ဒီပိုင်းကို နေပဲ ရှင်းပေးပါ့မယ်၊ ဟုတ်ပြီလား"

"အင်း ဒီတစ်ကြိမ်တော့ ချွင်းချက်ထားလိုက်တော့၊ ပိုင်းရှင်းမယ်ဆိုတဲ့ မျက်နှာကြောင့်နော်၊ ဟွန်း"

အပြုံးချိုက မျက်နှာလေးမှာ၍ ခပ်ငေါ့ငေါ့လေး ပြောပြန်သည်။

"ဟုတ်တယ်၊ ဒီတစ်ကြိမ် ချွင်းချက်ထားလိုက်မယ်၊ နောက်တစ်ကြိမ်ဆို မရတော့ဘူး"

ကေက လက်မခံချင်သေးသလိုလိုနှင့်နာကြည်းနေဟန်ပြောသည်။

"ဒါနဲ့ ကိုထောက်ကိုပဲ အားကိုးတကြီးခေါ်ပြီး ပို့ခိုင်းရတယ်ဆိုပါတော့"

"နောက်ကျနေမှာစိုးလို့ပေါ့"

"ဘာပဲဖြစ်ဖြစ် ကိုထောက်ကို အားကိုးရတာပဲ မဟုတ်လား"

"ရိုးရိုးသားသားပါနော်"

"ရှင်က ရိုးရိုးသားသား၊ ကိုထောက ဆန်းဆန်းပြားပြားဖြစ်နေလို့ ရှင့်ရှေ့ လှိုက်လှိုက်လှဲလှဲ ခစားလာတာပဲ မဟုတ်လား"





ကေကေ့စကားအဆုံးမှာ နေ့နှုတ်ခမ်းလေး မသိမသာမဲ့သွားသည်။

"ဒါက သူ့စိတ်နဲ့သူပဲ"

နေ ခံစားမှုမပါစွာပြောတော့ ကေကေတို့သုံးယောက် ဘဝင်မကျဖြစ်သွားသည်။

"ကိုထောကို နေ ဘာဖြစ်လို့ ခံစားလို့မရတာလဲ"

"ဟုတ်သားပဲ၊ ကိုထောနဲ့နေက ရွှေနဲ့မြ နေနဲ့လပါ၊ အဆင့်ချင်း, ဂုဏ်ချင်း ညီတယ်လေ"

ရွှေနီနဲ့ အပြုံးချို့ အပ်ကြောင်းထပ်မတတ် ဒါကိုပြောပြန်သည်။ နေ စိတ်မပါစွာဘဲ

"အဟင့်၊ နေ အဲဒါတွေ စိတ်မဝင်စားသေးဘူး၊ ရှင်တို့နဲ့ ပျော်ပျော်ပါးပါး သွားမယ်လာမယ်, စားမယ်သောက်မယ်၊ ဒီလောက်ပဲ"

"ယုံပါလိမ့်မယ် နော်"

"မယုံရင်နေပေါ့ ကေ"

"နေပါ့မယ်၊ နေ့စိတ်အရောင် ဒီထက်ပြောင်းလဲမလာတာတွေ့ရင် အပြုံးနဲ့အတွေ့ပဲ"

"အခုလည်း တွေ့တာပဲ"

"အခုတွေ့တာက ပြောလို့မကောင်းသေးဘူး နေရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်"

"ကဲ ကဲ နေ စိတ်အပြောင်းအလဲဖြစ်,မဖြစ် ကောက အကဲခတ်ဦးမှာ"

"ဘယ်လို"

"ဟုတ်တယ်လေ နေ၊ ရှင့်စိတ်ကို ပြောင်းလဲစေတာ ဘယ်လိုလူတစ်ယောက် ဖြစ်စေမလဲ၊ ကျွန်တော့ စတိုးဆိုင်မှာဖုန်းဆက်ရင်း တစ်ယောက်ယောက်နဲ့ ဇာတ်လမ်းစခဲ့ပြီဖြစ်မယ်"

"အိုး မဟုတ်တာ"

ရွှေနီရဲ့ ဇွတ်တွေးတွေးဆဆ စကားအဆုံးမှာ နေ လန့်လန့်ဖျပ်ဖျပ်လေး ငြင်းမိသည်က မလုံတဲ့စိတ်နဲ့ပဲ ဖြစ်သည်။

"မဟုတ်ရင်လည်း မဟုတ်တဲ့အတိုင်း ထားလိုက်တော့"

ကောကော စကားကိုငေါ့ပြောလာမှ နေရဲ့ မလုံမလဲစိတ် အနည်ထိုင်ကျသွားမည်။

"ရွှေနီတို့က စိုးရိမ်လို့ပြောတာပါနော်၊ ဇာတ်လမ်းစချင်ရင် တူတူတန်တန်နဲ့ပဲ စ၊ မတူမတန်စ,ထားရင် ရှင်ပဲ ခံစားသွားရမှာ"

"ကဲ တော်ပါတော့ မပြောပါနဲ့၊ နေလည်း ဘာဇာတ်လမ်းမှ စမထားဘူး"

"စ,မထားလည်း ပြီးရော"

"ဗိုက်ဆာပြီဟယ်၊ စကားပြောနေတာနဲ့ အကင်တွေမှာဖို့





တောင် မေ့နေတာနဲ့၊ နေဦး ဘာအကင်မှာရမလဲ"

နေ တတွတ်တွတ်ပြောရင်း မီနူးကတ်လေး ဆွဲယူကြည့်လိုက်သည်။ ထိုသို့ပြုလိုက်ခြင်းက သူငယ်ချင်းတွေပြောနေတဲ့ ခေါင်းစဉ်ပြောင်းသွားဖို့ပဲဖြစ်သည်။

သူငယ်ချင်းတွေလည်း စားဖို့သောက်ဖို့ အာရုံရောက်လာလျှင် နေ အသက်ဝဝရှူမိသွားသည်။

နေကြည့်နေတဲ့ မီနူးကတ်ပေါ်မှာ အသားကင်နာမည်တွေထက် ထင်ထင်ရှားရှားပေါ်လွင်နေသည်က ဆွဲဆောင်မှုရှိတဲ့ သူ့မျက်နှာ။

အို သူရယ် သွားပါတော့။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

"ဒယ် ဒီ"

သံရှည်ဆွဲ၍ ခေါ်လိုက်သံချိုချိုလေးက မော့မကြည့်ပါဘဲ တစ်ဦးတည်းသော သမီးချစ်လေး နေနှင်းဆီမှန်း ဦးမိုးသစ် သိလိုက်သည်။

လုပ်ငန်းကိစ္စနဲ့သက်ဆိုင်သည့်စာရွက်စာတမ်းတွေနဲ့ အလုပ်ရှုပ်နေသည့် ဦးမိုးသစ်စိတ်က နောက်ကျိုကျိုဖြစ်နေစဉ် –

သမီးလေးအသံကြားသည်က နောက်ကျိုနေတဲ့စိတ်တွေ အလိုလို လွင့်ပါးသလိုဖြစ်သွားသည်။

စာရွက်စာတမ်းတွေ ဘေးဖယ်၍ မော့ကြည့်မိသော ကြည်





လင်သောမျက်ဝန်းက သမီးကိုချစ်လွန်းသည့် မေတ္တာများဖြင့် ပြည့်နှက်လာသည်။

"လာလေ သမီး"

ရုံးခန်းထဲမှာ မြူးမြူးကြွကြွလေးရပ်နေတဲ့သမီးကို မော့ကြည့်ရင်း နွေးနွေးထွေးထွေး ခေါ်လိုက်သည်။

ဖခင်ခေါ်လိုက်သည့် သမီးချစ်လေးက အလိုလိုက်ခံထားရတဲ့ သမီးပီပီ ကလေးဆန်စွာပဲ ဖခင်ထိုင်နေတဲ့အလုပ်စားပွဲဆီ ပြေးဝင်လာသည်။ သမီးကိုကြည့်ရင်း ဦးမိုးသစ်စိတ် ပို၍ကြည်လင်လာသည်။

ဒူးဖုံးရုံ ကိုယ်ကျပ်ဘောင်းဘီအနီရဲရဲလေးကို အနက်ရောင် တင်ဖုံးလက်ရှည် ကိုယ်ကျပ်ပေါ် အနီရောင်ရဲရဲထပ်ထားတဲ့ နှစ်ထပ်ပုံစံ အင်္ကျီလေးနှင့် လိုက်ဖက်ညီတဲ့ဖက်ရှင်ကြောင့် ခေတ်စတိုင်နှင့် သမီးက အလှကြီးလှနေသည်။

ဖန်စီဆွဲကြိုးတွေ၊ လက်ပတ်တွေက အနီရောင်တွေချည်းဖြစ်ကာ ရှုတ်ယှက်ခတ်နေပေမယ့် အမြင်မရိုင်း။

ပခုံးတိုက်နီးပါးရှိတဲ့ အနီရောင်နားဆွဲကြီးက သမီးလှုပ်ရှားတဲ့ အတိုင်း စည်းချက်ညီညီ လှုပ်ယမ်းသွားသည်က သမီးအလှကို ပံ့ပိုး ကူညီသည့်နှယ်။

စတာပ်ဆံပင်ကို ဂျယ်တို့နဲ့ ကော့လန်လန်လေးဖြစ်အောင် ပုံသွင်းထားသည့် ဆံပင်ပုံဆန်းက သမီးမျက်နှာနဲ့ ပိုလိုက်ဖက်သည်ဟု



www.burmeseclassic.com

www.burmeseclassic.com



ဦးမိုးသစ်ထင်သည်။

ကြိုးရှည်ရှည်နဲ့ပန်းသိုင်းလွယ်ထားတဲ့ အလှအိတ်ကြိုးကို ဆုပ်ကိုင်လျက် ဖခင်ထိုင်နေတဲ့ဆိုဖာထိုင်ခုံလက်တန်းပေါ် ခွေ့ခနဲ ဝင်ထိုင်ပြီး

"ဒယ်ဒီ"

လို့ ထပ်ဆင့်ခေါ်ကာ ဦးမိုးသစ်ရှေ့မှာ လက်ချောင်းလေးတွေ ဖြန့်လိုက်သည်။ ဦးမိုးသစ်က မသိချင်ဟန်ဆောင်၍ သမီးလက်ဖဝါးကို ချစ်မြတ်နိုးစွာ ဆုပ်ကိုင်၍

"ဘာလဲ သမီး"

"မုန့်ဖိုး"

ကလေးလေးနဲ့တူအောင် အနီရဲရဲဆေးဆိုးထားတဲ့ နှုတ်ခမ်းပိုင်းလေးကို စူချွန်လျက် သမီးပြော၏။

ဦးမိုးသစ် သဘောကျစွာ တဟားဟားရယ်လျက်

"မုန့်ဖိုးက သမီးနာမည်နဲ့ ဘဏ်စာရင်းဖွင့်ထားပေးတယ်လေ သမီးရဲ့"

"ဟင့်အင်း ဟင့်အင်း နေက မုန့်ဖိုးကို ဘဏ်က ထုတ်မသုံးချင်ဘူး"

"အဲဒါဆိုလည်း ဒယ်ဒီ ချက်ရေးပေးထားသားပဲ၊ ချက်နဲ့သုံးပေါ့"





"သုံးဘူး"

"ဟော"

ဦးမိုးသစ် သဘောတကျဖြစ်ကာ မျက်ခုံးနှစ်ဖက် သိသိသာသာ မြောက်တက်သွားသလို နှုတ်ခမ်းတွေပါ ပြုံးချိုသွားသည်။

နေ ခေါင်းလေးငဲ့ကာ ဒယ်ဒီကို ဖွဖွလေးသိုင်းဖက်၍

"ဟုတ်တယ်လေ၊ နေ ဘယ်တုန်းက ချက်နဲ့သုံးဖူးလို့လဲလို့"

"ဟွန်း သမီးက သိပ်ကလေးဆန်နေပါလား"

"ဆန်တယ်"

"သမီးက တက္ကသိုလ်ကျောင်းသူဖြစ်နေပြီလေ ဟင့် ဟင့်"

"ဖြစ် ဖြစ်၊ ဒယ်ဒီ့လက်နဲ့ထုတ်ပေးတဲ့ မုန့်ဖိုးပဲ သုံးနေကျဆိုတာ ဒယ်ဒီသိလျက်နဲ့. မရှဘူးလေ"

"ဟား ဟား သမီးကတော့လေ တကယ်ပိစိကွေးလေးပဲ"

"ပိစိကွေးပဲလုပ်မယ်၊ ပေးလေ ဒယ်ဒီ"

သူများသားသမီးတွေ ခေတ်နဲ့အညီ ချက်လက်မှတ်တွေ၊ Credit ကတ်တွေနဲ့ စတိုင်ကျကျ သုံးနေချိန်မှာ

သမီးမှာက ဖခင်လက်နဲ့ကမ်းပေးတဲ့ မုန့်ဖိုးမှသုံးချင်သတဲ့၊ ဖအေကို ကြိုကြိုဖန်ဖန် ချွဲတတ်တဲ့သမီး။

ဦးမိုးသစ်ရင်ထဲမှာ သမီးကို ချစ်မဝနိုင်အောင် ခံစားမိသည်။ ဒီသမီးလေးက သူတို့ဇနီးမောင်နှံအတွက် ဘုရားပေးတဲ့ အထူးလက်



www.burmeseclassic.com

www.burmeseclassic.com



ဆောင်နှင့်တူသည်။

ဇနီးသည် ဒေါ်မိုးမိုးလင်းရဲ့ချို့ယွင်းချက်ကြောင့် သားသမီး မရနိုင်မှန်းသိရလျှင် လင်မယားနှစ်ယောက် အကြီးအကျယ် စိတ်ဓာတ်ကျသလို၊ ဝမ်းနည်းသလိုနှင့် စိတ်မချမ်းမသာ ဖြစ်ခဲ့ရသည်။

ဇနီးသည်မှာလည်း ဝမ်းနည်းလွန်းလို့ အကြိမ်ကြိမ်ကျိတ်ငိုရင်း ကြေကွဲနေတာမြင်ရတော့ သူ စိတ်မကောင်းနိုင်။

သူ့စိတ်ကို ပြန်တင်းပြီး မီးယပ်သားဖွားပါရဂူတွေနဲ့ ဆွေးနွေး၊ ဆောင်ရန်ရှောင်ရန်တွေ လိုက်နာရုံမက ဘုရားစေတီမှန်သမျှမှာ သားသမီးရရန် သားဆုပန်ခဲ့တဲ့အဖြစ်ရယ်။

ဒီလိုနဲ့ သူတို့မင်္ဂလာဆောင်ပြီး ကိုးနှစ်ပြည့်မှ မထင်မှတ်ဘဲ သမီးလေးကို ကိုယ်ဝန်ရခဲ့တာလေ။

ကိုယ်ဝန်ရလာတော့ လင်မယားနှစ်ယောက် ပျော်လိုက်သည့်ဖြစ်ခြင်း။ သူ့ခမျာ လုပ်ငန်းကိစ္စတွေကိုပစ်ပြီး ဇနီးသည်ကိုယ်ဝန်ကို တသသစောင့်ရှောက်ခဲ့ရတာ ဇနီးသည်ဝမ်းက မကျွတ်မချင်းပဲ။

မွေးဖွားပြီးတော့လည်း ရှားရှားပါးပါး သမီးလေးအပါးက မခွာနိုင်ပြန်။

တစ်ပွေ့တစ်ပိုက်ရှိလှတဲ့ သမီးလေးကို ကိုယ်ပေါ်က မချတမ်း ချစ်မိလို့ ဘွားအေတွေ မျက်စောင်းထိုးတာကိုပင် မမြင်ချင်ဟန်ဆောင်ခဲ့မိတယ်။





နောက်ထပ်သားသမီးတွေ လိုချင်သေးပေမယ့် သူ့အလိုလို မရပြန်တော့။ ရပြီး သားသမီးလေးတစ်ယောက်တည်းကိုပဲ ငုံထားမတတ် အရိပ်တကြည့်ကြည့်ချစ်လာခဲ့တာ။

ခုဆို သမီးက ပထမနှစ်ကျောင်းသူကြီးဖြစ်နေပေမယ့် သူ့စိတ်ထဲမှာ သမီးကို မွေးခါစကလေးလေးလိုပဲ မြင်မိ၊ တပွေ့တပိုက်ချစ်နေမိတဲ့ အဖြစ်။

သမီးက မိဘရင်ခွင်ထဲ တိုးဝင်ကာ ကလေးပေါက်စနလေးလို ချွဲနေနွဲ့နေတော့လည်း ဖအေအသည်းနှလုံးက အရည်မပျော်ဘဲ နေနိုင်ရိုးလား။

ခုလည်း ကြည့်။ သမီးလေး ငွေကို ရေလိုသုံးနိုင်အောင် လုပ်ထားပေးတာတောင် သမီးက ဖအေလက်နဲ့ပေးတဲ့မုန့်ဖိုးမှ သုံးချင်သတဲ့။ အဲဒါလေးတွေကြောင့်ပဲ သမီးကို အူလှိုက်သည်းလှိုက် ချစ်နေမိတာထင်တယ်။

"ဒယ်ဒီ ဘာကြည့်နေတာလဲ၊ သူငယ်ချင်းတွေနဲ့ Shopping ထွက်ဖို့ ချိန်းထားတာ နောက်ကျနေဦးမယ်၊ မြန်မြန်ပေးလေ"

သမီးက သူ့ပခုံးကို ဖွဖွလှုပ်ခါလျက် ချွဲချွဲကျီကျီဆိုတော့မှ ဦးမိုးသစ် အသိဝင်လာသည်။

"ပေးမှာပေါ့ သမီးရယ်၊ ကဲ ဘယ်လောက်လိုချင်လဲ ပြော"

"မုန့်ဖိုးရယ်၊ Shopping ထွက်ဖို့ရယ်၊ ရွှေနီမွေးနေ့အတွက်"



www.burmeseclassic.com

www.burmeseclassic.com



Present ဝယ်ပေးဖို့ရယ်၊ ပြီးတော့ ဟိုဟိုဒီဒီသုံးဖို့ရယ်''

''သမီးရယ် လိုချင်တဲ့ money amount ကိုသာ ပြောပါ၊ သမီးကလေး ရွှတ်ပြနေတာ ပင်ပန်းနေလိမ့်မယ်''

ဦးမိုးသစ် သမီးခေါင်းကို တယုတယပွတ်သပ်ရင်း ကြည်နူးစွာ ပြောသည်။ သမီးမျက်ဝန်းဝိုင်းလေး ပြူးရောင်လက်ထ,သွားမတတ် တောက်ပလာပြီး

''အဲဒါဆိုလည်း သိပ်များများမယူဘူး ဒယ်ဒီ၊ နှစ်ခုလောက်ပဲ ပေး''

''ဟွန်း နည်းလှချည်လား သမီးရယ်၊ နှစ်ခုက ဘာသွားသုံးမှာလဲ၊ သုံးလေးခုယူသွား''

''ဟေး သုံးလေးခုပေးမယ်''

''ပေးရမှာပေ့ါ၊ သမီးအလိမ္မာလေးကို ဒယ်ဒီက မုန့်ဖိုးအများကြီး ပေးတယ်လို့ သဘောထားလိုက်၊ ဟုတ်ပြီလား''

သမီးဆံပင်ကို ချစ်စနိုးဖွကာ ပြောရင်း စားပွဲပေါ်ရှိ အနက်ရောင်သားရေလက်ပွေ့အိတ်ကို ဦးမိုးသစ် လှမ်းယူသည်။

အိတ်ထဲက ထောင်တန်အရွက်သေး သိန်းအုပ် လေးအုပ်နှိုက်ယူ၍ သမီးလက်ထဲ ထည့်ပေးလိုက်သည်။

''အင်း ဒယ်ဒီက သိပ်လိမ္မာတာပဲ၊ အဲဒါကြောင့် မာမီ့ထက်ဒယ်ဒီ့ကို ပိုချစ်ရတာ''





''တကယ်လားသမီး''

''တကယ်ပေ့ါ ဒယ်ဒီရဲ့''

သမီးက ပိုက်ဆံအုပ်တွေကို ပခုံးသိုင်းလွယ်ထားတဲ့ အလှအိတ်ထဲထည့်ရင်း ခပ်မြူးမြူးလေးပြောလျှင် ဦးမိုးသစ်အပြုံးတို့ ပို၍ချိုမြသွား၏။

သမီးက ဒီလိုပဲ ဖအေနောက်မှာဆို မအေကို ဖအေထက်ပိုချစ်တယ်လို့ ပြောလေ့ရှိသလို ဖအေနောက်မှာ မအေကို ပိုချစ်တယ်လို့ ပြောတတ်သူ။

မိဘနှစ်ပါးလုံးရှေ့မှာဆိုရင်တော့ မျက်လုံးဝင့်ဝင့်လေးနဲ့ ဖအေမအေကို တစ်လှည့်စီကြည့်ပြီး

ဒယ်ဒီနဲ့မာမီ နှစ်ယောက်လုံးကို နေက ဟိုကောင်းကင်ကြီးလောက် ချစ်တာလို့ ပြောတတ်တဲ့ ခပ်လည်လည် သမီးလေး။

ဘာပဲဖြစ်ဖြစ် သမီးလေးကို သူတို့ဇနီးမောင်နှံ အသည်းအသန်ချစ်ရသလို သမီးကလည်း မိဘနှစ်ပါးကို အားကိုးတကြီးချစ်ရှာတာ သိတဲ့အတွက် မိဘနှစ်ပါးရင်မှာ ကြည်နူးချမ်းမြေ့ရတာ အမှန်။

''ယုံပါတယ် သမီးရဲ့၊ သမီးက သမီးမာမီထက် ဒယ်ဒီကိုပိုချစ်တယ်ဆိုတာ ဟား ဟား''

ဦးမိုးသစ် သမီးပါးပြင်နုနုလေးကို ချစ်စနိုးဆွဲ၍ သဘောတကျပြောလျှင် သမီးက ပြုံးပြုံးလေးပဲ မျက်စောင်းထိုးသည်။ သမီး



www.burmeseclassic.com

www.burmeseclassic.com



မျက်စောင်းလှလှလေးက ဖခင်ရင်ကို ကြည်နူးရိပ်လေးလွှမ်းမိုးသွား၏။

"ဟွန်း ဒယ်ဒီနော်၊ ဒယ်ဒီ မုန့်ဖိုးအများကြီးပေးတဲ့အတွက် ပိုချစ်တာ၊ မယုံဘူးလား၊ မယုံရင်"

"မယုံရင် ဘာဖြစ်လဲ သမီး"

"ဒယ်ဒီမယုံရင် ဒယ်ဒီ့ကို မွှေးမွှေးမပေးတော့ဘူးပေါ့"

"အမယ် သမီးလေး စိတ်ဆိုးတော်မမူနဲ့၊ ယုံပါတယ် သမီးရယ်၊ ယုံပါတယ်"

"ဒီလိုမှပေါ့ ယုံတယ်ဆိုရင် မွှေးမွှေးပေးမယ်လေ"

သမီး ချစ်စနိုးပြောလျှင် ဦးမိုးသစ် သမီးကို ရင်ခွင်ထဲ မွေ့ဖက်ထားမိ၏။ သမီးကလည်း ဖခင်ကို ပြန်ဖက်သည်။

မျက်လွှာလေး စင်းချပြီး ပါးပြင်လေးမော့ကာ မွှေးမွှေးခံယူဖို့ အသင့်ဖြစ်နေတဲ့ ဒယ်ဒီ့ပါးပြင်လေးကို ကြင်နာစွာကြည့်၍ နေ ပြုံးမိသွား၏။ ထို့နောက် ပါးချင်းကပ်ကာ ဒယ်ဒီနဖူးကို မွှေးလိုက်လျှင် ဦးမိုးသစ်ရင်ထဲ မေတ္တာပန်းခင်းလေး ဖြစ်ထွန်းသွား၏။

မွှေးမွှေးပေးကာ ဘိုင်ဘိုင်လို့ နှုတ်ဆက်ပြီး မြူးမြူးကြွကြွလေး ခုန်ပေါက်ထွက်သွားတဲ့ သမီးကို ဦးမိုးသစ် ကြည်နူးချမ်းမြေ့စွာပဲ ကြည့်ဖြစ်သွားသည်။

သမီး ပျောက်ကွယ်ပြီး ရုံးခန်းတံခါး ပြန်ပိတ်သွားတဲ့အထိ သမီးပိတ်သွားတဲ့ တံခါးရွက်ဆီမှာ အကြည့်က အတန်ကြာ ငြိတွယ်





သွားသည်။

သမီး ဒယ်ဒီနဲ့မာမီအတွက် စမ်းရေဆိုလည်း ဟုတ်တယ်။ ပန်းခင်းဆိုလည်း ဟုတ်တယ်။ စိမ်းလန်းသာယာတဲ့ ရှုမျှော်ခင်းဆိုလည်း ဖြစ်တယ်။ ကျေးငှက်ကလေးတွေရဲ့ တေးဆိုသံဆိုလည်း မမှားပါဘူးကွယ်။

✿

"ဘာဖြစ်လို့လဲ ခင်ဗျ"

သိချင်စိတ်လေးနဲ့ ကြည်ကြည်လင်လင်မေးလိုက်တဲ့အသံ နားထဲတိုးဝင်လာလျှင် နှေ့ခြေလှမ်း အလိုလိုတန့်သွား၏။

မျက်ဝန်းလှလှလေးကလည်း အသံလာရာဆီ ရောက်သွားသည်က ထိုအသံက သူ့အသံဖြစ်မှန်း မှတ်မိနေလို့ဖြစ်သည်။

သူက ဒယ်ဒီ့မန်နေဂျာ ကိုစိုးအောင်အလုပ်စားပွဲရှေ့ ရပ်လျက်။ အလုပ်စားပွဲနောက် ထိုင်ခုံမှာထိုင်နေတဲ့ ကိုစိုးအောင်ကို ငုံ့ကြည့်ကာ တည်တည်ငြိမ်ငြိမ်မေးနေခြင်း။

ကိုစိုးအောင်က မပြောချင်ဟန် ခေါင်းငုံ့ကာ စားပွဲပေါ်က ဖိုင်တွဲအနီလေး သူ့ဆီ ကမ်းပေးရင်း



www.burmeseclassic.com

www.burmeseclassic.com



"ညီလေးကို ပယ်တယ်လို့ သဘောထားလိုက်ပါ"

"ပယ်တာကိုတော့ ကျွန်တော် လက်ခံပါတယ်၊ ဘာကြောင့် ပယ်တာလဲဆိုတာ သိချင်တာပါ"

ကိုစိုးအောင် ပြောရအခက်၊ မပြောရအခက် မျက်နှာနှင့် သူ့ကို တစ်ချက်မော့ကြည့်သည်။

"ပြောပါ အားမနာပါနဲ့"

"ဒီလိုပါ၊ ညီလေးကို စိုးပြည့်နဲ့ ဘော့စ် တစ်ခါမြင်ဖူးတယ် တဲ့"

"အဲဒါနဲ့ ဘာဆိုင်လို့လဲခင်ဗျာ၊ စိုးပြည့်က ကျွန်တော့်သူငယ် ချင်း"

"ဟုတ်ပါတယ်၊ စိုးပြည့်က ဘော့စ်လုပ်ငန်းမှာ မသမာမှု ခဏခဏ ကျူးလွန်တဲ့ဝန်ထမ်း၊ ဒါကြောင့် စိုးပြည့်ကို အလုပ်ဖြုတ် လိုက်တာ၊ စိုးပြည့်နေရာမှာ အရေးပေါ်ဝန်ထမ်းခန့်ဖို့က စိုးပြည့်နဲ့ တွဲနေတဲ့ သူငယ်ချင်းကို နေရာပေးဖို့ မဖြစ်နိုင်လို့ပါ၊ အဲဒါကြောင့် ဘော့စ်က လျှောက်လွှာကြည့်ပြီးတာနဲ့ ပယ်တာကွ"

"ကျစ်"

သူ့ရင်မှာ တင်းသွားမှန်း သူ့မျက်နှာပေါ်မှာ ထင်ရှားသွား သည်။

"မဆိုင်တာဗျာ၊ စိုးပြည့်က စိုးပြည့်၊ ကျွန်တော်က ကျွန်တော်၊





ဘာမှမဆိုင်တာကြီးဗျ"

"ညီလေးပြောတာလည်း မှန်ပါတယ်၊ ဘော့စ်က ခေါင်းရှုပ် မခံချင်တော့ဘူး။ ဒါကြောင့် ညီလေးမှာ အရည်အချင်းရှိလျက် ပယ်ပြီး တခြားတစ်ယောက်ရွေးလိုက်တာပဲ၊ အစ်ကိုတို့လည်း စိတ်မကောင်းပါ ဘူး၊ ကိုတူ တစ်ဆင့်ဆက်သွယ်ပေးလို့ ညီလေးကို သိရတာလေ၊ ညီလေးသိချင်တာကို အစ်ကိုပြောပြတာပါ၊ အစ်ကို့ကိုတော့ တစ်မျိုး မထင်ပါနဲ့၊ ကိုတူ့ကိုလည်း အစ်ကို အကျိုးအကြောင်းပြောပြထားပြီးပြီ။ ညီလေးလျှောက်လွှာ ပြန်ယူသွားလို့ရပြီ၊ ရော့ ဒီမှာ ညီလေး"

ကိုစိုးအောင် ပုံမှန်အသံနဲ့ သူနားလည်လက်ခံအောင် ရှင်းပြ၍ ဖိုင်တွဲကို သူ့လက်ထဲ ထိုးပေးလိုက်သည်။

သူ ဖိုင်တွဲကို တင်းကျပ်စွာဆုပ်ကိုင်၍ ဘဝင်မကျတဲ့မျက်နှာ နှင့် ကိုစိုးအောင်ကို တစ်ချက်ကြည့်သည်။

ပြီးတော့ နှုတ်ခမ်းလေးဆွဲဆန့်ကာ ဒယ်ဒီရှိတဲ့ ရုံးခန်းဘက် အမြင်မကြည်စွာ လှည့်ကြည့်လျှင် စေ့ပိတ်ထားတဲ့ ဒယ်ဒီရုံးခန်းရှေ့ အနက်ရောင်မှန်တံခါးချပ်ရှေ့ရပ်လျက် သူ့ကိုငေးကြည့်နေတဲ့ နေ့မျက် ဝန်းနှင့် တန်းခနဲဆုံသွား၏။

ထိုအခါ သူ မျက်မှောင်ကြုတ်ကျသွားသည်။ နေက သူ့ကို ဘာကြောင့်ရပ်ကြည့်နေရတာလဲဆိုတဲ့ မေးခွန်းက သူ့မျက်ဝန်းမှာ ပေါ်လွင်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



နေလည်း မလုံမလဲဖြစ်ကာ မျက်တောင်တစ်ချက် ပုတ်ခတ်မိ၏။ ထို့ပြင် သူ့အကြည့်နဲ့ ရှေ့ဆက် အဆုံးမခံရဲသလို ဖြစ်မိ၏။

သူ့ရှေ့မှ ခြေလှမ်းတွေဖြတ်ကျော်ကာ မန်နေဂျာကိုအောင်စိုး၏အခန်းထဲမှ ကျောခိုင်းထွက်ခဲ့သည်က တဒိတ်ဒိတ်လှုပ်ခုန်သွားတဲ့ ရင်ခွင်နှင့်ဖြစ်သည်။

ဘာကြောင့်များ မထင်မှတ်ဘဲ ဆုံရတာလဲ သူရယ်။

✿ ✿ ✿



## အခန်း (၄)

"ဟိုင်း ဘေဘီ"

"တစ်ယောက်တည်းလား၊ ဘော်ဘော် လုပ်ပေးမယ်လေ"

ပါကင်မှာကားရပ်ပြီး ကားပေါ်က နေ့ဆင်းလိုက်သည်နှင့် ရိုက်ခတ်လာတဲ့ ခေါ်သံ၊ မေးသံတွေ။

နွေနားထဲ ခပ်ရိုင်းရိုင်းတိုးဝင်လာသလို နွေအပါးကို စွန်ရိုပဲ လာတဲ့ အလေနတော သားထက်တို့အုပ်စု။

နေ အမြင်မကြည်စွာ စောင်းကြည့်ပြီး

"နင်တို့ ဘာဖြစ်နေကြတာလဲ ဖယ်"

ခေတ်ဒီဇိုင်းနဲ့ အပီအပြင်ရှိုင်းနေတဲ့ သားထက်တို့လေး



www.burmeseclassic.com

www.burmeseclassic.com



ယောက် နေ့လမ်းကြောင်းကို ပိတ်ရပ်ဟန့်တားကြသည်။

နေ တင်းတင်းမာမာပြောတာလည်း မဖယ်။ မျက်နှာပေးတွေ ပိုးမသေ။ အော်ကြော့လန်ကောင်တွေ ပီသပေသည်။ ပြောင်တီပြောင် စပ်နှင့်။

"မဖယ်ပါရစေနဲ့ နေရယ်၊ နေ့ကို ဘော်ဘော် လုပ်ပေးချင်လို့ပါ"

"မလိုဘူး။ နေ့ဘာသာနေ သွားတတ်တယ်၊ ဟွန်း ဖယ်"

လေးယောက်လုံးကို မျက်နှာထားနဲ့ကြည့်ကာ တွန်းဖယ်ပြီး နေ တိုးထွက်ခဲ့သည်။

"အိုး နေဘာသာနေ သွားတတ်တယ် ဟုတ်လား၊ အဲဒါဆို ကိုယ်တို့လည်း ကိုယ့်ဘာသာကိုယ် လိုက်တာပေါ့ကွ၊ ဟား ဟား ဟား"

"ဟုတ်တယ်၊ လိုက်ကွာ"

"လိုက်မယ်၊ ဝမ်း တူး သရီး"

သားထက် ဩသံပေးလိုက်သည်နှင့် သူရိယ၊ မင်းသွေးနဲ့ အင်အားတို့သုံးယောက် အားတက်သရော ခြေလှမ်းတွေနဲ့ ပြိုင်တူ လိုက်လာကြသည်။

လေးယောက်လုံးရဲ့ခြေသံတွေ တဖြည်းဖြည်း နီးလာသည်။ သားထက်တို့အဖွဲ့က နေ့ကို စိတ်အနှောင့်အယှက်ပေးနေတဲ့





အုပ်စု။ ချစ်သလေးဘာသလေးနဲ့ လူရှေ့မရှောင် သူရှေ့မရှောင် အလှည့်ကျပြောပြီး နေ့ကို မရအရ လိုက်နေတဲ့အုပ်စု။

နေ မျက်နှာတင်းပြီးပြောရင်လည်း မရ။ ရှောင်ရင်လည်း မရ။ နေတစ်ယောက်တည်း မမြင်လိုက်နဲ့၊ မြင်တာနဲ့ အလွတ်မပေး တမ်း ဝိုင်းလိုက်သည်က ရုပ်ဆိုးလှသည်။

သူတို့လိုက်၍ ပတ်ဝန်းကျင်မျက်လုံးတွေက နေ့ကို သတိ ထားကြည့်မိသွားသည်။ ကောင်မလေးက လှတာကိုး လိုက်ချင်စရာပဲ လို့ တွက်ချက်ပေးသူ၊ ရအောင်လိုက်လို့ အားပေးသူနဲ့။

ဒါကြောင့်မို့ သားထက်တို့နဲ့ မဆုံအောင် နေ ရှောင်ခါမှ တည့်တည့်တိုးသည့်အဖြစ်။

နေ ခြေလှမ်းသုတ်သုတ်နဲ့ ရှေ့က သွက်သွက်ကလေး လျှောက်ကာ ပလာဇာအပေါ်ထပ် အရောင်းစင်တာတွေဆီ နီးစပ်ရာ စက်လှေကားဖြင့် တက်ခဲ့သည်။

သားထက်တို့ အလျှော့မပေးကြ။ အမီလိုက်လာသည်။

"နေ နေ မစိမ်းနဲ့ကွာ"

"နေ ဒီနေ့ ပလာဇာလာမယ်လို့ နိုင်လုံတဲ့သတင်းရပ်ကွက်က ကြားခဲ့လို့ အီဖေကိုယ်တို့ လာစောင့်နေတာပါ၊ Please ကိုယ်တို့ကို ကြည်ဖြူပါ နေ"

"နေ့ကို ပြုစုပါရစေ၊ နေနဲ့ ပလာဇာ ပတ်ပါရစေ"



www.burmeseclassic.com

www.burmeseclassic.com



"မငြင်းနဲ့နော်၊ ငြင်းလေ လိုက်လေပဲ၊ ဟို ဟို"

လေးယောက်လုံး တစ်ယောက်တစ်မျိုးပြောပြီး နေ့ရှေ့ ပိတ်ကာကြသည်က ဒေါသခေါင်းလေး ပြူထွက်လာသည်။ နေ ခြေလှမ်းရပ်ပစ်ကာ

"နင်တို့နော် နင်တို့နဲ့ မခင်ဘူးလို့ ဘယ်နှခါပြောရမလဲ"

"မခင်ပါနဲ့၊ ပြန်ချစ်ရင်ရပြီ၊ ဟေး ဟေး"

လေးယောက်လုံး ပြိုင်တူပြောလျှင် နေ့ရင်မှာ ခံပြင်းသွား၏။

"တောက် ပြန်လည်းမချစ်နိုင်ဘူး၊ ဖယ်"

"ဖယ်ဘူး"

"မဖယ်ပါရစေနဲ့"

"ချစ်ပါရစေ၊ ကြင်နာပါရစေ"

"ရာသက်ပန် ရွှေလက်ငွေလက် တွဲပါရစေ အချစ်ရယ်၊ ဟဲ ဟဲ"

လေးယောက်လုံး ပတ်ချာဝိုင်းကာ တစ်ယောက်တစ်မျိုးစီ လက်ကလေးတွေဆန့်ပြီး ရင်ဖွင့်ပြကြသည်က အော်ဂလီဆန်ချင်စရာကောင်းလှသည်။

"တောက်"

နေ ဒေါသထွက်ရုံသာထွက်ပြီး ဘာလုပ်လို့လုပ်ရမှန်းမသိတော့။ ဆံပင်တွေကို ဖွပစ်ပြီး ခြေဆောင့်ကာ ကြည့်၏။





ဒီကောင်တွေနဲ့ တည့်တည့်ငြိရင် ရှောင်ဖို့တိမ်းဖို့ တော်ရုံနဲ့ မလွယ်မှန်းသိသည်။ နေဦး ဘယ်လိုရှောင်ရပါ့မလဲ။

ဒီနေ့မှ ရွှေနီတို့သုံးယောက်က မပါ။Shopping ထွက်မယ်လို့ ချိန်းထားလျက် ထွက်လာခါနီးမှ သူတို့လူတွေလာခေါ်တာနဲ့ ကောက်ကောက်ပါအောင် လိုက်သွားကြတာလေ၊

"နောက်နေ့မှသွားကြတာပေါ့လို့"

သုံးယောက်လုံး ချော့မော့ပေမယ့် နေ့စိတ်က မရတော့။

"နောက်နေ့ ရှင်တို့ဘာသာ ရှင်တို့သွား၊ နေက ဒီနေ့သွားမယ်ဆို သွားမှာပဲ၊ ရှင်တို့မပါလည်း နေ Shopping ထွက်လို့ရတယ်၊ ထွက်မှာပဲ"

ဆိုပြီး မာနလေးထောင်ပြီးထွက်ခဲ့ခါမှ မြွေကောင်တွေနဲ့ လာငြိတဲ့အဖြစ်။

"နေရယ် ဒေါသတွေ ခေါက်သိမ်းလိုက်စမ်းပါ၊ ကိုယ်တို့သုံးယောက်လုံးက နေ အရေးပေါ်ခေါ်တွဲတဲ့ ကိုထောထက် မနိမ့်ပါဘူးကွ"

"ကိုယ်တို့က မလိုင်တွေပါကွာ၊ ကိုယ်တို့သုံးယောက်ကို ကတောက်ခနဲ အသံမြည်အောင် ခေါင်းခေါက်ပြီးရွေးကွာ"

"ဟုတ်တယ်၊ ရွေး ရွေး၊ ကြိုက်ရာကိုရွေး"

"ကြိုက်ရာခေါင်းကို ခေါက်၊ ကတောက်"

တစ်ယောက်ကတစ်ခွန်း စပြောတာနဲ့ ကျန်တဲ့ကောင်တွေ



www.burmeseclassic.com

www.burmeseclassic.com



လည်း နှုတ်ဆိတ်မနေ။ လေးယောက်စလုံး အပြိုင်အဆိုင်ပြောရင်း ခေါင်းတွေ ရှေ့ထိုးပေးလာသည်။

နေက ဒေါသထွက်လို့ မျက်နှာကိုမာတင်းပြီး နှုတ်ခမ်းကိုက်ထားတာကိုလည်း မမှု။

သူတို့ကိုယ်သူတို့ စတိတ်ရှိုးစင်ပေါ်မှာ အသံကုန်ဟဲကြတဲ့ ရက်ပါတွေလို အမူအရာတွေနဲ့ လာကြွေပြနေသည်။

ခင်းတို့အုပ်စုကို မျက်ခြည်ပြတ်ပြီး ရှောင်ထွက်လို့မရတဲ့အဆုံး ဉာဏ်နီဉာဏ်နက်လေးနဲ့ ရှောင်ထွက်ဖို့ အကြံရလာသည်။

ဟုတ်ပြီ၊ နေတို့လေးယောက်ရှေ့မှာ ဟိုဟိုဒီဒီကြည့်၍ ထွက်ပေါက်လမ်းရှာလိုက်သည်။ ထိုစဉ် နေ့မျက်ဝန်းထဲ ပေါ်လာတဲ့သူ။

ဖက်ရှင်အရောင်းဆိုင်ခန်းတွေဘက်မှ ခေါင်းငိုက်စိုက်စိုက်နဲ့ နေတို့ဘက် လျှောက်လာနေတဲ့သူ။

"နေရယ် အီဖေကိုယ်တို့ခေါင်းကို ခေါက်လိုက်ပါတော့"

သူရိယက ခေါင်းသုံးလုံးထက် ရှေ့တိုးတိုးပေးကာ ပြော၏။

"အေး ခေါက်မယ်"

"ခေါက် ခေါက် မြန်မြန်ခေါက်"

လေးယောက်စလုံး သံပြိုင်ပြောပြီး ခေါင်းလေးလုံး အပြိုင်အဆိုင်တိုးလာလျှင် –

"နေဦး"





"ဘာလဲ နေရယ်"

"နေခေါင်းခေါက်မယ့်လူက အရည်အချင်းရှိတဲ့လူ ဖြစ်ရမယ်"

"အီဖေကိုယ်တို့ အရည်အချင်းပြည့်ပြီးသား၊ ဟား ဟား"

"ပြည့်,မပြည့် စမ်းသပ်မယ်"

"ဘယ်လိုစမ်းသပ်မှာလဲ"

"ဟိုမှာလာနေတဲ့ တစ်ယောက်ကိုတွေ့လား"

နေလက်ညှိုးထိုးပြလျှင် လေးယောက်လုံး ခေါင်းလှည့်ကာ ငြိုင်တူကြည့်ကြသည်။ ဖက်ရှင်ရှော့ပင်ဆိုင်တန်းတွေဘက်မှာ ရှုပ်မနေတာကြောင့် သူ့အသွင်က ထင်ရှားနေသည်။

"တီရှပ်အနီရောင်နဲ့ မတောက်ပြောင်တဲ့လူလား"

"သေချာတယ်"

"ဒီလူက နေနဲ့ ငြိထားလား"

"သူ့ပုံစံက နေ ငြိချင်စရာလား"

"ဘာဖြစ်လို့လဲ"

"ရှင်တို့အစွမ်းလည်း သိချင်လို့"

"ကိုယ်တို့အစွမ်းသိရရင် ခေါင်းခေါက်မယ်ပေါ့"

သားထက်မေးလျှင်

"သေချာတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



နေ အားတက်သရောပြောလိုက်သည်။

"အဲဒီလူကို ဖျော်ကြစို့လား"

"အိုကေ ဖျော်မယ်"

လေးယောက်စလုံး လက်ဖျစ်တီးပြီး ဗလအားကိုးနဲ့ နေ့ကို ကျောခိုင်းထွက်သွား၏။ လေးယောက်လုံးက အားကစားလုပ်ထားတဲ့ ကိုယ်တွေနဲ့ ကျစ်ကျစ်လျစ်လျစ်ရှိကြသည်။

လေးယောက်ထဲမှာ သူရိယက အရပ်အမြင့်ဆုံးဖြစ်ပေမယ့် သူ့လောက်တော့ မမြင့်ပေ။ နေ လွတ်လမ်းရဖို့ သူ့ဘက် တွန်းလိုက်ခြင်း။

လေးယောက်တစ်ယောက်ဖြစ်ကြရင် ပတ်ဝန်းကျင်က အမြင်မတော်လို့ ဝင်ရှင်းပေးကြမှာလို့ နေ ဖော့တွေးကာ ကျောခိုင်း၍ လှည့်ပြေးခဲ့လျှင် –

"ဖုန်း" ဆိုတဲ့အသံ။

ဟင်။ နေတစ်ကိုယ်လုံး တုန်ခါသွား၏။ ခြေလှမ်းတွေ တန့်သွားကာ စိုးရိမ်တကြီး လှည့်ကြည့်လျှင် အဝါရောင်ဖက်ရှင်နဲ့ သူရိယ ဖရိုဖရဲ လွင့်ကျ၏။

"ဟော့ကောင် မင်းကို အရည်ဖျော်မယ်ကွ"

လို့ ဟစ်ကြွေးကာ လက်သီးကျစ်ကျစ်ဆုပ်ပြီး ပြေးဝင်တဲ့ သူရိယ ပထမတော့ သူ ကြောင်တောင်တောင်ဖြစ်သွားသည်။





ပြေးဝင်လာတဲ့ အန္တရာယ်က အရှိန်ပြင်းသည်မို့ ခုခံ၍မရ။ သူ အနီးကပ်ရှောင်ပေးတော့ သူရိယ သူ့အရှိန်နဲ့သူ မှောက်ကျသွား၏။

သူရိယမှောက်သွားတော့ သားထက်က သူ့ကို အငိုက်ဖမ်းကာ ကျွမ်းနဲ့ကန်သည်။ ထိုအခါ ခြေစုံဝင်လာတဲ့အန္တရာယ်ကို သူ ခြေနှစ်ဖက်ကော့ကာ ရှန်းကြွလိုက်သည်။

သားထက်က သူ့ကျွမ်းနဲ့သူ့ပေါင်ခွကြား လုံးကျသည်။

"အား"

နှစ်ယောက်တော့ သွားပြီ။ သူ့အရှိန် သူ့အားနဲ့ အောင့်အက်နာမျက်ကာ မထနိုင်တော့ပါ။

အင်အားက အံတင်းတင်းကြိတ်၍ သူ့ကို လူမိုက်ကြည့် ကြည့်သည်။ မင်းသွေးကလည်း လက်သီးချိန်၍ ဝိုင်းလာသည်။

ရုတ်တရက်ဖြစ်တဲ့ ရန်ပွဲမို့ ပတ်ဝန်းကျင်ကလည်း တအံ့တဩ ကြောင်ကြည့်နေကြသည်။ တချို့က ရုပ်ရှင်ရိုက်နေတယ်အထင်နဲ့ လက်ပိုက်ရပ်ကြည့်၏။

နှစ်ယောက်တစ်ယောက်မို့ သူ အငိုက်မခံရအောင် သတိထား နေရသည်။

"ဟော့ကောင် မင်းကို ဖျော်ပြီကွ၊ ရော့ ယူ"

ဆိုပြီး ပြေးဝင်လာတဲ့ မင်းသွေးလက်သီး။

"အင့်"



www.burmeseclassic.com

www.burmeseclassic.com



သူ ဖတ်ခနဲ ဖမ်းဆုပ်ကာ တစ်ကိုယ်လုံး ချုပ်လိုက်သည်။ ထိုအခါ မင်းသွေးထံမှ အင့်ခနဲ နာကျင်သံထွက်လာသည်။

နောက်က ပြေးကန်လာတဲ့ အင်အားကို ရိုပ်ခနဲ မြင်လိုက်တာကြောင့် ကိုယ်ထဲဖမ်းချုပ်ထားတဲ့ မင်းသွေးကို အားနဲ့တွန်းပစ်လိုက်၏။

ထိုအခါ နှစ်ယောက်လုံး လုံးထွေးလျက် "ဂုန်း"ခနဲ ကျသွား၏။ လေးယောက်လုံး ထမနိုင်တော့။

နာကျင်ရှုံ့မဲ့ကာ ကွေးကောက်တွန့်လိမ်နေကြတဲ့ လေးယောက်လုံးရှေ့မှာ ခါးထောက်လျက် သူ မတ်မတ်ရပ်ငုံ့ကြည့်သည်။

"နေဦး၊ မင်းတို့နဲ့ငါ ဘာရန်စရှိလို့လဲ"

"အား ကျွတ် ကျွတ်"

သူရိယ တကျွတ်ကျွတ်နဲ့ အတင်းထ,ဖို့ ကြိုးစားရင်း ပြောသည်။

"မရှိဘူးကွာ"

"ဟ မရှိဘဲနဲ့ကွာ၊ မင်းတို့ ကြောတာပေါ့၊ ဟုတ်လား"

သူ သည်းမခံချင်။ အနီးဆုံးမှာ လုံးလျက်ကျနေတဲ့ မင်းသွေး ပခုံးကို ဆုပ်ကိုင်ဆွဲထူပြီး မေး၏။ လေးယောက်စလုံးမျက်လုံးတွေ နေ့ကိုရှာပြီး လက်ညှိုးထိုး၏။

ဟင်။ သူ ဖျတ်ခနဲ ကြည့်လိုက်လျှင် ပန်းနုရောင်ဖျော့ဖျော့ လေးဖက်ရှင်နှင့် ကျောခိုင်းလှစ်ပြေးတဲ့ မိန်းကလေးတစ်ယောက်။





သူ့ခြေလှမ်းတွေ ဥပုသ်မစောင့်နိုင်တော့၊ မင်းသွေးကို လွှတ်ချပြီး ထိုမိန်းကလေးနောက် အမီလိုက်၏။

တဖပ်ဖပ်ပြေးလိုက်လာတဲ့ ခြေသံက ပိုနီးတော့ နေ့တစ်ကိုယ်လုံး ကြောက်လန့်စိတ်နဲ့ တုန်ခါသွား၏။

သူနဲ့နေ မျက်နှာချင်းဆိုင်လို့မဖြစ်ဘူး၊ နေ့ကို သူ မှတ်မိနေမယ်ထင်တယ်။ သူ့လျှောက်လွှာကို ဒယ်ဒီပယ်ချတဲ့အတွက် ဒယ်ဒီ့အပေါ် သူ အခဲမကြေဖြစ်နေမှာလည်း သေချာသည်။

ဒယ်ဒီကို သူမြင်ဖူးရင် နေဟာ ဒယ်ဒီ့သမီးဆိုတာ တန်းသိနိုင်သည်။ နေက ဖအေတူသမီး။

မျက်နှာဝိုင်းတာကအစ မျက်လုံး၊ မျက်ခုံး၊ နှုတ်ခမ်းစုံက ဒယ်ဒီ နဲ့ မိတ္တူပွားထားသလို တူသည်။

ဟင့်အင်း။ နေ့ကို ဒယ်ဒီ့သမီးမှန်း သူသိလို့မဖြစ်ဘူး။

"ဟော့ နေဦး"

သူ ဟန့်တားပေမယ့် နေ လှည့်မကြည့်။ သူ့လက်ကလွတ်အောင် ရွှေလျားလှေကားနဲ့ အောက်ထပ်ပြေးဆင်းရန် ခြေလှမ်း၏။

နေ့ခြေလှမ်းက ရွှေလျားလှေကားသို့မရောက်ခင် ဆုပ်ကိုင်ခံရတဲ့ နေ့ပခုံးက ဆွဲယူလိုက်တဲ့ သူ့လက်ထဲ နေ့ကိုယ်လုံးလေး နောက်ပြန်ပါသွား၏။ နေ ရုန်းဖယ်ပေမယ့် မရ။

"မင်း ဘယ်သူလဲ"



www.burmeseclassic.com

www.burmeseclassic.com



မေးလည်းမေးရင်း ကျောခိုင်းလျက်ဖြစ်နေတဲ့ နေ့ကို ပခုံးမှ ဆုပ်ကိုင်ဆွဲလှည့်လျှင် မျက်နှာချင်းဆိုင်ဖြစ်သွား၏။

ထိုအခါ နေ ခေါင်းငုံ့လိုက်၏။ ဖြန့်ချထားတဲ့ဆံပင်တွေ နေ့မျက်နှာတစ်ပြင်လုံး ဖုံးသွား၏။

"ပြောလေ၊ မင်း ဘယ်သူလဲ"

စိတ်မရှည်သလို မေးပြန်သည်။ နေမှာ တစ်ကိုယ်လုံး ထူပူကာ နှုတ်ခမ်းသားတွေ တဆတ်ဆတ်တုန်ယင်လာသည်။ သူ့စိတ်က ဆံပင်တွေကို ဖယ်ကြည့်ဖို့ လက်က ခပ်ရဲရဲရောက်ရှိသွားသည်။ ရှိုင်းချင်လည်း ရှိုင်းပါစေတော့။

မေးဖျားလေးပင့်ကာ မျက်နှာလေးကို စိုက်ကြည့်၏။ ရွှေဝါရောင်ဖျော့သောဆံပင်များ နားရွက်ဘေးသို့ ဖယ်ကျသွားတဲ့နောက် ဖြူဝင်းနုမွတ်စွာပေါ်လာတဲ့ မျက်နှာဝိုင်းဝိုင်းလေး။

"ဟင်"

သူ့အာရုံထဲမှာ ဟိုတစ်ရက်က ကျောက်မျက်ကုမ္ပဏီမှာ သူ့ကို စိုက်ကြည့်ခဲ့ဖူးသော မျက်နှာလေးဖြစ်မှန်း သိသွားသည်။

ပန်းနုရောင်ဖျော့ဖျော့လေး ဆေးဆိုးထားတဲ့နှုတ်ခမ်းသားလေးတုန်ကာ လန့်လန့်ဖျပ်ဖျပ်ပြူးကြည့်နေတဲ့ မျက်ဝန်းလှလှနဲ့ ဒိုင်းခနဲဆုံသွား၏။

ထိုအခါ ခံပြင်းသော သူ့စိတ်အစဉ်က ဘယ်ဆီလွင့်သွားမှန်း





မသိပေ။ ဘာမှလည်း ပြောလို့ဆိုလို့ မထွက်တော့။ ပင့်ကိုင်ထားတဲ့ မေးဖျားလေးကိုလည်း လွှတ်ချလိုက်၏။

အနက်အမိပ္ပာယ်များစွာနှင့် မမောနိုင်ဖြစ်နေတဲ့ သူ့မျက်ဝန်းကို နေ ရင်မဆိုင်ရဲတော့ ချက်ချင်းရှောင်လွှဲကာ သူ့ကို ကျောခိုင်း၍ ရွှေလှျားစက်လှေကားနဲ့ ဆင်းခဲ့မိသည်က လှည့်မကြည့်စတမ်းပဲ ဖြစ်သည်။ ရှင်ရယ် နေ့ကို နားလည်ပေးပါကွယ်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

ညနေခင်းက သာသာယာယာ မရှိလှပါ။

တိမ်ညိုတွေ အုံ့ဆိုင်းမှိုန်ပျပျဖြစ်နေသည်က ညည်းတွားစရာကောင်းလှသည်။ လေညင်းကလေးတွေ လှုပ်ခတ်ကျီစယ်ခြင်းမရှိတာကြောင့် သစ်ရွက်များခမျာ ရိုးတံတွေရဲ့ထိပ်မှာ ငုတ်တုတ်ထိုင်ကာ ငြိမ်သက်နေကြ၏။

ကျေးငှက်ကလေးတွေပင် ကိုင်းဖျားထက်မှာ မလှုပ်မယှက်ရပ်ကာ သန်းဝေနေလေပြီ။ ငုံသော၊ ဖူးသော၊ ပွင့်သော ပန်းကလေးများသည်လည်း သူ့ထက်ငါ ခေါင်းမော့လျက် အလှချင်းမပြိုင်ပေ။ ရိုးတံထက်မှာ ငူငူလေးရပ်ကာနေသည်။





ပိတုန်းကောင်ကလေးတွေခမျာ ဘယ်ပန်းပွင့်တွေဆီမှ မသွားချင်သလို တောင်ပံတွေသိမ်းကာ ညည်းချင်းများ ညည်းနေရှာတော့သည်။

ညနေခင်းလေးရယ် သာယာလာပါတော့ကွယ်လို့ နေတောင့်တမိသော်လည်း ညနေခင်းက မသာယာသေး။ ထို့အတူ သူငယ်ချင်းမျက်နှာတွေလည်း ထိုညနေခင်းနှယ်။

နေ့ကိုမြင်သည်နှင့် တိမ်ညိုတွေအုံ့ဆိုင်းသော ကောင်းကင်နှယ်။ မှိန်ပျပျနဲ့ အပြုံးချို စပြောသည်။

"နေ အဲဒါတော့ မကောင်းဘူး"

"ဘာလဲဟ ရှင်ကလည်း"

ကေကေတို့ခြံရှေ့မှာ အနားယူရန် ဆောက်လုပ်ထားသည့် အမိုးပိုင်းလေးမိုးထားတဲ့ အပန်းဖြေရိပ်သာထဲ လှမ်းဝင်ခဲ့ရင်း နေမေးသည်။

"မသိချင်ယောင်ဆောင်နေပြန်ပြီ"

"အဲဒါက နေ့ရဲ့မူပိုင်သင်္ကေတလေ"

ရွှေနီနဲ့အပြုံးချို အမြင်မကြည်လင်စွာ တစ်ခွန်းစီ ဝင်ပြောသည်။ ကျောက်ပြားဖြူဖြူလေးတွေ ခင်းထားတဲ့ ထိုင်ခုံမှာ နေ ဝင်မထိုင်သေး။ မတ်တတ်ရပ်လျက်ပဲ သူငယ်ချင်းတွေမျက်နှာကို လိုက်ကြည့်ပြီး ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာတွေလဲ၊ ရှင်းအောင်ပြောမှပေါ့"

"ဟွန်း ပြောဆိုတော့ ပြောရမှပေါ့၊ ရွှေနီ ရှင်ပဲ ပြောလိုက်"

အပြုံးချိုက ရွှေနီကို အမိန့်ပေးသလို ပြောပြန်သည်။ ရွှေနီက လီမွှော်ရည်တစ်ကျိုက်သောက်ပြီး ခံတွင်းရှင်းသည်။

ပြီးမှ မျက်နှာပေါ် အိုင်တင်တွေ ဆွဲတင်ပြီး ပြောသည်။

"မနေ့က ပလာဇာမှာဖြစ်တဲ့ ဖိုက်တင်ပွဲလေး မှတ်မိရဲ့လား"

"အွန်း ဒါလား"

"ဟုတ်တယ်လေ၊ ကေတော့ နေ့ကို လုံးဝ ဘာသာပြန် မတတ်တော့ဘူး"

နေနွတ်ခမ်းလှလှလေး မဲ့တွန့်လိုက်သည်။ ပြီးမှ ကျောက်ပြား ခင်းထားတဲ့ တစ်ယောက်ထိုင်ထိုင်ခုံမှာ မတ်မတ်လေး ထိုင်ချပြီး

"ဘာသာပြန်မတတ်တာ ကေ ညံ့လို့ပေါ့"

"အမယ် ကေတို့ မညံ့ပါဘူးနော်"

"ဟုတ်ပါ့၊ နေ့စိတ်က ဝေ့လည်လည်နဲ့၊ အချင်းချင်းပဲဟာ ရွှေနီကတော့ လုံးဝမကျေနပ်ဘူး"

"အပြုံးကတော့ သူရိယတို့ကို အရမ်းသနားတာပဲ၊ တကယ် ဆို နေ အဲလိုမလုပ်သင့်ဘူး၊ အဲဒီ မတောက်မပြောင်တဲ့သူက နေနဲ့ ဘာလဲ"

သူငယ်ချင်းသုံးယောက် မကျေမချမ်းပြောရင်း အတိအလင်း





မေးစစ်ကြ၏။ သူ့ကိုလည်း မတောက်မပြောင်တဲ့ဘဲတဲ့။

နှိမ့်နှိမ့်ချချလေး သတ်မှတ်ကာ မနှစ်သက်တဲ့မျက်နှာတွေနဲ့ နေ့ကို ပြုံးတူကြည့်သည်။

သူငယ်ချင်းတွေ မရိပ်မိအောင် နေ ပိပိရိရိဟန်ဆောင်ပြီး

"ဘယ်သိမလဲ"

"ဟဲ့ သားထက်တို့နဲ့ ဖိုက်တင်ပွဲတည်ပေးတဲ့ သူလေ"

"နေ တကယ်မသိဘူး ရွှေနီ"

"မသိဘဲနဲ့ တည်ပေးစရာလား"

"အဲလောက်ထိ မရည်ရွယ်ပါဘူး၊ သားထက်တို့အုပ်စု ဗိုင်း လိုက်တာမခံချင်လို့ နေရှောင်ထွက်ဖို့ လမ်းစ,ရှာလိုက်တာ၊ ဒီလောက် ပဲ"

နေ ခပ်ပေါ့ပေါ့ပြောလိုက်တော့ ရွှေနီတို့ မျက်နှာတွေ တင်း သွားသည်။

"အဲဒါတော့ သားထက်တို့အပေါ် နေ မတရားကြံလိုက်တာ ပဲ"

"ဘယ်လို အပြုံး၊ နေ မတရားကြံတာ"

"သေချာတာပေါ့၊ သားထက်တို့ အနာတရဖြစ်ကုန်တာလေ"

"ယောက်ျားတွေပဲ ဒီလောက်တော့ ခံနိုင်ရမှာပေါ့၊ ဟိုက သူတို့ကို လက်သီးတစ်ချက်တောင် မထိုးရပေါင်"



www.burmeseclassic.com

www.burmeseclassic.com



"မထိုးပေမယ့် ရှောင်တတ်ရှားတတ်နေတော့ အချင်းချင်း ပြန့်ထိပြီး အနာတရဖြစ်တာလေ၊ ကိုယ်အလှူတူအချင်းချင်း ဖြစ်တဲ့ ကိစ္စထဲ ဘာမဆိုင် ညာမဆိုင် အောက်လွှာကလူနဲ့ ပွဲတည်ပေးတာ ကေတို့ တကယ်မကြည်ဘူး။ အလွှာတူချင်းထဲကဆို ဟုတ်တုတ်တုတ်၊ ခုတော့ သူရိယတို့ ရှုံးပွဲတယ်လေ"

ကေ ဆတ်ဆတ်ထိမခံ ပြန်ပြောသည်။

နေတို့ သူငယ်ချင်းလေးယောက်က အထက်တန်းကျောင်းက တည်းက ပေါင်းလာပေမယ့် ရုပ်ရှင်ဇာတ်လမ်းတွေထဲကလို စိတ်တူ ကိုယ်တူ မရှိတာများသည်။

တစ်ယောက်ကိုတစ်ယောက် အခွင့်အရေးရရင်ရသလို ဝေဖန် ရှုတ်ချဖို့ အဆင်သင့်ရှိနေကြသည်။

သူပါဝင်တဲ့ကိစ္စမှာ ပိုဆိုးသေး။ သူငယ်ချင်းတွေ ပြင်းပြင်း ထန်ထန် ဝေဖန်လျှင် နေ ခေါင်းငုံ့မခံချင်။

"နေက သူတို့ ရှုံးပွဲတာထက် သူတို့ကိုကျော်နိုင်တဲ့ နေ့လုပ် ရပ်အတွက် နေ ကျေနပ်တယ်"

"ကျစ် အဲဒါကိုက နေလွဲနေတာ"

ကေ စားပွဲကိုဖွဖွပုတ်၍ ပြောသည်။ နေ မမှုသလိုနဲ့ လိမ္မော် ရည်အပြည့်ရှိသည့် ဖန်ခွက်ကို ဆွဲယူသည်။

ပိုက်တံနဲ့ ရေခဲတုံးတွေကို မွှေရင်း မှင်သေသေပဲပြောသည်။





"လွဲတယ်ဆိုလည်းလွဲပါစေ၊ သူရိယတို့ မျက်စိနောက်အောင် ဘယ်လိုလိုက်သလဲဆိုတာ ရှင်တို့မှ မမြင်တဲ"

"ဟဲ့၊ လိုက်တာပဲ ဆန်းသလား"

ကေ လွှတ်ခနဲပြောတော့ နေ့မျက်နှာလေး မဲ့ပြလိုက်သည်။

"ဟုတ်ပဲ့၊ ရှင့်ကို ကြိုက်တဲ့သူ ဝိုင်းဝိုင်းလည်နေတဲ့အဖြစ် ရှင်တောင် ဂုဏ်ယူလို့ရသေးတယ်"

ရွှေနီကလည်း အားကျမခံပြောပြန်သည်။

ဂုဏ်ယူစရာ တဲ့။ ဝေးသေးဆိုတဲ့ မျက်လုံးနဲ့ ပြန်ကြည့်တဲ့ နေကို ကေတို့ လုံးဝအမြင်မကြည်နိုင်။

"နေက ဂုဏ်မယူပေါင်၊ လိုက်နေတာကို မကြိုက်ဘူး။ မကြိုက်လို့ ရှောင်တာ၊ ရိုးရိုးနည်းနဲ့ ရှောင်လို့မရလို့ ရတဲ့နည်းနဲ့ ရှောင်လိုက်တာပဲ၊ ရှင်တို့မကျေနပ်လည်း မတတ်နိုင်ဘူး"

"အောင်မယ် ကြည့်စမ်း၊ လေသံက မာလိုက်တာ"

အပြုံးချို မျက်နှာမဲ့မဲ့နဲ့ ပြောသည်။ နေ မမှုစွာဘဲ ပိုက်တံဖြင့် လိမ္မော်ရည်တစ်ငုံသောက်လိုက်သည်။ ကေတို့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ နေ့ကို မကျေမနပ် ပွစိပွစိရှုတ်ကြသည်။

"နေ အဲဒီအတွက် နေ တစ်နေ့ဒုက္ခရောက်မယ်သိလား"

"ဟား ဟား ရယ်ချင်လိုက်တာ"

"ရယ်မနေနဲ့ မင်းသွေးတို့ အင်အားတို့က ရှင့်ကို အသည်းအ



www.burmeseclassic.com

www.burmeseclassic.com



သန် ဖြစ်နေတာ"

"ဖြစ်ဖြစ်ပေါ့"

"ဟဲ့ ဖြစ်တာက အရေးမကြီးဘူး။ ရှင် ကိုထောက်ကို မျက်နှာသာပေးတာတောင် ဒင်းတို့လေးယောက် ကြည်တာမဟုတ်ဘူး။ ဘယ်ကမှန်းမသိတဲ့ကောင်နဲ့ ပွဲတည်ပေးတာ ပိုပြီးကြည်မှာမဟုတ်ဘူး၊ နောက်ပြီး သူရိယတို့တစ်အုပ်လုံး အဲဒီကောင်ကြောင့် အနာတရဖြစ်နေတယ်၊ ရှုံးလည်း ပဲ့တယ်လေ"

ကေကေက နေ့အတွက် စိုးရိမ်သလိုဟန်နှင့် ဖိပြော၏။

"ဟုတ်တယ်၊ ရွှေနီတို့လည်း အဲဒါပဲ စိုးရိမ်တာ"

"ရှင်က ရှင့်အတွက် သူငယ်ချင်းတွေက စိုးရိမ်လို့ပြောမှန်း ဘာမှန်းမသိဘဲနဲ့၊ ဟွန်း အမြင်ကတ်ဖို့ကောင်းလိုက်တာ"

အပြုံးချိုလည်း တတွတ်တွတ်ပြောရင်း မျက်စောင်းထိုးပြန်သည်။ သူငယ်ချင်းတွေ စိုးရိမ်လို့ပြောမှန်း သိရတော့လည်း နေ မျက်နှာကြောတစ်ရစ်လျှော့လိုက်ပြီး –

"စိုးရိမ်လို့ပြောတယ်ဆိုရင် ကျေးဇူးပဲ"

"ဘာပဲဖြစ်ဖြစ် သားထက်တို့ အစိုင်အခဲဖြစ်အောင် မလုပ်နဲ့နေရယ်"

"အဲဒါဆို ရှင်တို့သူငယ်ချင်းအကောင်းစားတွေကို ရှင်တို့နိုင်အောင်ထိန်းပေါ့"





"ဟဲ့ အချစ်ကိစ္စမှာ ဘယ်သူ့ဘယ်သူ ထိန်းလို့ရမှာလဲ၊ မိန်းကလေးဆိုတာ ကိုယ့်ဘာသာလွတ်အောင် မာယာမူရာလေးနဲ့ ရှောင်ပေါ့"

"ဟုတ်ပါ့၊ နေကလည်း မျက်နှာနဲ့တင်းလေ ဟိုအကောင်တွေ ပိုလိုက်လေပေါ့၊ ရှင်က မိန်းကလေးဖြစ်ပြီး ဟန်ပန်မူရာလေးနဲ့ ရှောင့်တတ်အောင် လေ့ကျင့်ဦး၊ နေဦး ကေ သင်ပေးရမလား"

"တော်ပါတော့ ကေရယ်၊ အဲဒီအကြောင်း stop လိုက်တော့၊ ရပ်လိုက်တော့ကွယ်၊ မကြားချင်တော့ဘူး၊ သွားမယ်"

နေ စိတ်ရှုပ်စွာ့ပြောရင်း ချက်ချင်းထရပ်လိုက်သည်၊ သူငယ်ချင်းသုံးယောက် နေ့ကို ပြိုင်တူမျက်စောင်းထိုးကာ –

"သွားမယ်ဆိုလည်း သွားပေါ့၊ သူရိယ ကေတို့ကို ဖုန်းဆက်ပြောထားတယ်၊ နေ့ကို မကျေဘူးတဲ့"

"မကျေပါစေပေါ့၊ နေ ဂရုမစိုက်ဘူး၊ သွားမယ်"

ပြောပြီးတာနဲ့ နေ သူငယ်ချင်းတွေကို ကျောခိုင်းကာ ရပ်ထားတဲ့ ဖိမ်ခံကားပေါ် တက်သည်။

သူငယ်ချင်းတွေ လက်ပြနှုတ်ဆက်တာတောင် နေ လက်ပြနှုတ်မဆက်တော့။

ကားကို လျှောခနဲမောင်းကာ ထွက်ခဲ့သည်က မသာယာတဲ့ ညနေခင်းလိုဖြစ်နေသည့် သူငယ်ချင်းတွေရဲ့မျက်နှာကို မကျေနပ်လို့ပဲ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။

အံ့ပျနေတဲ့ ကောင်းကင်ကြီးရယ် ပြာလဲ့လဲ့အရောင်လေး ခြယ်မှုန်းပြီး သာသာယာယာဖြစ်လာပါတော့ကွယ်။ လေညင်းနုနုတို့ သစ်ရွက်ကလေးတွေကို ကျီစယ်ထိတွေ့ဖို့ အားယူနေတယ်လေ။

ကျေးငှက်ကလေးလို လည်တဆန့်ဆန့်နဲ့ ဘယ်ဆီသွားရမလဲလို့ဆိုတဲ့ စိတ်ကူးယဉ်အတွေးနဲ့ နိုးနိုးကြားကြားဖြစ်နေပြီး

ငုံသော၊ ဖူးသော၊ ပွင့်သော ပန်းတို့ကလည်း သူ့ထက်ငါ အလှချင်းပြိုင်ဖို့ အလှမာန်တွေကို တစ်ရစ်ပြီးတစ်ရစ် လွှမ်းခြုံလာပြီလေ။

ပိတုန်းကောင်တွေကလည်း ဘယ်ပန်းကလေးဆီ ပျံသန်းသွားရမလဲလို့ စိတ်ကူးတွေယဉ်နေတာကွယ့်။

ဒါကြောင့် သာယာတဲ့ညနေခင်းလေး အသက်ဝင်လာပါတော့ကွယ်။

ထိုစဉ် လမ်းသွယ်ထဲက ထွက်ပြီး မိန်းလမ်းပေါ် ကားကို အရှိန်နဲ့မောင်းလာလျှင် ကောင်းကင်ကြီး ပြာလဲ့လဲ့အစဉ် လွှမ်းခြုံစပြုလာသည်က –

ပလက်ဖောင်းပေါ် ပုံမှန်ရွေ့လျားတဲ့ သူ့ခြေလှမ်းတွေ ကော်ဇီရောင့်ထဲဝင်သွားတဲ့ သူ့ပုံရိပ်လေး လှစ်ခနဲတွေ့လိုက်ရသည်နှင့် တစ်ပြိုင်နက်တည်း ဖြစ်၏။





ထိုအခါ ညနေခင်းက ချက်ချင်းကြီး သာသာယာယာဖြစ်သွား၏။ လေညင်းကလေးများ သုတ်ဖြူးလာသည်၊ ကျေးငှက်ကလေးများ သံစဉ်ညီကျူး၏။ ပန်းကလေးများ အလှချင်းပြိုင်လျှင် ပိတုန်းကောင်လေး တောင်ပံဖြန့်ကြက် ထပျံသွားတော့၏။

ထိုအချိန် နေမောင်းနေတဲ့ကားလေးက ပန်းသတင်းလက်ဖက်ရည်ဆိုင်ရှေ့ ဦးခိုက်လျက်သားဖြစ်သွား၏။

ရင့်သဘာ ရှင်က နေအတွက် သာသာယာယာဖြစ်စေသော ညနေခင်းမင်းသားပါပဲ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

အဖြစ်အပျက်ကိုတွေးမိတိုင်း ရင့်သဘာစိတ်ထဲ ခံပြင်းသလို ဖြစ်နေသည်။ သူ့ဘဝအတွက် အလုပ်တစ်ခုခုရဖို့ အောက်ကျနောက်ကျ ကြိုးစားခဲ့ပေမယ့် မရခဲ့။

ကိုတူက သူ့ဘော့စ်ကို ပြောလို့မရတော့ ကျောက်မျက်ရတနာကုမ္ပဏီတစ်ခုမှာ လူလိုတယ်ဆိုလို့ လှမ်းချိတ်ပေးသည်။ သို့သော်လည်း စိုးပြည့်သူငယ်ချင်းဖြစ်နေလို့ ဘော့စ်က ပယ်သတဲ့။ မဆိုင်လိုက်တာလို့ ရင်ထဲမှာ အကြိမ်ကြိမ်ရေရွတ်ရင်း ခံပြင်းနေမိသည်။

"မင်းကလည်းကွာ တွေးတွေးပြီး စိတ်ညစ်ခံမနေနဲ့ မရတော့ရော ဘာဖြစ်လဲ"





ကော်ဖီဆိုင်ထဲ ရင့်သဘာထက် အရင်ရောက်နှင့်တဲ့ သက်နောင် ဦးစွာပြောသည်၊ ရင့်သဘာ ခေါင်းတစ်ချက်ယမ်း၍ သက်နောင်ကို တည့်တည့်ကြည့်ပြီး

"အလုပ်မရတော့ ငေါင်တာပေါ့ကွာ"

"ငေါင်မနေနဲ့၊ ဒေါင်ဒေါင်မြည်အောင် နေစမ်းပါ၊ ဒီမှာမင်း အလုပ်မရှိပေမယ့် မင်း ထမင်းငတ်နေလို့လား"

သက်နောင် အားမနာတမ်းမေးချလျှင် ရင့်သဘာ သက်ပြင်းချသည်။ ခေါင်းကိုပါ တစ်ဆက်တည်း ယမ်းမိသွားသည်။

အလုပ်အကိုင်မရှိ ဝင်ငွေမဲ့နေပေမယ့် ရင့်သဘာ ထမင်းမငတ်သလို သုံးဖို့စွဲဖို့လည်း အခက်အခဲမဖြစ်ပါ။

ဘာဖြစ်လို့လဲဆိုတော့ ရင့်သဘာရဲ့သူငယ်ချင်းရင်းချာဖြစ်တဲ့ သက်နောင်၊ စိုးပြည့်နဲ့ သန့်စင်တို့က သူ့အတွက် တတ်နိုင်သမျှ ဖြည့်စွမ်းပေးခဲ့ကြသည်။

"ဟုတ်သားပဲကွာ၊ အလုပ်လေးမရရုံနဲ့ မင်း ခံပြင်းနေပုံကြည့်ရတာ ငါတို့ကောင်တွေ အာရုံပါနောက်တယ်"

စီးကရက်ကို တစ်ဖွာပြီးတစ်ဖွာ ဖိမ်ခံဖွာရှိုက်နေတဲ့ သန့်စင် တစ်ခွန်းဝင်ပြောပြန်သည်။

"အသေအချာပဲ၊ သာယာတဲ့ညနေခင်းလေး အကျည်းတန်အောင် မင်းမျက်နှာကြီး တင်းမထားနဲ့ကွ"



www.burmeseclassic.com

www.burmeseclassic.com



နောက်ကျမှရောက်လာပြီး ဝိုင်းထဲဝင်ထိုင်တဲ့ စိုးပြည့် အသံ ကျယ်ကျယ်နဲ့ပြော၏။ စိုးပြည့်ကို ရင့်သဘာ အပြစ်မမြင်သလို ငဲ့ကြည့် ပြီး တစ်ခွန်းတော့ ပြောမိသွားသည်။

"အဲဒါ မင်းကြောင့်ကွ"

"အဟွန်း ဘာလဲ ဦးမိုးသစ် ပယ်လို့လား"

စိုးပြည့်က ပေါ့ပေါ့ပါးပါးမျက်နှာပေးနဲ့ မခိုးမခန့် ပြုံး၍မေး သည်။ စိုးပြည့်မျက်နှာမှာ အလုပ်ဖြုတ်ခံရခြင်းအတွက် နည်းနည်း လေးမှ စိတ်အနှောင့်အယှက်မဖြစ်တာ ရင့်သဘာ အံ့ဩနေသည်။

"ဟုတ်တယ်ကွ"

"ပယ်လိုက်တာ ကောင်းတာပေါ့ကွ၊ ဗိမ်နဲ့နုပ်နေရုံပဲ"

"ဟကောင်ရ ဗိမ်နဲ့မနေချင်ဘူး၊ အလုပ်လုပ်ချင်တယ်၊ ငွေ ရှာချင်တယ်၊ ငါ့ဘဝ ငါထူထောင်ချင်တယ်ကွာ၊ မင်းတို့မှာ ကပ်စား၊ မင်းတို့ပေးတာပဲ သုံးနေရတာ ပျင်းတယ်ကွ"

"ဟား ဟား ဟား ပြောင်မြောက်တဲ့စကားလုံးတွေ ရွတ်ပြနေ ပါလား ငရင့်ရာ၊ အဲဒီစကားလုံးတွေ မရွတ်ပါနဲ့၊ ငါတို့ကောင်တွေ မင်းကို ငြိုငြင်နေလို့လား"

သက်နောင် သဘောတကျရယ်ရင်း ပေါ့ပါးလွတ်လပ်စွာမေး ပြန်သည်။

"ကဲ ပြော၊ ငါကရော ငြိုငြင်လို့လား"





သန့်စင် စီးကရက်ခိုးတွေကို ဖြည်းဖြည်းလေး မှုတ်ထုတ်ရင်း အားကျမခံမေးသည်။ ညနေခင်းလေညင်းနုနုထဲ ရောတွေလွင့်မျောနေ တဲ့ စီးကရက်ခိုးရနံ့ကို ရင့်သဘာ တစ်စွန်းတစ်စရှူရှိုက်ရင်း

"မင်းတို့ကြည်ဖြူမှုနန်း ငါ နားလည်တယ်ကွ၊ ဒါပေမဲ့"

"ဒီမှာ ငရင့် နားလည်တယ်ဆိုရင် ပြီးပြီ၊ ဒါပေမဲ့တွေ၊ ဘာတွေ လုပ်မနေနဲ့၊ လောလောဆယ် ပြည့် အလုပ်ဖြုတ်ခံရပေမယ့် ငါတို့နှစ်ယောက် အလုပ်လက်မဲ့ မဖြစ်သေးဘူးကွ"

သက်နောင် အားမာန်အပြည့်နဲ့ ဝင်ပြောသည်။

"ငါတို့နှစ်ယောက်ဝင်ငွေနဲ့ ငါတို့လေးကောင် စားဖို့သုံးဖို့ ချောင်လည်ပါသေးတယ်ကွာ၊ မင်းခေါင်းထဲက အလုပ်မရတဲ့ကိစ္စကြီး ဖယ်ချလိုက်စမ်းပါကွ"

လက်ချောင်းထဲညှပ်ထားတဲ့ စီးကရက်လေး တိုသွားလျှင် ဆေးလိပ်ပြာခွက်ထဲ စီးကရက်အတိုပစ်ထည့်ရင်း သန့်စင် ပြောပြန် သည်။

စိုးပြည့်ကလည်း ဟုတ်တယ်ဆိုတဲ့ ထောက်ခံတဲ့မျက်နှာလေး နဲ့ ခေါင်းဆတ်သည်။

သူ့အပေါ် အပြည့်အဝ နားလည်ပေးနေကြတဲ့ သူငယ်ချင်းတွေ ကို သူ ဘာပြန်ပြောလို့မှမရအောင် ဖြစ်သွားသည်။

ရင့်သဘာ ဆံပင်တွေကို လက်ချောင်းတွေနဲ့ ထိုးဖွပစ်ရင်း



www.burmeseclassic.com

www.burmeseclassic.com



လက်ဖက်ရည်ဆိုင်လေးကို ငေးကြည့်မိသည်။

ဆိုင်က ခမ်းခမ်းနားနားမဟုတ်ပေမယ့် သပ်သပ်ရပ်ရပ်ရှိကာ ထိုင်ချင်စရာကောင်းလှသည်။ အစားအသောက်စုံသလို ဈေးလည်း သက်သာသည်။

စားပွဲဝိုင်းတွေမှာ သူ့အုပ်စုနဲ့သူ ဝိုင်းဖွဲ့စကားပြောရင်း စားသောက်နေကြသည်က မြိုင်မြိုင်ဆိုင်ဆိုင်ရှိလှသည်။

သူ့အတွက် သက်နောင်မှာထားတဲ့ ခေါက်ဆွဲကြော်က ခုမှပဲ စားပွဲထိုးလာချပေးသည်။

"ကဲ ရင့် ဆံပင်တွေ ဖွမနေနဲ့၊ စားစရာရှိတာ စား"

အငွေ့တထောင်းထောင်းထနေသည့် ခေါက်ဆွဲကြော်ပန်းကန် သူ့ရှေ့ကို တွန်းရွှေ့ပေးရင်း စိုးပြည့် ပြောသည်။

ရင့်သဘာ ဘာမှမပြောသာတော့။

ဝါးတူနှစ်ချောင်းကို ပလတ်စတစ်ပါကင်အိတ်ထဲက ဖောက်ယူပြီး ခေါက်ဆွဲကြော်ပန်းကန်ပေါ် သက်နောင် အလိုက်သိသိ ပူးတင်ပေးသည်။

သန့်စင် စီးကရက်တစ်ပွဲထပ်မှာသည်။ စိုးပြည့်က ဘလက်ကော်ဖီ၊ သက်နောင်ကတော့ အေးနေပြီဖြစ်တဲ့ ကျဆိမ့်ကိုပဲ တစ်ကျိုက် ကျိုက်လိုက်သည်။

သူတို့ဝိုင်းက ခေတ္တတိတ်ဆိတ်သွားပေမယ့် တခြားဝိုင်းတွေ





က အသံတွေက ဆောင်းဘောက်နဲ့ဖွင့်ထားတဲ့ ဝိုင်းဝိုင်းရဲ့ စည်းသီချင်းနဲ့ရောထွေသွားသည်။

ညနေခင်း ပြာလဲ့ကောင်းကင်အောက်မှာ သာယာနေဆဲ။

ထိုစဉ် ဆိုင်ရှေ့မှာ မာန့်တူးကားဖြူလေး လျှောခနဲ ထိုးဆိုက်လာသည်။

ဆိုင်ထဲက မျက်လုံးပေါင်းများစွာက ထိုကားဖြူလေးဆီ အလိုလိုရောက်သွားသည်။ ရင့်သဘာ ခေါက်ဆွဲကြော်ကို တူနဲ့ညှပ်၍ ခံတွင်းထဲထည့်သည်။

ဆီတို့နဲ့ရွှဲအိကာ အရသာကောင်းသော ခေါက်ဆွဲကြော်ကို အားပါးတရဝါးရင်း ထိုကားလေးဆီ ကြည့်မိသွားသည်။

ကားက မှန်အနက်တွေ ချထားသည်။ ကားပေါ်မှာ ဘယ်သူဘယ်ဝါမှန်း မမြင်ရသလို ကားရပ်ပြီးသည်နှင့်လည်း ဘယ်သူမှ ဆင်းမလာခဲ့။

စားပွဲထိုးချာတိတ်လေး ကားဆီ ပြေးသွားသည်။ တချို့က ကားပေါ်ကမဆင်းဘဲ အော်ဒါမှာကာ ပါဆယ်ဆွဲသွားတာမျိုး ရှိသည်။ ဒါကြောင့် စားပွဲထိုးချာတိတ် ကားဆီသွားခြင်းဖြစ်သည်။

"ဒါနဲ့ မင်းအလုပ် သိပ်လိုချင်ရင် ငါပေးမယ် ရင့်"

သန့်စင် စီးကရက်အသစ်တစ်လိပ်ဆွဲယူရင်း စကားစ,သည်။

ရင့်သဘာ ကားဆီက အကြည့်ရုပ်၍ သန့်စင်ဆီ ရွှေ့ကြည့်



www.burmeseclassic.com

www.burmeseclassic.com



သည်။

"ပြောစမ်းပါကွာ၊ ဘာအလုပ်လဲ"

"ပလာဇာမှာ မင်းကို ဇာတ်လမ်းရှာတဲ့ ကောင်မလေးကို လိုက်ကွာ"

"ဟာ ငါက ဘာအလုပ်များလဲလို့"

"ဟ ငရင့်ရ အဲဒါ တကယ့်ဗီလိန်ရှိမယ် အလုပ်ကွ၊ လိုက်စမ်းပါ၊ ရအောင်လိုက်"

သက်နောင် သောက်ပြီးစ လက်ဖက်ရည်ခွက်ကို အောက်ခံကြွေပန်းကန်ပေါ် ချရင်း အားတက်သရောပြောသည်။

"ကိုစိုးအောင်ရုံးခန်းမှာတွေ့တဲ့ကောင်မလေးနဲ့ ပလာဇာမှာ ဇာတ်လမ်းရှာတဲ့ ကောင်မလေးက တစ်ယောက်တည်းပဲ မဟုတ်လား"

စိုးပြည့် ချက်ချင်းကောက်မေးသည်။

ရင့်သဘာ မညာချင်၊ သူငယ်ချင်းတွေနဲ့ သူ့ကြားမှာ ဘာလျှို့ဝှက်ချက်တွေမှ ထားစရာမရှိဘူး။

ကိုစိုးအောင်ရုံးခန်းမှာ သူ့ကို ကောင်မလေးတစ်ယောက် စိုက်ကြည့်နေတဲ့အဖြစ်နဲ့ ပလာဇာက ဇာတ်လမ်းကို ပွင့်ပွင့်လင်းလင်း ပြောပြခဲ့လို့ သူငယ်ချင်းတွေ သိနေသည်။

ပိုသေချာအောင် တစ်ယောက်တည်းလားလို့ စိုးပြည့်မေးလျှင်

"အင်း တစ်ယောက်တည်းပဲ"





"အဲဒါဆို ငရင့် မင်းလိုက်ကွာ၊ အလုပ်မရခင် အပျင်းလည်းပြေမယ်ကွ"

"ဝါသနာမပါဘူး စိုးပြည့်ရာ"

ရင့်သဘာ စိတ်မဝင်စားစွာပြောပြီး ခေါက်ဆွဲကြော်ကို တူနဲ့ ဆွဲဖွလိုက်သည်။ သူငယ်ချင်းတွေ ရင့်ကို အားမလိုအားမရကြည့်သည်။

သူတို့လေးယောက်ထဲမှာ ရင့်ဆိုတဲ့ကောင်က တစ်ဘာသာ။

နွမ်းနွမ်းဖပ်ဖပ်အဝတ်အစားနဲ့ နေပူစပ်ခါး လျှောက်သွားနေတဲ့ ရင့်ကို မြင်သမျှမိန်းကလေးတိုင်း စိတ်ဝင်တစားကြည့်တတ်သည်။

မျက်စမျက်န အမူအရာတွေနဲ့ ရင့်ကို မြင်သမျှ မိန်းကလေးတိုင်း ရှိုးသည်။

တချို့မိန်းမချောလေးတွေဆို ဘလိုင်းကြီး လာဝင်ရောကာ ရင့်နဲ့ ရင်းနှီးဖို့ လမ်းခင်းပေးလေ့ရှိသည်။

ရင့်က အသားနေလောင်တာနဲ့ အဝတ်နွမ်းတာကလွဲရင် မျက်လုံး၊ မျက်ခုံး၊ အရပ်အမောင်းနဲ့ လမ်းလျှောက်ဟန်ကအစ လှသည်။ မျက်ဝန်းအကြည့်က ဆွဲအားပါသည်။

မိန်းကလေးတိုင်း မြင်ရုံနဲ့ စွဲလမ်းစေသည်။ ညှို့စွမ်းအားရှိတဲ့ နိုင်ငံခြားမင်းသားတွေလို ရင့်က စန်းထနေသည်။

ဒါပေမဲ့ ရင့်သဘာက ဘယ်မိန်းကလေးကိုမှ စိတ်ဝင်တစား



www.burmeseclassic.com

www.burmeseclassic.com



မကြည့်တာ ခက်သည်။

သူတို့သုံးယောက်ကတော့ မိန်းကလေးတွေ အထာပေးရင် ပေးသလို ဝင်လုံးတတ်သည်။ ရင့်သဘာက သူတို့လိုမဟုတ်။

ခပ်တည်တည်နဲ့ မိန်းမလှတွေကို လျစ်လျူရှုတတ်တာ သူငယ်ချင်းတွေမို့ သိနေသည်။ သိနေလို့ တွန်းအားပေးပေမယ့် ရင့်လက်မခံ။

အခုလည်း ကြည့်။ ကောင်မလေးက စ,လာတာတောင် ခေါင်းက ခါနေသည်။ အားပေးတဲ့သူငယ်ချင်းတွေကိုတောင် ဝါသနာမပါဘူးလို့ ငြင်းတဲ့ကောင်။

"ဝါသနာမပါပေမယ့် ဗီလင်လာမယ်လေကွာ၊ ဒါနဲ့ ကိုစိုးအောင်ရုံးခန်းမှာတွေ့ခဲ့တဲ့ ကောင်မလေးက ဝန်ထမ်းပဲလား"

သန့်စင် ထပ်ဆင့်မေးမြန်းသည်။ ရင့်သဘာ ခေါက်ဆွဲကြော်အစားမပျက်ဘဲ ပြော၏။

"ယူနီဖောင်းနဲ့မဟုတ်ဘူး၊ ခေတ်ဖက်ရှင်နဲ့"

"နေဦး၊ ဘယ်လိုပုံစံလဲ"

စိုးပြည့် တစ်ဆင့်ပြီးတစ်ဆင့် မေးမြန်းသည်။ စိုးပြည့်မေးလာမှ ရင့်မျက်ဝန်းထဲ ဥပေက္ခာပြုထားတဲ့ပုံရိပ်လေး ရောင်ပြန်ဟပ်ထင်ပေါ်လာသည်။

ဖွေးဖွေးထွတ်ထွတ်လှနေတဲ့ လပြည့်ဝန်းနဲ့တူသော မျက်နှာဝိုင်း





နှင့် ကောင်မလေး။

"အင်း မျက်နှာဝိုင်းဝိုင်းစက်စက်နဲ့"

"ဟော"

စိုးပြည့်အားနဲ့စားပွဲခုံကို လက်ဖဝါးနဲ့ ဖျန်းခနဲရိုက်ပြီး ပြောသည်။

"မျက်နှာဝိုင်းဝိုင်းစက်စက်, လည်တိုင်ရှည်ရှည်, ဘော်ဒီကရှယ်, အသားအရောက ဖြူဖွေးစိုအိနေတယ်၊ အမူအရာက ကလေးဆန်တယ် မဟုတ်လား"

ရင့်သဘာကျောပြင် ,မတ်ခနဲဖြစ်ကာ စိုးပြည့်ကို တအံ့တဩကြည့်ဖြစ်သွားသည်။ စိုးပြည့် ဒက်ခနဲပြောချလိုက်သည်က ကွက်တိ။

"ဟုတ်တယ်၊ မင်းသိလို့လား"

"ဟ သိတာပေါ့ကွ၊ အဲဒါ နှယ်နှယ်ရရမဟုတ်ဘူး၊ ဘော့စ်ရဲ့တစ်ဦးတည်းသောသမီး နေနှင်းဆီ"

"နေနှင်းဆီ"

"ဟုတ်တယ် ဦးမိုးသစ်သမီး၊ ဒီမှာ ငရင့် မင်း စိတ်ကူးမလွဲနဲ့"

စိုးပြည့် ဘေးဝိုင်းတွေမကြားအောင် အသံကိုနှိမ့်ချ၍ခက်ပြောသည်။

"နေနှင်းဆီက မာနခဲကွ၊ သူတို့အဝန်းအဝိုင်းထဲက ဘယ်ကောင့်ကိုမှ တူတယ်ထင်တာမဟုတ်ဘူး၊ မင်းကိုမှ မျက်စိကျလို့



www.burmeseclassic.com

www.burmeseclassic.com



ဓာတ်လမ်းရှာတယ်ဆိုတော့ တွေဝေမနေနဲ့ ကြိတ်လိုက်စမ်းကွ သူငယ်ချင်း''

စိုးပြည့်စကားအဆုံးမှာ ရင့်သဘာလက်ထဲက တူနစ်ချောင်းကို ပန်းကန်ပေါ် ပြန်ချမိသွားသည်။

နေနှင်းဆီတဲ့။

ရတနာကုမ္ပဏီနဲ့အခြားစီးပွားရေးလုပ်ငန်းပေါင်းများစွာ ပိုင်ဆိုင်တဲ့ သူဌေးကြီးဦးမိုးသစ်ရဲ့တစ်ဦးတည်းသောသမီးတဲ့။

''ဟုတ်တယ် ငရင့်၊ စိုးပြည့် တောင်းပန်ဖို့ကြိုးစားသေးတယ်၊ ဦးမိုးသစ် ရိပ်မိသွားတယ်၊ စိုးပြည့်မှာလည်း အပြစ်တွေရှိနေတော့ အဲဒီပြစ်ချက်တွေရှာပြီး ပြည့်ကို အလုပ်က ထုတ်ပစ်လိုက်တာကွ''

''စိုးပြည့် ဖန်ဖို့ကြိုးစားလို့ မဟုတ်လား''

''အင်း''

စိုးပြည့် ဘွင်းဘွင်းပဲ ခေါင်းညိတ်၏။ ခုမှပဲ စိုးပြည့်အလုပ်ဖြုတ်ခံရတာ နေနှင်းဆီကို ခြူဖို့ကြိုးစားတဲ့အတွက်ကြောင့်တဲ့။

တကယ်သွက်တဲ့ကောင်။ ခုမှပဲ ရှင်းရှင်းလင်းလင်း သိရတော့သည်။

''အဲဒါကြောင့် မင်းကို ပယ်တာပေါ့ကွ''

သန့်စင် အေးအေးစက်စက်ဝင်ပြောသည်။ သန့်စင်တို့ရင်ထဲမှာ ဦးမိုးသစ်ကို သိပ်မကြည်ဘူး။





ဒီလူကြီးက အရှိန်အဝါကြီးသလို ကိန်းကြီးခန်းကြီးနိုင်သည်။ လုပ်ငန်းရှင်ချင်းတူရင်တောင် တော်တန်ရုံလုပ်ငန်းရှင်လောက်ကို မျက်နှာချင်းမဆိုင်ဘူး။

သန့်စင်ရဲ့ဘော့စ် ကိုမိုးဝေ ဦးမိုးသစ်နဲ့ လုပ်ငန်းတွေတွဲလုပ်ခွင့်ရဖို့ မျက်နှာအောက်ကျခံပြီး တိုးဝင်တာတောင် ဒီလူကြီး အားမနာတမ်း ခါပစ်ကတည်းက ကိုမိုးဝေနဲ့အတူ သန့်စင်ပါ မကြည်ဖြစ်နေတာ။

ကြုံလာတဲ့အဖြစ်က ဦးမိုးသစ်ကို မျက်နှာချင်းဆိုင်နိုင်မယ့် အခြေအနေလေ။

ရင့်ကို နေနှင်းဆီ တကယ်ကြွေတယ်ဆိုရင် သူတို့လက်ခမောင်း ခတ်နိုင်ပြီ၊ ဒါကြောင့် စိတ်အားထက်သန်မှုအပြည့်နဲ့ တွန်း၏။

''မာနခဲလေးကို မင်းခြွေလိုက်စမ်းပါကွာ''

''ခြွေတာခြွေ ဘာမှအားမနာနဲ့ မာနခဲလေးကို မင်းခြွေနိုင်ရင် ဒီလူကြီး ဆွေ့ဆွေ့ခုန်သွားမယ်ကွ၊ ဟား ဟား မြင်ချင်စမ်းရဲ့ကွာ''

သက်နောင်လည်း ကြိတ်မနိုင် ခဲမရပြောသည်။

ဦးမိုးသစ်ကို စိုးပြည့်တို့သုံးယောက် အခဲမကျေဖြစ်နေမှန်း အခုမှ ပိုပြီးသိသာလာသည်။

ရင့်သဘာ မသိမသာသက်မချကာ ဆိုင်အပြင်ဘက် တစ်ချက်ကြည့်မိသွားသည်။

ဆိုင်ရှေ့မှာ စောစောက ထိုးရပ်လာတဲ့ မတ်တူးကားဖြူလေး



www.burmeseclassic.com

www.burmeseclassic.com



လျှောခနဲဘီးလိမ့်ထွက်သွားတာ မြင်ရသည်။

ထိုကားနောက်မြီးလေး ပျောက်ကွယ်သွားမှ စားပွဲထိုးချာတိတ် ထောင်တန်သစ်တစ်ထပ်ကိုင်ကာ ခပ်ပြုံးပြုံးနဲ့ ဆိုင်ထဲပြန်ဝင်လာသည်။

စားပွဲထိုးချာတိတ်ကို ရင့် မကြည့်တော့။ လမ်းပေါ် အရှိန်နဲ့ ဖြတ်သွားနေတဲ့ ကားတွေကို အဓိပ္ပာယ်မဲ့ငေးကြည့်ဖြစ်သွားသည်။

"ဒီမှာ ရင့်၊ ဒီအခွင့်အရေးကို မင်း လက်လွှတ်လို့မရဘူးနော်၊ နေနှင်းဆီကို မရအရ ခြွေ၊ မင်းရပ်က မိန်းမလှတွေကြွေတဲ့ရပ်၊ မင်းသာ ခြွေရင် နေနှင်းဆီ ဖြုတ်ခနဲ ကြွေသွားမယ်ကွ၊ စိတ်ကူးမလွဲနဲ့၊ ခြွေဖို့နည်းလမ်း ငါတို့ကောင်တွေပေးမယ်၊ စိတ်မပူနဲ့"

ရင့်ပခုံးကိုပုတ်ရင်း စိုးပြည့် ခပ်ကျိတ်ကျိတ်ပြောသည်။

ရင့်ရင်ထဲမှာ အလွယ်တကူ ခေါင်းယမ်းပြီးသား။ သူငယ်ချင်းတွေကို အားနာလို့သာ ခေါင်းမညိတ်ခေါင်းမခါ ငြိမ်နေမိတဲ့ ရင့်။

ထိုအချိန်မှာ စားပွဲထိုးကောင်လေး ရင့်တို့ဝိုင်းရှေ့ လာရပ်ရင်း ပြောသည်။

"အစ်ကိုတို့ဝိုင်းအတွက် ခုနကလာတဲ့ မတ်တူးကလေးနဲ့ မမချောလေး ရှင်းပေးသွားတယ်၊ ဒီမှာလေ ကျွန်တော့်ကိုတောင် မုန့်ဖိုးပေးသွားတယ်၊ အားလုံးပေါင်း တစ်သောင်းတိတိ"

ချာတိတ်လေး ဝမ်းမြောက်ဝမ်းသာပြောရင် ထောင်တန်တွေ





ဖြန့်ပြသည်။

"ချာတိတ်ပြောတဲ့ မမချောက မျက်နှာဝိုင်းနဲ့လား"

"ဟုတ်တယ်၊ ဝိုင်းတာမှ လပြည့်ဝန်းလို ဝိုင်းစက်နေတာ"

"ဒါဆို နေနှင်းဆီပေါ့"

စိုးပြည့် လက်ဖျစ်တီးပြီး ပြောသည်။ နေနှင်းဆီဆိုတဲ့အသံကြောင့် ရင့်မျက်နှာလေး ညှိုးကျသွားသည်။

သူငယ်ချင်းတွေက ရင့်နဲ့ ဆန့်ကျင်ဘက်။ သိန်းထောင့်ငါးရာပေါက်တဲ့မျက်နှာတွေလို အပျော်မြူးတွေ လင်းလက်ဖြာဝေသွား၏။

"ရင့် မြောင်းကံ့ မင်းရှေ့ရောက်နေပြီကွ"

"လမ်းကြောင်းရှာစရာတောင် မလိုဘူး။ ရေတွေသာ လွှတ်ချလိုက်တော့"

"ဟား ဟား ဟား"

စိုးပြည့်တို့ သူတို့စကား သူတို့သဘောကျကာ တဟားဟား အော်ရယ်ကြသည်။

ချာတိတ်လေးပါ ဝမ်းသာအားရ ရောရယ်သည်။ ရယ်သံတွေ သိပ်ကျယ်တာကြောင့် တခြားစားဝိုင်းတွေကပါ ရင့်တို့ ဝိုင်းကို လှည့်ကြည့်သည်။

ရင့်သာဘာ မရယ်ဖြစ်၏။

အဆီဝင်းနေတဲ့ နှုတ်ခမ်းအစုံကို တစ်ရှူးဆွဲယူပြီး ခပ်နာနာ



www.burmeseclassic.com

www.burmeseclassic.com



လေးဖိသုတ်၍ ဝိုင်းထဲက ထ,ထွက်ခဲ့သည်။

သူငယ်ချင်းတွေ အလိုက်သိစွာပဲ မဟာန့်တား။

ရင့်နောက်က ချက်ချင်းထလိုက်လာကာ ပန်းဝင်ဖက်သူဖက်နှင့်။

ပန်းဝင်ဖက်သည်က လိုက်ခြွေကွာဆိုတဲ့ ဖိအားတွေပါမှန်း ရင့်သဘာ နားလည်နေသည်။

နေနှင်းဆီ

မင်းလေးက ကိုယ့်ကို တကယ်ကြွေတာလား။ မင်းလေးကြွေပေမယ့် ကိုယ်က ဆောရီးပါကွာ။

✿ ✿ ✿



## အခန်း (၇)

"ရင့် မင်းကို လေဒီတစ်ယောက် လာမေးတယ်"

ရင့် ကားမောင်းသူနေရာက ဆင်းလျှင်ဆင်းချင်း ရပ်ထားတဲ့ တက္ကစီကားပေါ်မှဆင်းလာတဲ့ ကိုသာမောင် ဆီးပြောသည်။

ရင့် မျက်ခုံးတန်းထူနက်နက်လေး အံ့ဩဟန်နဲ့ တွန့်ခေါက်သွားကာ ကိုသာမောင်ကို စူးစိုက်ကြည့်ပြီး

"ဘယ်က လေဒီလဲ"

"ကိုယ်တို့လည်း မသိဘူး။ မတ်တူးအဖြူလေးနဲ့ကွ၊ မျက်နှာလေး ဝိုင်းဝိုင်းစက်စက်နဲ့ ချစ်စရာလေး"

မတ်တူးအဖြူ၊ မျက်နှာဝိုင်းဝိုင်းလေးနဲ့တဲ့။



www.burmeseclassic.com

www.burmeseclassic.com



အဲဒါဆို နေနှင်းဆီပေါ့။

ကိုသာမောင် စကားမဆုံးခင် နေနှင်းဆီပုံစံလေး ရင့်အာရုံမှာ ထင်းခနဲပေါ်လာသည်။

"မင်းကောင်မလေးလား"

ရပ်ထားတဲ့တက္ကစီတွေနောက် ညောင်ပင်အိုကြီးအောက် ကွပ်ပျစ်ပုံစံခုံတန်းရှည်ကြီးမှာ အနားယူကာ လဲလျောင်းထိုင်နေတဲ့ ဝါရင့်တက္ကစီမောင်းသမားဦးဘတိုး စပ်စုသလို လှမ်းမေးသည်။

ရင့် ခေါင်းတစ်ချက်ယမ်းပြီး

"မဟုတ်ဘူး ဦးဘတိုး"

"ဒါဆို ဘာလဲ သူငယ်ချင်းလား"

ကိုသာမောင် စိတ်ဝင်တစား မေးပြန်သည်။

ရင့်မဖြေဘဲ ခုံတန်းဆီလျှောက်သွားလျှင် ကိုသာမောင်ပါ နောက်က ပါလာသည်။ သာမောင်တို့တက္ကစီဂိတ်ထဲ ရောက်လာတာ ရက်ပိုင်းမျှသာရှိသေးတဲ့ ရင့်သဘာ။

နာမည်က ဆန်းသလို လူကလည်း ဖြောင့်သည်။ ရုပ်ရည်ကလေးက မြင်ရုံနဲ့ မကြည့်ဘဲမနေနိုင်တဲ့ရုပ်။ ယောကျ်ားချင်းတောင် အားကျရသည်။

အခုတစ်ခါ ကိုယ်ပိုင်ကားနဲ့ စက်စက်ယိုလှတဲ့ ကောင်မလေးက တကူးတက လာမေးတယ်ဆိုတော့ –





ရင့်သဘာကို သူတို့တက္ကစီသမားတစ်ဖွဲ့လုံး ပိုပြီးအာရုံစိုက်သွားသည်။ မေးတော့လည်း မဖြေချင် ဖြေချင်၊ စိတ်ဝင်စားဟန်လည်း မပြတော့ ယောကျ်ားချင်းအားမရသလိုဖြစ်ရသည်။

"သူငယ်ချင်းတော့ မဖြစ်ဘူး၊ ဦးလေးထင်တယ် ဟား ဟား ဟား"

ဦးဘတိုး ရင့်ကို စေ့စေ့ကြည့်၍ပြောကာ သဘောတကျ ရယ်သည်။ ကိုသာမောင်လည်း လိုက်ရယ်ပြီး

"ဟုတ်တယ်၊ သူငယ်ချင်း မဖြစ်နိုင်ဘူး၊ ဟုတ်တယ် မဟုတ်လား"

"မဟုတ်ပါဘူးဗျာ"

"ဟုတ်, မဟုတ် ကြည့်ရသေးတာပေါ့၊ မင်း ပါစင်ဂျာရလို့ ထွက်သွားတယ်လို့ ပြောလိုက်တော့ နောက်မှပြန်လာခဲ့မယ်ပြောပြီး ပြန်သွားတာ ရင့်"

ရင့် မျက်မှောင်ကြုတ်လိုက်မိသည်။ ခုံတန်းမှာ ဝင်ထိုင်ရင်း နေနှင်းဆီ ဘာကြောင့် ရင့်ကို လာမေးတာလဲ။ နေဦး ရင့် တက္ကစီမောင်းတာကအစ ညောင်ပင်အိုမှာ ဂိတ်ထိုးနေမှန်း နေနှင်းဆီ ဘယ်လို သိတာလဲ။

"ဟော ပြောရင်းဆိုရင်း မတ်တူးလေး လာပြန်ပြီကွ"

ဦးဘတိုး ရယ်ကျဲကျဲနှင့်ပြောလျှင် ရင့် လှည့်ကြည့်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



သည်။ စီတန်းရပ်ထားတဲ့ တက္ကစီကားတွေရဲ့အစွန်းမှာ တဲ့ခနဲ ထိုး ရပ်သွားတဲ့ ဖိမ်ခံကားလေး။

တက္ကစီကားသမားတွေရဲ့ မျက်လုံးပေါင်းများစွာ ထိုကားဆီ ရောက်သွားသည်။ အနက်ရောင်ကားမှန်တံခါး လျှောခနဲနိမ့်ကျသွား လျှင် ကားမောင်းသူနေရာမှ လပြည့်ဝန်းလေး ဝင်းခနဲပေါ်လာသည်။

ကားပေါ်က မဆင်းဘဲ ခုံတန်းမှာထိုင်နေတဲ့ ရင့်ကို မျက်ဝန်း ဝိုင်းလေးနဲ့ လှမ်းကြည့်သည်။

ရင့် စိုက်ကြည့်တာနဲ့ဆုံသွားလျှင် နေနှင်းဆီ ခေါင်းလေး ဆတ်၍ လာဦးလေလို့ အသံတိတ်လှမ်းခေါ်သည်။

ဟင့်အင်းလို့ ရင့် ခေါင်းယမ်းကာ အသံတိတ်ငြင်းလိုက်၏။ ထိုအခါ နေနှင်းဆီမျက်နှာလေး ရှက်ရေးရေးနဲ့ ပန်းနုရောင်ပြေးသွား သည်။

"ဟကောင်ရ ဘာလို့ ခေါင်းခါရတာလဲ၊ သွားစမ်းကွာ"

လို့ ဦးဘတိုး ခပ်လျှောလျှောလှဲထိုင်နေရာမှ ကုန်းထရင်း တိုးတိုးကျိတ်ပြောသည်။

"ဟုတ်သားပဲ၊ မင်းကလည်း သွားလိုက်လေ"

ကိုသာမောင် တံတောင်နဲ့တွက်ပြီး တိုက်တွန်းပြန်သည်။ တခြားတက္ကစီသမားအားလုံးလိုလို ရင့်ကို အားမလိုအားမရ ဝိုင်းကြည့် ၏။





ရင့် မမှုသလို နေနှင်းဆီထံက အကြည့်လွှဲသည်။ ကိုသာ မောင့်လက်ထဲက ဂျာနယ်ဆွဲယူပြီး ဖတ်လျှင်

လျှောခနဲမောင်းထွက်သွားတဲ့ ကားစက်သံ ငြိမ့်ငြိမ့်လေး ကြားလိုက်ရသည်။

နေနှင်းဆီကားလေး ထွက်သွားပြီဆိုတဲ့အသိနဲ့ ရင့်ရင်မှာ ဟာသလိုလည်း ဖြစ်သည်။ သက်မလေးချပြီးနောက် ခေါင်းထောင် ကြည့်မိပြန်သည်။

သေချာတယ်။ နေနှင်းဆီကားလေး ရင့်နဲ့ဝေးရာ ထွက်ခွာ သွားလေပြီ။

ရှက်ရေးရေးလေးမျက်နှာလေးနဲ့ ထွက်သွားတာက နေနှင်း ဆီရဲ့ မာနနုနုလေးလား။

"မင်းကွာ တကယ့်မလိုင်ခဲလေးကိုမှ လျစ်လျူရှုရက်တယ်၊ ငါတို့ကောင်တွေဆိုရင် အမြီးလေးနန့်ပြီး ပြေးသွားမှာကွ"

"သွားချင်ရင် ခင်ဗျား သွားလိုက်ပေါ့ဗျာ"

"ဟကောင်ရ ဟိုက ငါ့လိုကောင်ကို မခေါ်လို့ပေါ့ကွ၊ ခေါ် ကြည့်ပါလား အပီပဲ၊ သာမောင်ဆိုတဲ့ကောင်က သာမယ်ဆိုလာထား ပဲ"

ကိုသာမောင် သူ့သီအိုရီနဲ့သူပြောရင်း ရင့်လက်ထဲက ဂျာနယ် ကို ပြန်ဆွဲယူသည်။ ရင့် အလိုက်သင့်လွှတ်ပေးကာ ထိုင်ခုံမှ ထလာ



www.burmeseclassic.com

www.burmeseclassic.com



ခဲ့သည်။

ကိုသာမောင်၊ ဦးဘတိုးနဲ့ တက္ကစီမောင်းသမားတွေ ရင့်ကို နားမလည်သလို ဝိုင်းကြည့်သည်။ ကြည့်ချင်သလို ကြည့်။

ရင့် ကျောခိုင်းပြီး ညောင်ပင်အိုဘက် ခပ်လှမ်းလှမ်းက ကွမ်းယာဆိုင်ဆီ ရွှေ့သွားသည်။ စီးကရက်တစ်လိပ် နိုက်ယူသည်။ မီးညှိကာ တစ်ရှိုက်ဖွာသည်က နှစ်နှစ်ခြိုက်ခြိုက်မရှိစွာဘဲ ဖြစ်သည်။

✿

"ရင့် မင်း ဘယ်လိုကောင်လဲကွာ"

စိုးပြည့် မကျေမနပ် ထပွက်သည်။

ကိုသာမောင်ပြောပြလို့ သိလိုက်ရကတည်းက စိုးပြည့် ဒေါပွနေခဲ့သည်။ နေနှင်းဆီခေါ်တာကို ရင့် ခေါင်းခါသတဲ့။

ရင့် ခေါင်းခါတဲ့အတွက် အားမလိုအားမရလည်း ဖြစ်သည်။

"ဟုတ်တယ် ရင့်၊ မင်း ကြောင်လွန်းတယ်၊ ယောက်ျားမဟုတ်တဲ့အတိုင်းပဲ"

သက်နောင် ထမင်းစားရင်းတန်းလန်း ဝင်ပြောသည်။ ရင့် တိတ်ဆိတ်စွာပဲ ထမင်းငုံ့စားနေလိုက်သည်။





"နေနှင်းဆီ မင်းရှေ့ရောက်ဖို့ ငါတို့ကောင်တွေ အများကြီး ကြိုးစားရတာ၊ မင်း ဘာမှမသိဘဲနဲ့ကွာ"

သန့်စင် ထမင်းစားလက်စရပ်ပစ်ရင်း တည့်တည့်ကြည့်ကာ ပြောပြန်သည်။ သုံးယောက်လုံး ပြောကြသည်က ဒေါသတွေနဲ့ မဟုတ်ဘဲ အားမလိုအားမရဖြစ်ကာ ပြောနေမှန်း ရင့်သိသည်။

ဒါကြောင့် ပြန်မပြော။ အခွံမနွှာဘဲ အဝိုင်းလှီးထားတဲ့ သခွာသီးဝိုင်းလေးကို အေးအေးဆေးဆေးပဲစားပစ်ရင်း

"ဆောရီးကွာ"

"ဘာဆောရီးလဲ"

"ဆောရီးဘဲရီးလုပ်မနေနဲ့၊ ဒီမှာ မင်းနဲ့ နေနှင်းဆီ အဲဒီခွင်နဲ့ ငြိနိုင်ဖို့ စိုးပြည့် အပင်ပန်းခံပြီး ဖန်ပေးထားတာ၊ နားလည်သင့်တယ် ရင့်"

ဘေးချင်းကပ်ရှိနေသည့် သက်နောင်က ပုံမှန်ထက် ကျယ်ကျယ်ပြောသည်။

"ဘာတွေလဲကွာ"

ရင့် နားမရှင်းစွာ မေးသည်။ စိုးပြည့်က တုံးရန်ကောဆိုတဲ့ မျက်ဝန်းနဲ့ ရင့်ကို စိုက်ကြည့်ပြီး

"မင်းကို တက္ကစီပေးမောင်းတာ၊ ညောင်ပင်ဂိတ်မှာ တက္ကစီဂိတ်ထိုးတာကအစ နေနှင်းဆီသိအောင် ငါ တစ်ဖက်လှည့်နဲ့ သတင်း



www.burmeseclassic.com

www.burmeseclassic.com



ပေးထားတာ၊ ပြီးတော့ မင်းကို တက္ကစီမောင်းစေတဲ့ ငါတို့ကောင်တွေရဲ့ရည်ရွယ်ချက်က မင်း ကြိုးစားပြီး ပိုက်ဆံရှာစေဖို့မဟုတ်ဘူး ငရင့်၊ ဟိုက ကားနဲ့ဆိုတော့ မင်းလည်း ကားနဲ့လိုက်လို့လွယ်အောင်ကွ၊ အုံနာခရအောင် မင်း ကားမဆွဲနိုင်ရင် အရေးမကြီးဘူး။ ငါတို့ဘာသာ ငါတို့ရှင်းမယ်၊ အဓိက နေနှင်းဆီ မင်းရှေ့ရောက်လာရင် မင်းအလိုက်သင့် လိုက်နိုင်ဖို့၊ ဒါမှမဟုတ် နေနှင်းဆီ မူရာမာယာနဲ့ ရှေ့ကပြေးရင် မင်း နောက်ကနေ လိုက်နိုင်ဖို့ကွ ငတုံးရ''

စိုးပြည့်ပြောမှပဲ ရင့် ရေရေလည်လည် နားလည်သွား၏။ ဦးမိုးသစ်သမီးမှန်း သေသေချာချာ သိလိုက်သည့် ညနေကတည်းက စိုးပြည့်တို့သုံးယောက် ခေါင်းထဲ အကြံဉာဏ်အသစ်ဝင်နေမှန်း ရင့် မရိပ်မိခဲ့။

နောက်တစ်နေ့ စိုးပြည့် တက္ကစီကားအဖြူလေးတစ်စီးမောင်းလာပြီး ရင့်လက်ထဲအပ်သည်။

''မင်း တက္ကစီဆွဲပေတော့'' တဲ့။

ငရင့် အားရဝမ်းသာပဲ လက်ခံလိုက်သည်။ အလုပ်တစ်ခုရပြီး ငွေရှာနိုင်ပြီဆိုတဲ့အသိ ရင့် ပျော်သွားသည်။

ဒါတင်မက သက်နောင်နဲ့သန့်စင် အဝတ်အစားအသစ်တွေ အတော်များများ ဝယ်လာပေးပြန်သည်။

''ဝတ်နေကျ အဝတ်တွေ မဝတ်နဲ့တော့ ငရင့်၊ တက္ကစီမောင်း





တာ အရောင်အဝါ တောက်ပနေဖို့လည်း လိုတယ်၊ မင်းနဲ့လိုက်မယ့် ဒီဇိုင်းချည်းပဲ၊ စိတ်ကြိုက် ဝတ်ကွာ''

ဆိုပြီး ဆယ်စုံမက အရောင်အသွေးလှကာ ရင့်နဲ့ လိုက်ဖက်တဲ့ဝတ်စုံတွေ ဖြည့်ပေးသည်။ ရင့်က ရိုးရိုးသားသားအထင်နဲ့ သူငယ်ချင်းတွေကို ကျေးဇူးအထူးတင်မိသည်။

သူငယ်ချင်းတွေ ကျေနပ်အောင် ဝယ်ပေးတဲ့ဖက်ရှင်ကို ကြော့နေအောင်ဝတ်ကာ တက္ကစီမောင်းထွက်ရတာ သူ့ကိုယ်သူ ကျေနပ်နေခဲ့သည်။

သူ့စိတ်ထဲမှာ ဝင်ငွေများများရအောင် ကြိုးစားပြီး ကားဆွဲမည်။ ရတဲ့ငွေနဲ့ သူငယ်ချင်းတွေ ပြန်ပံ့ပိုးမယ်ဆိုတဲ့ အတွေးနဲ့ပါ။

ခုတော့ သူငယ်ချင်းတွေရဲ့ ပံ့ပိုးမှုက ရင့်အတွေးနဲ့ ဆန့်ကျင်နေသည်။

''မင်းစိတ်ထဲမှာ သို့လောသို့လောဖြစ်နေရင် ငါတို့ ပွင့်ပွင့်လင်းလင်းပဲပြောမယ်''

သန့်စင် ဆယ့်နှစ်မျိုးဟင်းချို ခပ်သောက်ပြီး ပြောသည်။

''နေနှင်းဆီကို ရအောင်လိုက်ခိုင်းတာ မင်းကို နေနှင်းဆီ ကြွေနေမှန်းသိလို့၊ နေနှင်းဆီကို မင်း ခြူနိုင်တာ ငါတို့ မြင်ချင်တယ်၊ ငါတို့ နောက်ထပ်မြင်ချင်တာက မင်းနဲ့နေနှင်းဆီ ငြိနေတာကို ဟိုလူကြီးသိလိုက်တဲ့အခါ ဘာတွေဖြစ်လာမလဲဆိုတာ လက်တွေ့ကြည့်ချင်



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ဒါလောက်ပဲ၊ တခြားဘာခွင်မှ မပါဘူး၊ အဓိက ဟိုလူကြီး ဆွေ့ဆွေ့ခုန်ဖြစ်သွားဖို့ပဲ''

''နေနှင်းဆီကို အသည်းအသန်ဖြစ်နေတဲ့ သူတို့အဝန်းအဝိုင်း ထဲကလူတွေ မင်းကို မလှန်နိုင်ဘူးဆိုတာ ငါတို့ကောင်တွေ အစွမ်းပြ လိုက်ချင်တယ်၊ ဒါကြောင့်ကွ ရှင်းလား''

သက်နောင်က ဆိုင်က ပါဆယ်ဝယ်လာတဲ့ ကြက်သားဟင်း အတုံးကြီးကို ဟင်းပန်းကန်လုံးထဲကပဲ လက်နဲ့တစ်ဝက်ဖဲ့ယူရင်း မေး ဆတ်ပြောပြန်သည်။

''မင်း အလိုက်သင့် စီးဝင်စမ်းပါကွာ၊ မင်း အဲလောက်တုံး မယ်မထင်လို့ ငါတို့ကောင်တွေ လွှတ်ထားတာကွ၊ နေနှင်းဆီခေါ်တာ တောင် မင်း မသွားဘဲနေနိုင်တာ မယုံနိုင်ဘူးကွာ၊ နေနှင်းဆီကို ရင်ခုန်လိုက်စမ်းပါကွ''

''တော်ပါတော့ သန့်စင်ရာ၊ မင်းတို့ရည်ရွယ်ချက်က ယောကျ်ားပိုင်းလုံးလိုလို, အချောင်လိုလိုနဲ့၊ ငါ စိတ်မဝင်စားဘူး''

ရင့် ထမင်းဆက်စားချင်စိတ် မရှိတော့။ ပုံမှန်အသံနဲ့ပြောပြီး ထမင်းဝိုင်းက ထ,ကာ ဘေစင်မှာ လက်သွားဆေးသည်။

သူငယ်ချင်းသုံးယောက် ရင့်ကို စိတ်ပျက်သလိုကြည့်၏။ သူတို့ဖြစ်ချင်တာက တစ်မျိုး။ ရင့်ဦးတည်တာက တခြား။

''ဒါဆို မင်း ဒီလိုပဲ နောက်ဆုတ်မယ့်သဘောလား''





''ငါ အဲဒီအကြောင်း ခေါင်းထဲမထည့်ဘူး၊ မင်းတို့လည်း မပြောနဲ့တော့၊ ငါ ခပ်ရိုးရိုးပဲ တက္ကသိုလ်ကောင်းမယ်၊ ဝင်ငွေကောင်းအောင် ကြိုးစားမယ်၊ ဒါပဲ စိတ်ထဲထည့်တယ်၊ မင်းတို့မကျေနပ်ဘူးဆိုလည်း ငါ့ကို မင်းတို့တိုက်ခန်းမှာ မထားနဲ့တော့၊ ငါ စိတ်မဆိုးဘူး၊ ဆင်းသွားရ မလားပဲ ပြော''

ဘေစင်မှာ လက်ဆေးပြီး ပြန်လှည့်လာကာ ထမင်းစားစားပွဲ ပေါ်က လက်သုတ်ပဝါကောက်ယူသည်။ လက်ကိုစင်အောင်သုတ်ရင်း တည်တည်ငြိမ်ငြိမ်ပဲ ပြောချသည်။

ထိုအခါ သန့်စင်တို့ မျက်နှာတွေ အရောင်ဖျော့ကျသွားကာ မျက်ဝန်းရောင်မှာ မှေးမှိန်သွားသည်။

''ကဲ ကဲ ဘွာကွာ၊ ငါတို့လည်း မပြောဘူးထားလိုက်၊ မင်း လည်း ဆင်းသွားစရာမလိုဘူး''

သက်နောင် ဘွာခတ်ရင်းပြောလျှင် ရင့်အိမ်ရှေ့ဘက် ရှောင် ထွက်ခဲ့သည်က ထိုကိစ္စကို ဆက်မပြောချင်လို့ဘဲ ဖြစ်သည်။

''ဒီကောင်ကွာ၊ သူငယ်ချင်းတွေ နတ်ပြည်တွန်းပို့တာတောင် မတက်ဘူးလို့ ပေကတ်ငြင်းနေတဲ့ကောင်၊ လွှတ်ထားလိုက်''

သန့်စင် စိတ်ပျက်ပျက်နဲ့ပြောကာ ထမင်းဝိုင်းက,ထပြီး လက် ဆေးသည်။

''ဟုတ်တယ်၊ ငါတို့ ဘယ်လောက်တွန်းတွန်း ရင့်မှ စိတ်မပါ



www.burmeseclassic.com

www.burmeseclassic.com



ဘဲ၊ ထားလိုက်ကွာ၊ တော်ကြာ ငါတို့တိုက်ပေါ်က ဆင်းပြေးသွားရင် ခက်မယ်''

စိုးပြည့် စိတ်လျှော့ရင်း ခပ်လေးလေးပြောချကာ ထမင်းစား လက်စသတ်လိုက်သည်။ သူငယ်ချင်းတွေရဲ့မျက်ဝန်းမှာ ရင့် တိုက်ပေါ်က ဆင်းသွားမယ့်အဖြစ်ကို မမြင်ချင်။

ရင့်အပေါ် သူတို့ အဲဒီလောက် မေတ္တာထားခဲ့၏။

''ကဲ ဒီအကြောင်းတွေ ဆက်မပြောနဲ့၊ အချိန်တန်ရင် နွားပိန်ကန်မယ်လို့ သဘောထားလိုက်''

သန့်စင် နောက်ဆုံးပိတ်ပြောပြီး ထမင်းစားခန်းထဲက ထွက်သွားသည်။ ထိုညက ထမင်းစားပျက်ခဲ့တာ ရင့်ကြောင့်လား။ နေနှင်းဆီကြောင့်လား။ ရင် ဆက်မတွေးတော့။ ဝိုင်းဝိုင်းပြည့်ပြည့် သာနေသည့် ညဘုရင်မ လမင်းသမီးကို ရင့် မော့မကြည့်။

✿ ✿ ✿



## အခန်း (၇)

''ဟေး''

ရပ်ထားတဲ့ ရင့်ကားရှေ့ဖုံးကို လက်နဲ့ပုတ်၍ ခေါ်တဲ့အသံ။ ရင့် ကားမောင်းသူနေရာမှာထိုင်ပြီး ဂျာနယ်ဖတ်နေရာမှ လှမ်းကြည့်တော့ ပါရာဒိုကားသစ်ကြီးပေါ်က ဆင်းလာတဲ့ လူငယ်လေးယောက်။

ရင့်ထင်သလို ပါစင်ဂျာတွေ မဟုတ်။ ခေတ်မီဒီဇိုင်းတွေနဲ့ ကြော့လန်နေတဲ့ လူငယ်လေးယောက်ထဲက အရပ်အမြင့်ဆုံးတစ်ယောက်က ကားရှေ့ဖုံးကို လက်နဲ့ပုတ်ခေါ်ခြင်း။

သေချာကြည့်လိုက်မှ ပလာဇာမှာ ဖိုက်တင်ပွဲဖြစ်ခဲ့တဲ့ လေးယောက်။ လေးယောက်လုံး မျက်လုံးတွေက ရင့်ကို အမဲဖျက်ချင်သလို



www.burmeseclassic.com

www.burmeseclassic.com



လို ဘာလိုလိုနဲ့။

"လာဦးကွ"

လို့ ဦးထုပ်နောက်ပြန်ဆောင်းထားတဲ့ အနက်ရောင်ဖက်ရှင်နဲ့ ကောင် လက်ညှိုးလေးလှုပ်ကာ ရင့်ကိုခေါ်သည်။

"ဘာလုပ်ဖို့လဲ"

ရင့် ဆက်ထိုင်နေရင်း ခပ်ကျယ်ကျယ်ပဲ မေးလိုက်သည်။

"ဘာလုပ်ဖို့လဲဆိုတော့ သိချင်တာမေးမလို့"

"မင်းတို့ ပြဿနာရှာတဲ့ကောင်တွေပဲ၊ ဘာလဲ"

ရင့် မမှုတဲ့မျက်နှာနဲ့ ကားပေါ်ကဆင်းသည်။ ရင့်ရှေ့ မတ်မတ်လာတဲ့လေးယောက်စလုံးက ရင့်လောက် အရပ်မမြင့်ကြ။ အုပ်စုခေါင်းဆောင် သားထက် ရှေ့တိုးလာပြီး ရင့်ကို တည့်တည့်ကြည့်ပြီး အားမနာတမ်းမေးသည်။

"မင်းတက္ကစီဂိတ်ကို နေနှင်းဆီ လာတယ်ဆိုကွ"

နေနှင်းဆီအတွက် ဟိုလေးယောက် အသည်းအသန်ဖြစ်နေပုံ ရသည်။ မေးပုံကိုက ခပ်မိုက်မိုက်။ ရင့် အမြင်မကြည်စွာ ပြန်ကြည့်ပြီး ကိုယ်ကို ကားဘေားမှာ ကြော့ကြော့လေးမှီရပ်၏။

"နေနှင်းဆီ၊ ဘယ်က နေနှင်းဆီလဲ"

ရင့် မသိသလိုနဲ့မေးလျှင် လေးယောက်လုံး မျက်မှောင်ကုတ်သွား၏။





"ပလာဇာမှာ မင်းနဲ့ကိုယ်တို့ကောင်တွေကို ဖိုက်ပွဲတည်ပေးတဲ့ ကောင်မလေးကွ"

မင်းသွေး ရှေ့တိုးထွက်လာပြီး ပြောသည်။ ရင့် ပခုံးစွန်းလေး ပင့်တွန့်ကာ ခနဲ့သလို ပြုံးကြည့်ပြီး

"မင်းတို့ပြောတဲ့ကောင်မလေးကို ငါမှတ်တောင်မမှတ်မိဘူး"

"ဟေ"

လေးယောက်လုံး ဟေခနဲ အသံထွက်သွားသည်။ မှတ်တောင် မမှတ်မိဘူးတဲ့။ ဒီလောက်လှတဲ့မိန်းကလေးကို မေးဖျားကိုင်ပြီး မျက်နှာကိုသေချာကြည့်ခဲ့လျက် မမှတ်မိဘူးပြောင်ပြောင်းတော့ မယုံချင်စရာ။

"မင်း တကယ်မမှတ်မိဘူးလား"

"ဟ မိန်းကလေးတွေရဲ့အထာကို ငါ ခေါင်းထဲထည့်ဖို့ စိတ်မဝင်စားဘူး၊ အေး လာမရှုပ်နဲ့၊ ဒီတစ်ခါဆို မလွှယ်ဘူး"

ရင့် ခပ်တည်တည် ခပ်ရင့်ရင့်ပြောလျှင် လေးယောက်လုံး မျက်နှာကြော တစ်ရစ်ကျသွားသည်။

"အဲဒါဆို ဆောရီး"

အင်အားက ခါးထောက်ထားတဲ့ လက်တစ်ဖက်ကိုဖြုတ်ချ၍ လေသံလျှော့ချကာ ပြောသည်။ လေးယောက်လုံး မာန်တင်းလာခဲ့ခြင်း။



www.burmeseclassic.com

www.burmeseclassic.com



"အိဖေကိုယ်တို့ကောင်တွေ သတင်းအတိအကျရထားတာကွ၊ ညောင်ပင်အိုတက္ကစီဂိတ်ကို နေနှင်းဆီ လာပြီး မင်းကို လာမေးတယ်၊ မင်းနဲ့တွေ့ဖို့ ကြိုးစားသတဲ့ကွ"

သူရိယ လက်မခံချင်သလို ခပ်ကျိတ်ကျိတ်ပြောသည်။

ရင့် ကြားလိုက်တာမို့ နှုတ်ခမ်းကို တွန့်မဲ့လိုက်သည်။

"မဆိုင်ဘဲနဲ့ လာမရစ်နဲ့၊ မင်းတို့နဲ့ ငါ ဘာမှငြိစရာမရှိဘူး၊ မိန်းကလေးနဲ့ပတ်သက်ရင် ပိုပြီးမငြိချင်ဘူး၊ ဒီလောက်ဆိုသဘောပေါက်"

အားလုံးကိုပြန်ကြည့်ပြီး ရင့် မာနနဲ့ပြောလျှင် လေးယောက်သား ခြေလှမ်းတွေ နောက်ဆုတ်သွားသည်။

"မင်းရတဲ့သတင်း မနိုင်လုံဘူးထင်တယ် မင်းသွေး"

"နေနှင်းဆီက ကိုယ်တို့ကောင်တွေကိုတောင် မျက်နှာချင်းမဆိုင်ချင်တာ၊ ဒီကောင့်လိုပုံကို စိတ်ကူးထဲတောင် ထည့်မယ်မထင်ဘူးကွ၊ လာ သွားစို့"

သူတို့အချင်းချင်းပြောကာ တက္ကစီကားတွေရှေ့ ကန့်လန့်ဖြတ်ရပ်ထားတဲ့ ပါဂျရိုကားသစ်ကြီးပေါ် တက်သွားသည်။

အရှိန်နဲ့ထွက်သွားတဲ့ မင်းသွေးတို့ကားသစ်ကြီးကို အမြင်တစ်ဆုံးကြည့်ရင် ခေါင်းအသာယမ်းမိသွားသည်။

ရှူးတဲ့ကောင်တွေ။





"အင်း ပွဲကတော့ ရှေ့ဆက်ကြည့်ကောင်းဦးမယ်ကွ"

"ဟား ဟား ဟား"

ဦးဘတိုး ဖြစ်ပ်စပ်မျက်နှာနဲ့ပြောလျှင် ကိုသာမောင်တို့အုပ်စုသဘောတကျရယ်ကြ၏။ ရင့်မျက်မှောင်ကုတ်ကြည့်ရင်း –

"ဘာလဲ ခင်ဗျားတို့က"

"ဟ ကြည့်ကောင်းဦးမယ်ဆိုတာ မြင်နေလို့ပေါ့ကွ၊ ဟား ဟား"

ဦးဘတိုး ပြောရင်း ရယ်ပြန်သည်။

ဒီလူကြီး အသက်အကြီးဆုံးဖြစ်ပြီး အတို့အထောင်၊ အစအနောက် အင်မတန်သန်တဲ့လူကြီး။ ဘာမဆို ဖြစ်ပ်စပ်နှင့်ပြောပြီး ရယ်တတ်သည်က ဦးဘတိုး၏ မူပိုင်သင်္ကေတဖြစ်မှန်း ရင့် တဖြည်းဖြည်း သိလာသည်။

"သေချာတယ်လေကွာ"

ကိုသာမောင် ကွမ်းတစ်ရာ ခံတွင်းထဲထည့်ငုံရင်း ပြောသည်။ တက္ကစီသမားတစ်ဖွဲ့လုံးက ရင့်ကို စိုးပြည့်တို့နည်းတူ ဘဝင်မကျသလို အားမရနိုင်ကြ။

"နေနှင်းဆီက မင်းကိုလိုက်၊ ဟိုကောင်အုပ်စုက နေနှင်းဆီလိုက်၊ လိုက်ရင်းနဲ့လွဲပွဲက အရှိန်တဖြည်းဖြည်းတက်လာပြီ၊ ရှေ့ဆက်နေနှင်းဆီ ရင့်ကိုလိုက်ရင် ပွဲကြီးပွဲကောင်းပဲလေကွာ၊ မဟုတ်ဘူးလား



www.burmeseclassic.com

www.burmeseclassic.com



ရင့်''

"ဦးလေးလည်း အဲဒါပဲ ကြုံမြင်လို့ သဘောကျနေတာ သာမောင်ရ''

ကိုသာမောင်စကားကို ဦးဘတိုး အားတက်သရော ပြောဏ်။ ရင့်စိတ်ရှုပ်စွာပြောရင်း ခေါင်းယမ်းမိသွားသည်။ ဦးဘတိုးနဲ့ကိုသာမောင်တို့ကို ရင့်လိုက်ပြောလို့နိုင်မှာ မဟုတ်တာ သေချာတယ်၊

ဒါကြောင့် ဘာမှမပြောဘဲ ရင့်ကားပေါ်ရင့် ပြန်တက်လိုက်သည်။

ဦးဘတိုးနဲ့ကိုသာမောင် ခုံတန်းမှာ မှီထိုင်နေကြရာမှ ရင့်ကို ရယ်ရင်း ကြည့်ပြန်သည်။

တကယ့်လူတွေ။

တော်ပြီ။

ရင့်ကို မြင်နေရင် အားမနာတမ်း ဆက်ပြောနေကြဦးမှာ မြင်ယောင်သေးတယ်၊ ဒါကြောင့် တက္ကစီကားလေးကို ရင့် လျှာခနဲ မောင်းထွက်ကာ ညောင်ပင်အိုဂိတ်နဲ့ ဝေးရာဆီ ကျောခိုင်းခဲ့မိသည်။

✿





"အစ်ကို"

ရင့် ကားဘေး မတ်မတ်လေးရပ်နေပါသည်။ ကန်တော်ကြီး ရေပြင်ပေါ်က ပွင့်ချပ်ကလေးလို နူးညံ့တဲ့ လှိုင်းနုနုလေးတွေကို ရင့် အတန်ကြာငေးကြည့်ဖြစ်သည်။

ထိုစဉ် အနားကပ်လာပြီးခေါ်တဲ့အသံကြောင့် ငဲ့ကြည့်မိသည်။

ဆယ်နှစ်အရွယ်လောက်ရှိတဲ့ ချာတိတ်လေး။

အသားဖြူဖြူ၊ နှုတ်ခမ်းထူထူနဲ့ ချစ်စရာမျက်နှာလေးနှင့် ပြုံးပြုံးချိုချိုမော့ကြည့်နေသည်။ အနက်ရောင်မှိုင်းမှိုင်း ဆံပင်ထူထူပေါ် ဝဲကျနေအောင်ဖြီးထားဏ်။ ကလေးပုံစံက မြင်လျှင် ခင်ချင်စရာကောင်းနေသည်။

ရင့် မျက်မှောင်ကုတ်၍ ချာတိတ်ကို ငုံ့ကြည့်ပြီး

"ဘာလဲ ညီလေး''

"ဒီမှာ''

ချာတိတ်က ဂျင်းဘောင်းဘီအိတ်ထဲက စာခေါက်လေးထုတ်ပေးသည်။ ချာတိတ်နဲ့ စာခေါက်ကိုကြည့်ပြီး ရင့် မျက်မှောင်ပိုကြုတ်သွားသည်။

နားမလည်နိုင်သလိုလည်း ဖြစ်နေသည်။ ချာတိတ်လက်ထဲက စာခေါက်ကို မယူဖြစ်သေး။ ချာတိတ်ကို စိုက်ကြည့်ပြီး

"ဘာစာလဲကွ''



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကို ဖတ်ကြည့်လေ၊ ရော့"

ကြည်လင်တဲ့အသံနဲ့ ချိုချိုသာသာ ချာတိတ်ပြောသံအဆုံး ရင့် စာခေါက်ဆွဲယူမိသွားသည်။

ကန်တော်ကြီးရေပြင်မှ ရှူရှူလေးဖြတ်ပြေးလာတဲ့ လေနုအေးကို ရင့် တစ်ချက်ရှိုက်ရှူ၍ စာခေါက်ကို ဖွင့်ဖတ်မိသည်။

အပြာရောင် စိုရွှဲနေသော မင်နဲ့ရေးထားတဲ့ စာလုံးဝိုင်းဝိုင်းလေးတွေက အဖြူရောင်စာရွက်ပေါ်မှာ ထင်ထင်ရှားရှား ပေါ်လွင်နေသည်။

စာရွက်ပေါ်မှ လက်ရေးဝိုင်းလေးက ညီညာဝိုင်းစက်သလို စာကြောင်းတွေ ညီညီညာညာရေးထားသည်က ဖတ်ချင်စိတ်ဖြစ်အောင် သွေးဆောင်နေလေသည်။

စာရွက်ပေါ်မှ စာလုံးတွေကို ရင့် စဖတ်မိ၏။

ရင့် တဲ့။

ရင့် အမည်ရှေ့ဖျားစကားလုံးလေးကြောင့် ရင့်မျက်ဝန်းက ပိုပြီး စိတ်ဝင်တစားဆက်ဖတ်ဖြစ်သည်။

ရင့်ကို နေ စကားနည်းနည်းပြောချင်ပါတယ်။

ဟင် နေတဲ့။

နေ ဆိုတာ ဘယ်သူလဲ။ နေနှင်းဆီလား။

တိတိကျကျသိချင်တဲ့ စိတ်တို့နှင့် ခပ်လောလော ဆက်ဖတ်





တော့၏။

ဒါပေမဲ့ ရင့်က နေ့ကို စကားမပြောချင်လို့ နောက်ဆုတ်ရှောင်ခဲ့တယ်ဆိုတာ နေ နားလည်သွားတယ်။

ရင့်စိတ်ထဲမှာ နေဟာ အနှောင့်အယှက်ပေးသူလို ဖြစ်ရတယ်ဆိုရင် နေ စိတ်မကောင်းပါဘူး။

ပလာဇာမှာဖြစ်တဲ့ကိစ္စကို ရင့် နားလည်ပေးပါနော်။ သားထက်တို့အဖွဲ့ တကောက်ကောက်လိုက်နေတာ ရှောင်တွက်ချင်တဲ့စိတ်နဲ့ ကြံမိကြံရာ ကြံဖြစ်သွားတာပါ။

ပြီးတော့ ကိုစိုးအောင်ရုံးခန်းမှာ ရင့်ကို ကြည့်ဖြစ်သွားတာက ရင့် အပယ်ခံရတဲ့အတွက် စိတ်မကောင်းဖြစ်မိလို့ပါ။ ရင့်ကို စတိုးဆိုင်မှာ နေ အရင်တွေ့ဖူးတာလေ။

ရင့် မှတ်မိမလားမသိဘူး။

အဲဒီတုန်းက နေ့ကို အရင်ဆုံး ဖုန်းဆက်ခွင့်ပေးတာလေ။ အဲဒီကတည်းက ရင့်ကို နေ မှတ်မိနေခဲ့တယ်။

နေ့ဘက်က ရင့်အပေါ် တခြားဘာရည်ရွယ်ချက်နဲ့မှ မဟုတ်ဘူးဆိုတာ ပြောပြချင်လို့ ညောင်ပင်အိုဂိတ်ကို နေ လိုက်ခဲ့မိတာ။

အခုလည်း ရင့်ကိုမြင်လိုက်လို့ ချာတိတ်လေးကို အကူအညီတောင်းပြီး ရင့်ကို ပြောပြချင်တာတွေကို စာနဲ့ရေးပြီး ပေးလိုက်တာပါ။



www.burmeseclassic.com

www.burmeseclassic.com



နေကြောင့် ရင့်စိတ် အနှောင့်အယှက်ဖြစ်ရတယ်ဆိုရင် နေတောင်းပန်ပါတယ်၊ နေ့ကို နားလည်ပေးပါ။

နေနှင်းဆီ

နေနှင်းဆီ စာအဆုံးမှာ နှုတ်ခမ်းအစုံ တွန့်စုကာ တွေခနဲဖြစ်သွားသည်။ ဘေးကိုငဲ့ကြည့်လိုက်တော့ ချာတိတ်လေး ရှိမနေတော့။ ဟိုဟိုဒီဒီဝေ့ကြည့်တော့ ခပ်လှမ်းလှမ်းမှ ကလေးအဖော်တွေကြားထဲ ဆော့နေတဲ့ချာတိတ်။

ရင့်ခြေလှမ်းတွေ ချာတိတ်ဆီ အလိုလိုရွှေ့သွားသည်။ ရွယ်တူကလေး လေးငါးယောက်နဲ့ စိန်ပြေးတမ်းကစားနေတဲ့ ချာတိတ်ကို အနီးကပ်ခေါ်လိုက်သည်။

"ချာတိတ်"

ချာတိတ်လေး ကစားဖော်ကောင်မလေးကို လိုက်ဖမ်းနေရာမှ လှည့်ကြည့်ပြီး

"ဘာလဲ အစ်ကို" ဟုမေးသည်။ ရင့် စာကိုထောင်ပြ၍

"ဒီစာပေးတဲ့ မမရော"

"ကားအဖြူလေးမောင်းပြီး ထွက်သွားပြီ၊ ဟောဟိုအဝေးရောက်သွားပြီ"

ချာတိတ်လေး ညွှန်တဲ့နေရာကို ရင့် လှမ်းကြည့်လိုက်သည်။ ကန်တော်ကြီးဥယျာဉ်ထဲက မောင်းထွက်သွားတဲ့ နေ့ကားအရိပ်လေး





ကို တစ်စက္ကန့်လောက်ပဲ မြင်ရပြီး မြင်ကွင်းထဲမှ ပျောက်ကွယ်သွားသည်။

"အဲဒီမမက အရမ်းချောတာပဲ၊ ပြီးတော့ သဘောလည်းသိပ်ကောင်းတယ် သိလား၊ သားတို့အားလုံးအတွက် မုန့်တွေအများကြီး ဝယ်သွားတာလေ၊ ဒီမှာကြည့်"

ချာတိတ်တို့နဲ့ မလှမ်းမကမ်းမှာ အေးအေးလူလူထိုင်ကာ ချာတိတ်တွေ ကစားနေတာကို မျက်ခြည်မပြတ်စောင့်ကြည့်နေသော ပါဝါမျက်မှန်တပ်ထားတဲ့ အမျိုးသမီးကြီးဘေးချထားတဲ့ မုန့်အိတ်ကြီးကို ပြေးယူပြရင်း ချာတိတ် အားရဝမ်းသာပြောသည်။

"ဟုတ်တယ် အစ်ကို၊ သားတို့ ကစားပြီးရင် အဲဒီမုန့်တွေ စုစားကြမယ်၊ အစ်ကိုလည်း စားသွားပါလားဟင်"

ချာတိတ်ရဲ့ကစားဖော် အဝါရောင်ဝတ်စုံနဲ့ ချာတိတ်တစ်ယောက် ရင်းရင်းနှီးနှီးပြောလျှင် ရင့် ခေါင်းအသာယမ်းလိုက်သည်။

ချာတိတ်ဆံပင်တို့ကို ချစ်စနိုးလှမ်းဖွရင်း ရင့်သဘာ ကလေးတွေ ကစားရာနေရာမှ ကျောခိုင်းထွက်ခဲ့သည်။

လေနုအေးကျိုစယ်လို့ ညိုးညည်းအသံလေး တိုးထွက်လာတဲ့ သစ်ရွက်ကလေးများရဲ့ သံစဉ်သံကို ရင့်ရင်ခွင်ထဲ ညိုးညိုးညီညီ မြည်တမ်းသွား၏။

နေနှင်းဆီ



www.burmeseclassic.com

www.burmeseclassic.com



နားလည်ပါတယ်လို့ ရင့် ရွတ်ဆိုပြရမလား။

ရင့်ရင်ထဲမှာ တိုးတိုးတိတ်တိတ် ရေရွတ်လျက် နေ့စာခေါက်လေးကို ရင် ဘယ်ဘက်ရင်အုံပေါ်က အဲရိုးစပို့ရှပ်အိတ်ထဲ ထိုးထည့်မိသည်။

နေ့စာခေါက် ရင်ဘတ်နား ထိစပ်သွားသည်က မခုန်ဖူးတဲ့ ရင်ခုန်သလိုပါပဲ။

✿ ✿ ✿



## အခန်း (၉)

"ဒါဆို ငါတို့ကောင်တွေ ထင်တာလွဲနေတဲ့သဘောပေါ့၊ ဟုတ်လား ရင့်"

သက်နောင် တိုက်ခန်းတံခါးဖွင့်ပေးရင်း မေးသည်။

"ငါလည်း မသိဘူးကွာ၊ အဲဒီစာပဲ ဖတ်ကြည့်တော့"

ရင့်မှာ ထိုင်းမှိုင်းသလိုဖြစ်ကာ တိုက်ခန်းကျွန်းတံခါးကို ပိတ်၍ ဝရန်တာမှာ ဖိနပ်ချွတ်သည်။ ပြီးမှ ထိုင်ခုံတွေချထားတဲ့ ဧည့်ခန်းထဲ ဝင်သည်။ အိတ်ကပ်ထဲက စာခေါက်ကို စိုပြည့်လက်ထဲ ထည့်ပေး၍ ပလတ်စတစ်ထိုင်ခုံမှာ လေးလေးလံလံထိုင်ချလိုက်သည်။

"ပေးစမ်းကွာ ငါဖတ်မယ်"



www.burmeseclassic.com

www.burmeseclassic.com



စိုးပြည့်လက်ထဲက စာခေါက်ကို သန့်စင်နှင့် ပြောရင်း ဖျတ်ခနဲ လုယူသည်။

"ကဲ အသံကျယ်ကျယ်ဖတ်ကွာ"

သက်နောင် စိတ်ရှုပ်သံနှင့်ပြောသည်။ သန့်စင် စာခေါက်ကို ဖြန့်၍ အသံထွက်ဖတ်လျှင် ရင့် ထိုင်ရာမှထသည်။ ဝတ်ထားတဲ့အစိမ်းနုရောင်တီရှပ်ကို လည်ပင်းကြယ်သီးဖြုတ်ချတ်၍ မျက်နှာပေါ်က ချွေးတွေကို ပွတ်သုတ်လိုက်သည်။

သန့်စင် စာဖတ်နေတဲ့အသံက နွေအသံအဖြစ် ပြောင်းလဲစွာ ရင့်အာရုံမှာ ခံစားမိသလိုဖြစ်သွားသည်။

ဟင့်အင်း။ ရင့် ခေါင်းတစ်ချက် ယမ်းမိသွားသည်။ ဘယ်လိုမှ မကြားချင်တော့။ သန့်စင်တို့နားမှာ ပြန်မထိုင်ဘဲ ချွေးသုတ်ပြီးတဲ့ အင်္ကျီကို အခန်းပေါင်ပေါ် ပစ်တင်ကာ တဘက်တစ်ထည် ဆွဲယူပြီး ရေချိုးခန်းဆီ ခြေဦးလှည့်သည်။

ဒီနေ့ ကားဆွဲရတာ အခေါက်ရေသိပ်မများပေမယ့် ပင်ပန်းသလိုလို၊ လပ်ဟာသလိုလိုနဲ့ နေရတာ အဆင်မပြေဖြစ်နေသည်။

ဘာကြောင့်မှန်းမသိပေမယ့် နေ့ စာခေါက်ကြောင့်လားဟု တွေးမိနေပြန်သည်။ ထိုအတွေးကြောင့် ရင်ထဲမှာ ပူနေသလိုခံစားရလျှင် လေပူတစ်ချက်မှုတ်ထုတ်၍ ရေချိုးခန်းထဲဝင်ကာ တံခါးကို အသံမြည်အောင်ပိတ်သည်။ ခါးပတ်ဖြုတ်ကာ ရေချိုးခန်းနံရံမှ စတီး





တန်းမှာ တင်သည်။ ဝတ်ထားတဲ့ ဘောင်းဘီရှည်အနက်ကို ချွတ်ပုံ၍ အတွင်းခံ ဘောင်းဘီအနီရဲရဲလေးနဲ့ပဲ ရေပန်းဖွင့်ကာ ရေချိုးဖို့ပြင်သည်။

တဖွားဖွားနဲ့ အဆက်မပြတ်ဖြာကျလာသည့် ရေပန်းအောက်မှာ ငြိမ်သက်စွာရပ်ရင်း ဟိုဟိုဒီဒီမတွေးဖြစ်အောင် ရင့်စိတ်ကို ထိန်းချုပ်နေမိသည်။

"ရင့်"

တံခါးထုပြီးခေါ်တဲ့ သက်နောင်အသံကို ရေသံများနဲ့ရောလျက် ကြားရသည်။

"ပြောကွာ"

ရင့်တစ်ကိုယ်လုံးကို ဆပ်ပြာအမွှေးရည်နဲ့ပွတ်ရင်း အော်မေးသည်။

"မြန်မြန်လုပ်ကွ"

"ဘာလုပ်ဖို့လဲ"

"ဟကောင်ရ သိချင်တာတွေ မေးမလို့ပေါ့ကွ၊ မြန်မြန်ထွက်ခဲ့"

တံခါးထုပြီး သက်နောင် ပြောပြန်သည်။

"စာဖတ်ပြီးပြီပဲကွာ၊ သဘောမပေါက်ဘူးလား"

"ပေါက်သင့်သလောက်တော့ ပေါက်တာပေါ့ကွ၊ ဒါပေမဲ့ မင်း ဘယ်လိုခံစားရလဲ၊ အဲဒါ ငါသိချင်တယ်ကွာ၊ မြန်မြန်ထွက်ခဲ့"



www.burmeseclassic.com

www.burmeseclassic.com



ဖွတ်အတင်းပြောနေတဲ့ သက်နောင်ကို ရင့် ဘာမှမပြောတော့။ စိတ်ရှိတဲ့အတိုင်း ရေပန်းအောက်မှာပဲ ရေတဝချိုးနေမိသည်။

ရင်ထဲက ပူသလိုလိုဖြစ်နေတဲ့ခံစားချက်က ရေတဝဖိချိုးမိလို့ သက်သာသလိုဖြစ်ပေမယ့် ရင်ပူတာတော့ သိသာနေဆဲ။

ရင်ထဲက ပူတာလေးမှလွဲ၍ တစ်ကိုယ်လုံးအေးစိမ့်ကာ ချမ်းတုန်မတတ်ဖြစ်မှ ရေပန်းကိုပိတ်လိုက်သည်။

ရေချိုးခန်းအပေါ်ပေါင်မှာ တင်ထားတဲ့ တဘက်ကိုဆွဲယူပြီး ဆံပင်တွေနဲ့ ကိုယ်ကို ရေတွေစင်အောင်သုတ်၏။

ရေချိုးခန်းနံရံမှာ တွဲလောင်းချိတ်ထားတဲ့ ခါးပတ်တဘက်ကို ယူပတ်၍ အတွင်းဘောင်းဘီအနီရဲရဲလေးကို ချွတ်ပုံပြီး ရေချိုးခန်းထဲက သွက်သွက်လေး တံခါးဖွင့်ထွက်ခဲ့သည်။

"မင်းကလည်း အရေးဆို ရစ်လွန်းတယ်၊ ကဲ ပြော မင်း ဘယ်လိုခံစားရလဲ"

ရေချိုးခန်းထဲက ထွက်ထွက်ချင်း ထမင်းစားပွဲနားရပ်နေတဲ့ သက်နောင် ခပ်လောလောမေး၏။

"ဘာမှ မခံစားရဘူးကွ"

ရင့် ပိပိရိရိပြောရင်း အခန်းထဲတန်းဝင်သည်။

အိမ်ရှေ့ခန်းဆီမှ သန့်စင်နဲ့စိုးပြည့် မျက်မှောင်ကုတ်ပြီး လှမ်းကြည့်သည်။ သက်နောင် ခေါင်းယမ်း၍ အခန်းထဲတန်းဝင်လာသည်။





အခန်းပေါင်ကို သက်နောင် ပခုံးတိုက်မှီရပ်ကာ ရင့်ကို စိုက်ကြည့်ပြီး မေးသည်။

"သေချာလို့လား"

"မင်းတို့ကောင်တွေကို ညာစရာလားကွာ"

ခုတင်ခြေရင်းကြိုးတန်းမှာ ဖြန့်တင်ထားတဲ့ ကာတွန်းရုပ်တွေပါတဲ့ ရှော့ပ်ပင်နီဘောင်းဘီကို ယူဝတ်ရင်း ရင့် ပြောသည်။

သက်နောင် မယုံတဲ့မျက်လုံးနဲ့ကြည့်ပြီး

"မြူထားတတ်တဲ့ မင်းစိတ်ကို သိနေတော့ ယုံရခက်တယ်ကွ"

"ဘာကွ"

ဘောင်းဘီခါးကြိုးဆွဲချည်ရင်း သက်နောင်ကို ရင့် လှည့်ကြည့်လိုက်သည်။ သက်နောင်မျက်နှာ မလိုအပ်တဲ့ ပြုံးစိစိဖြစ်သွားကာ

"ဟုတ်တယ်လေကွာ၊ မင်း ညာချင်လည်း ညာနေမှာပေါ့၊ မဟုတ်ဘူးလား"

"ထပ် ဘာညာစရာရှိလို့လဲ"

"ဘာပဲဖြစ်ဖြစ် မင်းနောက်ကို နေနှင်းဆီ တကောက်ကောက်လိုက်နေမှန်း သိသာနေတယ်၊ ဟိုကောင်တွေကလည်း နေနှင်းဆီနောက် အနံ့ခံပြီး လိုက်နေတာကွ"

"လိုက်လိုက်ကွာ"



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ပေါ်က တဘက်ကို အခန်းပေါင်ပေါ်ပစ်တင်ရင်း ရင့် ခပ်ဆတ်ဆတ်ပြောလိုက်သည်။

"လိုက်တာက အရေးမကြီးဘူး၊ တော်ကြာ ငြိကြရင် ဟိုက လေးယောက်, မင်းက တစ်ယောက်၊ အန္တရာယ်ရန့် ရှိနေတယ်ကွ"

ရင့် ဘာမှမပြောတော့။

နံရံမှာ ချိတ်နဲ့ချိတ်ထားတဲ့ တီရှပ်အဖြူလေးကို အဝတ်ချိတ်မှ ဖြုတ်ယူပြီး ခေါင်းစွပ်ဝတ်ချလိုက်သည်။

"ဒါကြောင့် မင်းတစ်ပွဲတည်း တက္ကစီမောင်းတာ လွှတ်ထားဖို့ ငါတို့ကောင်တွေ စိတ်မချဘူး ရင့်"

အရေးထဲ သက်နောင်က အချွဲပိုနေပြန်သည်။

ရင့် မသိမသာ ပြုံးမိသွားသည်။ ခြောက်သယောင်ဖြစ်နေတဲ့ ဆံပင်စိုကို လက်ချောင်းတွေနဲ့ ထိုးသပ်ဖြီးသင်ရင်း သက်နောင်နဲ့ မျက်နှာချင်းဆိုင်ဖြစ်အောင် လှည့်ရပ်လျက်

"မဆိုင်တာတွေ စိတ်ပူမနေစမ်းပါနဲ့ကွာ"

"မင်း ပေါ့ပေါ့လေးမပြောနဲ့ ရင့်၊ ငါတို့ကောင်တွေ စိတ်ပူတယ်၊ ဒါကြောင့် တက္ကစီမမောင်းနဲ့တော့ ရင့်၊ စိုးပြည့်က မင်းအတွက် စိတ်ပူလို့ အံ့နာကို ကားပြန်အပ်တော့မတဲ့"

ရင့် ခေါင်းယမ်းရင်း အခန်းထဲက ထွက်ခဲ့တော့ သက်နောင် လည်း နောက်က ပါလာသည်။





"အပ်ချင်လည်း အပ်ပေါ့ကွာ၊ ဦးဘတိုးကို အကူအညီ တောင်းပြီး တက္ကစီတစ်စီး ရှာနိုင်းလိုက်မယ်"

ပြောရင်း အိမ်ရှေ့ခန်းကို ရင့် ထွက်ခဲ့သည်။ ရင့်ပြောတာ စိုးပြည့်ကြားလိုက်တာကြောင့် ထိုင်ခုံပေါ်ထိုင်နေရာက ရင့်ကို လှည့်ကြည့်ပြီး ပြောသည်။

"ဟကောင်ရ မင်းအတွက် အားလုံးစိုးရိမ်တာကွ၊ ဟိုကောင် တွေက လူ့မလိုင်တွေ၊ အုပ်စုနဲ့ မိုက်မယ်,ဖိုက်မယ်ဆိုတဲ့အစားထဲက"

"သူတို့အလွှာထဲက ကိုထောဆိုတဲ့ကောင်တောင် သူတို့ ဖိုက်ဖို့လိုက်နေတာ၊ မင်းကို ပိုပြီးဖိုက်ဖို့ ဝန်မလေးဘူး၊ ဒါကြောင့် ပြောတာ"

သန့်စင်ကလည်း စီးကရက်ဖွာရင်း စိုးရိမ်သံနဲ့ ပြောချ၏။

"ရတယ်၊ အဲဒီအတွက် စိတ်မပူနဲ့၊ အဲဒီလေးကောင်ကို ငါ ခေါင်းထဲထည့်မထားဘူး၊ အမိက ငါ့ရင်ဘတ် တည်ငြိမ်နေသေး တယ်"

"တကယ်ပဲ နေနှင်းဆီကို ရင်မခုန်သေးဘူးပေါ့"

သက်နောင် သိချင်တာကိုပဲ ဖိမေးရင် ထိုနေရာမှာ ထိုင်ချ သည်။ ရင့်လည်း ထိုင်ခုံမှာဝင်ထိုင်၍ စားပွဲပေါ်က စီးကရက်ဘူးကို လှမ်းယူသည်။

သူငယ်ချင်းသုံးယောက်ကလည်း အဲဒါကိုပဲ စိတ်ဝင်စားနေ



www.burmeseclassic.com

www.burmeseclassic.com



ကြသည်။ သူတို့ရင်ထဲကဆန္ဒက နေနှင်းဆီကို ရင့်သဘာ ရင်ခုန်စေချင်သည်။ လိုက်စေချင်သည်။ အပီ ခြွေယူစေချင်သည်။

ဒါကြောင့် ကွေ့ပတ်ရင်း ဒီမေးခွန်းကိုပဲ အာသာငမ်းငမ်း မေးခြင်း။ ရင့် မဖြေ။ ဘူးထဲက စီးကရက်တစ်လိပ်ဆွဲထုတ်ကာ နှုတ်ခမ်းမှာတေ့လိုက်သည်။

"ပြောလေကွာ"

သန့်စင် စိတ်မရှည်ဘဲနဲ့မေးသည်။ စားပွဲပေါ်က ဂက်စ်မီးခြစ် ယူခြစ်၍ ဆေးလိပ်မီးညှိကာ တစ်ရှိုက်ဖွာပြီးမှ –

"ငါ့ကိုယ်ငါ တစ်ခါမှမမေးဖူးဘူး၊ ရင်ခုန်တာ ဘာလဲ"

ရင့် မျက်လွှာမှေးစင်းပြည့်လျက် မေး၏။

သူငယ်ချင်းသုံးယောက် ရင့်ကို ပျစ်ပျစ်နှစ်နှစ် ကျိတ်ဆဲ၏။ ဆဲသံမထွက်ပေမယ့် နှုတ်ခမ်းတွေ လှုပ်ရှားသွားဟန်က ဆဲမှန်းသိသာနေသည်။

"တကယ်ပြောတာကွ၊ ရင်ခုန်တာတွေ ဘာတွေ ငါမသိဘူး"

ရင့် ခပ်တည်တည်ပဲ ထပ်ဆင့်ပြောမိ၏။

"မသိတာပဲ ကောင်းတယ်ကွာ၊ မသိနဲ့"

စိုးပြည့် ဘုဆတ်ဆတ်ပြော၍ ထိုင်ခုံမှ ဝုန်းခနဲထလျှင် ရင့် မေးလိုက်၏။

"အုံနာဆီ ကားပြန်အပ်တော့မလို့လား"





"မင်းသဘောပဲ၊ ငါတို့ကောင်တွေ စိုးရိမ်တာ မင်း အရေးမထားဘူးဆိုမှတော့ ငါတို့ ဘာမှမတတ်နိုင်ဘူး၊ မောင်းချင်သပဆို ဆက်မောင်း၊ ဒါပဲ"

စိုးပြည့် ခပ်ဆတ်ဆတ်ပြောပြီး အခန်းအပြင်ဘက် ဝရန်တာဆီ ထွက်သွား၏။ ရင့် မျက်ခုံးတန်း ပင့်လျက်ငဲ့ကြည့်ပြီး

"မင်းကလည်း စိတ်ကြီးပဲ စိုးပြည့်ရာ၊ ငါ့ကို လာဖိုက်ရဲရင် ဖိုက်ကြ၊ အဲဒီလေးပွေ့လောက်ကို ငါ မမှုဘူး၊ ဒီကောင်တွေက အလကား၊ ဘာအစွမ်းမှရှိတာ မဟုတ်ဘူး"

"ဟုတ်ဟုတ်,မဟုတ်ဟုတ်ကွာ၊ မင်း နေနှင်းဆီကို ရင်ခုန်တယ်ဆိုမှ ငါတို့ကောင်တွေ စိတ်ချမယ်ကွ"

သက်နောင် ဒီဘူတာပဲဆိုက်သလို ပြောလာ၍ ရင့် သဘောတကျ ပြုံးမိသွားသည်။

"သေချာတယ် ရင့်၊ ငါတို့ကောင်တွေ စိတ်ချရအောင် နေနှင်းဆီကို မင်း ရင်ခုန်လိုက်စမ်းပါကွာ"

သန့်စင် စီးကရက်ခဲကာ အားအပြည့်နဲ့ ပြောသည်။

သူငယ်ချင်းတွေကို ထိုမျှစိတ်အားထက်သန်နေကြတော့ ရင့်ရင်ထဲက ပူလောင်မှု တစ်စွန်းတစ်စက မီးပွားလေးအဖြစ် ပြောင်းလာကြောင်း ရင့်ကိုယ်ရင့် သိနှင့်သွား၏။

စီးကရက်ကို ရင့်လက်ညှိုးကြားညှပ်ရင်း သက်မချကာ –



www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့သဘောကျ"

လို့ လိုက်လိုက်လျောလျောပြောမိသွားသည်။ ထိုအခါ သူ့ငယ်ချင်းတွေမျက်နှာ လပြည့်ဝန်းလို ဝင်းခနဲပြည့်ထိန်လင်းဖြာသွား၏။

"ဒါမှပေါ့ကွ"

လို့ လက်မထောင်ပြီး ပြုံးတူပြော၏။ လက်ထဲမှာ ကိုင်ထားဆဲဖြစ်တဲ့ မီးခြစ်လေးကို ရင့် ဖျတ်ခနဲ ခြစ်ကစားမိသွား၏။

ဂက်စ်မီးခြစ်ပြောင်းထဲမှ မီးတောက်လေး ရဲခနဲ တောက်သွားသည်က ရင့်ရင်ဘတ်ထဲက ရင်ခုန်ဆဲမီးတောက်အဖြစ် ကိုယ်စားပြုသလိုပင်။

✿ ✿ ✿



# အခန်း (၁၀)

"ဒီနားလေးပဲ ရပ်ပေး"

"ဟုတ်ကဲ့ အန်တီ"

ခရီးသည်အဒေါ်ကြီးပြောတဲ့အတိုင်း ရင့် ခေါင်းညိတ်ဖြေပြီး ကားကို လမ်းဘေးထိုးရပ်လိုက်သည်။

တက္ကစီခတစ်ထောင်တန်ပေး၍ အန်တီကြီး ကားရှေ့ခန်းမှ ဆင်းသွားသည်။ စက်နှိုးပြီး ကားကို လျောခနဲ ရင့် မောင်းထွက်၏။

ထိုစဉ် ဂမုန်းပွင့်ကုန်တိုက်ထဲက ထွက်လာတဲ့ကုံတွဲ၊ မထင်မှတ်ဘဲ ကြည့်မိသွားရာ စူးစိုက်ကြည့်မိသည့်အထိ ဖြစ်သွားသည်။

ကြည့်နေရင်း နေနှင်းဆီဟု ရင့်ရင်ထဲမှာ ပွဲတင်ထပ်ရွတ်မိ



www.burmeseclassic.com

www.burmeseclassic.com



သွားသလို ကားဘရိတ်ကို ဆွဲမိလျက်သားဖြစ်တော့၏။ ရင့်အရွယ်လောက် ရှိကာ စမတ်ကျသောလူရွယ်ရဲ့လက်မောင်းကို တွဲချိတ်လျက် ယှဉ်တွဲလာတဲ့ နေနှင်းဆီ။

ပတ်ဝန်းကျင်ကိုလည်း သတိထားမိဖို့ စိတ်ဝင်စားဟန်မတူ။

ပျော်ရွှင်ကြည်နူးတဲ့မျက်နှာပေးနဲ့ ထိုလူရွယ်ပြောသမျှကို ခေါင်းငဲ့နားထောင်ပြီး တွဲထွက်ခဲ့သည့်ဟန်က တကယ်ချစ်သူစုံတွဲ လိုလို။

နေ့မှာ ချစ်သူရှိနေတာလား။

စူးစိုက်ကြည့်ရင်း ရင်မှာ လပ်ဟာသလိုဖြစ်ကာ ကားပေါ်က ဖျတ်ခနဲဆင်းမိသွားသည်။

ထိုအခါ ရင်နဲ့ နေနှင်းဆီနီတို့စုံတွဲ မျက်နှာချင်းဆိုင် ဆုံသလို ခြေလှမ်းလည်း တုံ့ခနဲရပ်ကာ

နေ့မျက်ဝန်းက အံ့ဩစိတ်နဲ့အတူ နှုတ်ခမ်းအစုံဟာ ဟဟလေး ပွင့်သွား၏။ ရင့်မျက်ဝန်းက နေ့မျက်ဝန်းဆီမှတစ်ဆင့် လူရွယ်လက်မောင်းကို တွဲချိတ်ထားတဲ့ နေ့လက်ချောင်းတွေဆီ ကျရောက်သွားသည်။

တစ်ယောက်နဲ့တစ်ယောက် ဘာမှမပြောမဆိုမိကြ။

နေ့လက်ချောင်းတွေက လူရွယ်လက်မောင်းကို မသိမသာ တင်းတင်းလေးဆုပ်ကိုင်လိုက်လျှင် ရင့်ရင်ခွင်ရိုင်း သိသိသာသာ လှုပ်





ယမ်းသွား၏။

"နေ သွားစို့"

လူရွယ် ရင့်ကိုမကြည့်။ ခြေလှမ်းတန့်နေတဲ့ နေ့ကို ဆွဲခေါ်သွား၏။ နေ အလိုက်သင့်ပါသွားပေမယ့် တစ်ချက်ငဲ့မကြည့်တော့။ မျက်ဝန်းထဲမှာ စကားလုံးပေါင်းများစွာ ခိုတွဲသွားသည်။

လမ်းဘက် ခေါင်းထိုးရပ်ထားတဲ့ ပါရဒိုကား ကားတံခါးကို လူရွယ်ဖွင့်သည်။ နေ့ကိုလည်း ကားပေါ်တက်စေသည်။ ထိုလူရွယ်လည်း မောင်းသူနေရာတွင် ထိုင်သည်။

ရင့်ခြေလှမ်း ရှေ့တိုးမလိုဖြစ်လျှင် ထိုလူရွယ် ကားကို လျောခနဲ မောင်းထွက်သွားသည်။

ဟာခနဲ နိမ့်ဆင်းသွားတဲ့ရင်မှာ ခံပြင်းသလိုလို ဘဝင်မကျသလိုလိုဖြစ်ကာ။

"တောက်"

ရင်မှာ အသံတိတ်ခတ်မိသွား၏။ ရင့် တွေဝေမနေတော့။ ကားပေါ်ချက်ချင်းတက်ကာ ပါရဒိုကားသစ်ကြီးနောက် အမီကပ်လိုက်ခဲ့သည်။

နောက်က ရင့်ကားပါလာမှန်းသိတော့ နေ့ရင်ထဲမှာ မလုံခြုံနိုင်တော့။ ကားထဲမှာ ထိုင်နေရတာ နေ့တင်ပါးလေး ဆိုဖာပေါ်မှ တကြွကြွဖြစ်ကာ နေမထိထိုင်မသာဖြစ်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုထော ဘာမှမရိပ်မိ။ ကားကို ပုံမှန်အတိုင်း မောင်းနေသည်။ နောက်လှည့်ကြည့်တော့ ရင့်ကား ထက်ကြပ်မကွာ ပါလာသည်။ ရင့်အသွင်က ထူးထူးခြားခြား လှုပ်ရှားနေသည်။

ပြဿနာတစ်ခုခုရှာမှာလည်း နေ စိုးရိမ်နေသည်။ ဒါကြောင့်

"ကိုထော"

"ပြောလေ နေ"

ကားမောင်းနေရာမှ တစ်ချက်ငဲ့ကြည့်ရင်း ကိုထောမေးလျှင်

"နောက်မှာ တက္ကစီတစ်စီး ကပ်ပါလာနေတယ်၊ အဲဒီကား ပါမလာ့ရအောင် မြန်မြန်မောင်းစမ်းပါ"

ကိုထော မျက်မှောင်ကြုတ်မိသွားသည်။

နောက်ကြည့်မှန်မှကြည့်တော့လည်း အဖြူရောင်တက္ကစီကား ကလေးက ပါလာသည်။ တက္ကစီနဲ့ နေ ဘာများပတ်သက်လို့လဲ။

ကိုထော သိချင်လာသည်။

"ဘာဖြစ်လို့လဲ နေ"

"အိုး ဘာပဲဖြစ်ဖြစ်"

နေ့နှုတ်ခမ်းစူလျှင် ကိုထော် ဘာမှဆက်မပြောတော့။

"ကဲပါ မောင်းပေးပါ့မယ်"

"မြန်မြန်မောင်းနော်၊ မျက်ခြည်ပြတ်အောင်မောင်း"

နေ ပြောသမျှဆိုသမျှ ကိုထော ခေါင်းညိတ်နာခံခဲ့တာ နေ့ကို





စတင်မြင်တွေ့ရင်ခုန်လာတည်းကပါပဲ။

နေ့ကို မြင်မြင်ချင်း ရင်ခုန်နေလို့ နေနဲ့ နီးစပ်ခွင့်ရအောင် ကိုထော ကြိုးစားခဲ့ပေမယ့် မရခဲ့။

မိဘချင်း ဂုဏ်သိက္ခာရှိရှိ ရင်းနှီးမှုရယူပြီးမှ နေနဲ့ ရင်းနှီးခွင့်ရခဲ့သည်။ ဒါတောင် နေက ကိုထောကို အရေးမထားခဲ့ဘူး။

အရေးပေါ်အကူအညီ ဘာညာလိုမှ ခေါ်ခိုင်းတတ်တာလေ။

အရေးပေါ်မှခေါ်ခေါ်၊ လိုအပ်မှခေါ်ခေါ် ကိုထောက နေခေါ်လျှင် ဆယ်မိနစ်အတွင်း အရောက်ပြေးလာတတ်သလို နေပြောသမျှကို စောဒကမတက်ဘဲ နာခံခဲ့တာက နေ့ကို မြတ်မြတ်နိုးနိုးချစ်နေလို့ပဲ ဖြစ်သည်။

နေ့မျက်နှာပေါ်မှာ ကိုထောနဲ့ပတ်သက်ရင် ကျေနပ်နေတာ၊ ကြည်နူးနေတာလေးတွေကိုပဲမြင်ရဖို့ နေက အရှိန်မြှင့်ဆို မြှင့်မောင်းရုံပေါ့။

တက္ကစီကားလေး လိုက်မလာနိုင်အောင် လီဗာမြှင့်လိုက်သည်။ ပြီးတော့ မထင်မှတ်ဘဲ လမ်းကြားထဲ ချိုးဝင်ကာ တစ်ရှိန်ထိုး မောင်းခဲ့တော့၏။

"တောက်"

ရင့် ပါရဗိုနောက်က ထက်ကြပ်မကွာလိုက်ပေမယ့် မျက်ခြည် အပြတ်ခံလိုက်ရတာကြောင့် ပိုပြီးခံပြင်းသွား၏။



www.burmeseclassic.com

www.burmeseclassic.com



လမ်းကြားထဲ ချိုးဝင်သွားတဲ့နောက် လိုက်ခဲ့ပေမယ့် တစ်ဖက် လမ်းထိပ်ရောက်တော့ လမ်းက နှစ်ခွဖြစ်နေသည်။

ညာဘက်လမ်းခွဲဆီ ပါရဒိုကားက မြားတစ်စင်းလို တစ်ဟုန်ထိုးပြေးသွားကာ ကားရှုပ်တဲ့မိန်းလမ်းမကြီးပေါ်တက်လျက် ကားတွေကြား တိုးဝှေ့ဝင်ရောက်သွားသည်အထိ ရင့် ကြိုးစားခဲ့သည်။

သို့သော် ပါရာဒိုကားက မီးပွိုင့်လွတ်ပြီး ရင့်ကားက မီနီတန်းခနဲ ငြိတော့သည်။ တောက် တွေးမိတိုင်း ရင်မှာ အခဲမကျေ။

နေနှင်းဆီ

နေ နှင် ငါ့ကို ဒီပုံစံမျိုးနဲ့ တစ်ပတ်ရိုက်ဖို့ မကြိုးစားပါနဲ့။

✿

"ဟား ဟား ဟား"

ရင်ထဲမှာ ခံပြင်းနေလို့ ပြောပြမိ၏။ ထိုအခါ သန့်စင်တို့သုံးယောက် အားမနာတမ်း ရယ်ကြ၏။ ရင့် မျက်မှောင်ကြုတ်ကြည့်၍

"ဘာရယ်စရာပါလဲကွာ"

"ဟား ဟား ဟား"

သူငယ်ချင်းတွေ အတောမသတ် ရယ်ကြပြန်သည်။ ခံပြင်း





တာကြောင့် ရင့်မျက်လုံး မှေးကျဉ်းသွားကာ အုပ်စုလိုက် လက်ဖက်ရည်ဆိုင်ထိုင်နေရာမှ ရင့် ဆတ်ခနဲထ,ထွက်ခဲ့မိသည်။

"ဟေ့ ရင့် နေဦးလေကွာ"

သက်နောင် အရယ်ရပ်ရင်း လှမ်းဟားကာ နောက်က ပြေးလိုက်လာသည်။ သန့်စင်နဲ့စိုးပြည့်က ရယ်ရင်း လက်ဖက်ရည်ဆိုင်ဆက်ထိုင်နေခဲ၏။ ဆိုင်ရှေ့မှာထိုးရပ်ထားတဲ့ တက္ကစီပေါ် ရင့်တက်လျှင်

"နေဦးကွာ မင်းကလည်း"

"တစ်ဆိတ် ငါ့ကို မလှောင်နဲ့ကွာ"

"မင်းကိုလှောင်တာ မဟုတ်ဘူး၊ အစက မင်းပဲ မလှုပ်မယှက်နဲ့ ခေါင်းခါပြီးမှ၊ အခု ဘာဖြစ်တာလဲ"

ရင့် ဘာမှမပြော။ ကားလက်ကိုင်ကို တင်းအောင်ဆုပ်ကိုင်လိုက်မိသည်။ သက်နောင် ကားတံခါးပေါင်ကိုကိုင်၍ ကိုယ်ကို အနည်းငယ်ကိုင်း၍ ရင့်ကို ငုံ့ကြည့်၏။

"ပြောလေကွာ"

"ကျစ် မသိဘူး"

"အေး မသိရင် သိအောင် မင်းကိုယ်မင်း ပြန်ဆန်းစစ်၊ ဆန်းစစ်ပြီးမှ ရှေ့တိုးလို့ရမယ်"

"ဘာရှေ့တိုးဖို့လဲ"

"မင်း အခုပဲ နေနှင်းဆီနဲ့ လူတစ်ယောက်ကို တွဲလျက်တွေ့



www.burmeseclassic.com

www.burmeseclassic.com



လို့ အူပွခဲ့တယ် မဟုတ်လား"

ရင့် အကြည့်လွှဲ၍ ကားစက်နှိုးကာ ကားကို လျှောခနဲ မောင်း ထွက်ခဲ့မိသည်။ သက်နောင် သဘောတကျရယ်ရင်း ကျန်ရစ်ခဲ့သည်။

"ဟင့်အင်း"

ရင့် ဝန်မခံချင်။

နေနှင်းဆီ တစ်ပတ်ရိုက်သွားတာကိုပဲ ရင့် ခံပြင်းနေမိသည်။

နေနှင်းဆီ မင်းလေးကို ရအောင်ခြွေမယ်။

ရင့်ရင်ခွင်အလယ် ဖဟိုတည့်တည့်မှာ ကြော်ငြာဆိုင်းဘုတ် လေး တိတ်ဆိတ်စွာ စိုက်ထူဖြစ်တော့သည်။

✿ ✿ ✿



အခန်း (၁၁)

နီစွေးသော ရောင်စဉ်ဖြန့်ကျက်ထားတဲ့ ညနေခင်းက ရင်ခုန် သံတို့နှင့်ပြိုင်နေသည်။

ကတ္တရာလမ်းပေါ် ရင့်ကား သွက်သွက်လေးပြေးလျက်ရှိ သည်။

နေနှင်းဆီနဲ့ သူမသူငယ်ချင်းတွေ ရွှေတော်ဝင်စားဥယျာဉ်မှာ ချိန်းထားကြကြောင်း စိုးပြည့်ပြောလို့ သိရသည်နှင့် ရင့် ချက်ချင်း ကားနဲ့ထွက်ခဲ့ခြင်းဖြစ်သည်။

ပန်းဥယျာဉ်ထဲမှာ ဖွင့်ထားတဲ့စားသောက်ဆိုင်မို့ နေရာလေး က စိတ်ကူးယဉ်စရာကောင်းနေသည်။



www.burmeseclassic.com

www.burmeseclassic.com



အမျိုးအစားအလိုက်၊ အကန့်လိုက် စိုက်ထားတဲ့ ပန်းခင်း အတန်းလိုက်ကြားမှာ စားပွဲဝိုင်းတွေ ချထားသည်မှာ ကဗျာဆန်ဆန်ဖြစ်၏။ ပန်းတွေက အမျိုးအစားစုံသလို အရောင်လည်းစုံလှသည်။

စားဥယျာဉ်အဝင်လမ်းကြောင်းက သစ်ခွမြိုင်ထဲ ဖန်တီးထားသည်က ဆွဲဆောင်မှုတို့ရှိနေသည်။ ထိုဝင်ပေါက်မှဝင်၍ ကားရပ်ရန်နေရာမှာ ရင့်ကားလေး ငြိမ့်ခနဲထိုးရပ်လိုက်သည်။

ရင့် ကားပေါ်က ကြော့ကြော့လေးဆင်းသည်။

ရောင်စုံနှင်းဆီပန်းတွေ ခြံရံထားတဲ့ စားဝိုင်းလွတ်မှာ ရင့်တစ်ယောက်တည်း ဝင်ထိုင်သည်။ မွှေးမွှေးကြူသော နှင်းဆီရနံ့တို့သင်းလျက် ရင့်နှာဖျားဆီ ကျီစယ်တိုးဝင်လာသည်။

ရင့် မက်မောစွာပဲ တစ်ရှိုက်ရှူမိသည်။ အဖြူ၊ အနီ၊ အဝါသုံးရောင် ရောနေသည့် သစ္စာပန်းတွေ ဝေဆာနေတဲ့ စားဝိုင်းမှာ နေနှင်းဆီတို့ သူငယ်ချင်းတစ်စု။

ရယ်ရယ်မောမော စကားပြောကာ စားကြသောက်ကြနှင့် ပတ်ဝန်းကျင်ကို မေ့လျော့နေသလို ရှိသည်။

အားလုံးထဲမှာ နေက အရယ်မောတတ်ဆုံးနဲ့ စကားအများဆုံး ပြောနေတတ်သည်။ ဘာတွေပြောနေသည်ကို မကြားရပေမယ့် ကြည့်ရင်း ကြည့်ရင်း နေက ဆွဲအားတွေနဲ့ နှောင်ဖွဲ့ရစ်ပတ်သလို။

ရင့် ရင်ခုန်စိတ်တွေ တနွဲ့နွဲ့လှုပ်လာသည်။





တဒုတ်ဒုတ်နဲ့ မြည်လာသည်။

“ဘာမှာမလဲ အစ်ကို”

စိတ်တာ ရိုရိုကျိုးကျိုး လာရပ်၍ ခေါင်းငုံ့မေးသည်။ ထိုအခါမှ နေ့ဆီက အကြည့်ရပ်ကာ မွှန်ရည်သောစိတ်တာကိုကြည့်၍ ပီဇာမုန့်နဲ့ ဘရာဇီးကော်ဖီတစ်ခွက် မှာလိုက်သည်။

စိတ်တာထွက်သွားသော ရင့်မျက်ဝန်း နေ့ဆီ ကျက်စားပြန်သည်။

နီဝါရောင်ဖျော့သောနေခြည်နုနုတို့ ရိုက်ထားတဲ့ နေ့ပါးပြင်က နီးမြန်းရောင်သန်းကာ စိုအိစူးကြွနေသည်။ နေ့မျက်နှာဝိုင်းလေးက အနီသွေးရောင်သုတ်လိမ်းထားတဲ့ နှင်းဆီပန်းလေးနှယ်။

ခေါင်းလေးငဲ့လိုက်တိုင်း ရင်ဖိုစရာကောင်းနေသည်။

ထိန်းချုပ်မနိုင်တဲ့ ရင့်ရင်ခုန်သံက နေခြည်ရောင်ဆမ်းထားတဲ့ အလှဘုရင်မကို လှမ်းခြုံရစ်ပွေ့ဖို့ ဆူလောင်ပွက်ထလာသည်။

ထိုအခါ ရင့်ဝတ်ထားတဲ့ အပြာမှာ အဖြူစင်းသေးသေးလေးတွေပါတဲ့ နိုင်ကီ (Nike) ရှပ်အင်္ကျီအိတ်ထဲမှ မှတ်တမ်းစာအုပ်သေးလေး ဆွဲထုတ်သည်။

မှတ်တမ်းစာအုပ်လေးဖွင့်၍ ပထမစာမျက်နှာမှာ အနက်ရောင်မင်စိုနဲ့ စာကြောင်းတချို့ရေးချလိုက်သည်။

ရေးပြီးတဲ့စာရွက်လေးကို တည့်တည့်စုတ်၍ နှစ်ခေါက်



www.burmeseclassic.com

www.burmeseclassic.com



ခေါက်သည်။ ဝိတ်တာမှာထားတဲ့ အစားအသောက်လာချပေးလျှင်

"တစ်ခုကူညီပါလား ညီကို"

ဝိတ်တာလှည့်ထွက်မသွားခင် ရင့် ခပ်တိုးတိုးပြောလိုက်သည်။ ဝိတ်တာ ရင့်ကို တည်တည်ကြည်ကြည်ပြန်ကြည့်၍ မေးသည်။

"ဘာကူညီပေးရမလဲခင်ဗျ"

"ဟိုဘက်ထောင့်ကျကျစားပွဲက မျက်နှာဝိုင်းဝိုင်းနဲ့မိန်းကလေးကို ဒီစာပေးပေးဖို့ပါ"

"ရပါတယ်"

ဝိတ်တာ ကြည်ဖြူစွာပဲ လက်ခံသည်။ ရင့်လက်ထဲက စာခေါက်လေးယူ၍ ချက်ချင်းပဲ နေ့စားပွဲဆီ ထွက်သွားသည်။

ရင့် ထိုင်နေရာမှ ထသည်။ မှာထားတဲ့အစားအသောက်ကို ကြည့်၍ ဘောင်းဘီနောက်အိတ်ထဲက ခေါက်ပိုက်ဆံအိတ်လေး ဆွဲထုတ်သည်။

စားသောက်ဖို့ စိတ်ကမပါ။ အစားအသောက်ဖိုးနဲ့ ဝိတ်တာအတွက် ဘောက်ဆူးထောင်တန်တွေ နှိုက်ထုတ်ပြီး စားပွဲပေါ်ချကာ နေ မမြင်အောင် ကားရပ်ထားတဲ့ဆီ ချက်ချင်းရှောင်ထွက်သည်။ ကားပေါ်တက်ကာ ရှောခန် မောင်းထွက်ခဲ့၏။

ရွှေတော်ဝင်စားဥယျာဉ်ထဲမှာ သူငယ်ချင်းတွေနဲ့ ရှိနှင့်တဲ့ နေ ဘယ်လိုဖြစ်နေမလဲ။ မြိန့်မြိန့်လေးပြုံးမိသည်က နီစွေးဝါရောင်





လင်းဖြာနေသော နေခြည်နုနုလို လှပရှုမောဖွယ်အတိ။

✿

ဝိတ်တာထိုးပေးတဲ့ စာခေါက်ကိုကြည့်ရင်း နေ့မျက်ဝန်းပြာပြာလေး ပြူးကျယ်ဝိုင်းစက်သွားသည်။

"ဘာလဲဟ"

နေ မေးရင်း စာခေါက်အဖြူလေးကို ဆွဲယူလိုက်သည်။

အပြုံးချို၊ ကေကေနဲ့ ရွှေနီလည်း တအံ့တဩဖြစ်ကြပြီး

"ဘယ်သူ ပေးခိုင်းတာလဲ"

လို့ ဝိတ်တာကိုဝိုင်းမေးသည်။ ဝိတ်တာ ခေါင်းတစ်ချက်ကုတ်၍ ရင့်ထိုင်နေတဲ့ဝိုင်းကို လှည့်ကြည့်သည်။ ရင့်ကို မတွေ့တော့ ဝိတ်တာ ဘာပြောရမှန်းမသိဖြစ်သွားသည်။

ဝိတ်တာ ကတ္တြေမပျက်အောင်ထိန်း၍

"စာဖတ်ကြည့်လိုက်ရင် မမလေးတို့ သိသွားမှာပါ"

ဝိတ်တာ ထိုမျှပြောပြီး နေတို့စားပွဲဝိုင်းမှ ထွက်သွားသည်။

"အေး ဟုတ်တယ်၊ ဖတ်ကြည့်လိုက် နေ"

အပြုံးချို စိတ်အားပါပါ ချက်ချင်းပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"ပေး၊ ကေ ဖတ်ပြမယ်"

ပြောရင်း ကေက နေ့လက်ထဲက စာခေါက်ကို ချက်ချင်းဆွဲယူသည်။ စာခေါက်လေးကို မပေးချင်ပေမယ့် ကေ့လက်ထဲရောက်နှင့်၏။

ကေ စာခေါက်ကိုဖြန့်လျှင် ရွှေနီနဲ့အပြုံးချိုတို့ ခေါင်းတွေပူးသွား၏။ နေ စိတ်လှုပ်ရှားစွာ ခပ်တည်တည်လေး ငြိမ်လျက်ထိုင်ကြည့်မိသည်။

"ဟယ်တော်၊ စာကလည်း တစ်မျိုးပါလား နေ"

စာဖတ်ပြီးသွားတဲ့ ကေကေ မျက်ခုံးတွန့်ကာ ပြောသည်။

"ဟုတ်တယ်ဟဲ့၊ နားလည်လို့ မရဘူး"

"ချိန်းတဲ့စာပါဟဲ့၊ နာမည်လည်း မပါဘူး"

ခေါင်းချင်းဆိုင်ဖတ်ပြီးသွားတဲ့ ရွှေနီနဲ့ကေကေကလည်း တစ်ခွန်းစီပြောသည်။

"ပေး၊ နေ ဖတ်ကြည့်မယ်"

ကေက လက်ထဲဖြန့်ထားတဲ့စာရွက်လေး ကမ်းပေးသည်။ နေ စိတ်လှုပ်ရှားစွာ စာရွက်အဖြန့်လေးယူပြီး ဖတ်ကြည့်၏။

"နက်ဖြန် ဆက်ဆက်လာခဲ့၊ ဟိုနေ့က ချာတိတ်တွေ ကစားနေတဲ့ မြက်ခင်းပြင်မှာ စောင့်နေမယ်" တဲ့၊

စာအဆုံးမှာ နေ့ရင်ထဲ နားလည်မြစ်လေး ဖြစ်တည်စီးဆင်းသွား၏။





ဒါဆို ရင့်သဘာပဲပေါ့။

နေ့မျက်ဝန်းထဲမှာ ဟိုနေ့က ချာတိတ်လေးတွေ ကစားတဲ့ မြင်ကွင်းကို မြင်ယောင်သွားသည်။ ကန်ရေပြင်ဘက် မျက်နှာမူလျက်ငေးနေတဲ့ ရင့်ပုံရိပ်လေးကို ခံစားမိပြန်သည်။

အစီအစဉ်မရှိတဲ့ ချက်ချင်းစာတစ်စောင်ရေးကာ ကစားနေတဲ့ ချာတိတ်လေးကို မုန့်တွေအများကြီး ဝယ်ပေးရင်း စာပေးခိုင်းတဲ့နေ့အဖြစ်ကို နေ သတိရလာသည်။

နေက ချာတိတ်လေးနဲ့ စာပေးခိုင်းပြီး ကျောခိုင်းလှည့်ပြန်ခဲ့သလို ရင့်ကလည်း ဝိတ့်တာနဲ့ စာပေးခိုင်းပြီး ကျောခိုင်းလှည့်ပြန်သွားပြီဖြစ်မယ်။

စားညယျာဉ်တစ်ခုလုံး ငေးကြည့်မိတဲ့ နေ့မျက်ဝန်းထဲမှာ ရင့်ကို မတွေ့ရပေ။

"ဟဲ့ နေ ဘာငေးနေတာလဲ၊ ဒီစာက နေနဲ့ ဘယ်လိုပတ်သက်လဲ"

အပြုံးချိုက နေ့လက်ကိုပုတ်ရင်း မေးသည်။

ဒီတော့မှ နေ့မျက်ဝန်းလေး ရင့်ကိုရှာဖွေကြည့်ရှုနေတာ တန့်သွားသည်။ သတိလည်း ဝင်လာသည်။ သူငယ်ချင်းတွေ မရိပ်မိအောင် ချက်ချင်းမျက်နှာလေး ပြင် နေသည်။

"ပြောလေ နေ၊ ဘယ်သူလဲ၊ ရွှေနီတို့မသိသေးတဲ့ နေ့



www.burmeseclassic.com

www.burmeseclassic.com



အဆက်လား၊ ဒါဆက်ဆိုလည်း ပြောဦး၊ ကိုထောတို့ သားထက်တို့ ထက် မြင့်ရဲ့လားဆိုတာ အကဲခတ်ပေးမယ်''

ရွှေနီက အဆင့်ဆိုတာကိုထည့်၍ မေးပြန်သည်။

''နီး ဘယ်သိမလဲ၊ နေ့နာမည်လည်း မပါဘူး၊ ဘယ်သူပေးနိုင်းတယ်ဆိုတဲ့လက်မှတ်လည်း မပါဘူး၊ လူမှားပြီး ပေးတာပဲဖြစ်မယ်၊ နေ့မှာ ဘာအဆက်မှမရှိဘူး၊ ရှင်တို့ သိရဲ့နဲ့''

နေ စာရွက်ကိုပြန်ခေါက်လျက် တရစပ်ပြောချသည်။

ရွှေနီတို့လည်း တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး

''အေး ဟုတ်တယ်နော်၊ ဝိတ်တာ လူမှားပြီးပေးတာလား၊ တစ်ယောက်ယောက်က ရွှေနီတို့အုပ်စုကို ချဉ်းကပ်ချင်လို့ လမ်းစထွင်တာလားမှမသိတာ''

''အောင်မာ ဒီလိုနည်းနဲ့ ကေတို့ကို လမ်းထွင်ကြည့်ပါလား၊ ချဉ်းကပ်လို့ရဖို့ ဝေးသေးတာ''

''ဖြစ်နိုင်တယ် ဟဲ့၊ အပြုံးတို့ကိုချဉ်းကပ်ဖို့ ကြိုးစားနေတဲ့ ဘဲတွေ နေရာတကာမှာ ရှိနေတာလေ၊ ဘယ်သူဘယ်ဝါလို့ ဖွင့်မပြောရဲလို့ ဟိုလိုလို ဒီလိုလိုဖြစ်အောင် နာမည်မရေး ဘာမရေးနဲ့ ချိန်းတာလေ၊ ဟွန်း ဒင်းတို့လိုကောင်တွေကို သကြားလုံးတစ်လုံးလောက်တောင် စိတ်မဝင်စားပေါင်''

ရွှေနီတို့သုံးယောက် မာနလေးတွေထောင်ပြီး ပြော၏။





နေ မသိမသာသက်မချရင်း တော်သေးတယ်လို့ရှုတ်မိသည်။

''အဲဒီစာရွက် ကေ့ကိုပေး နေ''

''ဘာလုပ်ဖို့လဲ''

''ဖနောင့်နဲ့ ပေါက်ပစ်ဖို့''

''အိုး''

နေ ဘာကြောင့်မှန်းမသိ အိုးခနဲ့ အာမေဋိတ်သံလေး ထွက်သွား၏။ စာရွက်လေးကိုလည်း ခေါက်ရိုးအတိုင်း နှစ်ခေါက်ပြန်ခေါက်ကာ ကေ့လက် လှမ်းယူလို့မမီရအောင် ရှောင်ဖယ်လိုက်သည်။

''နေ ရှင် ဘာဖြစ်နေတာလဲ၊ ဒီလိုအဆင့်ထဲကကောင်တွေကို ဘာမသိညာမသိနဲ့ စိတ်ကူးယဉ်နေတာလား''

''မဟုတ်တာဘဲ ကေရယ်''

စာရွက်ကို ဘာလို့မပေးတာလဲ''

ရွှေနီကလည်း မျက်စနဲ့မေးသည်။ အပြုံးကလည်း နှုတ်ခမ်းလေးမဲ့ပြီး

''ဟုတ်ပ၊ နေ ရှင်က ခုနောက်ပိုင်း အရင်ကနဲ့ မတူတော့တာ သေချာနေပြီ၊ ကေ့တော့ ကေ့သွပဲ သိလား''

လို့ ခပ်ရိရိပြောသည်။ နေ မမူတော့။ မျက်နှာလေး မသိမသာခါ၍ ထ,ထွက်ခဲ့မိသည်က သူငယ်ချင်းတွေကိုလည်း အားမနာတော့။



www.burmeseclassic.com

www.burmeseclassic.com



"နေကတော့ ရွှေနီထင်တဲ့အတိုင်း ဖြစ်နေပြီထင်တယ်"

လို့ အပြုံးချိုပြောသံက ကျောပြင်မှာ ကပ်ပါလာသည်။ နေ လှည့်လည်းမကြည့်တော့ပါ။ နေ့လက်ထဲမှာ ရင့်ရဲ့ အချိန်အချက်စာ ခေါက်လေး ဆုပ်ကိုင်ထားမိတဲ့အဖြစ်။ ထိုအဖြစ်က နေ့ရင်ခွင်မှာ နီဝါရောင် ဖျော့ဖျော့လေး လင်းနေတဲ့ နေခြည်လို နွေးဖြာနေတော့၏။

✿ ✿ ✿



BURMESE CLASSIC .com

## အခန်း (၁၂)

"သမီး နေ"

နောက်က ပုံ့လွင့်လာတဲ့ မာမီ၏လှမ်းခေါ်သံကြောင့် ပေါ်တီကိုအောက်မှာ အသင့်ရပ်ထားတဲ့ကားဆီ မြူးမြူးကြွကြွလှမ်းသွားတဲ့ နေ့ခြေလှမ်းလေး တန့်သွား၏။

"ဘယ်သွားမလို့လဲ သမီး"

စူးစမ်းသလိုမေးလျှင် နေ့ပခုံးလေး မသိမသာတွန့်မိသွားသည်။ မျက်နှာလေးကို ချိုအောင်ပြင်၍ မာမီ့ဘက် ပြန်လှည့်သည်။

အတွင်းခန်းဘက်ဆီမှ ဧည့်ခန်းထဲလှမ်းဝင်လာတဲ့ မာမီ့ဆီ လျှောက်သွားရင်း ချွဲချွဲနွဲ့နွဲ့လေးပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုပဲပေါ့ မာမီ၊ လျှောက်လည်မလို့ပေါ့"

"သမီးရယ် ကျောင်းပိတ်ထားတုန်း အိမ်မှာ နားနားနေနေ နေပါလားကွယ်၊ သမီး နေ့တိုင်း အပြင်ထွက်လည်ပတ်နေတာ သမီး ပင်ပန်းပါတယ်၊ ဒီနေ့ နားလိုက်ပါလား နော်"

ဒေါ်မိုးမိုးလင်း မသွားနဲ့လို့ မတားဘဲ၊ မသွားဖြစ်အောင် အကြောင်းပြချက်ကောင်းကောင်းလေးတွေ ရွေးထုတ်ပြီး ပြောလိုက်သည်။

"ဟွန်း နားချင်ပါဘူး"

နေ နှုတ်ခမ်းလေးဆူ၍ မာမီ့ခါးကိုဖက်သည်။ မာမီ့ပခုံးပေါ်ကို နေ့မေးဖျားလေး ထိုးတင်ကာ ချွဲ၍ပြော၏။

ဒေါ်မိုးမိုးလင်း သမီးပခုံးကို ဖွဖွဖက်၍ ဆိုဖာတွေဆီ ခေါ်သွားသည်။

"ဒီနေ့တစ်ရက်လောက် နားပါလားကွယ်၊ ဒီနေ့လယ် သမီး အန်တီမေတို့ လာလည်ကြမယ်ကွယ့်"

မာမီမမြင်အောင် နေ နှာခေါင်းဖျားလေး ရှုံ့ပွလိုက်သည်။

အန်တီမေက ကိုထောမာမီလေ။ အန်တီမေက နေ့ကို မာမီ ကဲ့သို့ တယုတယချစ်ရှာသည်။ အထူးသဖြင့် ချွေးမအလောင်းအလျာ ဆိုသည့်အသိနဲ့ သည်းသည်းလှုပ်ဖြစ်သလို စကားတွေလည်း တတွတ် တွတ်ပြောတတ်သည်။





ကိုထောကို နေ အလိုက်အထိုက်ဆက်ဆံသလို အန်တီမေ ကိုလည်း အလိုက်အထိုက်ဆက်ဆံရတာ နေ့ရင်မှာ မလုံ၊ စိတ်မလွတ် လပ်တာတွေလည်း ရှိသည်။

ဒါကြောင့် နေ အသာယမ်း၍ –

"လာပစေပေါ့၊ မာမီရှိတာပဲဟာ"

"သမီးရှိနေဖို့ လိုအပ်တယ်လေ၊ ကိုထောလည်း ပါမယ်"

"ဟင့်အင်း၊ နေနဲ့ကိုထော ဟိုနေ့က ကုန်တိုက်အတူသွားပြီး ပြီ၊ ဒီနေ့ပါ ထပ်တွေ့ရရင် မွန်းကျပ်ပြီးသေလိမ့်မယ် မာမီရဲ့"

"သမီးကလည်းကွယ် မဟုတ်တာတွေ ပြောတော့မယ်"

နေ့လက်ထဲမှာ ရင့်ရဲ့ အချိန်းအချက်စာခေါက်လေး ရှိနေ တယ်လေ။ ရင့်ချိန်းတဲ့အတိုင်း နေ သွားဖို့ဆုံးဖြတ်ထားသည်။

"ဟွန်း ဘာလို့မဟုတ်ရမှာလဲ"

ဘာအကြောင်းကြောင့်မှ နေ ဆုံးဖြတ်ချက်ကို မပြင်ချင်။ မာမီက ချစ်စနိုးနဲ့ ပြုံးကြည့်၍ အလျားလိုက်ဖြန့်ချထားတဲ့ နေ့ဆံနွယ် ပျော့ပျော့လေးတွေကို လက်ချောင်းနဲ့ သ,သည်။

"ဒီလို ခပ်စိမ်းစိမ်း မှုဦးနေလို့မဖြစ်ဘူး သမီးရယ်၊ ကိုထော အလိုလိုက်တာကို သမီး အခွင့်အရေးမယူပါနဲ့နော်၊ နှစ်ဖက်မိသားစု ဝင်တွေ အေးအေးဆေးဆေးတွေ့ဆုံစကားပြောတဲ့အချိန်မှာ သမီး ရှိနေရမယ်၊ ရှိနေလို့သင့်တယ်လေ၊ နော် သမီး၊ သမီးက လိမ္မာပါ



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ကဲ ထိုင်''

ဒေါ်မိုးမိုးလင်း ချော့ချော့မော့မော့ဖျောင်းဖျပြောရင်း နေ့ကို ဆိုဖာပေါ်ထိုင်စေသည်။

နေ အလိုမကျ။ နှုတ်ခမ်းဆူ၍ ဆောင့်ဆောင့်အောင့်အောင့် ထိုင်ချသည်။

''ဟွန်း အဲဒါတွေကြောင့် မာမီတို့ကို စိတ်ကုန်တာ၊ နေ့ဘာသာနေ လွတ်လွတ်လပ်လပ် နေမယ်, သွားမယ်, လည်မယ်လို့ ပြောထားရဲ့နဲ့ ကိုထောနဲ့ဆုံဖို့ အကြောင်းရှာဖန်တီးပေးနေတာ မာမီတို့ မတရားဘူး''

''အလိုလေး''

ဒေါ်မိုးမိုးလင်း ရင်ဘတ်ဖိ၏။ နေ ထိုင်နေလျက်နဲ့ ခြေဖနောင့်လေး ဖွဖွဆောင့်ပြီး

''ဟုတ်တယ်လေ၊ အန်တီမေတို့လာလည်တာ လည်ပစေလေ၊ နေ သွားစရာရှိတာ သွားမယ်၊ သွားချင်တဲ့ဆီ မသွားရတော့ဘူးလား''

''ဩော် ခက်လိုက်တာ သမီးရယ်''

ဒေါ်မိုးမိုးလင်း သမီးမျက်နှာပိုင်းလေးကို စိုက်ကြည့်သည်။ ချစ်မဝနိုင်စွာပဲ အသံနှိမ့်ချရွတ်လျှင်

''ဘာခက်လို့လဲ၊ အလွယ်လေး။ နေသွားချင်တဲ့ဆီ သွားမယ်





လေ''

ဒေါ်မိုးမိုးလင်း သမီးပခုံးလေးကိုင်ရင်း သက်မ ညင်ညင်ချသည်။

ခွဲတတ်, နွဲ့တတ်, ဖွတ်တိုက်တတ်တာ သမီးလေးရဲ့ ငယ်ကျင့်မှန်း ဒေါ်မိုးမိုးလင်း သိနှင့်သည်။

သို့သော်လည်း သမီးလေးက အရွယ်ရောက်လာပြီလေ။

မတော်တရော်တွေနဲ့ မငြိမိအောင် ကာကွယ်ဖို့လိုအပ်တယ်လို့ သူမတို့ဇနီးမောင်နှံ ယူဆသည်။

ဒါကြောင့် အဆင့်တူ၊ ဂုဏ်ရည်တူ သမီးကိုနှစ်သက်သူတွေထဲက ကိုထောကို သဘောကျခဲ့သည်။

မစေ့စပ်သေးတာကလွဲရင် သမီးကို ကိုထောနဲ့စုံမက်စေဖို့ နှစ်ဖက်မိဘစိတ်ထဲ စီစဉ်ပြီးသား။

ဒီနေ့ လာလည်မှာကလည်း အဲဒီကိစ္စဆွေးနွေးတိုင်ပင်ဖို့ပဲ ဖြစ်သည်။ လူကြီးမိဘချင်း ဆွေးနွေးနေတဲ့အချိန်မှာ သမီးတို့လူငယ်ချင်းလည်း လွတ်လပ်စွာ ပြောလို့ဆိုလို့ရတယ်လေ။

ခုတော့ သမီးက ကိုထောနဲ့ စကားပြောရမှာကိုပဲ မနှစ်သက်သလို ဖြစ်နေသည်။

''နော် မာမီ၊ နေ ဒီနေ့ချိန်းထားတာရှိလို့''

ရင်ခွင်ထဲ ခေါင်းတိုးဝှေ့၍ခွဲနေတဲ့ သမီး။ ဒေါ်မိုးမိုးလင်း



www.burmeseclassic.com

www.burmeseclassic.com



သက်ပြင်းချသည်။ ချိန်းထားတာရှိလို့တဲ့။ တည်တည်ငြိမ်ငြိမ်ပဲ။ ဒေါ်မိုးမိုးလင်း သိချင်တာကို မေးမိပြန်သည်။

"ဘယ်သူနဲ့လဲ သမီး"

"ဘယ်သူရှိမလဲ၊ ရွှေနီတို့နဲ့ပေါ့"

နေ ပိပိရိရိ ညာပြောလိုက်သည်။

"ရွှေနီတို့က တစ်ခါတစ်ခါ သိပ်ကတ်သတ်တာပဲ မာမီ။ ချိန်းထားတာ မလာရင် မဟုတ်ဘူး။ နည်းနည်းလေး နောက်ကျတာနဲ့ နှုတ်ခမ်းက တစ်လံလောက်ချွန်ပြီး ဘာဘာညာညာပြောတတ်တယ်လေ၊ ကေတို့သုံးယောက်အကြောင်း မာမီသိရဲ့သားနဲ့"

ရွှေနီတို့အကြောင်း သိနှင့်တဲ့ ဒေါ်မိုးမိုးလင်း စိတ်လေးလေးကြီး ဖြစ်ရပြန်သည်။ သမီးမှာလည်း ခင်မင်စရာအဖြစ် သူမတို့ဖနီးမောင်နှံခွင့်ပြုထားလို့ ကေကေတို့သုံးယောက်ပဲရှိတယ်လေ။

"အဲဒါဆိုလည်း အန်တီမေတို့ရောက်တာ ခဏစောင့်လိုက်၊ အန်တီမေတို့ရောက်ပြီးတော့ သမီး နှုတ်ဆက်ပြီးသွားပေါ့"

"ဟွန့် နေနောက်ကျရင် ဟိုမိန်းမတွေပွားတာ ခံရမယ်လေ"

"မာမီ ဖုန်းဆက်လိုက်မယ်၊ သမီး နောက်ကျမယ်ဆိုတဲ့အကြောင်း"

"အိုး မဆက်နဲ့"

နေ မာမီရင်ခွင်ထဲကထွက်ကာ ခေါင်းလေးခါရင်း လွှတ်ခနဲ





ပြောမိ၏။ မာမီ ဖုန်းဆက်လိုက်ရင် အားလုံးရှုပ်ကုန်မယ်။

ဒေါ်မိုးမိုးလင်း သမီးကို မျက်မှောင်ကုတ်ကုတ်နဲ့ကြည့်ပြီး

"ဘာဖြစ်လို့လဲ သမီးရယ်၊ ကြိုတင်ပြောထားတော့ သမီးကို ကေတို့ ဘာမှပြောမှာမဟုတ်ဘူးလေ"

"ဟင့်အင်း မဆက်နဲ့၊ နေကိုယ်တိုင်က ချိန်းထားတာကို နောက်ကျပြီးမှ မရောက်ချင်ဘူး၊ သွားမယ်နော်၊ နေ့ကို သွားခွင့်ပေးနော် နော်"

မာမို့လည်တိုင်နဲ့ ပါးပြင်လေးကို ဖွဖွနမ်းရင်း သွားခွင့်ရလို့ အစွမ်းကုန်ချွဲနေမိသည်။

သမီးချွဲနွဲ့ပြောနေတော့လည်း ဒေါ်မိုးမိုးလင်း စိတ်ပျော့ချင်လာသည်။

"ကဲပါ လင်းလင်းရယ်၊ သမီးသွားချင်နေတဲ့ဆီ ပေးသွားလိုက်ပါ"

ဦးမိုးသစ် စာဖတ်ခန်းထဲကထွက်လာပြီး ပြောသည်။ သားအမိနှစ်ယောက် အချေအတင်ပြောနေတာ စာဖတ်နေရင်း ဦးမိုးသစ် အတိုင်းသားကြားရသည်။

သမီးဆန္ဒကို ဦးစားပေးလေ့ရှိတဲ့အတိုင်း သွားခွင့်ပေးဖို့ ဦးမိုးသစ် ဝင်ပြောမိသည်။

သမီးက ထက,မတတ် ဝမ်းမြောက်သွားသည်။ မိခင်အပါးမှ



www.burmeseclassic.com

www.burmeseclassic.com



ဖခင်ဆီ လွှားခနဲပြေးလာ၍ အားကိုးတကြီးဝင်ဖက်ပြီး –

"အဲဒါကြောင့် ဒယ်ဒီ့ကို ချစ်ရတာ"

လို့ ပြောလျှင် ဦးမိုးသစ် သမီးပခုံးကိုဖက်၍ ကြည်နူးစွာ ပြုံးမိသွားသည်။

"လင်းလင်းက မမမေတို့ကို အားနာလို့ပါ"

"ရပါတယ်၊ ကိုမိုး ကြည့်ကောင်းအောင် ပြောလိုက်ပါ့မယ်၊ အဲဒီအတွက် လင်းလင်းစိတ်ထဲ ထည့်မထားနဲ့၊ အဓိက သမီးစိတ်နှလုံး လွတ်လပ်ပျော်ရွှင်နေတာပဲ ကိုမိုးမြင်ချင်တယ်"

ဒယ်ဒီစကားအဆုံးမှာ နေ ဟန်မဆောင်နိုင်ဘဲ ပခုံးလေးပင့်ကာ ပြုံးမိသွားသည်။ မာမီက ဒယ်ဒီပြောသမျှကို နားလည်လက်ခံတတ်တဲ့ ဇနီးကောင်းပီသစွာ ဘာမှပြန်မပြောတော့။

"ကိုမိုးသဘောပါ၊ လင်းလင်းက အားနာနေရမှာတွေ ဘာတွေနဲ့ မမမေတို့မျက်နှာ မညိုးစေချင်ဘူး"

"မညိုးရပါဘူးကွာ၊ မမမေက သမီးဆန္ဒကို ဘယ်တုန်းက လျစ်လျူရှုဖူးလို့လဲ"

"ဟုတ်သားပဲ မာမီကလည်း၊ မာမီက သက်သက်မဲ့ နေ့ကို ချုပ်ချယ်ချင်တာလေ၊ နော် ဒယ်ဒီ"

နေ လွှတ်ခနဲပြောတော့ ဒယ်ဒီ ပြုံးပြုံးကြီးခေါင်းညိတ်သည်။ မာမီကတော့ မျက်စောင်းခဲကြည့်သည်။





ထိုမျက်စောင်းက နေ့အပေါ် အမြင်ကတ်လို့မဟုတ်ပါ။ ချစ်လွန်းလို့ပဲ ဖြစ်သည်။

"ကဲ သမီး သူငယ်ချင်းတွေနဲ့ ချိန်းထားတယ်ဆိုရင် သွားလေ"

"ဟုတ်"

နေ ခေါင်းလေးညိတ်၍ ဒယ်ဒီ့ရင်ခွင်ထဲမှာခွါကာ မာမီ့ကို လက်ကလေးပြ၍ မြီးကောင်ပေါက်လေးနှယ် ခုန်ပေါက်ပြေးထွက်ခဲ့မိသည်။

သမီး ကားပေါ်တက်တော့ ဦးမိုးသစ် ပေါ်တီကိုအောက်အထိ လိုက်ပါသွားကာ သမီးကိုနှုတ်ဆက်သည်။

ကိုယ်တိုင်မောင်းပြီး ခြံဝင်းထဲက သမီးကားလေး ထွက်သွားသည်အထိ ဦးမိုးသစ် ပြုံးပြုံးကြီး စိုက်ကြည့်မိသည်။

သမီးကားလေးပျောက်ကွယ်သွားမှ ပေါ်တီကိုအောက်မှ ခြေလှမ်းတွေကို ညွှန့်ခန်းဆီရွေ့ခဲ့သည်။

ဒေါ်မိုးမိုးလင်း ဆိုဖာပေါ်ထိုင်နေရာမှ ခင်ပွန်းသည်ကို ဘဝင်မကျကြည့်ပြီး

"သမီးကို အဲလောက်အလိုမလိုက်ပါနဲ့ ကိုမိုးရယ်၊ တော်ကြာ"

ဦးမိုးသစ် လက်ကာဟန့်လိုက်သည်။ ဒေါ်မိုးမိုးလင်း ဆက်



www.burmeseclassic.com

www.burmeseclassic.com



ပြောဖို့ အခွင့်မသာတော့။ နှုတ်ခမ်းလေးတင်းတင်းစေ့ကာ ခင်ပွန်းသည်ကို စိုက်ကြည့်သည်။

ဖနီးသည်မျက်ဝန်းထဲက စကားလုံးတွေကို ဦးမိုးသစ် ဖတ်တတ်ပါသည်။ ဖနီးသည်အပါးကပဲ ကပ်လျက်ထိုင်ချကာ ပခုံးကို ဖွဖွသိုင်းဖက်ပြီး

"လင်းလင်းက စိုးရိမ်လွန်နေတာပါကွာ၊ သမီးကို ကိုမိုးနားလည်တယ်၊ ယုံလည်း ယုံတယ်၊ သမီးက တစ်ဦးတည်းသောသမီးဆိုတော့ ရွယ်တူအဖော်ကို မက်မှာပေ့ါကွာ၊ ဒါကြောင့် သူငယ်ချင်းတွေနဲ့ စိတ်ကြိုက်လည်ပါစေ၊ ပျော်ပါစေကွာ"

"လင်းလင်းက အဲဒါကိုပြောတာ မဟုတ်ဘူး။ ကိုထောနဲ့အစီအစဉ်တွေရှိတာ သိရဲ့နဲ့ အလည်လွန်ပြီး တစ်ခုခုဖြစ်မှာစိုးရိမ်တာ၊ ပြီးတော့ သားထက်တို့အဖွဲ့ကို လင်းလင်း စိတ်မချဘူး၊ သမီးလေးကို မရအရ လိုချင်နေတာလေ"

"မိန်းမကလည်းကွာ မဆိုင်တာတွေကို တွေးပြီးစိတ်ပူနေပြန်ပြီ"

"ပူရတယ်ရှင့် ပူရတယ်"

"ကဲ ပူမနေပါနဲ့၊ သမီးကို ကိုမိုး ပွင့်ပွင့်လင်းလင်း ပြောပြီးသား"

"ဘာတွေပြောထားလဲ"





"လွတ်လပ်ခွင့်ပေးထားတာကို အခွင့်အရေးယူပြီး အလွဲသုံးစားလုပ်ပစ်မယ်ဆိုရင် ဒယ်ဒီ ချုပ်ချယ်ရမယ်လို့ ပြောပြီးသား၊ သမီးက ဘာပြောတယ်ထင်သလဲ"

"ဆိုစမ်းပါဦး"

"စိတ်ချပါတဲ့"

"ဟွန်း ယုံပေ့ါ၊ ယုံပါ ဦးမိုးသစ်ရယ်၊ သားသမီးယုံ စုံလုံးကန်းဆိုတဲ့ စကားပုံရှိတယ်ဆိုတာ သတိထားဦး၊ ငါ့သမီးလိမ္မာပါ့ဆိုပြီး ချီးမွမ်းနေတဲ့အချိန်မှာ ယောက်မမြင်းစီးထွက်ရုံမက လင်းတစီးပြီးထွက်သွားရင်"

"တော်ပါကွာ"

ဦးမိုးသစ် ဖနီးပါးစပ်ကို လက်ချောင်းလေးတွေနဲ့ တေ့ပိတ်ကာ ဟန့်တားလိုက်သည်။ သမီးကိုပြောရင် ဦးမိုးသစ် ဆတ်ဆတ်ထိမခံကာကွယ်တတ်သည်။

"လင်းလင်းက သမီးကို ချစ်လွန်းလို့ပါ ကိုမိုးရယ်၊ တစ်ခုခုအမှားအယွင်းဖြစ်မှာ စိုးရိမ်တယ်၊ သမီးကို ယုံတာတော့ယုံပေ့ါ၊ ဒါပေမဲ့အဆုံးအထိယုံပြီး လွှတ်ထားတာကိုတော့ လင်းလင်း အားမပေးချင်လို့ပါ"

ဒေါ်မိုးမိုးလင်းက ခင်ပွန်းသည်လက်ချောင်းတွေကို ဆုပ်ကိုင်လျက် လေသံလျှော့ချ၍ ခင်ပွန်းသည် နားဝင်အောင် ပြောလိုက်သေး



www.burmeseclassic.com

www.burmeseclassic.com



တယ်၊

လက်ဖဝါးကို နွေးနွေးလေးဆုပ်ကိုင်၍ ဖနီးသည်ပြောလျှင် ဦးမိုးသစ် ခေါင်းကို လေးလေးကြီး ညိတ်မိသွားသည်။

သမီးကို သူချစ်သလို ဖနီးသည်လည်း ချစ်သည်။ ဖနီးသည် ပြောသလို သမီးဘဝမှာ အမှားအယွင်းတစ်ခုခုဖြစ်တာမျိုးတော့ သူ လုံးဝအဖြစ်မခံနိုင်ပါ။

"လင်းလင်းပြောတာ ကိုမိုး နားလည်လားဟင်"

"အင်းပါကွာ"

ဦးမိုးသစ် အသံလေးလေးကြီးနဲ့ ခေါင်းညိတ်သည်။

"သမီးက လင်းလင်းနဲ့ကိုမိုးတို့အတွက် အဖိုးမဖြတ်နိုင်တဲ့ ရင်သွေးပါ၊ ရှားရှားပါးပါးရထားတဲ့ တစ်ဦးတည်းသော ရင်သွေးလေးပါ ကိုမိုးရယ်၊ ဒါကြောင့် လင်းလင်း စိုးရိမ်တာ၊ စိတ်ပူတာ၊ ကိုမိုးက အစွမ်းကုန်လွတ်လပ်ခွင့်ပေးထားတော့ သမီးလေးက လွတ်လပ်မှုများပြီး လမ်းချော်သွားမှာစိုးလို့ပါ၊ လင်းလင်းတို့ လက်မခံနိုင်တဲ့ သားထက်တို့လို လူငယ်တွေ, အဆင့်အတန်းမညီတဲ့ကောင်လေးတွေနဲ့ ငြိသွားတာ, ဘာညာဖြစ်မှာတွေးပြီးတော့ ကိုထောကို လက်ခံခဲ့တာလေ၊ ကိုထောကလွဲပြီး ဘယ်သူနဲ့မှ သမီးလေးကို မဖြစ်စေချင်တာ လင်းလင်းဆန္ဒ၊ ကိုမိုးရဲ့အကြီးမားဆုံး မျှော်လင့်ချက်လေ"

ဒေါ်မိုးမိုးလင်း ပြောချင်တာအားလုံးကို ဖြည်းဖြည်းအေးအေး





ပြောလိုက်မှ ဦးမိုးသစ် ခေါင်းတဆတ်ဆတ်ညိတ်လာသည်။

လွတ်လပ်ခွင့်ပေးထားတာတွေက သမီးအတွက် သိပ်များနေလို့ မဖြစ်တော့ဘူးဟု ဦးမိုးသစ် နားလည်စပြုလာသည်။

ဖနီးသည်ဆန္ဒက သူ့ရဲ့အကြီးမားဆုံး မျှော်လင့်ချက်ပဲ၊ သမီးကို စည်းစိမ်ထောဆိုတဲ့ လူရွယ်မှလွဲ၍ ဘယ်လူရွယ်နဲ့မှ အငြိမခံနိုင်။

"ကျေးဇူးပဲ လင်းလင်းရယ်၊ ကိုမိုးက သမီးပျော်ရွှင်လွတ်လပ်နေတာကိုပဲ မြင်ချင်နေတာလေ၊ အဲဒါကြောင့် လွတ်လပ်ခွင့်အပြည့်ပေးထားမိတယ်၊ ဒါပေမဲ့ လင်းလင်းပြောသလိုပဲ ကိုထောနဲ့ကလွဲပြီး သမီးကို ဘယ်သူနဲ့မှ အငြိမခံနိုင်ဘူး၊ နောက်ဆို ကိုမိုးဆင်ခြင်ပါ့မယ်ကွာ"

"အဲဒါဆိုရင် သမီးတောင်းဆိုသမျှကို မလိုက်လျောနဲ့၊ ဖျောင်းဖျောင်းဖျဖျလေး ထားပေါ့၊ သမီးက ကိုမိုးစကားဆို ဘယ်တုန်းကမှ ပယ်ခဲ့တာမဟုတ်ဘူးလေ"

"ဟုတ်တယ်"

ဦးမိုးသစ် အလေးအနက်ခေါင်းညိတ်လိုက်သည်။ သမီးက သူက တစ်ဆို တစ်ပဲ ဖြစ်ခဲ့တဲ့သမီး။

သမီးမရိပ်မိအောင် အပြည့်အဝလေးထားတဲ့အခွင့်အရေးတွေကို မသိမသာလေး ပြန်ရုပ်သိမ်းပြီး ထိန်းထားမှ။

ဟုတ်တယ်။



www.burmeseclassic.com

www.burmeseclassic.com



"သမီးကို ဒယ်ဒီ ချစ်လွန်းလို့ လွတ်လပ်ခွင့်တချို့ ပြန်ရုပ်သိမ်းပါရစေကွယ်"

ဦးမိုးသစ်ရင်မှာ အသံတိတ် အမိန့်ပြန်ပြုလိုက်သည်။

✿ ✿ ✿



## အခန်း (၁၃)

မြက်ခင်းပြင်ကြီးက ကျောက်စိမ်းရည်သုတ်လိမ်းထားသလို တဖိတ်ဖိတ် စိမ်းအိနေသည်။

ကန်ရေပြင်ထက်မှ ငြိမ့်ငြိမ့်လေး တွားသွားနေတဲ့ လှိုင်းနုနုတို့ရဲ့ ဂီတသံ၊ လေချိုနုအေးတို့ရဲ့ တယောထိုးသံတို့နဲ့အတူ ကျေးငှက်တို့၏ တေးသီဟစ်ကြွေးသံက မြက်ခင်းစိမ်းစိမ်းထက်မှ အသော့ကလေး ပြေးလွှားနေသည်။

မြက်ခင်းစပ်နှင့်ကပ်လျက် ရင့်ကားလေး ထိုးရပ်လာသည်။ ကားပေါ်မှ ရင့် ဆင်းလျက် ကားဘေးမှီကာ စမတ်ကျကျ လက်ပိုက်ရပ်၏။ နေ လာမယ့်လမ်းဆီ ငေးကြည့်လိုက်၊ ဆံပင်ဖွဖွလေးတွေကို



www.burmeseclassic.com

www.burmeseclassic.com



လက်ချောင်းကလေးတွေနဲ့ ထိုးသပ်လိုက်နှင့် နေ့ကို စိတ်ရှည်လက်ရှည်စောင့်နေရှာတဲ့ ရင့် ရယ်ပါ။

နေက ရင့်ထက် ဦးစွာ ရောက်နှင့်နေသည်ကို ရင့် မသိရှာ။ နေ့ကားလေးကို ကမ်းစပ်သစ်ပင်တန်းတွေနောက်မှာရပ်လျက် ရင့်အလာကို စောင့်ကြည့်နေခဲ့တာ အတန်ကြာ။

ဘေးတိုက်ကျကျ လှမ်းမြင်နေရတဲ့ ရင့်က စမတ်ကျကျဖြစ်နေသည်။ အဝါနဲ့အညိုစင်းများနေသည့် ရှပ်လက်တိုကို အညိုရောင်စတိုင်ပင်နဲ့ တွဲဝတ်သည်။

လည်ပင်းကြယ်သီးတစ်လုံးဖြုတ်ကာ နက်တိုင်အဝါရောင်ကို မလျော့ရိလျော့ရဲ စည်းထားပုံက တစ်မျိုးကြည့်ကောင်းနေသည်။

နေ ကားပေါ်ကဆင်းလိုက်ပြီး မြက်ခင်းပြင်ပေါ် ခြေစုံရပ်ကာ

"ရင့်"

လို့ ပုံမှန်အသံလေးနဲ့ လှမ်းခေါ်လိုက်သည်။ လေပြည်ညင်းလေး ချီသွေးလာတဲ့ခေါ်သံ။

နားစည်ထဲ ချိုချိုမြိန်မြိန်လာရိုက်ခတ်၏။ ထိုအခါ ရင့် ဖျတ်ခနဲနောက်လှည့်ကာ အသံလာရာဆီ စူးစမ်းသလိုကြည့်လျှင် နေ့ကိုမြင်သွားသည်။

"နေ"

ရင်ထဲက ခေါ်သံနဲ့ တည်တည်ငြိမ်ငြိမ် လှမ်းကြည့်သည်။





ဝါဖွင့်သော အပေါ်အင်္ကျီကို အထဲက အဖြူတစ်ထပ်ခံဝတ်ကာ ခါးအောက်မှာ ဘေးတစောင်းဖဲကြိုးကြီး စည်းနှောင်ထားတဲ့ဒီဇိုင်းဖြစ်သည်။ ကိုယ်ကျပ်ဘောင်းဘီရှည် အဝါရောင်နုနုလေးနဲ့မို့ နေက ခေတ်ဆန်ကာ လိုက်ဖက်တဲ့ဒီဇိုင်းနဲ့ ဖြစ်သည်။

ဆံပင်ကို အပေါ်တစ်ဝက်စည်းနှောင်လျက် အင်္ကျီမှာ စည်းနှောင်ထားတဲ့ ဖဲကြိုးပုံနဲ့ ဒီဇိုင်းတူ အလှဖဲကြိုးရှည်စည်းနှောင်ထားသည်က လေပြည်အဆော့မှာ တလူလူလွင့်နေတော့ အလှတစ်မျိုးတိုးနေတဲ့ နေနှင်းဆီ။

နှစ်ယောက်စလုံးရဲ့အကြည့်တွေ တည့်တည့်မတ်မတ်ခုံသွားသည်။ နေ ဦးစွာ မျက်လွှာချ၍ ကန့်ရေပြင်ဘက် မျက်နှာမူလိုက်လျှင် ရင့်ရဲ့သံစဉ်ကို ကြားရသည်။

ခြေလှမ်းနှစ်ဆယ်ကျော်မျှ လှမ်းလာတဲ့နောက်မှာ စူးရှရှကိုယ်သင်းရနံ့လေး ပျံ့လွင့်လာသည်။

ထိုရနံ့က ရင့်ရဲ့ ကိုယ်သင်းရနံ့ပေါ့လို့တွေးရင်း ရှူရှိုက်မိသွားသည်။

"နေ"

ခေါ်သံက နေ့နောက် လည်တိုင်ကိုလာရိုက်ခတ်၏။

ငုံ့ကြည့်မိတဲ့ နေ့မျက်ဝန်းက ရင့်ပခုံးစွန်းကိုမြင်ရသည်။ သိသိသာသာကြီးအရပ်မြင့်လွန်းတဲ့ ရင့်မျက်နှာကို မော့ကြည့်ဖို့ နေ မဝံ့ရဲ။



www.burmeseclassic.com

www.burmeseclassic.com



နီးနီးကပ်ကပ်ဖြစ်နေတဲ့အတွက် တစ်ယောက်ကိုယ်သင်းရနံ့ကို တစ်ယောက်ရှူရှိုက်မိပြန်သည်။

နေ့မျက်နှာဝိုင်းလေးနဲ့ လည်တိုင်မှတစ်ဆင့် အသက်ရှူလိုက်တဲ့ မို့မို့လေးမြင့်ကြွားသွားတဲ့ ရင်အုံနှင့် ခါးအောက်မှ ကိုယ်အလှကောက်ကြောင်းတွေဆီ ရွေ့ဆင်းသွားတဲ့ ရင့်မျက်ဝန်း။

နေစီးထားတဲ့ ရွှေမှုန်လေးများလက်ထနေသည့် ကြိုးသိုင်းထောင့်ချွန်ဖိနပ်လေးအထိ ရောက်သွား၏။

ထိုအခါ အနံ့တစ်ကိုယ်လုံး တောင့်မတ်ကာ ခြေဖျားလက်ဖျားတွေပါ အေးစက်စက်ဖြစ်လာသည်။

"ရင့် ဘာပြောမလို့လဲ၊ ပြောလေ"

နေ မော့မကြည့်ဘဲ တိုးတိုးလေးမေးမိသည်။ ရင့်မျက်ဝန်းအစုံက နေ့တစ်ကိုယ်လုံးကို မက်မောပျော်ဝင်စွာ ကြည့်မိသွားရာမှ နေ့နှုတ်ခမ်းသားဖူးဖူးလေးဆီ ရောက်သွားသည်။

ဆေးရောင်ဆိုးမထားတဲ့ နေ့နှုတ်ခမ်းလွှာလေးက သဘာဝအတိုင်း ပန်းနုသွေးရောင်လေး လွှမ်းကာ။ နေ့နှုတ်ခမ်းဆီက အကြည့်တွေ မရုပ်သိမ်းတော့ဘဲ

"နေ့မှာ ချစ်သူရှိလား"

လို့ မေးလျှင်

"ရှင်"





နေ ဖျတ်ခနဲ မျက်ဝန်းလေးပင့်ကာ ရင့်ကို မော့ကြည့်မိသွားသည်။

"ပြောလေ နေ့မှာ ချစ်သူရှိလား"

ဒီမေးခွန်းကို နေ ဘယ်လိုဖြေရမလဲ။ နှစ်ယောက်တည်းအခုမှ မျက်နှာချင်းဆိုင်တွေ့ကြသည်။

တွေ့တာနဲ့ ဘာညာစကားပလ္လင်မခံဘဲနဲ့ ချစ်သူရှိလားတဲ့။

ရင့် ဘာကိုရည်ရွယ်ပြီး တဲ့ကြီးမေးနေတာလဲ။ ရင့်ခြေလှမ်းရှေ့တိုးရပ်လျှင် နေတို့နှစ်ယောက် ထိလုမတတ် နီးကပ်သွား၏။

"နေ ဖြေလေ."

နေ့ပခုံးစွန်းတစ်ဖက်ကို ဖွဖွကိုင်၍ နေ့မျက်နှာလေးရှောင်လွဲမရအောင် ရင့်ပုံ့ကြည့်ရင်း အဖြေမရမချင်း မေးသည်။ ရင့်လက်ဖဝါးကို ပခုံးပေါ်မှ နေ ပုတ်ချသည်။

ရင့် မဖယ်။ ကျန်လက်တစ်ဖက်နှင့် နေ့မေးဖျားလေးကို ဖွဖွပင့်ကိုင်လျှင် နေ့ရင်ခုန်သံ တဒိုင်းဒိုင်းမြည်သွားသည်။

"အို ဖယ်"

လို့ ပြောမိတဲ့နေ့အသံလေးက အားပျော့လှသည်။ ရင့်မဖယ်။ မေးဖျားလေး ဖျစ်ကိုင်ကာ မျက်နှာလေးကို ပင့်မော့ပြီး –

"နေ"

"ဖယ်ပါဆို"



www.burmeseclassic.com

www.burmeseclassic.com



"ဖယ်စေချင်ရင် ပြောလေ၊ နေ့မှာ ချစ်သူရှိလား"

နေ့နှုတ်ခမ်းသားလေး ရင်ခုန်စွာ ဆွဲဆန့်လိုက်ပြီး ခေါင်းအသာယမ်းကာ

"မရှိဘူး"

လို့ အသံတိတ်အမူအရာနှင့် ဖြေလိုက်သည်။ ရင့် မျက်မှောင်ကြုတ်ကြည့်ပြီး

"ဒါဆို ဟိုတစ်နေ့ ကုန်တိုက်ထဲက တွဲထွက်လာတာက"

"အိုး ကိုထောလေ၊ ကိုထောက"

နေ စကားဆုံးအောင် မပြောတော့။ ချက်ချင်း ဖြတ်တောက်လိုက်မိသည်။

"ဘာဖြစ်လဲ၊ ကိုထောနဲ့ နေက"

နေ သက်ပြင်းလေးချကာ ရင့်လက်တွေကို ဖယ်ပစ်သည်။ ရင့်ရှေ့မှာ ရင်ဆိုင်မနေဝံ့တဲ့စိတ်နဲ့ ရင့်ရှေ့မှရှောင်ကာ ရေကန်စပ်ဆီ လျှောက်ထွက်ခဲ့သည်။

နေနောက်မှာ ရင့် ထက်ကြပ်မကွာ ကပ်လျှောက်ခဲ့ရင်း သိချင်တာကိုပဲ ဖိမေး၏။

"ဘာလဲ ပြောလေ"

"ဟို ဟို ခင်တာပါ"

"ခင်ရုံပဲလား"





"အင်း၊ ဟိုလေ နေက အစ်ကိုတစ်ယောက်လို အားကိုးတယ်၊ ဒယ်ဒီတို့ကတော့ ဘာညာဖြစ်စေချင်တာပေါ့၊ ဒါပါပဲ"

နေ ဖွဖွပြောရင်း ကမ်းစပ်ဘေးမှ မြက်ခင်းစိမ်းနုနုတွေပေါ် ခြေစုံရပ်ကာ ကန်ရေပြင်လယ်ကျွန်းဆီမှ ထပျံသွားတဲ့ ငှက်ကလေးတွေဆီ လိုက်ကြည့်မိသည်။

ရင့် အားမလိုအားမရဖြစ်သွားကာ ဖိခေါ်ပြန်သည်။

"နေ"

"ဘာလဲလို့"

နေ နှုတ်ခမ်းဆူပြီး ထူးသည်က ရင့်ရင်ခုန်စိတ်ကို ပိုမြန်စေသည်။

"ကိုထောနဲ့နေ ချစ်သူမဟုတ်ဘူးပေါ့"

"ဟင့်အင်း"

နေ ခေါင်းလေးယမ်းလျှင် ရင့်မျက်ဝန်းက ရင်ခုန်သံတို့နဲ့ ရွှန်းလဲ့ကြည်နူးသွားသည်။ နေ့ ရင့်ရှေ့ ခြေလှမ်းတိုးရပ်ပြီး –

"ချစ်သူမဟုတ်ဘဲနဲ့ နေက ဘာဖြစ်လို့ လက်တွဲထားရတာလဲ"

"ဟွန်း နေက ရိုးရိုးသားသားပါနော်၊ ဘာစိတ်နဲ့မှ မဟုတ်ဘူး"

"ယုံရမလား"



www.burmeseclassic.com

www.burmeseclassic.com



ရင့် မျက်ခုံးပင့်ပြီးမေးလျှင် နေ့နှုတ်ခမ်းသား စူချွန်ကာ မျက်စောင်းနုနုထိုးပြီး –

"မယုံရင်နေပေါ့"

"နေမယ်လေ၊ နေ့အနားမှာ ချစ်သူလိုနေမယ်"

"ဘာ"

ရင့် ပခုံးလေးပင့်ကာ ပြုံးသည်။ ရင့်ကို မျက်ဝန်းဝိုင်းလေးနဲ့ မော့ကြည့်နေတဲ့ နေ့မျက်ဝန်းအလယ်တည့်တည့်ကို စူးစိုက်ကြည့်လျက် ဖွဖွပြောသည်။

"နေနဲ့ ချစ်သူလိုနေချင်တယ်"

"အို သွား"

နေ မျက်လွှာချ၍ မျက်နှာလေးပွဆူပြီး ရင့်ရှေ့မှ လှည့်ထွက်ခဲ့သည်။

"နေ"

ခေါ်ရင်း လှည့်ထွက်သွားတဲ့ နေ့လက်ဖျားလေးကို ဆွဲယူဆုပ်ကိုင်လိုက်သည်။ နေ ရင်ခုန်စိတ်နဲ့ ရုန်းပေမယ့် ရင့် လွှတ်မပေး။ မိမိရရဆွဲယူပြီး နေ့လက်ချောင်းလေးတွေကို ငုံ့မွှေးပြီး

"နေ့ကိုချစ်တယ်"

လို့ မျက်ခွံပင့်လျက်သားနဲ့ စိုက်ကြည့်ပြီး ရင့်ပြောဇာ်။

"အို"





နေ့ရင်တွေ ပရမ်းပတာလှုပ်ခုန်သွားကာ အကြည့်တွေလွှဲဖို့ မေ့လျော့သွားသည်။

ဆုပ်ကိုင်ခံထားရတဲ့ လက်ဖျားလေးကတစ်ဆင့် နှလုံးသားအထိ နွေးဖြာလာသည်။

"ချစ်တယ်နော်၊ နေရော ရင့်ကိုချစ်တယ်မဟုတ်လား၊ ပြောလေ နေ၊ ချစ်တယ် မဟုတ်လား"

နေ့လက်ဖျားမှတစ်ဆင့် ပခုံးစွန်းနှစ်ဖက်ကို ဖွဖွဆုပ်ကိုင်ရင်းမေးဇာ်။

နေ မျက်လွှာလေးစင်းချလိုက်တော့ ပခုံးစွန်းကို ဆုပ်ကိုင်လာသည့် ရင့်လက်ခုံစောင်း မွေးညင်းရိပ်ရိပ်လေးတွေကို မြင်ရသည်။

လက်ချောင်းများက ဖြူနုသွယ်လျနေလျက် မွေးညင်းတို့ဖြာစင်းနေတာ မြင်ရတဲ့လက်တို့က ယောကျ်ားပီသစွာ ဆွဲဆောင်မှုတို့ရှိနေပြန်သည်။

"နေ ချစ်ကြစို့နော်"

ဟင့်အင်းလို့ ခေါင်းခါဖို့ နေ အင်အားမဲ့သလို ဖြစ်သွားသည်။ ရင့်ကို နေ ချစ်နေမိတာလား မသေချာပေမယ့် နေ ရင်ခုန်နေသည်။ တဒိုင်းဒိုင်းနဲ့ ရင်ခုန်သံတွေ မြည်ဟည်းလာသည်။

"ချစ်ကြမယ်နော် နေ"

ခေါင်းကို ငုံ့၍ နားရွက်ဖျားဆီ ရင့်နှုတ်ခမ်းလွှာဖွင့်၍ တိုးတိုး



www.burmeseclassic.com

www.burmeseclassic.com



လေး ရွတ်ပြ၏။

ထို့နောက် နှေ့ကိုယ်လုံးလေးကို သိုင်း၍ထွေးဖက်လျှင် နှေ့ကိုယ်လုံးလေး ပျော့နွဲ့ကာ ရင့်ရင်ခွင်ထဲ အိကျသွား၏။

"သိပ်ချစ်တယ် နေရယ်"

လို့ လှိုက်လှိုက်လှဲလှဲပြောသံလေးနောက်

"အို့"

ရှက်လွန်းလို့ နှေ့မျက်နှာလေး ကာလာရဲရဲ ပြောင်းသွားကာ ရင့်ရင်ခွင်ထဲ ခေါင်းမဖော်စတမ်း တိုးဝင်သွားမိ၏။

နှေ့ဆံနွယ်လေးကို တယုယုသော့ကစားနေတဲ့ ရင့်လက်ချောင်းကလေးတွေကို နေ မြတ်နိုးသွားသည်။

ဆံနွယ်တိုကို ပါးပြင်လေးနဲ့ ပွတ်သပ်လေ့ရှိတဲ့ ရင့် အကြင်နာတွေထဲ နေ စီးဝင်သွား၏။

ရင့်ခါးကို နေ လက်နှစ်ဖက်နဲ့ သိုင်းဖက်မိပြီးတဲ့နောက် နှေ့နှုတ်ခမ်းလေးတွေ ပါးပြင်နုနုလေးတွေဟာ အချစ်တို့ဖြင့် နူးညံ့သိမ်မွေ့သွားတော့၏။

"ချစ်တယ် ရင့်ရယ်"

လို့ နှေ့နှလုံးသားမှ စာတန်းလေးကို နေကိုယ်တိုင် အသံထွက်ရွတ်မိသွားသည်။

ထိုအခါ လေပြည်ညင်းလေး ဖွဖွကျီစယ်တိုးဝှေ့သော သစ်





ရွက်ကလေးများ ညင်းညင်းညံ့ညံ့လှုပ်ယမ်းသွားသလို နှေ့နှလုံးသားသည်လည်း ရင့်အကြင်နာအနမ်းလေးတွေကြောင့် ညင်းညင်းညံ့ညံ့ ရင်ခုန်လှုပ်ရှားသွား၏။

လောကကြီးကို မေ့လျော့သွားလောက်အောင် နေ ခံစားမိသည်က ရင့် ရင်ခုန်မှု အချစ်ကဗျာတွေကိုပေါ့။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

"ချစ်တယ်" တဲ့။

ထိုစကားလုံးလေးကို ပြန်ရွတ်မိတိုင်း လှိုင်းစီးရသလို ငြိမ့်ငြိမ့်လေး မိန်းမူးသွား၏။

တောင်ပုံရာပုံဖြစ်နေတဲ့ ပန်းလွှာပုံကြီးထဲ ခုန်ဆင်းသည့်နှယ် နူးညံ့သိမ်မွေ့မှုတို့နှင့် အိစက်လျက်ရှိသည်။

ဇန်ဂိုးရဲ့နေကြာပန်းတွေထက် ဆွဲဆောင်အားရှိကာ မိုနာလီဇာရဲ့အပြုံးထက် သာလွန်တဲ့နှစ်လိုဖွယ်တို့ အပြည့်အတိ လွှမ်းနေ၏။

"ချစ်တယ်" ဆိုတဲ့ စကားလုံးကို အပြန်အလှန်ရင်ဖွင့်မှုတွေရဲ့နောက်မှာ နှစ်ချို့ဝိုင်လို ရှုတတ စွဲနေစေသည်။





"ချစ်တယ်" လို့ တစိမ့်စိမ့်တွေးလေ မြိန့်မြိန့်မြူးမြူးပျော်ဝင်လေ။

ရင်ခုန်သံစည်းချက်တို့ကလည်း တစ်ကိုယ်လုံးရှိ သွေးကြောမျှင်လေးတွေကို လှုပ်ဆွနှိုးဆော်ကာ အချစ်ပလ္လင်မှာ ယစ်မူးကြဖို့ အိုင်းစတိုင်းရဲ့ဆွဲအားထက် ပြင်းရှနေတော့၏။

"သမီး"

"နေ"

သမီးကို ဒေါ်မိုးမိုးလင်း အကြိမ်ကြိမ်ခေါ်နေမိသည်။ သမီးက ကြားဟန်လည်း မတူ။

ဟဟလေးပွင့်နေတဲ့ အခန်းတံခါးကို အသာတွန်းဖွင့်ကြည့်၏။ သမီးက မှန်တင်ခုံရှေ့ မတ်မတ်လေးထိုင်လျက်။ မှန်ထဲပေါ်နေတဲ့ မျက်နှာလေးကို တစိမ့်စိမ့်ကြည့်ရင်း ပြုံးနေသည့်နှုတ်ခမ်းတို့က မသိမသာလေး ရွရွလှုပ်နေ၏။

အင်း ဒေါ်မိုးမိုးလင်း သဘောပေါက်လိုက်သည်၊ သူမလည်း ငယ်ရာက ကြီးလာသူပဲ။ ဒီအရွယ်မှာ တွေးလိုက်၊ ပြုံးလိုက်၊ တတွတ်တွတ်ရွတ်လိုက်နဲ့ တစ်ကိုယ်တည်း စိတ်ကူးယဉ်ကြောမျှောနေတာက တခြားကြောင့် မဖြစ်နိုင်။သေချာတာက အချစ်ပဲဖြစ်ရမည်။

သမီးက ဘယ်သူ့ကို ချစ်မိနေပြီလဲ။ မေးခွန်းက ဒိုင်းခနဲပေါ်လာသည်။ ဒါပေမဲ့ ဒေါ်မိုးမိုးလင်း ဣန္ဒြေမပျက်အောင် မျက်နှာလေး



www.burmeseclassic.com

www.burmeseclassic.com



ပြင်သည်။

"သမီး နေ"

အသံမြှင့်ခေါ်၍ သမီးရှိရာ မှန်တင်ခုံအထိ ဝင်ခဲ့သည်။

"သမီး"

လို့ ခြေသံနဲ့ ခေါ်သံ နောက်ကျောမှာ နီးနီးကပ်ကပ်လာရိုက်ခတ်သလို မှန်ပေါ်မှာ ဘွားခနဲပေါ်လာတဲ့ မာမီ့ပုံရိပ်။

နေ လန့်လန့်ဖျပ်ဖျပ်လေးဖြစ်ကာ နောက်လှည့်ကြည့်မိသည်။

"မာမီ"

လို့ မလုံမလဲခေါ်ရင်း နေ ထရပ်ကာ မာမီ့ကိုဖက်၍ ရင်ခွင်ထဲ ဝင်တိုးလိုက်သည်။ ဒေါ်မိုးမိုးလင်း မသိမသာ တံတွေးမျိုချကာ သမီးပခုံးကို ပြန်ဖက်၍

"သမီး တွေးနေတာ ဘာတွေလဲဟင်"

"ချစ်တယ်ဆိုတဲ့အကြောင်းပေါ့လို့" ရင်ထဲမှာ ပြောမိသွားသည်။ သမီး ဘာမှမပြောတော့ ဒေါ်မိုးမိုးလင်း အားမလိုအားမရဖြစ်သွားသည်။ ရင်ခွင်ထဲ နစ်မြုပ်မတတ် တိုးဝင်နေတဲ့ သမီးမျက်နှာလေးကို ဆွဲယူမော့ကြည့်သည်။

ပါးပြင်ထက်မှ သွေးကြောမျှင်လေးတွေနဲ့ နှုတ်ခမ်းသားလေးတွေက ရှက်ရိပ်တို့နဲ့ ပန်းနုရောင်ပြေးနေသည်။ မလုံမလဲစိတ်လည်း ဖြစ်ကာနေသည်။





ဒေါ်မိုးမိုးလင်း ပို၍ပင် စိုးရိမ်စိတ်ကလေး ဝင်လာသည်။

"သမီး"

ပခုံးလေးကို လှုပ်၍ဖွဖွခေါ်သည်။ သမီးက မိခင်နဲ့ မျက်ဝန်းအဆုံမခံ။ မျက်လွှာလေးချလျက်

"ပြောလေ သမီး၊ ဘာပြောဖို့လဲ ဟင်"

"သမီး တစ်ခုခုခံစားနေရလားဟင်"

"ဟင့်အင်း"

မာမီ့ရင်ခွင်ထဲက ထွက်ကာ နှုတ်ခမ်းလေးစူကာ ခေါင်းလေးယမ်းပြသည်။ ဖြေတဲ့အသံလေးက တိုးတိုးလေးရယ်။

ဒေါ်မိုးမိုးလင်း အားမရနိုင်တော့။

သမီးကိုဖက်ထားတဲ့လက်တွေကို မဖြုတ်ဘဲ ပွေ့ထားလျက်ပဲ ခုတင်ဆီ ဆွဲခေါ်လာသည်။ သမီးက အလိုက်သင့်ပါလာရင်း

"မာမီက ဘာတွေမေးနေမှန်းမသိဘူး"

ဟု စူနွဲ့နွဲ့လေးမေးသည်။ ဒေါ်မိုးမိုးလင်း မသိမသာ သက်မချ၍ သမီးကို ခုတင်အလယ်မှာ ထိုင်စေသည်။ သူမလည်း သမီးနဲ့အတူ ခြေတွဲလောင်းချထိုင်ပြီး –

"မာမီ သိချင်လို့ မေးတာပေါ့၊ သမီး တစ်ခုခုကို စိတ်ကူးယဉ်ခံစားနေမိလား၊ ဘာလား မာမီ သိချင်လို့ မေးတာပါကွယ်၊ ပြောလေ သမီး၊ သမီး တစ်ယောက်ယောက်ကို စိတ်ညွတ်နေပြီလား၊ ကြိုက်



www.burmeseclassic.com

www.burmeseclassic.com



နေပြီလား''

''အိုး မာမီကလည်း မကြိုက်ပါဘူး''

နေ စိတ်ကူးယဥ်ဟန်အမူအရာတွေကို ဖျောက်ရင်း မာမို့ပခုံးမှာ ခေါင်းမှေးတင်၍ ပိပိရိရိညာပြောလိုက်သည်။

''သေချာလား သမီးရယ်''

ဒေါ်မိုးမိုးလင်း သမီးမျက်ဝန်းကို စိုက်ကြည့်ရင်း မယုံနိုင်စွာ မေးသည်။

''သေချာပါတယ် မာမီရဲ့ နေက ဘယ်သူ့ကိုကြိုက်ရမှာလဲ လို့''

''သိဘူးလေ၊ သမီးက မာမီ ဒီလောက်ခေါ်တာ မကြားဘူး။ မှန်ကြည့်ပြီး စိတ်ကူးတွေယဥ်နေတာ မြင်ရတော့ မာမီ ရင်ပူသွားတာပဲ၊ ဒါကြောင့် သေချာအောင် မေးရတာလေ''

''အိုး ရင်မပူပါနဲ့ မာမီရဲ့''

''ဒါဆို သမီးက မာမီထင်သလို မဟုတ်ဘူးပေါ့''

''ဟွန့် ဟုတ်စရာလားလို့''

ရင်ခွင်ထဲ ခေါင်းလေးဝှေ့၍ သမီးချွဲလျှင် ဒေါ်မိုးမိုးလင်းစိတ်မှာ ယုံကြည်သလိုဖြစ်သွား၏။ ပူပန်စိတ်လေးလည်း ပေါ့သွားသည်။

''အဲဒါဆိုရင် မာမီတစ်ခုပြောမယ်''

''ပြောပေါ့ မာမီရဲ့''





သမီးအသံလေးက အရင်လို ပေါ့ပေါ့ပါးပါးလေးဖြစ်လာသည်။ ထိုအခါ ဒေါ်မိုးမိုးလင်း သမီးစကားလုံးတွေကို ပိုမိုယုံကြည်သွားသည်။

ပြောစရာရှိတာကိုလည်း ပြောပြအသိပေးလိုက်ဖို့ ချက်ချင်းအတွေးဝင်လာသည်။ ရင်ခွင်ထဲမှာ သမီးမျက်နှာလေးကို ဆွဲယူ၍ မျက်နှာချင်းဆိုင်သည်။

ကြည်လဲ့ရွှန်းစိုနေတဲ့ သမီးမျက်ဝန်းကို တည့်တည့်စိုက်ကြည့်ပြီး ပြောသည်။

''အန်တီမေတို့လာတဲ့နေ့က မာမီတို့ လူကြီးချင်း စကားပြောပြီးပြီ''

''မာမီတို့က စကားအမြဲပြောနေကြတာပဲ၊ ဘာဆန်းလို့လဲ၊ ပြောပေါ့''

''ပြောတာက သမီးနဲ့ကိုထောကိစ္စလေ''

''ဟွန်း နေ စိတ်မဝင်စားဘူး မာမီ၊ ကိုထောကို နေ့အစ်ကို တစ်ယောက်လိုပဲ ချစ်တယ်လို့ ပြောပြီးပဲ''

''ဟုတ်ပါတယ်၊ အစ်ကိုတစ်ယောက်လိုချစ်တာက ဘဝအတွက် ပိုပြီးလေးနက်တယ်လေ၊ ကိုထောကလည်း သမီးကို ညီမလေးလို တယုတယရှိတယ်၊ ဒါကြောင့် မာမီနဲ့ဒယ်ဒီက ကိုထောနဲ့ပဲ စိတ်ချတယ်၊ ကိုထောနဲ့ပဲ သမီးလက်တွဲရမယ်၊ သမီးအန်တီက စေ့စပ်ပွဲ



www.burmeseclassic.com

www.burmeseclassic.com



လုပ်ထားချင်တယ်တဲ့"

"ဟွန့်"

နေ နှုတ်ခမ်းလေးစူချွန်ကာ သဘောမတူကြောင်း လုပ်ပြလိုက်သည်။ ဒေါ်မိုးမိုးလင်း သမီးဆံနွယ်ဖြောင့်ဖြောင့်လေးကို တယုတယ ပွတ်သပ်ချော့မော့ရင်း ပြောစရာရှိတာကို အဆုံးအထိပြောသည်။

"သမီးဒယ်ဒီက လက်ခံလိုက်တယ်"

"အိုး နေ့ကိုမမေးဘဲနဲ့၊ ဒယ်ဒီ မကောင်းဘူး"

နေ မျက်နှာအပျက်ကြီးပျက်ကာ ဝေါခနဲပြောချလိုက်သည်။ ပြောရင်းလည်း မာမီရင်ခွင်ထဲက ရုန်းထလာကာ ခြေဖနောင့်လေးဆောင့်၍ မာမီ့ကို ကျောခိုင်းရပ်နေလိုက်သည်။

ဒေါ်မိုးမိုးလင်းက သက်မ,ချကာ ပြုံးသည်။ သမီးက ဒီလိုပဲ ဂျိုကျနေကျ။ ဖနောင့်ဆောင့်ကာ ချွဲနေကျ။

သမီးအကြောင်း သိနှင့်တာမို့ ဒေါ်မိုးမိုးလင်း ပြုံးမိခြင်း။

"မာမီလည်း မကောင်းဘူး၊ သွား။ မာမီလည်း မချစ်တော့ဘူး၊ ဒယ်ဒီလည်း မချစ်တော့ဘူး၊ ဟင့် ဟင့် ဟင့်"

သမီးမရိပ်မိအောင် အပြုံးတွေကိုသိမ်း၍ ထ,ရပ်သည်။ သမီးက ခြေဖနောင့်လေးဆောင့်ပြီး ငိုချင်သလိုလိုနဲ့ ဖျစ်ညှစ်ငိုသံတဲ့အသံလေး ထုတ်သည်။

သမီးပခုံးကို အသာဆွဲယူပြီး





"သမီးကလည်းကွယ် ဒါ ငိုချင်စရာလား"

"ငိုစရာပေါ့၊ ဟင့် ဟင့် ဟင့်"

ပြောလိုက်ခါမှ သမီးမျက်ဝန်းထဲက ဖျစ်ညှစ်ထုတ်ထားတဲ့ မျက်ရည်ကြည်တွေ ဝေါခနဲပြိုဆင်းသည်။

"အိုး သမီးကလည်း"

သမီးမျက်ရည်တွေမြင်တော့ ဒေါ်မိုးမိုးလင်း ပျာယာခတ်သွားသည်။ ပါးပြင်ပေါ်က မျက်ရည်ဥတွေကို တယုတယသုတ်ပေး၍

"ငိုစရာမဟုတ်တာကို ကြံဖန်ပြီး ငိုနေရတယ်လို့၊ တိတ်ပါ သမီးရယ်၊ တိတ်၊ မာမီက သမီးသိအောင် ပြောပြတာလေ၊ တစ်ခုခု ပြောချင်ရင် သမီးဒယ်ဒီကို သမီးပြောပေါ့၊ ဟုတ်ပြီလား နော်၊ သမီး"

"အင်း ပြောမယ်၊ ခုပဲ ပြောမယ်"

နေ လက်ကျန်မျက်ရည်တွေကို ပါးပြင်ထက်မှ ခပ်ကြမ်းကြမ်း ဖိသုတ်သည်။ ပြီးနောက် ချက်ချင်းပဲ စားပွဲပေါ်တင်ထားတဲ့ လက်ကိုင်ဖုန်းဆီ သွားသည်။

ဒေါ်မိုးမိုးလင်းက ခင်ပွန်းသည်နဲ့ သေချာဆွေးနွေးပြီးသား။

သမီး ဘာညာပြောရင် ခင်ပွန်းသည်က သမီးလက်ခံအောင် ဖျောင်းဖျဖို့ စကားလုံးတွေစုပြီးသား။ ဒါကြောင့် ခင်ပွန်းသည်ဘက် သမီးကို ခေါင်းလှည့်ပေးလိုက်ခြင်း။

နေ လက်ကိုင်ဖုန်းကောက်ယူလျှင်



www.burmeseclassic.com

www.burmeseclassic.com



"တီ တီ တီ"

နဲ့ ဖုန်းသံစဉ်ထမြည်လာသည်။ ဖုန်းကောက်ယူ၍ နံပါတ်ကို ကြည့်လိုက်လေတော့

"ဟင်"

အံ့သြတဲ့ နေ့မျက်ဝန်းလေးက ချိုမြိန်ရှတသွား၏။

"ဘယ်သူလဲ သမီး"

လို့ မာမီနောက်မှမေးလျှင် နေ ကိုယ်ရှိန်သတ်ပြီး

"ဟို ဟို လေ၊ ကိုထောပေါ့" လို့။

နေ ကမန်းကတန်း ကိုထောကို ဆွဲပြောလိုက်သည်။ ထိုအခါ မာမီကျေနပ်စွာ ပြုံး၍ အလိုက်သိသိ အခန်းထဲက ထွက်သွားသည်။

နေ လှိုက်ခနဲ ရင်ခုန်မြူးထူးသွားသည်။ မာမီ ထွက်သွားပြီးသည်နှင့် နေ့အခန်းတံခါးကို အသေအချာပိတ်သည်။ ရင့်ဆက်တာသိရင် မာမီ ဘာဖြစ်သွားမလဲဆိုတာ နေ သိနေသည်။

ဒါကြောင့် ကိုထောလို့ ညာပြောမိခြင်း။

ခုလိုဆိုတော့လည်း ကိုထောကို ခုတုံးလုပ်ရတာ အရသာအရှိသား။ ဖုန်းကို နားနားကပ်၍

"ရင့် ရင့် ဟုတ်တယ်နော်၊ ပြောလေ"

နေ ရင်ခုန်သံတွေ မြန်ဆန်သွားသည်။ ချစ်သူ့အသံက နလုံးသားအတွက် အလိုအပ်ဆုံး ဂီတသံနယ်ပါကွယ်။





"နေ့ကို လွမ်းလို့ တွေ့ချင်တယ်ကွာ၊ ပြီးတော့ နေ့ရင်ခုန်သံတွေ ဆူညံသွားအောင် ရင့် ဖန်တီးထားတဲ့လေးတွေ ရှိတယ်၊ နေ ကြည့်မယ်မဟုတ်လား"

"အင်း၊ ကြည့်မှာပေါ့"

"ဒါဆို လာခဲ့လေ"

"ဘယ်တော့လဲ"

"အခု"

"အိုကေ၊ နေ လာခဲ့မယ်"

"အနမ်းတွေလည်း ယူခဲ့"

"သွား၊ အကဲပို"

"တကယ်ပြောတာ နေ့နှုတ်ခမ်းတွေကို လွမ်းတယ်၊ နေ့အနမ်းတွေကို အထပ်ထပ်မွှေးချင်တယ်၊ အနမ်းတွေပေးဖို့ မြန်မြန်လာခဲ့ အချစ်ရယ်"

"ဟွန်း"

နေ ကြည်ကြည်ဖြူဖြူ မချိုပြုံး ပြုံးမိသွားသည်။ ဖုန်းကို နားမှခွာကာ ကျေကျေနပ်နပ်ကြီး ခေါင်းညိတ်မိ၏။

ရင့်အတွက် အနမ်းတွေက

ဟိ ဟိ

နေ့နှလုံးသားမှာ အပြည့်အမောက်ပါကွယ်လို့ မရှက်တမ်းဘဲ



www.burmeseclassic.com

www.burmeseclassic.com



တိုးတိုးပြောမိသွားသည်။

ခုချိန်မှာ ဒယ်ဒီ့ကို မကျေမနပ်ပြောဖို့ဆိုဖို့တွေလည်း မေ့သွားသည်။ ချစ်ခြင်းက ချစ်သူနဲ့ချစ်ဖို့ကလွဲပြီး အရာရာကိုမေ့လျော့စေတဲ့ ဆေးတစ်မျိုးပါပဲ။

နေတွေးမိတဲ့. ချစ်တယ်ဆိုတဲ့စကားလုံးလေးအတိုင်းပေါ့။

ဟုတ်တယ်နော် ရင့်။

✿ ✿ ✿



## အခန်း (၁၅)

ဆံပင်အားလုံးကို နောက်မှာ မြင့်မြင့်လေး စည်းနှောင်ထားသဖြင့် သမီးမျက်နှာနုနုလေးက လပြည့်ဝန်းကြီးထိန်ထိန်သာနေသလို ပြည့်ဝိုင်းလင်းဖြာနေသည်။

ရွှေအိုရောင်ဖျော့ဖျော့ဘောင်းဘီရှည်နဲ့မို့ ဖြောင့်စင်းတဲ့ပေါင်နဲ့ ခြေတံတို့ကအစ အလှတွေ ထင်းနေသည်။

လည်တိုင်အပိတ် ကိုယ်ကျပ်လက်ရှည်ခါးရှည်ပေါ် ဇီရှိုတ်ပုံရှေ့ကွဲကုတ်ပုံအင်္ကျီလေးနဲ့ ကုတ်အင်္ကျီအိတ်ထဲ လက်နှစ်ဖက်လျှိုပြီး သွက်သွက်လေးဆင်းလာတဲ့ သမီးက ကိုးရိုးယားမင်းသမီးတွေထက် အလှနဲ့ဆွဲအား ပိုသာတယ်လို့ ဒေါ်မိုးမိုးလင်း ထင်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"သမီး"

လှေကားအောက်ဆုံးထစ်ကိုရောက်သည်နှင့် ဒေါ်မိုးမိုးလင်း ခေါ်လိုက်သည်။ တစ်ဆက်တည်းလည်း ထိုင်နေရာမှ ထ,သွားပြီး ပြောသည်။

"သမီး အဆင်သင့်ပဲ မဟုတ်လား၊ မာမီတောင် အခုပဲ သမီးကို အပေါ်တက်ခေါ်တော့တော့မလို့၊ သမီးခြေသံကြားတာနဲ့ စောင့်နေလိုက်တာ၊ ဒီမှာလေ ကိုထောရောက်နေတယ်၊ သမီးနဲ့ တွေ့ချင်လို့တဲ့"

ပြောသံက နေ့ရင်ထဲက ဗီလင်တွေပါ ပျက်ကုန်သလိုဖြစ်၏။ နေ နှုတ်ခမ်းလေးဆူ၍ မာမ့်ကိုကျော်ကြည့်သည်။

ဆိုဖာပေါ် စမတ်ကျကျထိုင်နေတဲ့ ကိုထောက နေ့ကိုကြည့်၍ ပြုံးပြနှုတ်ဆက်သည်။

"နေ အပြင်သွားဖို့ထင်တယ်၊ ကိုယ် လိုက်ပို့ပေးမယ်၊ အန်ကယ်က နေသွားချင်တဲ့ဆီ ပို့ပေးလိုက်ပါတဲ့၊ လာ နေ သွားစို့"

ကိုထောပြောရင်း ဆိုဖာပေါ်မှထ,ကာ နေ့ဆီ လျှောက်လာသည်။

ကိုထောက ရင့်လို အရပ်မမြင့်ပေမယ့် အသားဖြူကာ မျက်နှာ ကျုံ့လှသည်။ နှုတ်ခမ်းလေး မသိမသာထူတာလေးကလွဲရင်း မျက်လုံး မျက်ခုံးနဲ့ နှာတံကအစ အပြစ်ပြောစရာမရှိပေ။





နေ့ကို ရွှန်းရွှန်းစားကြည့်တဲ့မျက်ဝန်းက မည်မျှအထိ နေ့အလိုကိုလိုက်၊ အကြိုက်ဆောင် လိုက်လျောပါရစေ၊ လိုက်လျောဖို့ အသင့်ဖြစ်နေသည်။

ထိုမျက်ဝန်းကိုပဲ နေ အခွင့်အရေးယူရတော့မယ်။

လောလောဆယ် မာမီမရိပ်မိဖို့လည်း လိုတယ်လေ။

နေ ဟန်မပျက်အောင်ပြုံးလျက် –

ကိုထောစကားနောက် သံယောင်လိုက်၍ ခေါင်းညိတ်မိသည်။ မာမ့်မျက်နှာက ကျေနပ်စွာ ပြုံးချိုသွားပြီး

"ကဲ သမီး ကိုထောနဲ့လိုက်သွား။ နောက်နေ့တွေကစ, သမီး အပြင်ထွက်ရင် ကိုထောပဲလိုက်ပို့မယ်၊ သိလား၊ ကိုထောပါတော့ သမီး အဖော်ရတာပေါ့ကွယ်၊ ဟင်း ဟင်း၊ သွားကြ၊ သား ကိုထော ဖြည်းဖြည်းမောင်းနော်"

မာမီ တတွတ်တွတ်ပြောရင်း နေ့ကို ကိုထော ကားပေါ်တက်စေသည်။ မာမီကြောင့် ကားခေါင်းကိုပတ်၍ ကားမောင်းသူဘေး ရှေ့ခန်းမှာ ဝင်တက်ထိုင်ရ၏။ ကိုထော ကားမောင်းသူနေရာမှာ ဝင်ထိုင်ရင်း မာမ့်စကားကို အလေးအနက်ပြန်ပြောသည်။

"စိတ်ချပါ အန်တီ"

တဲ့။ ကိုထောကားလေး လျှောခနဲမောင်းထွက်သွားတော့ ဒေါ်မိုးမိုးလင်း ကြည်နူးစွာ သက်မချသည်။



www.burmeseclassic.com

www.burmeseclassic.com



သမီးကို ထိန်းချုပ်နိုင်ဖို့ သမီး ဘယ်သွားသွား ကိုထောကိုပဲ အနီးကပ်ရှိနေစေချင်သည်။ ဒါကြောင့် လင်မယားနှစ်ယောက် စိတ်တူကိုယ်တူ စီစဉ်ခြင်း။

စီစဉ်ထားတဲ့အတိုင်း သမီးအပြင်ထွက်ဖို့ အလုပ်ပြင်နေချိန်မှာ ကိုထောကို ဖုန်းဆက်ခေါ်ထားသည်။ ကိုထောက သမီးနဲ့အတူ အနီးကပ်နေရ, သွားရ, လာရမယ်ဆိုတော့ ချက်ချင်းပဲ ရောက်လာပြီး စောင့်နေလေရဲ့။

သမီး ကလန်ကဆန်မလုပ်တာဘဲ တော်သေးတယ်။

✿

"ကိုထော"

ကားပေါ်ရောက်သည်အထိ နေ စကားစ,မပြောသေး။

ကိုထော ကားကို မိန်းလမ်းပေါ်ချိုးကွေ့လိုက်သည်နှင့် နေ စ,ခေါ်လိုက်သည်။ ခေါ်မိတာက အကြောင်းမဲ့မဟုတ်။ ရင်ထဲက အကြံအစည်နဲ့ဖြစ်သည်။

"ပြော နေ"

ကားစက်အရှိန်မြှင့်၍ ရင့်ကိုငဲ့ကြည့်ကာ မေးသည်။ နေက





နှုတ်ခမ်းကို လှုလှုပပစူပြီး ပြောသည်။

"ကိုထောက ဘယ်သွားမှာလဲ"

"နေသွားချင်တဲ့ဆီ ပြော၊ ကိုယ် လိုက်ပို့မယ်"

"ပြီးတော့ရော"

"နေနားမှာ အဖော်နေပေးမှာပေါ့၊ သားထက်တို့ မနှောင့်ယှက်ရအောင်လေ"

နေ နှုတ်ခမ်းလေး ဆွဲဆန့်လိုက်ပြီး

"သားထက်တို့ကို နေ မကြောက်ပေါင်"

"မကြောက်တာက ကောင်းပါတယ်၊ ဒါပေမဲ့ အန္တရာယ်ဆိုတာ ကြိုတင်ကာကွယ်ထားတော့ ကောင်းတယ်၊ ကိုယ်ရှိနေတော့ သူ တို့ ဟော့ဟော့ရမ်းရမ်း မလုပ်ရဲဘူးလေ၊ ဟုတ်တယ်မဟုတ်လား နေ"

အမှန်တွေမို့ နေ ဘာမှပြန်မပြောတော့။ သားထက်တို့က နေတစ်ယောက်တည်းမြင်ရင် အရှူးအမူး မရအရလိုက်တတ်သည်။ ကိုထောနဲ့ တွဲလျက်မြင်ရရင် ကိုယ်ရှိန်သတ်ကာ ရှောင်ထွက်သွားကြ၏။ သားထက်တို့ ပြဿနာမရှိရင် နေ အကြောင်းပြလို့ရတန်ကောင်းရဲ့။

"နေ ဘယ်သွားချင်လဲ"

တဲ့။ နေ့ကို အလေးထားမြတ်နိုးစွာ ငဲ့ကြည့်၍မေးသည်။



www.burmeseclassic.com

www.burmeseclassic.com



နေ တွေခနဲဖြစ်သွားသည်။ နေသွားချင်တဲ့ နေရာတဲ့။ ရင်ထဲမှာရှိတဲ့ အတိုင်း ပြောလိုက်ရင် ကိုထော ဘာဖြစ်သွားမလဲ။

နေက ရင့်ဆီ သွားမှာ၊ ရင်နဲ့လည်း ချိန်းပြီးသား။

ခုတော့ ဘယ်လိုအကြောင်းပြရမလဲ။ နေ နှုတ်ခမ်းလွှာလေး ကို လက်ညှိုးလေးနဲ့ထောက်ပြီး စဉ်းစားကာ အကြံထုတ်ရသည်။

ကိုထောက နေ သွားချင်တဲ့ဆီ ပို့ပေးဖို့ စိတ်ရှည်လက်ရှည် ရှိလှသည်။

နေ့ဆန္ဒကိုလိုက်လျောရင်း သူ့ဆန္ဒကို တဖြည်းဖြည်း ထုတ် ပြောရင်ဖွင့်ရမည်။ သူ့အချစ်ကို နေလက်ခံဖို့ ကြိုးစားရမည်။ နေလက် ခံလျှင် အိုကေပြီ။

ကိုထောကလည်း ကိုထောရဲ့ အတွေးကောင်းလေးတွေနဲ့ ရယ်။

"အင်း ဘယ်သွားရမလဲဆိုတော့"

နေ တိုးတိုးလေးရွတ်ရင်း အဖြေထုတ်သည်။

"ဟုတ်ပြီ"

နေ့ရင်ထဲ အကြံကောင်းက ဒိုင်းခနဲ ဝင်လာသည်။ ဝင်လာတဲ့ အကြံအတိုင်း အားရဝမ်းသာပြောသည်။

"နေ ဇျူတီပါလာသွားမယ်၊ ဆံပင်ပုံ ပျက်နေပြီလေ၊ ဒီဇိုင်း ပြောင်းလိုက်မယ်"





"နေ့သဘောလေ၊ ဘယ်ဇျူတီပါလာလဲ"

"------ လေ၊ ------ လမ်းပေါ်မှာ၊ သိတယ်မဟုတ် လား"

"အင်း"

ကိုထော ကျေကျေနပ်နပ် ခေါင်းညိတ်သည်။ နေ သွားချင် တဲ့ ဇျူတီပါလာရှိရာလမ်းဆီ ချိုးလိုက်သည်။

"ကြာမှာလား နေ"

ကားမောင်းနေရာမှ လှည့်ကြည့်ရင်း ကိုထောမေးသည်။ နေက အကြံနဲ့မို့

"ကြာမှာပေါ့ ကိုထောရဲ့၊ အရင်ဆုံး ------ လုပ်မယ်၊ ပြီးမှ ဆံပင်ပြင်မယ်လေ၊ ကိုထော သွားစရာရှိရင်သွား။ နေတစ်ယောက် တည်း ဖြစ်ပါတယ်"

"အဲဒါဆိုရင် ပြီးရင် နေဖုန်းဆက်လိုက်၊ ကိုယ် လာကြိုမယ်"

"ဟို လာမကြိုလည်း မကြိုနဲ့၊ ကေကေတို့လည်း လာကြ မယ်"

ကေကေတို့နာမည်ကို နေ အရေးပေါ် ဆွဲသုံးမိပြန်သည်။

ကိုထောစိတ်မှာ တစ်မျိုးဖြစ်သွားသည်။ သူ့ကို နေ ရှောင် ဖယ်ချင်လို့လားဆိုတဲ့ မျက်ဝန်းနဲ့ကြည့်လျှင် နေ ဟက်ခနဲရယ်ချရင်း ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"တကယ်ပြောတာ ကိုထောရဲ့၊ ဒီနေ့ ဗျူတီပါလာမှာပဲ အချိန်ကုန်သွားမှာလေ၊ ဒါကြောင့်ပါ"

နေပြောတာလည်း ဟုတ်ပါရဲ့လို့ သူနားလည်သွားသည်။ ဗျူတီပါလာမှာဆို သူပြောချင်တာလည်း ပြောခွင့်ရမှာမဟုတ်ဘူး။

"နောက်နေ့မှာ ကိုထောနဲ့ လျှောက်လည်မယ်၊ ပြီးတော့ ရုပ်ရှင်လည်း အတူတူကြည့်မယ်လေ၊ နော် ကိုထော"

ထိုသို့ နောက်ဆက်တွဲ နေ လိုက်လိုက်လျောလျောပြောတော့ သူ့ရင်မှာ ကြည်ကြည်နူးနူးကြီး ဖြစ်သွားသည်။ အထူးသဖြင့် ရုပ်ရှင် အတူတူကြည့်မယ်ဆိုတဲ့အစီအစဉ်ကို သဘောတွေ့သွား၏။

သူ့မျက်နှာပေါ် ဖုံးဖိမရတဲ့ ကြည်နူးရင်ခုန်မှုတို့ ပြေးတက်လာသည်။

"အင်း ကောင်းတယ်နေ၊ ကိုယ် ရုပ်ရှင်လက်မှတ် ကြိုဝယ်လိုက်မယ်"

"ဝယ်လိုက်လေ၊ နေ့ကို ဗျူတီပါလာရှေ့မှာ ချပေးလိုက်"

သူ အလိုက်သင့်ခေါင်းညိတ်၍ ဗျူတီပါလာရှေ့မှာ ကားကို လျှောခနဲထိုးရပ်ပြီးသား ဖြစ်သွားသည်။

နေ သွက်သွက်ကလေး ကားပေါ်ကဆင်းသည်။ ကားခေါင်းရှေ့က ကွေ့ပတ်ကာ ကိုထောဘက် လာ၍ရပ်လျက်ပြောသည်။

"နေ ဗျူတီပါလာမှာ တစ်ယောက်တည်းနေရစ်ခဲ့တဲ့အ





ကြောင်း ဒယ်ဒီတို့ကို မပြောနဲ့နော် ကိုထော"

ကလေးဆန်တဲ့ မျက်နှာအမူအရာနဲ့ အပြောအဆိုကြောင့် နေ့ကို သူ ပိုပြီးချစ်မိတာပဲဖြစ်မယ်။

စည်းနှောင်ထားတဲ့ နေ့ဆံပင်အဖျားလေးကို ချစ်စနိုးဆွဲကာ ဖွဖွလေးပြန်လွှတ်ချရင်း သူ ခေါင်းညိတ်မိသွားသည်။

"စိတ်ချပါ နေရယ်"

"ကဲ အဲဒါဆို သွားတော့လေ"

"အင်း"

နေ လက်နှစ်ဖက်ကို အပြင်အင်္ကျီအိတ်ထဲ ရွရွလေးလျှိုထည့်၍ပြောသည်။ သူက ကျေကျေနပ်နပ်ပဲ ခေါင်းညိတ်သလို ကားကို လျှောခနဲ မောင်းထွက်သွားသည်က နေ့အလိုအတိုင်းပဲ ဖြစ်သည်။

ကိုထော ကားရိပ်ပျောက်ကွယ်သွားတဲ့အထိ နေ ရပ်ကြည့်လိုက်သည်။ နေ အကြံအောင်ပြီဆိုတဲ့အသိနဲ့လည်း ရင်တွေခုန်လာသည်။

ကိုထော ကားလေးပျောက်ကွယ်သွားမှ လျှိုထည့်ထားမိတဲ့ လက်တစ်ဖက်ကို အိတ်ထဲမှဆွဲထုတ်လျှင် လက်ကိုင်ဖုန်းအသင့်ပါလာသည်။

ရင့်ကို အကြောင်းကြားဖို့ ဖုန်းနံပါတ်နှိပ်လျှင် နေ့ရှေ့ ကား တစ်စီး လျှောခနဲ ထိုးဆိုက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



နေ မကြည့်မိ၊ ခြေလှမ်းဆုတ်ကာ ဖုန်းနံပါတ်ဆက်နှိပ်နေ၏။

"နေ"

ခေါ်သံ နားထဲ ဒိုင်းခနဲဝင်လာသည်။ ဖုန်းနံပါတ်နှိပ်နေတဲ့ လက်ညှိုးလေး တန့်သွားသလို ဖျတ်ခနဲ ကြည့်မိသွားသည်။

"ဟင် ရင့်"

အံ့သြမြူးထူးသွားတဲ့နေ့မျက်နှာလေးကို ရင့် တစိမ့်မိမ့်ကြည့်၍ ပြုံးမိသွားသည်။

"ကြည့်စမ်း နေ အခုပဲ ရင့်ဆီ ဖုန်းခေါ်နေတာ၊ ဘယ်က ဘယ်လိုနဲ့ နေ့ဆီ ချက်ချင်းရောက်လာတာလဲ"

နေ့ရှေ့ လျောခနဲရောက်လာတဲ့ကားက ရင့်ကား။ ကားမောင်းသူနေရာမှ ပြုံးပြုံးကြီး မော့ကြည့်နေတဲ့ ရင့်မျက်ဝန်းနဲ့ ဒိုင်းခနဲ ဆုံသည်။

နေ ရင်ခုန်စွာပဲ စိုက်ကြည့်၍မေး၏။

"နေ တိုက်ထဲက ထွက်လာမယ့်အချိန်ကို နေတို့ လမ်းချိုးကွေ့က ရင့် စောင့်နေတာဗျ၊ နေ ဟိုလူ့ကားပေါ်ပါ သွားတာမြင်တော့ ဒီကောင် ဟတ်ထိပြီး နောက်ကကပ်လိုက်လာတာ၊ ဘာရမလဲ"

"ဟွန်း နေ့ကို မယုံလို့ပေါ့"

"ပြောလို့ရမလား၊ ဟိုလူ့ကားနဲ့ ပါသွားတာ မျက်စိနဲ့ တပ်အပ်မြင်တာ၊ နေနဲ့ ဟိုလူ ဘယ်အခြေအနေလဲဆိုတာသိချင်လို့ ချောင်း





လိုက်လာတာ"

"အခုတော့ ဘာသိလဲ"

"နေက ရင့်ရင်ခွင်ထဲဝင်ဖို့ အဆင်သင့်ဖြစ်နေတယ်ဆိုတာ မြင်တယ်လေ၊ ခုမှပဲ ဒီကောင့်စိတ်လေး ကြည်လာတယ်၊ လာပါ ချစ်ရယ်"

နူးနူးညက်ညက်လေးပြောရင်း ကားပေါ်က ဆင်းကာ နေ့လက်ဖျားလေးဆွဲယူရင်း ခေါ်သည်။ နေ မူနွဲ့နွဲ့ဟန်လေးနဲ့ နှုတ်ခမ်းလေးစူကာ ချစ်သူကို ချွဲမိ၏။

"လာပါကွာ၊ တော်ကြာ ဟိုလူ မသက်သာဖြစ်ပြီး ရင့်ကို နောက်ကလိုက်ချောင်းနေရင် သွားပြီနော်၊ ရင့်တို့ ချစ်ခရီးလမ်း ဆူးတွေခင်းပြီး တံတိုင်းတွေဆီးကာသလို ဖြစ်သွားမယ်၊ လာလေ ရပ်မနေနဲ့၊ ရပ်နေရင် ရင့် ပွေ့ချီပြီး ကားတင်ပြေးရမလား၊ ဘယ့်နှယ်လဲ"

မျက်စနဲ့ ပြောရင်း ပခုံးချင်းဖွဖွတိုက်ကာ ရင့် မေး၏။

နေ ရင်ခုန်သံတွေ မြန်ဆန်သွားကာ ချစ်မျက်စောင်းလေးထိုးလျှင် ရင့် တကယ်ပွေ့ချီမယ့်အသွင်နဲ့ တိုးကပ်လာသည်။ နေ မျက်စောင်းနနလေး ထိုးမိပြန်သည်။ အများပိုင်းကြည့်နေတာတွေကိုလည်း သတိထားမိတာကြောင့် ရင့်ကို နေ ဆက်လက်အချွဲပိုမနေချင်တော့။

ခြေဖဝါးလေး ဖွဖွဆောင့်ကာ ကားမောင်းသူဘေးမှနေရာမှာ ဝင်ထိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



ရင့်က စိန်မခေါ်နဲ့ဆိုတဲ့ ချစ်မျက်ဝန်းရွှဲကြီးနဲ့ကြည့်၍ ကား မောင်းသူနေရာမှာ ဝင်ထိုင်သည်။ နေ နှုတ်ခမ်းလေးစူလျက်ကြည့်ပြီး

"နေ့ရင်ခုန်သံတွေ ဆူညံသွားအောင် ရင့် ဖန်တီးထားတာ ရှိတယ်ဆို၊ အဲဒါက ဘာလဲဟင်"

လို့ သိချင်စိတ်နဲ့မေးသည်။

ရင့် ကားကို လျောခနဲမောင်းထွက်ရင်း ပခုံးတွန့်ကာပြုံး သည်။

"နေ စိတ်ဝင်စားတယ်ပေါ့၊ ဟုတ်လား"

"ဟွန်း၊ စိတ်ဝင်စားတာထက် ပိုတယ်ရှင့်"

"အင်း၊ ဒါဆို နေ တအံ့တသြဖြစ်သွားအောင် ရင့် ပြမယ်၊ လောလောဆယ် မျက်လွှာပိတ်ထား"

"ဟင် မျက်လွှာပိတ်ထားရင် ဘယ်လိုမြင်ရမလဲလို့"

"ဘွားခနဲမြင်ရင် ရင်ခုန်သံတွေ ဒိုင်းခနဲပေါက်ထွက်လာမယ် နေရဲ့"

"ဟွန်း ရင့်ဟာကလည်း တစ်မျိုးပါလား"

"ဟုတ်တယ် တစ်မျိုးကြီးပဲ၊ ကဲ ရင့်ပြောသလို ခုကတည်းက မျက်လွှာပိတ်ထားကွာ"

"တကယ်ပဲ ရင်ခုန်သံ ပေါက်ထွက်လာမှာလား"

"လက်တွေ့ပြချင်လို့ပါကွာ၊ မျက်လွှာလေးစင်းချပြီး ဖွဖွလေး





ပိတ်ထား၊ ဝမ်း တူး သရီး ပိတ်ထားနော်"

ရင့် ဖန်တီးထားတဲ့ ပဟေဠိကို မြည်းစမ်းချင်တော့လည်း နေ မျက်ဝန်းကို ရင်ဖိုစွာပဲ ဖွဖွလေး ပိတ်ထားမိသည်။

နေ့အာရုံမှာ ကားပြတင်းပေါက်မှာ တဟူးဟူးပြေးဝင်လာတဲ့ လေချိုတွေက ပါးပြင်နဲ့တစ်ကိုယ်လုံးကို ပွေ့ဖက်သလို ခံစားရသည်။

ချစ်သူအလိုကျ မျက်လွှာလေးစင်းပိတ်ထားတဲ့ မျက်တောင် ကော့ကော့လေးအောက်မှ ပါးပြင်လေးညက်ညက်လေးကို ရင့် ခိုးနမ်း ချင်စိတ်တို့ဖြစ်လာသည်။

ရင့်စိတ်ကို နေ အလိုလိုနားလည်တာကြောင့် မျက်လွှာမဖွင့် ဘဲ ပြောသည်။

"ခိုးနမ်းဖို့တော့ စိတ်မကူးနဲ့နော်" တဲ့၊

"အဟင့်၊ ခိုးနမ်းစရာလား နေရယ်"

"ပြောလို့ရလား"

ရင့် ကြည်ကြည်နူးနူးပြုံးမိသွားကာ ခိုးနမ်းချင်တဲ့စိတ်ကို ကားအရှိန်လျှော့ချသလို တစ်ပြိုင်နက် လျှော့မိသွားသည်။

မလျှော့မိရင် အနမ်းတွေကြောင့် အက်ဆီးဒင့်ဖြစ်နိုင်ကောင်း သည်။ အက်ဆီးဒင့်တော့ အဖြစ်မခံနိုင်။

"ခိုးနမ်းမိရင်လည်း ချစ်လို့ပဲပေါ့ နေ၊ ဒါပေမဲ့ ခုလောလော တယ် ခိုးမနမ်းသေးဘူး၊ အလစ်ရမှ"



www.burmeseclassic.com

www.burmeseclassic.com



"ဟွန်း နေကလည်း အလွတ်ပေးပါလိမ့်မယ်၊ အားကြီးကြီး"

"စောင့်ကြည့်ရသေးတာပေါ့"

"စောင့် စောင့်၊ မရဘူးနော်၊ ဒါနဲ့ ဘယ်မှာလဲ၊ ဒီမှာ မျက်လွှာပိတ်ထားရတာ နေရခက်တယ်၊ ပြမယ်ဆို ပြတော့လေ"

"အင်း ခဏလေးသည်းခံ၊ နောက်ငါးမိနစ်လောက်ပဲ"

ရင့်ကား အရှိန်မြင့်၍ပြောလျှင် နေ ရင်ခုန်သံပေါက်ကွဲချင်တဲ့ စိတ်နဲ့ စက္ကန့်တွေကို အသံတိတ်ရေတွက်နေမိ၏။

တစ်စက္ကန့်

နှစ်စက္ကန့်

သုံးစက္ကန့် စသည်ဖြင့်။

✿ ✿ ✿



အခန်း (၁၆)

ကားလေး ငြိမ့်ခနဲ ထိုးရပ်သွားတာသိသည်။

ထိုအခါ နေ ရင်ခုန်သံတွေ ဒိုင်းခနဲပေါက်ကွဲဖို့ အဆင်သင့်ဖြစ်နေသလို ခံစားရသည်။ နေ့လက်ဖျားလေးကို ဆွဲပြီး ကားပေါ်က ရင့် ဆင်းစေသည်။

နေ အလိုက်သင့် ကားပေါ်ကဆင်းလိုက်တော့ တစ်ကိုယ်လုံး မွှေးပျံ့နွေးဖြာသလို ခံစားရ၏။

စင်းကော့နေတဲ့ မျက်တောင်တို့ကို ဖွဖွလေးနိုးမွှေးတဲ့ ရင့်။ နေ့ရင်ခုန်သံက သေနတ်ပစ်သလို တဒိုင်းဒိုင်းမြည်သွား၏။

နေ ရင်ခုန်စိတ်တို့နဲ့ မျက်လွှာလေးဖွင့်ကာ ကြည့်လျှင်



www.burmeseclassic.com

www.burmeseclassic.com



"အလို"

အနမ်းတွေ စွန်းထင်းသွားတဲ့ ပါးပြင်နုနုလေးနှယ်။ ရင်ခုန်ရှက်သွေးက ဖြန်းခနဲဖြစ်ကာ ငြိမ့်ခနဲနစ်မျောသွား၏။

ပထမဦးဆုံး နေ မြင်ရသည်က မျက်စလေးနွဲ့ပြတဲ့ ရင့်မျက်နှာ အမူအရာနောက် နေ့အကြည့်တွေ လိုက်ပါသွားသည်။

ဆေးအဖြူရောင်သုတ်ထားတဲ့ သံပန်းတိုင်တို့ဖြင့် စည်းရိုးခတ်ထားတဲ့ ခြံဝင်းကျယ်တစ်ခု။

ခြံဝင်းတစ်ခုလုံးရှိ သံတိုင်တွေထိပ်ဖျားမှာ ရောင်စုံမိုးပျံဘောလုံးတွေ ချိတ်ထား၏။

မိုးပျံဘောလုံးတို့က ကောင်းကင်ပေါ် ပျံတက်တော့မတတ်ဖြစ်နေသလို လေချိုသွေးတိုင်း ယိမ်းကနေသည်။ ထို့ပြင် ဘောလုံးမျက်နှာပြင်မှာလည်း နေ့ကိုချစ်တယ်လို့ စာလုံးလေးတွေ စီတန်းရေးထားသည်။

မိုးပျံဘောလုံးပေါ်က စာတန်းက ရင့်လက်ရေးမှန်း သိသာသည်။

ထိုအခါ ဘောလုံးပေါ်က စာလုံးလေးတွေဆီမှတစ်ဆင့် နေ့မျက်ဝန်းက ရင့်မျက်နှာကို ကြည့်မိသွားသည်။ ရင့် ရင်ဖိုလှိုက်မောတဲ့ မျက်ဝန်းနဲ့ ပြုံးသည်။

"နေ့ကိုချစ်ကြောင်း သက်သေထူတာလေ၊ ယုံရဲ့လား"





ထိုအပြုံးတွေနောက်မှာ ရင့်စကားလုံးတွေ များစွာပါဝင်နေသည်။

ထိုစကားလုံးတွေက မြင်ကွင်းအဖြစ် ကိုယ်ထင်ပြသလိုဖြစ်၏။

ခြံဝင်းတံခါးကို ရင် အသာတွန်းဖွင့်သည်။ ခြံထဲမှ မြင်ကွင်းက နေ့နှလုံးသားကို သိမ်းကျုံးယူငင်နိုင်စွမ်း၏။

ကြည့်စမ်းပါကွယ်။

မျက်နှာစာမှာ နှင်းဆီပန်းခင်းကြီးက နေနှင်းဆီဟု စာလုံးပုံဖော်ထားသေးသည်။

နှင်းဆီအနီရင့်ရင့်တွေကို အဖြူရောင်နှင်းဆီပွင့်တွေနဲ့ အနားကွပ်ပုံဖော်ထားသည်က အဖြူနှင့်အနီ နှစ်ထပ်။

နေ့နာမည်က ပန်းပွင့်နှစ်ထပ်တို့နှင့် အိအိကြွကြွလေး ဖြစ်နေသည်။

နေ ရင်ခုန်သွားသည်က ဟန်တွေပန်တွေ မဆောင်နိုင်တော့ပေ။

ဆုပ်ကိုင်ထားတဲ့ ရင့်လက်တွင်းမှ နေ့လက်ချောင်းလေးတွေကို ဆွဲထုတ်သည်။

ရင့်က အလိုက်သင့် လွှတ်ပေး၏။

လေတိုက်လို့လွင့်ပါသွားတဲ့ပန်းကလေးလို နေက ပန်းခင်း



www.burmeseclassic.com

www.burmeseclassic.com



လေးဆီ အသော့လေးရောက်သွား၏။

ပန်းခင်းရှေ့မှာ နေ ဒူးထောက်ထိုင်ချလျက် ခေါင်းငုံကလေး မော့ကာ ဖူးပွင့်နေတဲ့ နှင်းဆီပန်းတို့ကို တစ်ပွင့်ပြီး ဆွဲယူမွှေးနေမိသည်။

သင်းထုံပျံ့အီသော နှင်းဆီရနံ့တို့က နှေနှလုံးသားအထိ လှိုက်ဝင်သွားသည်။

နှင်းဆီမွှေးရနံ့နဲ့အတူ နေ့နှလုံးသားမှာ ရင့်ကိုလည်း အစွမ်းကုန်ချစ်တာ သေချာသွား၏။

နေ့ရင်ခုန်သံတို့နဲ့ ရောထွေးပျော်ဝင်သွားအောင် စိတ်ကူးယဉ်ဆန်ဆန် ဖန်တီးထားတဲ့ ရင့်နှလုံးသားကို နေ အရမ်းလည်းတွယ်မက်သွားသည်။

"ရင့်ကို အရမ်းကျေးဇူးတင်တာပဲသိလား"

ဘေးနားလာရောက်ကပ်ထိုင်လိုက်တဲ့ ရင့်ပခုံးပေါ် ခေါင်းလေးငဲ့တင်၍ နေ ရင်ထဲကအတိုင်း ပြောလိုက်သည်။

ရင့်လက်တစ်ဖက်နဲ့ နေ့ပခုံးစွန်းကို ဖွဖွလေး သိုင်းဖက်လာသည်။

ရင့်လက်တွေကို နေ ဖယ်ရှားဖို့ မေ့လျော့နေသည်။

"ရင့်က ကျေးဇူးအတင်ခံချင်လို့ မဟုတ်ဘူးနေ့ရဲ့"

"ဘာဖြစ်လို့"

"ရင့်ရင်ထဲက နေ့ကိုချစ်တဲ့ အချစ်တွေ ဘယ်လောက်လှနေ





လည်းဆိုတာ ပြချင်လို့ ဖန်တီးထားတာ၊ နောက်လည်း ရှိသေးတယ်"

"ရှိသေးတယ်"

"အင်း"

ရင့်မျက်လွှာလေးချ၍ ပြုံးပြုံးလေး ခေါင်းညိတ်သည်။

နေ့မျက်ဝန်းပိုင်းလေးက နောက်ထပ်မြင်ချင်စိတ်တို့နဲ့ ရွှန်းလဲ့သွား၏။

"ဘယ်မှာလဲဟင်၊ နေ ကြည့်ချင်တယ်"

"ပြမှာပေါ့"

ပြောရင်း ရင်ခုန်စိတ်တွေ မထိန်းနိုင်တဲ့ ရင့်။

မြင့်မြင့်လေး စည်းနှောင်ထားသဖြင့် ပေါ်လွင်နေသော ဖြူဖွေးကာ ရှည်မျောမျောလေးဖြစ်နေတဲ့ နေ့နားရွက်လေးကို တရှိုက်မက်မက် ဖိကပ်မွှေးရင်း ပြောသည်။

နေ ကျေနပ်စွာခံယူမိသလို နေ့ကိုယ်လုံးလေးကို ဆွဲ့ခနဲ ပွေ့ချီပင့်မသွားသည့်နောက် နေ့ကိုယ်က နွေးနွေးလှိုက်လှိုက်ဖိုကာ ပါသွား၏။

"ရင့်ရယ် နေ့ကို အတောမသတ်နိုင်တဲ့ခံစားမှုတွေ ပေးစွမ်းနိုင်တယ်နော်"

"ချစ်တာကိုးလို့"

ပြောရင်း နေနှင်းဆီ ပန်းခင်းနောက်မှ တစ်ထပ်ခွဲတိုက်ပု



www.burmeseclassic.com

www.burmeseclassic.com



လေးဆီ ရောက်သည်။

ဝင်ပေါက်မှာ အနီနှင့်အဖြူ၊ အဝါ၊ ပန်းရောင် စသည်ဖြင့် အရောင်စုံသော နှင်းဆီပန်းပွင့်ကြီးတွေကို အတန်းလိုက်သီကာ ပန်းကြိုးအလှတွေ အစီအရီတွဲလောင်းချထား၏။

ထိုပန်းကြိုးတွေကို ဖယ်ရင်း တိုက်ဧည့်ခန်းထဲရောက်သွားလျှင် နေ့နှလုံးသားက ပန်းလေထုထဲ ရစ်ဝဲခံရသလို နူးနူးညံ့ညံ့လေး ဖြစ်သွား၏။

ဧည့်ခန်းအလယ်မှာ ဆိုဖာနိမ့်နိမ့်လေးတစ်စုံ။

ကော်ဖီမစ်အရောင်ဆိုဖာနဲ့ ကြမ်းခင်းပါးကော်ပေါ်မှာ အရောင်စုံနှင်းဆီပန်းလွှာတို့ ခ,စားနေကြသည်။

ရွှေရောင်ဖျော့ဖျော့လေး ဆေးသုတ်ထားတဲ့ နံရံလေးဖက်မှာ ရောင်စုံနှင်းဆီပွင့်ချပ်တို့ ကပ်ငြိအောင် ဖန်တီးထားသည်က ရုတ်ခြည်း ထပျံတော့မယ့်အတိုင်း အသက်ဝင်နေသည်။

မျက်နှာကြက်မှာ အလှဆင်ထားတဲ့ မီးပန်းတွေပတ်လည်မှာလည်း ရောင်စုံနှင်းဆီပွင့်ဖတ်တို့ ပိုင်းပတ်ခြံရံထားသလို မျက်နှာကြက်အလယ်မှာ တွဲရရွဲဖြာကျနေတဲ့အလှမီးဆိုင်းတို့မှာလည်း ရောင်စုံနှင်းဆီပွင့်တို့ စီခြယ်ချိတ်တွဲထားပြန်သည်။

အဖြူရောင် နှင်းဆီပွင့်ချပ်တို့ ဆွတ်ဆွတ်ဖြူကာ လဲ့လဲ့ဝင်းဝင်း တောက်ပနေသည်။





အနီရောင်ပွင့်ဖတ်တို့ကလည်း အားကျမခံ၊ ရဲရဲဖွေးဖွေး ကိုယ်ယောင်ပြနေသလို အဝါရောင်နှင်းဆီပွင့်ဖတ်တို့ကလည်း အားမငယ်ရှာ။

ဝါဝင်းသော ဂုဏ်ရည်နှင့် မာနိကလေးချီနေပြန်သည်။

ပန်းနုရောင် အရင့်အဖျော့ ပွင့်ဖတ်တို့ကလည်း အပျိုစင်ရဲ့ ပါးအိအိလေးနှယ် ချစ်စဖွယ်အလှသွေးတို့နဲ့ ယှဉ်ပြိုင်ကာ နေ့နှလုံးသားကို ဆွဲငင်နေလေသည်။

နေ့ကိုယ်လုံးလေးကို နှစ်ယောက်ထိုင်ဆိုဖာပေါ် ချပေးလျှင် ပင်လွှာတွေကြောင့် အိခနဲ နှစ်မြုပ်မတတ် ဖြစ်သွားသည်။

"ရင့်ကို နေ တကယ်ချစ်သွားပြီ၊ သိလား"

အချစ်တွေ တဖိတ်ဖိတ်နိုစီးနေသော မျက်ဝန်းရွဲနဲ့ စိုက်ကြည့်၍ နေပြောသည်က ရင်ခုန်ယစ်မူးခြင်းနဲ့ဖြစ်သည်။

ရင့်က မျက်ခုံးနှစ်ဖက်မြင့်တက်သွားအောင်ပင့်၍ နေ့မျက်ဝန်းကို စိုက်ကြည့်ပြီး အပြုံးမပျက်မေးသည်။

"ဒါဆို အရင်က တကယ်မချစ်ဘဲ အဖြေပေးလိုက်တာပေ့ါ၊ ဟုတ်လား"

"အိုး မဟုတ်တာ၊ အရင်က ချစ်တာ၊ အခု ပိုချစ်တာ၊ တကယ်ချစ်တာ၊ သိရဲ့လားရှင့်"

တကယ်ချစ်ကြောင်း ရင့်လည်တိုင်ကို ရှူရှူမွှေးရင်း ပြောမိ



www.burmeseclassic.com

www.burmeseclassic.com



သွားသည်။

"သိပါဘူးဗျာ၊ အရင်က မချစ်ဘဲ ချစ်ဟန်ဆောင်တာလား လို့"

"ဆောင်စရာလား ရင့်ရယ်၊ ရင့်ကို မြင်ကတည်းက နေ့ရင်မှာ အလိုလိုခံစားလို့ ရနေခဲ့တယ်၊ မှတ်မှတ်မိမိလည်း ဖြစ်သွားတယ်၊ ကိုစိုးအောင်ရုံးခန်းမှာ ရင့်ကိုတွေ့တော့ ပိုအံ့သြသွားတယ်၊ ပြီးတော့ သနားလည်း သနားတယ်၊ သိလား"

"ဘာဖြစ်လို့"

နေ့လက်ဖဝါးဖြူနုနုလေးကို ဖွဖွဖျစ်ကိုင်၍ ရင့်မေးသည်။ နေက ရင့်ရင်ခွင်ထဲ ခေါင်းလေးမှီချကာ ရင့်မျက်နှာလေးကို မော့ကြည့်သည်။

ရင့်က ပြန်ငုံ့အကြည့် ရင့်မေးဖျားလေး နေ့နှုတ်ခမ်းလေးနဲ့ ထိလုမတတ်ဖြစ်ကာ နွေးသွားသည်။ နေ့နှုတ်ခမ်းလေးကို မလွှဲဘဲ ပြောသည်။

"ဟွန်း ဘာဖြစ်ရမလဲ၊ ရင့်မျက်နှာလေး ငယ်ကျသွားတော့ သနားသွားတာပေါ့၊ ဒယ်ဒီကလည်းနော် ဘာဖြစ်လို့ ရင့်ကို ပယ်လိုက်တာလဲ မသိဘူး"

"စိုးပြည့် နေ့ကို ချဉ်းကပ်လို့တဲ့"

"ဟွန်း စိုးပြည့်"





နေ ခေါင်းလေး မတ်ခနဲထောင်သွားသည်။ ရင့်ခေါင်းလေးဆတ်ကာ နေ့နားသယ်စပ်မှ ဖြာဆင်းသွားတဲ့ မွှေးညင်းနုနုလေးကို ဖွဖွရှိုက်နမ်းပြီးပြော၏။

"ဟုတ်တယ်၊ စိုးပြည့်က ရင့်သူငယ်ချင်း"

"ဟင်"

နေ အခုမှ တအံ့တသြဖြစ်ရသည်။

စိုးပြည့်က စတိုင်ဖြောင့်သလို အမူအရာနဲ့ မှင်ကောင်းသည်၊ ကိုစိုးအောင်ရဲ့ လက်ထောက်တာဝန်ထမ်းတဲ့။

ဒယ်ဒီ့ဝန်ထမ်း။

ဒယ်ဒီဆီ မုန့်ဖိုးတောင်းလာရင် ကိုစိုးအောင်ရုံးခန်းကိုဖြတ်ပြီးမှ ဒယ်ဒီ့ရုံးခန်းထဲ နေ ဝင်ရသည်။

စိုးပြည့်က နေလာတိုင်း နေ့ကို အကြောင်းမရှိအကြောင်းရှာကာ စကားပြောတတ်သည်။

နေက အလိုက်သင့်စကားပြန်ပြောမိသည်။

အဲဒါ ဒီလောက်ပဲ နေသိသည်။ ခုတော့ ဒယ်ဒီက အဲဒီလောက်လေးတောင် နေ့ကို စိုးပြည့်နဲ့နီးကပ်တာ မလိုလားဘူးထင်တယ်။

"နေက ရိုးရိုးသားသားပဲ စကားပြောဖြစ်တာပါ"

"ဟုတ်ပါတယ်၊ နေ့ဒယ်ဒီက စိုးပြည့်ကို မကြည်တော့ဘူး၊



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ချက်ရှာပြီး ချက်ချင်း အလုပ်ဖြုတ်လိုက်တယ်၊ စိုးပြည့်နေရာမှာ ရင့် ပြန်ဝင်မှာသိတော့ ရင့်ဒယ်ဒီ ပိုတင်းသွားတယ်ဖြစ်မယ်၊ ရင့် လျှောက်လွှာကို ဖယ်လိုက်တယ်လေ''

''ဟွန်း ဒယ်ဒီကလည်း၊ ရင့် အလုပ်မရတော့ အတော်ခက်ခဲမှာပဲနော်''

''မခက်ပါဘူး''

''ဘာဖြစ်လို့၊ စိုးပြည့်က အကြံအဖန်တော်တယ် မနရဲ့''

''အကြံအဖန်''

''ဟုတ်တယ်လေ၊ ရင့်အတွက် တက္ကစီတစ်စီးရအောင်ယူပေးတယ်၊ နေနဲ့ချစ်သူဖြစ်သွားတဲ့နောက် အချိန်မရွေးစကားပြောလို့ရအောင် အချိန်းအချက်လုပ်လို့ရအောင် လက်ကိုင်ဖုန်းလည်း စီစဉ်ပေးတယ်၊ အခု ဒီတိုက်ပုကလည်း ရင့်သူငယ်ချင်းတွေ ကြံဖန်ပေးတာချည်းပဲ''

''သူတို့က ဘာဖြစ်လို့ ရင့်အတွက် ဖြည့်ဆည်းပေးတာလဲ''

''ရင့်ကို ချစ်လို့ပေါ့''

''ဟွန်း ယောကျ်ားချင်းချစ်လို့တဲ့၊ ဟုတ်မှဟုတ်ရဲ့လား ရင့်ရယ်''

ဘာကိုသဘောပေါက်သွားမှန်း မသိဘူး။ ရင်ခွင်ထဲက ရုန်းထွက်တော့မယ့်ဟန်လေးနဲ့ နေပြောသည်။





ရင့် သဘောတကျရယ်ရင်း နေ ရုန်းထွက်လို့မရအောင် ထွေးဖက်ထားပြီးပြောသည်။

''နေရယ် ရင့်တို့က နေထင်သလို ယောကျ်ားချင်း ဘာညာကွိကွဖာတ်လမ်းတွေနဲ့ ချစ်တာမဟုတ်ဘူး''

''သိဘူးလေ၊ ရှင်တို့ယောကျ်ားတွေ ယုံရတာ မဟုတ်ဘူး၊ ယောကျ်ားချင်း ကွိကွတွေဖြစ်နေကြတာ''

''နေက ကြုံဖူးလို့လား''

''ရွှေနီ့လူက အဲဒီလိုပဲ ရင့်၊ ရွှေနီပြောလို့သိရတာ၊ နေတော့ ရွံမှရွံ၊ ရွှေနီလည်း ရွံလို့ အဲဒီလူကို အဆက်ဖြတ်ပြီး နောက်တစ်ယောက် ရှာရတာပေါ့''

''ဖြစ်မှဖြစ်ရလေ နေရယ်၊ နေရော ရင့်ကိုဖြတ်ပြီး နောက်တစ်ယောက်ရှာဖို့ စိတ်ကူးရှိနေလား''

''သေချာအောင် မေးရတာပေါ့''

''စိတ်ချပါ နေရယ်၊ ရင့်က ကျားအချင်းချင်း ဝါသနာမပါဘူး၊ ဆန့်ကျင့်ဘက်ပဲ စိတ်ဝင်စားတယ်၊ ရင်ခုန်တယ်၊ ဒါကြောင့် နေနှင်းဆီဆိုတဲ့ကောင်မလေးကို အရူးအမူးချစ်တာ၊ ချစ်ချင်လို့ ချစ်သူတော်လိုက်တာ၊ ရှင်းရဲ့လား''

ပါးချင်းယိုကပ်ထားလျက် ပြောလျှင် နေ့နှလုံးသားက ယုံကြည်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ရင့် ပြောသေးသည်။

"စိုးပြည့်တို့နဲ့ ရင့်ချစ်တာ ငယ်သူငယ်ချင်းမို့ ရိုးရိုးသားသား သံယောဇဉ်နဲ့ ချစ်တာ, တစ်ယောက်ကိုတစ်ယောက် ငဲ့ညှာတာ, တစ်ယောက်လိုအပ်ချက်တွေကို တစ်ယောက်အစွမ်းကုန်ဖြည့်ပေးတာ အဖြူအစင်ပါ နေရယ်၊ မယုံရင် စိုးပြည့်တို့သုံးယောက်လုံးကို မေးကြည့်"

"မမေးပါဘူးနော်၊ ဒီလောက်ဆို နေ ယုံတယ်၊ ဘာဖြစ်လို့ လဲဆိုလို့ ရင့်နှလုံးသားမှာ နေ့ကို ယစ်မူးစေတဲ့ အိုင်ဒီယာရှိလို့၊ ခုပဲ ကြည့်လေ၊ ဘယ်လောက်ရင်ခုန်စရာကောင်းလဲလို့"

ထွေးဖက်ထားတဲ့ ရင့်ရင်ခွင်ထဲမှ ရင့်ခါးကို နေ ပြန်ထွေးဖက်၏။

ညည့်ခန်းထဲက ရောင်စုံနှင်းဆီပွင့်လွှာတွေကို ဖြန့်ကြည့်ရင်းလည်း ပြောမိသည်။

"ရင့်ပြောပြီးပြီပဲ၊ နေ့ကိုချစ်တာကိုး၊ နေ့ကိုချစ်တဲ့အတွက် ရင့်အိုင်ဒီယာတွေ လှလာတယ်၊ ရင့်စိတ်ကူးတွေ လန်းဆန်းလာတယ်၊ ရင့်ရင်ခုန်သံတွေ မွှေးပျံ့အသက်ဝင်လာတယ်၊ ဒါကြောင့် ရင်ခုန်ဂေဟာလေးကို နှင်းဆီအလှတွေနဲ့ မွှမ်းမံလိုက်တာ၊ ရင့်အိုင်ဒီယာလှလှလေးကနေ နေ့နှလုံးသားကို ယစ်မူးသွားစေတယ်ဆိုတော့ ရင့်ဖန်တီးရကျိုးနပ်တယ် နေရဲ့"





"အင်း၊ ရင့် အတော်ပင်ပန်းမှာပဲနော်"

"မပင်ပန်းဘူး၊ ရင်တွေခုန်ပြီး ရှာန့်ဝင်သွားတာ ပြီးလို့ပြီးမှန်းတောင် မသိလိုက်ဘူး၊ အိပ်ခန်းတွေ ဘာတွေမကျ လက်လွန်ပြီး ပြင်ထားတာ၊ နေ ကြည့်ဦးမလား"

"ဟွန်း"

နေ မျက်စောင်းနဲ့ကြည့်ကာ ရင့်ရင်အုံကို လက်သီးဆုပ်နဲ့ ဖွဖွထုမိသွားသည်။ ရင့် သဘောတကျရယ်၍

"ရင့်က ရိုးရိုးသားသား ပြချင်တာပါ"

"နေကလည်း ဖြူဖြူစင်စင်ပဲ မကြည့်ချင်တာ၊ ဒီလောက်လက်တွေ့ပြတာနဲ့ ယုံလောက်ပြီ"

"ယုံတယ်ဆိုရင် ရင့်ကို နမ်းရမယ်"

နေ သဘောတကျပြုံးလျက် ခေါင်းလေးငဲ့ကာ ယမ်းလိုက်သည်က ငြင်းတာလည်း မဟုတ်သလိုတဲ။ ရင့် လိုက်မြူးစွာ ပြုံးမိသွားပြီး -

"နေ မနမ်းရင် ရင့်နမ်းမှာနော် ကောင်မလေး၊ နောက်မှ ဘာညာမပြောနဲ့"

"သွား"

"ဘယ်သွားရမှာလဲ"

"သိဘူး"



www.burmeseclassic.com

www.burmeseclassic.com



ရင်ခွင်ထဲ မျက်နှာကိုထိုးဖွက်နေတဲ့ နေ့မျက်နှာကို ရင့် ဆွဲယူပင့်မော့ပြီး ပြောသည်။

"နေ မနမ်းရင် ရင့်လည်း နေ့ကို အတင်းမနမ်းဘူး၊ နိုးပြီးလည်း မနမ်းချင်ဘူး၊ ရင့်ဖန်တီးထားတဲ့ ရင်ခုန်နှင်းဆီဂေဟာအတွက် နေကလည်း အသိအမှတ်ပြုမယ့် တူနှစ်ကိုယ်အနမ်းလေးပဲ နမ်းကြစို့နေ"

"ဟာ၊ ဘာတွေလဲ၊ တူနှစ်ကိုယ်အနမ်းတဲ့၊ ရှက်လိုက်တာ၊ ဟင့်အင်း"

နေ့ရင်ခုန်သံက ဗိုင်အရသာလို ယစ်မူးရီဝေစွာ ခေါင်းယမ်းရှောင်ဖယ်နေမိသည်။ ရှောင်ဖယ်ခြင်းတွေကလည်း တူနှစ်ကိုယ် နမ်းရမှာကို ရှက်သွေးရိပ်ဖြန်းနေလို့ပဲထင်တယ်။

"ရှက်မနေနဲ့ နေရယ်၊ ချစ်သူချင်းပဲကွယ်၊ အချစ်တွေ သက်သေထူဖို့ အနမ်းလေးနဲ့ မှတ်တိုင်လေးစိုက်ထူကြပါစို့ကွာ၊ ဒါမှ ရင့်ဖန်တီးချက်လေး အသက်ဝင်မယ်၊ နေ အသိအမှတ်ပြုတာလည်း ထင်ရှားမယ်လေ၊ ကဲပါ မျက်နှာလေးမော့စမ်းပါ"

ရင့်စကားလုံးတွေက ပင့်မော့ယူလိုက်တဲ့ နေ့မျက်နှာအနှံ့ ပွင့်လွှာတွေကို တရှူရှူဖွဖျသလို ခံစားရစေသည်။

စိုက်ကြည့်ကာ အချစ်တွေနဲ့ စေ့ဆော်နေသည့် ရင့်မျက်ဝန်းကို မရှောင်ရက်။





တူနှစ်ကိုယ် နမ်းကြစို့လို့ ပွင့်ဟဟနှင့် အသံတိတ်ပြောတဲ့ ရင့် နှုတ်ခမ်းလွှာတို့လည်း ရင်ခုန်ပါဝါအပြင်းစားနဲ့ ဆွဲဆောင်လာတော့ ရှောင်လွှဲဖို့ ခက်သွား၏။

ရင်တွေ တဒိုင်းဒိုင်းခုန်ကာ နှင်းဆီရနံ့ကလည်း အချစ်တွေကို ခြူနေပြန်သည်။

ကြင်နာယုယလာတဲ့ ရင့်ရင်ခွင်ကလည်း နေ့နှလုံးသားကို အနွေးမြစ်လေးသဖွယ် စီးဆင်းစေသည်။

ခေါင်းလေးငုံ့ကာ မျက်နှာချင်းနီးကပ်အောင် ရွေ့တိုးလာတဲ့ ရင့်ခေါင်းကို ဖယ်ပစ်ဖို့တွေ ဘာတွေ သတိမရနိုင်တော့။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၇)

"အချစ်ငှက်လေး ရင်ခုန်တောင်ပံတွေဖြန့်ပြီး ပျံသန်းခဲ့တာ ဘယ့်နှယ်လဲ၊ ဗီလင်ရှိရဲ့လား"

ကားထိုးရပ်သည်နှင့် တိုက်ခန်းတွေအောက် မြေညီထပ်ရှေ့ ပလက်ဖောင်းပေါ်မှာ ရပ်စောင့်နေကြတဲ့ သူငယ်ချင်းသုံးယောက်။

သက်နောင် ဦးစွာမေးသည်က ရယ်ကျဲကျဲနှင့်။ စိုးပြည့်နဲ့ သန့်စင်ကလည်း ထိုနည်းတူ ရယ်လျက်မေးပြန်သည်။

"ပြောလေကွာ၊ မင်းကလည်း ဘော်ဒါအချင်းချင်း လျှိုမနေနဲ့"

"ငါတို့ကောင်တွေကို လျှို့လို့မရဘူး ရင့်၊ အားလုံးသိတယ်





ကွ"

"ဟား ဟား ဟား"

ပြောပြီး သုံးယောက်သား သဘောတကျရယ်ကြ၏။ ရင့် မျက်မှောင်ကုတ်ကုတ်နဲ့ မော့ကြည့်၍

"ဘာလဲ မင်းတို့ လျောင်နေတာလား"

"ဟ လျောင်စရာလားကွ၊ မင်းဗီလင်ကို အားကျ"

"ဟုတ်တယ်၊ အားကျရုံမက သွားရည်တောက်တောက်ကျ တာကွ၊ ဒါကြောင့် ငါတို့ကောင်တွေလည်း မဒီတွေနဲ့ ချိန်းထားတယ် ကွ"

"ချိန်းထားရင် သွားပေါ့ကွာ၊ ဘာလို့ရစ်နေတာလဲ"

"မင်း လိုက်ပို့ရမယ်လေကွာ"

"ပို့ဆိုပို့မယ်၊ ကားပေါ်တက်၊ မဆိုင်တာတွေ မပြောနဲ့"

ရင့် မှုန်ကုပ်ကုပ်နဲ့ ပြောလိုက်သည်။ ထိုသို့ပြောတာတောင် သုံးယောက်လုံး မမှုတဲ့မျက်နှာတွေနဲ့ ရယ်ပြီး ကားပေါ်တက်ကြသည်။

သက်နောင်က ကားရှေ့ခန်းမှာ၊ စိုးပြည့်နဲ့သန့်စင်က နောက်ခန်းမှာ။ ထိုင်ပြီးသည်နှင့် ရင့် ကားကို လျှောခနဲမောင်းထွက်ခဲ့သည်။

သုံးယောက်သား မျက်ဝန်းတွေမှာ ရင့်ကို တစ်ခုခုပြောဖို့ တိုင်ပင်ထားသလို ရှိသည်။ ရင့် စကားမဆက်ချင်။ ဒီကောင်တွေ သွားချင်တဲ့ဆီ အရင်ပို့ပေးလိုက်မည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအတွေးနဲ့ ကားမောင်းရင်း သက်နောင်ကို တစ်ချက်ငဲ့ကြည့်ပြီး မေး၏။

"မင်းတို့ ဘယ်မှာချိန်ထားလဲ"

"ဟဲ ဟဲ သမ္မတရုံမှာကွာ"

သန့်စင် သွားရည်ကျသံနှင့် ပြောသည်။ မြို့ထဲဘက် ရင့် ကားကွေ့ချိုးသည်။

"ဒါနဲ့ ရင့် မင်း နေနှင်းဆီကို တကယ်ချစ်တာလား"

စိုးပြည့် ကားနောက်ခန်းမှ လှမ်းမေးသည်။ ရင့် လှည့်မကြည့်ဘဲ မျက်ခုံးနှစ်ဖက် အလိုလိုတွန့်ခေါက်သွားပြီး ချက်ချင်းဖြေသည်။

"မင်းကလည်း ချစ်လို့ ချစ်သူတောင်ဖြစ်သွားပြီပဲကွ"

"ဟကောင်ရ ချစ်သူဆိုတာ ချစ်ချစ်၊ မချစ်ချစ် ဖြစ်လို့ရတယ်ကွ"

စိုးပြည့်ပြောလျှင် ရင့်ကိုယ်လုံး တောင့်မတ်သွားသည်။ ရင ခုန်သံတွေလည်း ဆူညံသွားသည်။ ချစ်သူဖြစ်တာက ချစ်ချစ်၊ မချစ်ချစ် ဖြစ်လို့ရသတဲ့။

ဟုတ်ရဲ့လား။ ဘာရည်ရွယ်ချက်နဲ့ ပြောတာလဲ။

ရင့် တွေတွေကြီးစဉ်းစားမိစဉ် သန့်စင် ဒိုင်းခနဲပြောချသည်။

"နေနှင်းဆီကို မင်း တကယ်ချစ်တယ်ဆိုတာ ငါတို့ကောင်တွေ လုံးဝမယုံဘူးတဲ့"





"ဘာဖြစ်လို့"

"ငါတို့ကောင်တွေ တွန်းလို့ နေနှင်းဆီကို မင်းချွေလိုက်တာ မဟုတ်လား"

"ဘာမှမဆိုင်ဘူး သက်နောင်"

"သူငယ်ချင်းအချင်းချင်း နားလည်ပါတယ်ကွာ၊ ဟုတ်တယ် နော် ရင့်၊ ငါတို့ကောင်တွေကြောင့် မင်း နေနှင်းဆီကို ချွေလိုက်တာ သိပါတယ်ကွာ ဟား ဟား"

သက်နောင် မေးဖျားလေးထိုးဆတ်၍ ပြောလျှင် ရင့် ဘာကိုမှ နားမလည်နိုင်အောင် ဖြစ်သွားသည်။

ချက်ချင်းပဲ ကားကို လမ်းဘေးဆွဲချပြီး ရပ်ပစ်လိုက်သည်။

"ဟ ဘာလို့ရပ်တာလဲကွ"

သန့်စင် မေးတာကိုမဖြေတော့။

ကားလက်ကိုင်ပေါ်က လက်တစ်ဖက်ဖြုတ်ချ၍ သူငယ်ချင်း သုံးယောက်ဘက် မျက်နှာရော ကိုယ်တစ်ခြမ်းလှည့်ကာ ကြည့်သည်။

"နေဦး၊ မင်းစကားတွေက ဘာတွေလဲ၊ နေ့ကို ငါ တကယ် မချစ်ဘဲ ဟန်ဆောင်အချစ်နဲ့ ဇီလင်တက်နေတယ်လို့ ပြောချင်တာလား"

"အမှန်ပေါ့ကွ"

သုံးယောက်လုံး ပြိုင်တူပြောချသည်က ရင့်မျက်နှာ မှောင်



www.burmeseclassic.com

www.burmeseclassic.com



တူးမတတ်ဖြစ်သွားသည်။

သူငယ်ချင်းတွေ မျက်ခုံးပင့်သူပင့်၊ ပခုံးတွန့်သူတွန့်နဲ့ မျက်ဝန်းအစုံက သူတို့စကားလုံးတွေအတိုင်း နေ့ကို ရင့် ချစ်ဟန်ဆောင်တာ၊ ဒါမှမဟုတ် သူငယ်ချင်းတွေရဲ့ဖိအားကြောင့် ခြွေယူလိုက်တာလို့ ပြောနေသလိုဖြစ်သည်။

"ဘာပဲဖြစ်ဖြစ် ငါတို့ကောင်တွေ မင်းကို ကျေးဇူးတင်တယ် ရင့်"

"ဘာ ဘာဖြစ်လို့လဲ သန့်စင်"

"စိုးပြည့်က ဟိုလူကြီးကို အလဲထိုးချင်တာကွ၊ မင်းက သူ့သမီးကို ခြွေထားနိုင်တော့ အသာစီးရသွားပြီလေ"

"ဟာ စိုးပြည့်"

ရင့် တစ်ကိုယ်လုံးတုန်ခါသလို ဖြစ်သွားသည်။ နောက်တည့်တည့်မှာထိုင်နေတဲ့ စိုးပြည့်ကို ရင့် နောက်တည့်တည့်လှည့်ကြည့်၏။

စိုးပြည့် ပခုံးတွန့်၍ အဓိပ္ပာယ်ပါပါပြုံးပြီး

"ဟုတ်တယ် ရင့်၊ ငါ့ကို အလုပ်ဖြုတ်ပစ်တဲ့ လူကြီးကို ငါ တစ်ခုခုတုံ့ပြန်ခွင့်ရချင်တယ်၊ ရချင်လို့လည်း အခွင့်ကောင်းစောင့်နေခဲ့တယ်ကွ၊ နေနှင်းဆီ မင်းကိုကြွေနေတာ အကောင်းဆုံးအခွင့်အရေးပဲ၊ ဒါကြောင့် ခွင်ဆင်လိုက်တာ၊ အခုတော့ အိုကေပဲ၊ ဟင့် ဟင့်"

"ဟေး မင်း"





"ရင့်ကလည်းကွာ မင်းရဲ့ပင်ကိုစိတ်က နေနှင်းဆီကို ညွတ်တာမှ မဟုတ်ဘဲ၊ ငါတို့ကောင်တွေ အတင်းရင်ခုန်ခိုင်းလို့ မင်း ရင်ခုန်တာ၊ ငါတို့ကောင်တွေ ခြွေခိုင်းလို့ မင်းခြွေလိုက်တာ ငါတို့ကောင်တွေ သိတာပဲ၊ ဒီကိစ္စက မင်းအချစ်တွေ နှလုံးသားတွေ မပါဘူးလေကွာ၊ မင်း နာစရာမရှိဘူး၊ အဓိက ဟိုလူကြီး ဆွေ့ဆွေ့ခုန် နာကျင်သွားဖို့ပဲ ငါတို့ကောင်တွေ စီစဉ်ထားတာကွ"

သက်နောင် သွေးအေးအေးနဲ့ ဖျောင်းဖျသလိုပြောလျှင် ရင့်ရင်ခွင်က ဆူပူသွား၏။ ရင်ခုန်သံတွေလည်း ကပြောင်းကပြန်ဖြစ်သွားသည်။

ခေါင်းကိုလည်း ခါယမ်းပြီး –

"ကျစ် မဟုတ်သေးဘူး သက်နောင်၊ မင်းတို့ထင်တာ တစ်ခုမှ မဟုတ်ဘူး၊ နေ့ကို ငါ အရင်က ရှောင်ခဲ့တယ်ဆိုတာ ငါ့ဘဝမှာ ခြူးတစ်ပြားမှမရှိဘဲနဲ့ နေနဲ့ မနီးစပ်ချင်ဘူး၊ ဒါကြောင့်ကွ"

"ကဲကွာ၊ ရင့် ဒါတွေ နားမလည်သေးဘူး၊ စိုးပြည့် မင်း အစီအစဉ်ရှိတဲ့အတိုင်း ဆက်လုပ်ကွာ"

သန့်စင် ဝင်ပြောလျှင် စိုးပြည့် ခေါင်းညိတ်သည်။ သေချာသည်က စီစဉ်ထားတဲ့အတိုင်း တကယ်လုပ်တော့မယ်ဆိုတဲ့မျက်နှာနှင့်၊

"မင်းအစီအစဉ်က ဘာလဲ၊ မင်း ဘာတွေစီစဉ်ထားလဲ စိုးပြည့်"



www.burmeseclassic.com

www.burmeseclassic.com



ရင့် စိတ်လှုပ်ရှားစွာမေးသည်။

"နောက်တော့ ပြောမယ်ကွာ၊ အခု အချိန်မရှိတော့ဘူး။ မောင်းစရာရှိတာ မြန်မြန်မောင်းစမ်းပါကွာ"

စိုးပြည့် စိတ်မရှည်သလိုပြောရင်း နာရီကိုကြည့်ပြန်သည်။

ရင့် ကိုယ်ကို ရှေ့ပြန်လှည့်၍ ကားလက်ကိုင်ကို တင်းနေအောင် ဆုပ်ကိုင်မိ၏။ ဒီကောင်တွေအစီအစဉ်က ဘာလဲ၊ သိချင်တဲ့ သိခွင့် မရတဲ့အတွက် ရင်မှာခံပြင်းနေသည်။

"ကဲ မောင်းစမ်းပါကွာ၊ နောက်ကျနေလို့ ချစ်ချစ်တွေ စိတ်ကောက်နေလိမ့်မယ်"

"ငါတို့ကောင်တွေက မချော့ချင်ဘူး၊ မင်းလိုပဲ ရင်ခုန်ဖိလင် တက်ချင်တာကွ၊ မောင်းတော့ကွာ"

သန့်စင်ကလည်း ချစ်သူနဲ့တွေ့ချင်စိတ် တာဆူပြီး ပြောပြန်သည်။

ရင့် မကျေနပ်စွာ အံတင်းတင်း ဖိကြိတ်၏။

"စိုးပြည့် မင်း အစီအစဉ် ဘာပဲရှိရှိ ငါ စိတ်မဝင်စားဘူး၊ ဒါပေမဲ့ ငါနဲ့နေ ပြဿနာဖြစ်အောင် ဝင်မွှေဖို့တော့ မကြိုးစားနဲ့"

ဘယ်သူ့မျက်နှာမှ မကြည့်ဘဲ အံကြိတ်သံနဲ့ပြောချပြီး ကားကို ဆောင့်အောင့်မောင်းထွက်လိုက်တဲ့ ရင့်။ စိုးပြည့်တို့သုံးယောက် ပခုံးလေးတွေကျုံ့တွန့်ကာ သဘောတကျ ပြုံးကြသည်။





စိုးပြည့်တို့အပြုံးတွေက ရင့်နှလုံးသားကို ခါးစေသည်။ နေဦး နေ့ကို ဒီအကြောင်းတွေ ပြောပြထားမှ ကောင်းမည်။ တော်ကြာ ဒီကောင်တွေ လက်ဦးသွားရင် ရင့်တို့ချစ်ခရီး လမ်းမှာ ဆူးတွေပိုင်းသွားနိုင်သည်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၈)

''ဆရာ့နာမည်နဲ့ ပါဆယ်ရောက်နေပါတယ်''

ဦးမိုးသစ် ရုံးခန်းထဲဝင်သည်နှင့် မန်နေဂျာစိုးအောင် ရိုရိုသေသေပြောသည်။ ဦးမိုးသစ် မျက်မှောင်ကုတ်၍ စိုးအောင်ကမ်းပေးတဲ့ လေးထောင့်ပါကင်ပါးပါးလေးကို စိုက်ကြည့်မိသည်။

ငွေရောင်လက်လက်ပါကင်ပေပါနဲ့ သပ်သပ်ရပ်ရပ်ထုပ်ပိုးထားတဲ့ ပါကင်လေးက ဦးမိုးသစ်အာရုံကို ဝေခွဲမရစွာ ဖမ်းစားနေသည်။

'သို့ ဦးမိုးသစ်' ကလွဲပြီး ပို့သူနာမည်လည်း ရေးမထားပေ။ ဘယ်သူက ဘာကြောင့်ပို့လဲဆိုတာ သိချင်နေသည်။





ဘယ်သူက ကလေးဆန်ဆန်အတွေးနဲ့ ပါကင်တွေ ဘာတွေ ပို့တာပါလိမ့်နော်။

သိချင်စိတ်နဲ့ ပါကင်ဆွဲယူပြီး ရုံးခန်းထဲ တန်းဝင်သည်။

မှန်ချပ်ခင်းထားတဲ့ လေးထောင့်စားပွဲနောက်မှာ ဆိုဖာပေါ် အိခနဲထိုင်ချပြီးမှ ပါကင်ပေပါခွာသည်။ ပါကင်ထဲက ထွက်လာတာက စီဒီချပ်လေး။

အသစ်စက်စက် စီဒီချပ်ကလေးကို တစ်ချက်ကြည့်၍ ထိုင်ရာမှထသည်။

အလုပ်ကိစ္စနဲ့မဟတ်သက်ပြီး ဦးမိုးသစ် တစ်ဦးတည်းသုံးနေကျ အခန်းထောင့်ရှိ ကွန်ပျူတာစားပွဲဆီ သွားသည်။ ထိုင်ခုံမှာ ထိုင်ချသည်။ စက်ထဲ ဒီဗီဒီထည့်ကာ ခလုတ်တွေကို နှိပ်၍ဖွင့်သည်။

ပထမဦးဆုံးပေါ်လာသည်က ဂီတသံစဉ်။

ငြိမ့်ညောင်းသလို ဆွဲအားလည်းပါသည်။ သေချာသည်က အချစ်သီချင်းသံစဉ်မျိုး။ လူငယ်တွေ ထိုသံစဉ်မျိုးကြိုက်မှာ သေချာသည်။

သံစဉ်နဲ့အတူ ဖန်သားပြင်မှာ ပေါ်လာသည်က ယယ်ရွယ်ပျို မျစ်သော စုံတွဲတစ်တွဲ။

ကောင်လေးနဲ့ကောင်မလေးရဲ့မှုန်ဝါးဝါး စုံတွဲပုံရိပ်တွေ။ နောက်ခံရှုခင်းတွေကလည်း အချစ်ကိုအသားပေးတဲ့ ရှုမျှော်ခင်းမျိုး။



www.burmeseclassic.com

www.burmeseclassic.com



မိုးပျံဘောလုံးတွေက အရောင်စုံသလို ချစ်တယ်ဆိုတဲ့စာလုံးတွေကလည်း ဘောလုံးမျက်နှာပြင်မှာ ပလူပျံနေသည်။

နှင်းဆီပန်းတွေကလည်း အရောင်စုံအသွေးစုံ။

အရောင်စုံတဲ့ နှင်းဆီပွင့်ချပ်တွေကလည်း အပုံလိုက် အထွေးလိုက်။ ပန်းပွင့်တွေ၊ ရောင်စုံပွင့်လွှာတွေကြားမှာ ရင်ခုန်လှိုက်မောကာ ချစ်သူတွေရဲ့သဘာဝအတိုင်း ကြင်နာယုယနေတဲ့အရိပ်တွေ။

ရုပ်ရှင်တွေ၊ ဗီဒီယိုတွေထဲက အချစ်ဇာတ်ဝင်ခန်းတွေလား။ ဒါမှမဟုတ် ကိုးရီးယားကားထဲက ကိုးရီးယားမင်းသားမင်းသမီးဇွေရဲ့ ဆွဲအားပါတဲ့ အချစ်ဇာတ်ဝင်ခန်းတွေ ထင်ရဲ့။

နောက်ခံရှုခင်းတွေက ရုပ်လုံးကြွပြီး စုံတွဲပုံတွေသာ မှုန်ဝါးနေတာ ဘာကြောင့်လဲ။

ဘာကြောင့် ဒီဗီဒီကို ဦးမိုးသစ်လက်ထဲ ပို့ရတာလဲ။

ဦးမိုးသစ် တွေးမရအောင် ဖြစ်လာသည်။

ကြည့်ရင်း ကြည့်ရင်း ရှုခင်းတွေလိုပင် စုံတွဲပုံရိပ်က တဖြည်းဖြည်းကြည်လာသည်။ ကြည်လင်လာတဲ့ ကောင်လေးပုံကိုကြည့်ပြီး လူချောပဲလို့ မှတ်ချက်ချမိပြန်သည်။

သရုပ်ဆောင်မင်းသားလုပ်မှတော့ ရုပ်လည်းချောမှာပေါ့လို့ စိတ်ထဲပြောမိသွားသည်။ မင်းသမီးကလည်း အချောသားပါပဲ၊

ထွေးဖက်ထားတဲ့ မင်းသားရင်ခွင်ထဲမှ ခေါင်းလေးငဲ့ကာ





ပြုံးလိုက်တာကအစ လှသလို။ တဖြည်းဖြည်းကြည်လင်ပြတ်သားလာတဲ့ ပုံရိပ်။

ဦးမိုးသစ်ကြည့်နေရင်း မျက်မှောင်ကြုတ်သတဲ့ကြုတ်ကာ စူးစူးစိုက်စိုက်ကြည့်မိသွား၏။

ထိုအခါ ဦးမိုးသစ် မျက်လုံးကြီးပြူးကာ နှုတ်ခမ်းတွေ ပွင့်လျက်။

"ဟာ" ခနဲ အာမေဍိတ်သံ ထွက်သွား၏။

နိုင်ငံခြားရုပ်ရှင်တွေထဲ မင်းသားမင်းသမီးလို နမ်းရှိုက်နေတဲ့ စုံတွဲက ဦးမိုးသစ်ထင်သလို မြန်မာသရုပ်ဆောင်တွေ ဒါမှမဟုတ် ကိုးရီးယားမင်းသားမင်းသမီးလို့ ထင်ထားခဲ့တာ။

အခုတော့ အထင်နဲ့အမြင် တက်တက်စင်လွဲနေ၏။

ထင်ထင်ရှားရှားမြင်ရတဲ့ ပုံရိပ်ကြောင့် ဦးမိုးသစ် အမြင်အာရုံ မှုန်ဝါးပြာမှောင်မတတ် ဖြစ်ရစေသည်။

ရင်ထဲမှာလည်း သမီးလို့ခေါ်ရင်း ခြောက်ကပ်ကပ်ရက်ရွံ့ရွံ့ကြီး ဖြစ်သွားသည်။

ပြီးတော့ ဟိုကောင်။

စိုးပြည့်သူငယ်ချင်း။ သူကိုယ်တိုင် ပယ်ချလိုက်တဲ့ ရင့်သဘာ၊

"တောက်"

ရင်ထဲမှာ ဒိုင်းခနဲပေါက်ကွဲကာ မျက်ဝန်းထဲမှာ ဟုန်းခနဲ



www.burmeseclassic.com

www.burmeseclassic.com



မီးထ,တောက်သွား၏။ ကွန်ပျူတာရှေ့မှ ဝုန်းခနဲ ထရပ်သည်။

ခေါင်းကိုခါယမ်းပြီး ဖန်သားပြင်ပေါ်မှ ပုံရိပ်တွေကို ဖျောက်ဖျက်ဖို့ ကြိုးစားမိသည်။ ဒါပေမဲ့ ပုံရိပ်တွေက အားပြင်းစွာ ထိုးဖောက်ဝင်ရောက်လာသလို နောက်မှ ဟားတိုက်ရယ်မောသံတွေလည်း ကြားရ၏။

ဦးမိုးသစ် အသားတဆတ်ဆတ်တုန်သွား၏။

မျက်နှာကြီးနီကာ ဒေါသကြောင့် ပွဖောင်းလာပြီး နှုတ်ခမ်းသားတွေပါ တဆတ်ဆတ်တုန်သွား၏။

နှလုံးသားထဲမှာလည်း မုန်တိုင်းဝင်မွှေခံရသလို ရုပ်ပျက်ဆင်းပျက် ဖြစ်ကုန်သည်။

"သမီး"

ချစ်လွန်းလို့ ယုံကြည်ခဲ့သလို ဖူးဖူးမှုတ်အလိုလိုက်ခဲ့မိတာ။ ခုတော့ အလိုလိုက်လို့ အမိုက်စော်ကားလိုက်တဲ့ သမီး။

ဘာအခြေဘာအမြစ်မှ မရှိတဲ့ကောင်နဲ့မှကွာ။

"တောက်"

ဦးမိုးသစ် အံတင်းတင်းဖိကြိတ်လိုက်သည်က သွားတွေပါ ကျိုးနိုင်လုမတတ်။ ဒေါသကြောင့် ပြူးတူးမှောင်မိုက်သွားတဲ့ နှလုံးသားက ဘာကိုမှလည်း မြင်နိုင်စွမ်းမရှိတော့။ ဦးမိုးသစ် တစ်ရှိန်ထိုး ရုံးခန်းထဲက ပြန်ထွက်ခဲ့၏။ ဒေါသမျက်နှာနဲ့ ဘော့စ်ကိုမြင်လျှင် မန်နေ





ဂျာနဲ့ဝန်ထမ်းတွေပါ လန့်လန့်ဖျပ်ဖျပ်နဲ့ ဘာလုပ်လို့ဘာကိုင်ရမှန်းမသိဖြစ်ကုန်သည်။

"ဘာဖြစ်တာလဲ ဘော့စ်"

လို့ အနားကပ်မမေးရဲ။ သေချာတာ ခုနရောက်လာတဲ့ ပါဆယ်ကြောင့် ဖြစ်မယ်တွေးရင်း ဘော့စ်ကိုပဲ မျက်တောင်မခတ်တမ်း ကြည့်နေကြသည်။

ဝန်ထမ်းအားလုံးကို တစ်ခုခုသိနေသလားဆိုတဲ့ မျက်ဝန်းနဲ့ ဝေ့ကြည့်သည်။ ဝန်ထမ်းအားလုံး မျက်လွှာချ ခေါင်းငုံ့လိုက်လျှင် ဘော့စ် ခြေလှမ်းကျဲကျဲ ကျောခိုင်းထွက်သွားတော့၏။

မန်နေဂျာကိုစိုးအောင် သက်မလေးလေးကြီးချကာ ခေါင်းတစ်ချက်ယမ်း၍ လေပူတချို့ မှုတ်ထုတ်လိုက်၏။

"ဟူး"

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၉)

"သမီး နေနှင်းဆီ"

ဟုန်းခနဲ ပျံထွက်လာတဲ့ ဒယ်ဒီ့ခေါ်သံ။

နေ့နှားထဲ ဒိုင်းခနဲ ဆောင့်ဝင်လာသည်က တဆတ်ဆတ် တုန်ခါနေတဲ့ ဒေါသတွေ ပျော်ဝင်နေမှန်း သိသာနေသည်။

နေ့ကို ဘယ်တုန်းကမှ နေနှင်းဆီလို့ နာမည်အပြည့်အစုံ မခေါ်ဖူးဘူး။ "သမီး" သို့မဟုတ် "နေ"လို့ ချစ်စနိုးခေါ်တတ်တဲ့ ဒယ်ဒီ။

ခုတော့ နာမည်အပြည့်အစုံကို အမြင့်ဆုံးဒေါသသံနဲ့ ဖိခေါ် လိုက်သည်က ထူးခြားနေသည်။ ထိုခေါ်သံကြောင့် နေ့ရင်မှာ ဒယ်ဒီနဲ့





မျက်နှာချင်းဆိုင်ဖို့ မဝံ့မရဲဖြစ်လာသည်။

စာဖတ်ခန်းထဲမှာရှိနေတဲ့ နေက ညှိခန်းထဲ မဝင်ဖြစ်တော့။ ညှိခန်းနဲ့ စာဖတ်ခန်းကြား ဆီးကာထားတဲ့ အဝါနုရောင်လိုက်ကာ အိအိနောက်မှာ ခြေစုံရပ်မိသွားသည်။ ရှေ့ဆက် ဘာတွေဖြစ်လာမလဲ ဆိုတာ နားစွင့်လျှင် –

"သမီးနေနှင်းဆီ ဒယ်ဒီရှေ့ လာခဲ့စမ်း"

နေ ဒူးများပင် တုန်ချင်လာသည်။

အခုပဲ ကုမ္ပဏီထွက်သွားတဲ့ ခင်ပွန်းသည် အခုပဲ ပြန်ရောက် လာသည်။ ကားပေါ်က ဝေါခနဲဆင်း၍ ညှိခန်းထဲလှမ်းဝင်သည်နှင့် သမီးကိုပဲ ဒေါသနဲ့ တွင်တွင်ခေါ်နေသည်။

ညှိခန်းခေါင်းရင်းဘက်ရှိ ဘုရားခန်းထဲမှာ အိမ်ဖော်ပုရုမနဲ့ အတူ ဘုရားပန်းတွေလဲလှယ်နေတဲ့ ဒေါ်မိုးမိုးလင်း။ ဘုရားပန်းဆက် မလဲနိုင်ဘဲ ဘုရားခန်းထဲကနေ ထွက်လာပြီး

"ကိုမိုး ဘာဖြစ်လာတာလဲ၊ သမီးကိုပဲ ခေါ်နေတာ ဘာလုပ် ဖို့လဲ"

"ရှိခိုးမလို့ကွာ၊ မင်းသမီးကို ရှိခိုးမလို့"

ဦးမိုးသစ် ဘောက်ဆတ်ဆတ် ပြောချလိုက်သည်။ ဒေါ်မိုး မိုးလင်း ခြေလှမ်းတွေနှေးကျသွားသလို စိုးရိမ်စိတ် တိုးဝင်လာကာ ရင်ခုန်သံမြန်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်မှာလဲ သမီးမိုက်၊ မြန်မြန်ခေါ်စမ်း"

ပုံမှန်နဲ့မတူဘဲ ခင်ပွန်းသည်ကို နားမလည်စွာကြည့်၍

"ဘာဖြစ်လို့လဲ၊ လင်းကို အရင်ပြောစမ်းပါ ကိုမိုးရယ်၊ သမီး ဘာဖြစ်လို့လဲဟင် ဟင်"

"ဘာဖြစ်ရမလဲ၊ လင်းပြောသလိုပဲ သားသမီးယုံရင် စုံလုံးကန်းတဲ့၊ သမီးကိုယုံကြည်ပြီး အခွင့်အရေးပေးလိုက်တာ၊ အခုတော့ တောက် ကွာ"

ဦးမိုးသစ် ပြောရင်း တောက်တွေဘာတွေခတ်ကာ မျက်နှာကြောပိုတင်းလာသည်။ ဒေါ်မိုးမိုးလင်း ထိတ်ထိတ်ပျာပျာဖြစ်ကာ မိုးတိုးမတ်တတ်ရပ်လျက် မခံမရပ်နိုင်ပြောနေတဲ့ ခင်ပွန်းသည်အပါး တိုးကပ်သွားသည်။ ခင်ပွန်းသည်လက်မောင်းကို ဆုပ်ကိုင်လှုပ်ခါရင်း သွက်သွက်လေးမေး၏။

"သမီး သမီး ဘာဖြစ်လို့လဲ ကိုမိုးရယ်"

"ဘာဖြစ်ရမလဲ၊ မိဘက ဂုဏ်တူဒြပ်တူ, အဆင့်တူအတန်းတူတဲ့သူနဲ့ လူလိုသူလို စီစဉ်ထားတာသိရဲ့နဲ့ မိုက်ဇာတ်ခင်းနေတာကွ"

"ဘုရားရေ"

ဒေါ်မိုးမိုးလင်း အထိတ်တလန့် ရင်ဘတ်ဖိမိသွားသည်။ ခင်ပွန်းသည် ဘာကိုဆိုလိုမှန်းလည်း ရိပ်မိသွားတာကြောင့်

"ဒါ ဒါဆို သမီးက"





"ဟုတ်တယ် လင်းလင်း၊ သိပ်ရှက်ဖို့ကောင်းတယ်၊ ဘယ်ကမှန်း ဘာမှန်းမသိ, ခြေသလုံးကို အိမ်တိုင်လုပ်နေတဲ့ အလုပ်မဲ့အကိုင်မဲ့ကောင်နဲ့ ဖြစ်ချင်ရာဖြစ်နေတာ၊ မြင်လို့မကောင်းဘူးကွ"

"ဟင်"

ဒေါ်မိုးမိုးလင်း မျက်ဝန်းအစုံ မှောင်ပျသွားသလိုဖြစ်၏။ သမီးက အဲသလောက်ထိ မိုက်မဲနေတာလား။

ခေါ်စမ်း၊ ခုချက်ချင်း ခေါ်ထုတ်ခဲ့စမ်း"

ဦးမိုးသစ် တစ်ချက်လွှတ်အမိန့်ပေး၏။ ဒေါ်မိုးမိုးလင်း ပျာယာခတ်သွား၏။

သမီးမိုက်ဇာတ်ခံင်းလိမ့်မယ်လို့ မထင်ခဲ့တာ သူမ,အမှား။

သမီးမှာ ဒီလိုစိတ်တွေ မဝင်နိုင်သေးဘူးလို့ ယူဆခဲ့တာ တက်တက်စင်လွဲနေပြီ၊ မဖြစ်ဘူး။ အခြေမဲ့အနေမဲ့ကောင်မျိုးနဲ့ သမီးကို အဖြစ်မခံနိုင်ဘူး။

စိုးရိမ်စိတ်တွေကို မာနနဲ့တင်းခံပြီး အရှိန်အဝါနဲ့ဖိအားသုံးချုပ်ကိုင်ဖို့ ဒေါ်မိုးမိုးလင်း ချက်ချင်းဆုံးဖြတ်လိုက်သည်။

သမီးအခန်းရှိရာအပေါ်ထပ်သို့ လှေကားမှတစ်ဆင့် ပြေးတက်မလိုလုပ်ပြီးမှ သတိရသည်။

သူမ ဘုရားခန်းထဲ ဝင်မလိုလုပ်စဉ်က သူမရှေ့ကနေ သမီးက စာဖတ်ခန်းထဲဝင်သွားတာ တွေ့လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မိုးမိုးလင်းခြေလှမ်းက ချက်ချင်း စာဖတ်ခန်းဘက် လှည့်သည်။

"သမီး"

သမီးကို ဖိခေါ်ရင်း လိုက်ကာစဖယ်ပြီး စာဖတ်ခန်းထဲ စွတ်ဝင်သည်။

မာမီ့ခေါ်သံနဲ့ခြေသံကြောင့် နေ့တစ်ကိုယ်လုံး ကျုံ့ဝင်မတတ် ဖြစ်ကာ ကြောက်စိတ်နဲ့ နံရံမှာ ကိုယ်ကိုမှီလျက် အသက်မရှူရဲအောင် ဖြစ်သွားသည်။

"သမီး"

မာမီ့ခေါ်သံ ပိုကျယ်လာကာ စာဖတ်ခန်းတစ်ခန်းလုံးကို ဝေ့ကြည့်ရှာသည်။ စာဖတ်ခန်းအဝင်အဝနံရံမှာ ကပ်ရပ်လျက်ရှိနေတဲ့ နေ့ကိုမြင်လျှင် ဒေါသမီးပွားတွေ လွင့်ကျမတတ်စိုက်ကြည့်ကာ မာမီ အံကြိတ်သည်။

"သမီး အဲလောက်တောင် မိုက်ရသလားဟင်"

နေ့လက်တစ်ဖက်ကို ဖတ်ခနဲဆွဲ၍ စူးစူးရဲရဲကြည့်၍မေးသည်။ မာမီအကြည့်စူးစူးနဲ့ မေးခွန်းကို ရင်မဆိုင်ရဲ။

ခေါင်းကို ငုံ့ချလိုက်သည်။

"ဒါ မိုက်တာမဟုတ်ဘူး မိုးမိုး၊ မိဘမေတ္တာကို စော်ကားတာ"





ဒယ်ဒီလည်း ဒေါသခြေလှမ်းနဲ့ ဝင်လာရင်း နေ့ရှေ့မှာ လက်တစ်ဖက်ခါးထောက်ရပ်လျက် မာန်အပြည့်နဲ့ ပြောသည်။

"မိဘပေးထားတဲ့ ယုံကြည်မှုကို အလွဲသုံးစားလုပ်ပစ်တာ"

နေ မရဲတရဲနဲ့ ခေါင်းလေး ခါယမ်းမိသည်။

ဒယ်ဒီပြောသလို ဒယ်ဒီ့မေတ္တာကို စော်ကားတာမဟုတ်သလို၊ ယုံကြည်မှုပေးထားတာကိုလည်း နေ အလွဲသုံးစားလုပ်ပစ်တာ မဟုတ်ပါဘူး။

ဒယ်ဒီနဲ့မာမီ လက်ခံအောင် နေ ရှင်းပြချင်တယ်။

ရှင်းပြခွင့်နဲ့ အသံနားခံခွင့် ရချင်တယ်။ ခုတော့ ဘာအခွင့်အရေးမှ မရတဲ့အပြင်

"ဒီမှာသမီး ဒယ်ဒီနဲ့မာမီမှာ ရှားရှားပါးပါး သမီးတစ်ယောက်တည်းရှိလို့ သည်းသည်းလှုပ်အောင်ချစ်ပြီး အရာရာတိုင်းအတွက် သမီးစိတ်ဆန္ဒရှိသလို အလိုလိုက်ခဲ့တယ်၊ ဒီကိစ္စမှာ လုံးဝပဲသမီး"

"မာမီလည်း လုံးဝလက်မခံဘူး သမီး"

မာမီလည်း တရစပ်ပြောပြန်သည်။ ဒယ်ဒီနဲ့မာမီ တစ်လှည့်စီ ဖိပြောနေသည်က ဝမ်းနည်းကြေကွဲစိတ်တို့ တအိအိ ပြိုကျလာသည်။

"ဒီအချိန်ကစပြီး သမီး လုံးဝအပြင်ထွက်ဖို့ မကြိုးစားနဲ့၊ ထွက်ခွင့်လည်း မပေးဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဒယ်ဒီ"

ချက်ချင်းမျက်ရည်တွေ ပြည့်အိုင်နေတဲ့ မျက်ဝန်းနဲ့ နေမရဲတရဲမော့ကြည့်ပြီး တိုးတိုးလေးခေါ်သည်။

ဒယ်ဒီ့ကို ဖက်တွယ်၍ ချွဲနွဲ့ပြီး အသနားခံမယ်ဆိုတဲ့စိတ်နဲ့ပါ။

ဦးမိုးသစ် သမီးအထာတွေကို နားလည်နေသည်။ ဖက်တွယ်ချွဲနွဲ့ဖို့ တိုးကပ်လာတာတဲ့ သမီးလက်တွေကို ဖယ်ချကာ လက်ညှိုးလေး ခါယမ်းပြီးပြောသည်။

"သမီး ဘာတစ်ခွန်းမှမပြောနဲ့၊ သမီးကို ပေးထားတဲ့ အခွင့်အရေးအားလုံး ဒယ်ဒီ ရုပ်သိမ်းလိုက်ပြီ၊ ဘာအကြောင်းကြောင့်မှ အပြင်ထွက်ဖို့ စိတ်မကူးနဲ့၊ ဒီရက်ပိုင်းအတွင်း သမီးနဲ့ကိုထော မင်္ဂလာဆောင်ပေးဖို့ ဒယ်ဒီစီစဉ်မယ်၊ ဒါ ဒယ်ဒီ့အမိန့်"

ဖခင်အာဏာနဲ့ အမိန့်ချပြီး ကျောခိုင်းထွက်သွားတဲ့ဒယ်ဒီ။

"ဟင့် ဟင့် ဒယ်ဒီ"

ပါးပြင်ပေါ် အိခနဲ ပြိုကျလာတဲ့ မျက်ရည်တို့နဲ့အတူ ခေါ်၍ဒယ်ဒီ့နောက်မှ ခါးကိုသိုင်းဖက်သည်။ ဦးမိုးသစ်ခြေလှမ်းက အလိုလိုတန့်သွား၏။ နေ မျက်နှာလေးကို ဒယ်ဒီ့ကျောပြင်နှင့်ကပ်၍ ခေါင်းကလေးမှီချပြီး ခေါ်သည်။

"ဒယ်ဒီ"





သမီးချွဲနွဲ့တိုင်း ရင်မှာ ပျော့ပျောင်းသိမ်မွေ့သွားတတ်တဲ့ ဖခင်နှလုံးသား ဒီတစ်ကြိမ်မှာ ပျော့ပျောင်းမသွားအောင် ဦးမိုးသစ်တင်းပစ်လိုက်သည်။

နောက်မှသိုင်းဖက်ထားတဲ့ သမီးလက်ချောင်းတွေကို ဆုပ်ကိုင်ဖယ်ချလျှင်

"ဟင့် ဟင့် ဒယ်ဒီ၊ နေ ရင့်ကိုပဲချစ်တယ် ဒယ်ဒီရယ်၊ နော်၊ ရင့်ကို အသိအမှတ်ပြုပါနော် ဒယ်ဒီ၊ နေတို့အချစ်ကို မခွဲပါနဲ့နော်၊ နော် ဒယ်ဒီ၊ ဟင့် ဟင့် မခွဲပါနဲ့ ဟင့် ဟင့်"

တသိမ့်သိမ့် ရှိုက်ငိုရင်း အသနားခံနေတဲ့သမီး။

ဦးမိုးသစ်ရဲ့တင်းခံစိတ် ပြိုကျလုမတတ် ဖြစ်သွားသည်။ ဇနီးသည်၏ အသိအမှတ်မပြုနိုင်ကြောင်း မျက်နှာထားနဲ့ ခေါင်းယမ်းတာမြင်မှ ဦးမိုးသစ်စိတ်ကို ပြန်တင်းဖို့ သတိရသွားသည်။

သမီး အလိုမကျ နှုတ်ခမ်းဆူနေရင်တောင် ဦးမိုးသစ် ပျာယာခတ်မတတ်ဖြစ်ကာ သမီးအလိုကျ အားလုံးဖြစ်စေခဲ့သည်။

တအင့်အင့်ရှိုက်ငိုပြီး အသနားခံတောင်းဆိုတာ မြင်ရတော့ ဦးမိုးသစ် နှလုံးသားတင်းခံထားရာမှ အရည်ပျော်ကျမတတ်ဖြစ်ရသည်။ သို့သော်လည်း ကြိတ်မှိတ်ခံကာ ဆက်လက်တင်းပစ်လိုက်သည်။

မျက်နှာကိုတော့ နှုတ်ခမ်းကိုပါ မဲ့ပစ်၏။

"နော် ဒယ်ဒီ၊ ရင့်ကို နေချစ်တယ်၊ မခွဲပါနဲ့နော်၊ နော်



www.burmeseclassic.com

www.burmeseclassic.com



ဒယ်ဒီ''

သမီး ဒုတိယအကြိမ် ပြန်ဖက်တွယ်၍ပြောလျှင် ဦးမိုးသစ် ခပ်ကြမ်းကြမ်းပဲ သမီးလက်တွေကို ဖယ်ချလျက် မျက်နှာချင်းဆိုင်ပြီး ပြောသည်။

''ဟွန်း၊ မခွဲနဲ့ ဟုတ်လားသမီး''

နေ မျက်လွှာလေးချကာ ခေါင်းညိတ်သည်။ ထိုအခါ ဦးမိုးသစ် ရင်နာစွာပဲ ပြောသည်။

''သမီးက အခွဲမခံနိုင်အောင်ဖြစ်နေတာ ဆေးများမိထားသလားဟင်၊ ပြောစမ်း သမီး''

''နေ ချစ်တာ''

မိဘမျက်နှာကို မချစ်ဘဲပြောချတဲ့ သမီး။ ဒေါ်မိုးမိုးလင်း အံ့ကြိတ်ကာ လက်တွေဘာတွေ ရွယ်မိသွားသည်။ ဦးမိုးသစ် သမီး ပခုံးကို လှုပ်ခါရင်းမေးသည်။

''ဘာချစ်တာလဲ၊ သမီးနဲ့ ဘယ်နေရာမှာ တူတာတန်တာ ရှိသလဲ၊ ဒီကောင့်အကြောင်း သမီး ဘယ်လောက်သိလဲ၊ ဘာရည်ရွယ်ချက်နဲ့ သမီးဆီ ဒီကောင်ချဉ်းကပ်တာလဲ၊ သိရဲ့လား ပြောစမ်း''

နေ ရှိုက်၍သာ ခေါင်းငုံ့နေမိသည်။ ပြောရင်းပြောရင်းနဲ့ ဦးမိုးသစ်ရဲ့တင်းမာမှုတွေ ပို၍အုံကြွလာသည်။ သမီးပခုံးကို ခပ်ကြမ်းကြမ်း ဖျစ်ကိုင်လှုပ်ခါရင်း မေးမြန်းသည်။





''သမီးရေ့၊ ဒီကောင်ရောက်ရောက်လာတဲ့ အဖြစ်အပျက် အားလုံးက ဟိုကောင် 'စိုးပြည့်'ရဲ့ စနက်ချည်းပဲ၊ ဘာရိုးသားမှုမှမရှိဘူး နေနှင်းဆီ၊ ဒယ်ဒီတို့မိသားစုကို စိတ်သောကလာပေးဖို့ချည်းပဲ၊ ဦးနှောက်ရှိရဲ့နဲ့ မစဉ်းစားတတ်တဲ့သမီး၊ ကိုယ့်နဲ့မတူမတန်တာ သိသိကြီးနဲ့ မဆင်မခြင်ပြုတဲ့သမီး၊ သမီး မစဉ်းစားမဆင်ခြင်ဘဲ ပြုသမျှ အားလုံးကို ဒယ်ဒီတို့ အသိအမှတ်ပြုလိုက်ရင် အသိုင်းအဝိုင်းကြားထဲ ဘယ်မျက်နှာနဲ့ ဒယ်ဒီတို့ဝင်ရမလဲ၊ သိပ်ရှက်ဖို့ကောင်းတယ် သမီး၊ သိပ်ရှက်ဖို့ကောင်းတယ်ကွ''

စကားအဆုံးမှာ ဒေါသကြောင့် သမီးကို ဦးမိုးသစ်ဆောင့်တွန်းပစ်မိသွားသည်။ နေ ကိုယ်လေးယိုင်ခနဲဖြစ်ကာ စာအုပ်ဗီရိုနား ရောက်သွားသည်။ နေ ပို၍ ဝမ်းနည်းကြေကွဲသွား၏။

ဖူးဖူးမှတ်အလိုလိုက်ကာ နေ့ကို တယုတယရှိလှတဲ့ ဒယ်ဒီက ခုတော့ နေ ယိုင်ကျပြီးနာကျင်သွားမှာပါလားလို့ မတွေးမိ။

မကြင်မနာ တွန်းပစ်တဲ့အဖြစ်ရယ်။

နေ ရှိုက်သံပိုကျယ်သွားသလို မျက်ရည်တွေလည်း တဝေါ်ဝေါ်ကျလာသည်။ ဒယ်ဒီတွန်းတဲ့အရှိန်နဲ့ နေ ကိုယ်လန်ကျမသွားအောင်ထိန်း၍ စာအုပ်ဗီရိုနား ငေါ့ကပ်မှေးရပ်လိုက်ရသည်။

''အချစ်ကိုဖန်းပြပြီး သမီးဘဝကိုပျက်မယ်၊ ဒယ်ဒီတို့ စိတ်သောကရောက်အောင်လုပ်မယ်ဆိုတဲ့ စိတ်နဲ့ စိုးပြည့် Contol လုပ်



www.burmeseclassic.com

www.burmeseclassic.com



တဲ့အတိုင်း အသက်ရှူနေတဲ့ကောင်ကိုမှ ချစ်သတဲ့၊ တောက် မိုက်ရိုင်းလိုက်တဲ့သမီး''

''သမီးမိုက်ချင်တိုင်း မာမီတို့ မိုက်ခွင့်ပေးမှာ မဟုတ်ဘူး၊ သမီးဒယ်ဒီအမိန့်အတိုင်း မာမီ ထိန်းချုပ်ရမယ်၊ ဘယ်နည်းနဲ့မှ သမီးအလို မလိုက်နိုင်ဘူး၊ ကိုထောနဲ့ အမြန်ဆုံးစီစဉ်မယ်၊ သမီးရှေ့ဆက်မိုက်မဲဖို့ စိတ်မကူးနဲ့''

ဒယ်ဒီနောက်က မာမီပါ ပြင်းပြင်းထန်ထန်ပြော၏။

နေ ခေါင်းတွင်တွင်ယမ်းရင်း ဟီးခနဲငိုချလိုက်သည်။

''မာမီ''

''မခေါ်နဲ့၊ တက်၊ ခုချက်ချင်း အပေါ်ထပ်တက်စမ်း''

မာမီရဲ့ ယတိပြတ်ချမှတ်တဲ့ အမိန့်။ ဒယ်ဒီကလည်း မသနား၊ မညှာတာသလို နေ့ကို စိုက်ကြည့်ပြီး

''သမီးကို ဒယ်ဒီအပြတ်ပြောပြီးသား၊ လုံးဝပဲ၊ ဒီအချိန်ကစပြီး သမီး အပေါ်ထပ်ကနေ အောက်ထပ်ကိုတောင် ခြေချစရာမလိုဘူး၊ ခုချက်ချင်း အပေါ်တက်စမ်း''

''ဟင့် ဟင့် ဟီး''

နေ ရှိုက်၍ဟီးခနဲငိုချကာ အမိန့်တွေရဲ့စေညွှန်ရာအတိုင်း မိဘနှစ်ပါးရှေ့မှဖြတ်ကာ အပေါ်ထပ်တက်ခဲ့ရသည်။

နေ အခန်းထဲရောက်လျှင် ခုတင်ပေါ် ကိုယ်ကိုပစ်ချရင်း





ခေါင်းအုံးမှာ မျက်နှာမှောက်လျက် ထိနိုက်ကြေကွဲစွာ ငိုကြွေးမိတာက ဒယ်ဒီနဲ့မာမီရဲ့အမိန့်ကို ချိုးဖောက်မယ်ဆိုတဲ့ အချစ်ရဲ့စေစားခံရမှုတွေနဲ့ပဲ ဖြစ်သည်။

ရင့်ရယ်

ရင့် ကို နေ မခွဲနိုင်ဘူး။

ချစ်တယ်။

ဟင့် ဟင့် ဟင့်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

ရွှေရောင်အိမ်မှာ သော့ခတ်ပိတ်လှောင်ခြင်းခံရတဲ့ ငှက်ပျိုမလေးဆိုပါတော့။ အနီ ငှက်ပျိုမလေးဟာ ရွှေတွေ၊ စိန်တွေမံထားတဲ့ လှောင်အိမ်ထဲမှာ စည်းစိမ်ယစ်ပြီး ပျော်မွေ့နေမယ်ထင်သလားကွယ်။

ဟင့်အင်း။

နေ တော့ လုံးဝမထင်ဘူး။

လှောင်အိမ်ထဲကနေပြီး အဆီးအတားမရှိတဲ့ ကောင်းကင်အနှံ့ တောင်ပံဖြန့်သန်းချင်နေလိမ့်မယ်။ တံခါးရွက်တွေမရှိတဲ့ လေဟုန်မှာ ခိုစီးချင်စီးနေမယ်၊ ချစ်သူနဲ့ လည်ချင်းဖက်ပြီးလျက် တောင်ပံတွေ ယှက်ကာ အချစ်လေပြည်ကြောမှာ မျောချင်မျောနေလိမ့်မယ်လေ။





ချစ်ဦးသူ ငှက်ဖိုလေးနဲ့ တွတ်တီးတွတ်တာ စကားပြောချင် ပြောနေလိမ့်မယ်။ တေးသီချင်းတွေ သီကုံးရင့်ကျူးချင်ရင် ရင့်ကျူးနေလိမ့်မယ်။

ပြီးတော့

လှောင်အိမ်ထဲကလွတ်မြောက်ခွင့်ရဖို့ ကြိုးစားချင် ကြိုးစားနေလိမ့်မယ်လေ။

ဟုတ်တယ်မဟုတ်လား ငှက်ပျိုမလေးရယ်။

လသာဆောင်မျက်နှာစာမှာ ချိတ်ဆွဲထားတဲ့ လှောင်အိမ်ထဲမှ 'ချိုးဖြူ' ငှက်မလေးကိုငေးရင်း နေ အတွေးတွေကျယ်ပြန့်နေသည်။

ချိုးဖြူငှက်မလေးက တန်းမှာရပ်လိုက်၊ အပြင်ကိုကြည့်လိုက် ခြံထဲမှာပျံသန်းနေတဲ့ စာကလေး၊ ဆက်ရက် စတဲ့ငှက်တွေကို ငေးလိုက်နှင့် ဖြစ်နေရှာသည်။

တစ်ခါတစ်ရံ လှောင်အိမ်သံတိုင်တွေကြားထဲ နှုတ်သီးလေး ထိုးထည့်ကာ သံပေါက်ကျဉ်းကျဉ်းလေးထဲက ထိုးထွက်လို့ရတန်ရာကောင်းရဲ့ဆိုတဲ့အတွေးနဲ့ တိုးထွက်ဖို့ကြိုးစားနေပြန်သည်။

ငှက်ပျိုမလေးရယ်

နှင့်ကို နေ သနားလိုက်တာ။

ခပ်လှမ်းလှမ်းဆီမှ ကိုယ်ယောင်ပြပျံသန်းသွားတဲ့ ချိုးဖိုလေး



www.burmeseclassic.com

www.burmeseclassic.com



ကို တကူကူအသံပေးရင်း ကူကယ်ပါလို့ပြောပြန်သည်။

ချိုးဖိုလေးကလည်း ကူကယ်ခွင့်လမ်း မမြင်ရဘူး။ ကြိုးစား ပြီးလှောင်အိမ်ထဲကနေ ထွက်လာပါကွယ်လို့ ပြောနေသလို တကူကူ နဲ့ ဖိုသံပေးပြန်သည်။

ချစ်သူကိုသာ အပြန်အလှန် ထွေးပိုက်ယုယချင်နေရှာတဲ့ ချိုးဖြူမှောင်နံ့ရယ်၊ ချစ်ခြင်းမှာ ဟောဒီလှောင်အိမ်လေးက ချိုးဖြူ ချစ်သူဘဝကို ချစ်ကမ္ဘာကို ခြားစေသတဲ့လား။ အချစ်ကမ္ဘာမခြား အောင် နေ ဘာလုပ်ပေးမလဲ။

ပိတ်လှောင်ခံထားရတဲ့ နှေ့နှလုံးသားက နင်တို့ချစ်သူဘဝ ရဲ့ တောင့်တမှုကို ကိုယ်ချင်းစာသလို နားလည်မှုလည်းပေးနိုင်ပါတယ် ကွယ်။

တစ်စုံတစ်ယောက်ကြောင့် နင်တို့ချစ်သူနှစ်ဦး မကွဲကွာစေ ရဘူးကွယ်။ နင်တို့စုံတွဲကို နေ ကူညီပေးမယ်။ သိလား။

စက္ကန့်မလပ် မာမီ့အမြင်အောက်မှာ ချုပ်နှောင်ခံထားရတဲ့ နေရင်မှာ ပိတ်လှောင်ခံရတဲ့ ချိုးဖြူငှက်ပျိုမလေးကို တစိမ့်စိမ့်ကြည့် ရင်း မွန်းကျပ်နေရှာသည်။

လောလောဆယ် ချိုးဖြူငှက်ပျိုမလေးက လွတ်မြောက်ခွင့် ရဖို့ စိတ်နှလုံးထက်သန်နေမိသည်။

မာမီ့ကို တစ်ချက်ငဲ့ကြည့်လိုက်တော့ မာမီက လသာဆောင်





၏အဝင်ဝမှာ ခင်းထားတဲ့ထိုင်ခုံမှာ ကျောမှီထိုင်ချလျက် မဂ္ဂဇင်းတစ် စောင်ကို စိတ်ဝင်တစားဖတ်နေသည်။

မာမီ မဂ္ဂဇင်းကို အာရုံစိုက်ဖတ်နေတာကို နေ အသုံးချ လိုက်မိသည်။ နေ ထိုင်နေရာမှ ဖျတ်ခနဲထရပ်သည်။ လက်လှမ်းမီ နေတဲ့ ရွှေရောင်ငှက်လှောင်အိမ်၏ တံခါးသော့ကို ဖွင့်ပေးလိုက်မိသည်။

ထိုအခါ ငှက်ပျိုမလေးက နေ့ကို ဝမ်းမြောက်ဝမ်းသာကြည့် ၍ တကူးကူးနဲ့ ကျေးဇူးတင်ကြောင်း ငှက်ဘာသာဗေဒနဲ့ အသံပြု ပြောသည်။

နေ ခေါင်းလေးဆတ်ကာ ချစ်သူဆီပြန်တော့နော်လို့ မျက် ရိပ်လေးနဲ့ အသံတိတ်ပြော၏။ ထိုအခါ ငှက်ပျိုမလေးက လည်တိုင် လေးဝပ်ကာ ကိုယ်လေးကျုံ့၍ အားယူကာတောင်ပံ့ဖြန့်လျက် ဖွင့်ထား တဲ့တံခါးချပ်လေးမှတစ်ဆင့် လှောင်အိမ်တွင်းမှ တဖတ်ဖတ်နဲ့ တောင်ပံ ခတ်ပျံထွက်သွား၏။

ချစ်သူကို တကူးကူးနဲ့အသံပေးလိုက်လျှင် ချစ်သူငှက်ဖိုလေး က တကူးကူးနဲ့ ချစ်ခွန်းသီကာ ငှက်ပျိုမလေးဆီ တစ်ဟုန်ထိုးပျံသန်း လာသည်။

လှောင်အိမ်ထဲက လွတ်မြောက်လာတဲ့ ချစ်သူငှက်ပျိုလေးနဲ့ အတွေ့မှာ လည်တိုင်လေးဆန့်ကာ တောင်ပံလေးများယှက်ပြီး လေ ပြည်ကြောမှာ နှေးနှေးလေး ပျံသန်းတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ရွှေလျောင်အိမ်နဲ့ဝေးရာဆီ ပျံသန်းသွားသည့် ချိုးဖြူစုံတွဲ မြင်ကွင်းထဲက ပျောက်ကွယ်သွားသည်အထိ နေ နှစ်နှစ်မျောမျော ကြီး ငေးကြည့်ဖြစ်၏။

''ဟွန်း သိပ်ပြီးစိတ်ကူးတွေယဉ်မနေနဲ့ သမီး''

မာမီအသံရင့်ရင့်ကြီး ပေါ်ထွက်သည်။ ထိုအခါ နေ့တစ်ကိုယ်လုံး သိမ့်ခနဲ တုန်ခါသွားမတတ်ဖြစ်ကာ အသိတို့ပြေးဝင်လာသည်။

မာမီ ဘာကိုဆိုလိုမှန်း နေ သဘောပေါက်လိုက်သည်။

ဟင်းလင်းပွင့်နေတဲ့ ငှက်လှောင်အိမ်လေးကို နေ ငေးကြည့်မိသွားသည်။ မာမီ မဂ္ဂဇင်းစာအုပ်ကို စားပွဲပေါ်ချပြီး ဟင်းလင်းပွင့်နေပြီဖြစ်တဲ့ ငှက်လှောင်အိမ်နဲ့ နေ့မျက်နှာကို တစ်လှည့်စီကြည့်ပြီး ခပ်တင်းတင်းပဲဆက်ပြောသည်။

''ဒီမှာ သမီး၊ တိရစ္ဆာန်နဲ့လူသား တူတာရှိသလို မတူတာတွေ အများကြီးရှိတယ်၊ စားမယ်, သွားမယ်, အိပ်မယ်, ချစ်မယ်ဆိုတာ တိရစ္ဆာန်တွေရဲ့ သမားရိုးကျအလုပ်၊ လူဆိုတာ တိရစ္ဆာန်တွေလို သမားရိုးကျလုပ်နေရုံနဲ့ မပြီးဘူး၊ ဘဝအတွက် လေးနက်ခိုင်မာတဲ့ အတွေးအမြင်ရှိဖို့ လိုအပ်တယ်၊ ချစ်တဲ့ကိစ္စက ဘဝမဟုတ်ဘူး၊ စိတ်ကူးယဉ်ကမ္ဘာထဲ သမီးဘဝကို သမီးကိုယ်တိုင်နှစ်ပစ်ဖို့ မိုက်မဲနေတာ နားလည်လား၊ တိရစ္ဆာန်တွေရဲ့ သမားရိုးကျအလုပ်မျိုး သမီးလုပ်ဖို့ စိတ်ကူးယဉ်တိုင်း မာမီတို့ လုပ်ခွင့်ပေးမှာမဟုတ်ဘူး၊ ငှက်တစ်ကောင်





ဟာ သူပျံသန်းချင်တဲ့ဆီ ပျံသန်းမယ်၊ ချစ်ချင်တဲ့ကောင်နဲ့ ချစ်မယ်၊ အချိန်အဝါဂုဏ်နဲ့ အဆင့်အတန်းတွေ, ဘာညာတွေဆိုတာ သူတို့အတွက် မလိုအပ်ဘူး၊ အေး သမီးဘဝအတွက်တော့ ဂုဏ်သိက္ခာလည်း လိုအပ်တယ်၊ အချိန်အဝါလည်း အရေးကြီးတယ်၊ လေးနက်ခိုင်မာတဲ့ ဘဝကို ပိုင်ဆိုင်ဖို့လည်း လိုအပ်တယ်၊ အဲဒီအတွက် မာမီတို့အစီအစဉ်ကို တွန်းလှန်ပစ်ဖို့ ဘယ်တော့မှစိတ်ကူးမယဉ်နဲ့''

မာမီ့ဒိုင်ယာလော့ခ်တွေ နားထဲစီးဝင်မလာဖို့ နေ အသက်အောင့်ကာ အာရုံကိုတင်းလိုက်မိသည်။

တင်းလိုက်ပေမယ့်လည်း နားထဲ တဒိုင်းဒိုင်းတိုးဝင်တာက ဝမ်းနည်းရသလို တစိမ့်စိမ့်ကြေကွဲရ၏။

''သမီး ဘယ်လောက်ပဲစိတ်ကူးယဉ်ယဉ် မာမီတို့ အစီအစဉ်နောက်က ပြေးမလွတ်နိုင်ဘူးဆိုတာ မြဲမြဲမှတ်ထား''

တဲ့။ နေ ဟီးခနဲ ငိုချပြီး

''မာမီတို့ မတရားဘူး''

လို့ အကြိမ်ကြိမ် ပြောလိုက်မိသည်။ ဒေါ်မိုးမိုးလင်း မျက်မှောင်ကြုတ်ကာ မျက်နှာထားနဲ့ နေ့ရှေ့တည့်တည့် ရောက်လာသည်။

''ဘာပြောတယ် သမီး''

ပါးပြင်ပေါ်က မျက်ရည်တွေကို နေ လက်ချောင်းတွေနဲ့ ခပ်ကြမ်းကြမ်းဖိသုတ်မိသည်၊ နေ့ကို ပိတ်လှောင်ကာ မျက်ခြည်မပြတ်



www.burmeseclassic.com

www.burmeseclassic.com



စောင့်ကြည့်ရုံမက ကေကေတို့နဲ့လည်း အဆက်အသွယ်ဖြတ်ထားခဲ့သည်။

ကေကေတို့ ဖုန်းဆက်လာတော့ မာမီပဲ နေ့လက်ထဲက ဖုန်းကို ဆတ်ခနဲကိုင်ပြီး

"ကေကေလား၊ အင်း သမီးက အန်တီတို့ကိုစိတ်ဆိုးနေလို့ အခန်းအောင်းနေလေရဲ့၊ သမီးစိတ်ကောက်ပြေတဲ့အထိ နေပါစေ၊ ဒီအတောအတွင်း ဖုန်းတွေဘာတွေမဆက်နဲ့၊ လာလည်းမလာနဲ့နော်၊ ဟုတ်ပြီလား၊ ဒါပဲနော် ကေကေ"

ဟု ပိပိရိရိပြောရင်း ဖုန်းချပစ်လိုက်တဲ့ မာမီ။

"စိတ်ချပါ မမမေ၊ လက်မှတ်ထိုးတာနဲ့ ဆွမ်းကျွေးတာကို ကျွန်တော်တို့နှစ်ဖက်မိဘနဲ့ အရင်းနှီးဆုံးမိတ်ဆွေတချို့နဲ့ပဲ လုပ်မယ်၊ တခြား ဘယ်သူမှ မသိစေရဘူး၊ သမီးသူငယ်ချင်းတွေတောင် အသိမပေးဘူး၊ အင်း ဟုတ်တယ်လေ၊ သူငယ်ချင်းတွေက ဒီလိုကိစ္စမှာ သေရေးရှင်ရေးတမျှ ကူညီပေးဖို့ ဝန်မလေးဘူးဆိုတာ ကျွန်တော်သိပါတယ်၊ ဒါကြောင့် သမီး သူငယ်ချင်းတွေအသိမပေးဘဲ ကျိတ်စီစဉ်ထားတာပါ"

ဒယ်ဒီကလည်း အန်တီမေကို ထိုသို့ဖုန်းနဲ့ပြောပြန်သည်။

ဟွန်း။

နေ့သူငယ်ချင်းတွေက နေ့ကို ကူညီမယ်ထင်လို့လား ဒယ်ဒီ





ရယ်။ သူငယ်ချင်းတွေသိရင်တောင် ဒယ်ဒီတို့ဘက်က ရပ်တည်ပြီး အားပေးကြဦးမှာလေ။

ရင့်ကိုချစ်မိရုံနဲ့ နေ့ကို မိဘပါဝါနဲ့ချုပ်ချယ်ပြီး ထွက်ပေါက်မရှိအောင် ကျိတ်စီစဉ်နေကြတာ လုံးဝမတရားဘူးလို့ နေ ယူဆတယ်။

ဒါကြောင့် မာမီ့ကို မတရားဘူးလို့ ရဲရဲဝံ့ဝံ့ပြောမိသွားခြင်း။

"မတရားဘူး၊ ဟုတ်လား သမီး"

နေ ခေါင်းညိတ်လိုက်မိသည်။ မာမီ့မျက်ဝန်းမှာ ဒေါသတွေ ဖျာခနဲလွင့်ကျလာသည်။ လက်တစ်ဖက်ခါးထောက်ကာ နေ့ကို စိုက်ကြည့်ပြီး ပြောချ၏။ .

"အဟွန်း မတရားဘူးတဲ့၊ သမီးမို့လို့ ပြောရက်တယ်၊ မိဘက စိန်စိမြန်ရုံပြီး အသိုင်းအဝိုင်းကြားထဲ ခေါင်းမော့နိုင်အောင်လုပ်ပေးတာကို ဒီလိုပဲ ပြောရက်သလား"

"ပြောမယ်"

"တောက် သမီးနေ့"

အန်တီမေနဲ့ ဖုန်းစကားပြောပြီးတဲ့ ဒယ်ဒီအသံကြီး ပျံ့ထွက်လာသည်။ နေ မျက်ရည်တွေဘာတွေလည်း မသုတ်တော့။ တအင့်အင့်ရှိုက်ရင်း

"နေ ကိုထောက်ကို မယူနိုင်ဘူး ဒယ်ဒီ၊ ရင့်ကလွဲပြီး ဘယ်သူ့ကိုမှ မယူဘူး၊ ဒယ်ဒီတို့ဘယ်လိုပဲစီစဉ် စီစဉ် နေကတော့ လွှတ်



www.burmeseclassic.com

www.burmeseclassic.com



အောင်ရှန်းထွက်မှာပဲ၊ ဟင့် အင့်''

ပြောပြီးသည်နှင့် ဒယ်ဒီနဲ့ မာမီရှေ့မှ မာနလေးနဲ့ရင်ကော့ ထွက်ခဲ့သည်။ ဒယ်ဒီနဲ့ မာမီက အံ့တကြိတ်ကြိတ်ကြည့်သည်။

မာမီက ခြေလှမ်းကျဲနဲ့ နေနောက်လိုက်လာပြီးပြောသည်။

''ထွက် ထွက်ချင်သလောက် ထွက်စမ်းပါ၊ နက်ဖြန်ပဲ မင်္ဂလာဆွမ်းကျွေးပွဲ လုပ်တော့မှာ၊ သိရဲ့လား ''

''ဟင်''

နေ မျက်ဝန်းဝိုင်းခနဲဖြစ်ကာ မာမီ့ကိုလှည့်ကြည့်မိသွား။ မာမီက သေချာပိုင်နိုင်တဲ့မျက်နှာနှင့် ခေါင်းလေးမော့ကာပြော၏။

''ဟုတ်တယ်၊ နက်ဖြန်အတွက် အားလုံးစီစဉ်ပြီးသား'' တဲ့၊

ဟင့်အင်း

နေ ခေါင်းခါယမ်းမိသွားသည်။ မျက်ဝန်းဝိုင်းထဲမှာ မျက်ရည်တို့လွှင့်စဉ်ခုန်ထွက်သွား၏။

ရင့်ရယ်

နေ့နေ့လုံးသား လွတ်မြောက်ခွင့်ရအောင် ချစ်ခြင်းတွေနဲ့ ဆောင်ယူလှည့်လားကွယ်။

ခုတော့ လှောင်အိမ်နဲ့တူတဲ့ စံအိမ်ထဲမှာ နေ အသည်းကွဲနေပြီလေ။

နေအသည်းကွဲရုံမက နက်ဖြန်ဆို တစ်ပါးသူရင်ခွင်ထဲ





ရောက်တော့မှာတဲ့။

ဟင့်အင်း

နေ ကိုထောရင်ခွင်ထဲ မဝင်ပါရစေနဲ့။

လွတ်မြောက်သွားတဲ့ ချိုးဖြူငှက်ပျိုမလေးရယ်

ရင့်လိုပဲ လွတ်လပ်စွာပျံသန်းရင်း ချစ်သူနဲ့ ရွှေလည်ယှက်ခွင့်ရအောင် ကူညီပေးပါလားကွယ်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၁)

"ဟင်"

ဖန်သားပြင်ပေါ်က ပုံရိပ်တွေကြည့်ရင်း ရင့်နှလုံးသား ဝုန်းခနဲဆောင့်ခုန်သွား၏။ မယုံနိုင်လောက်အောင်လည်း ဖြစ်ရသည်။

နေနဲ့ ရင့်တို့ ချစ်သူချင်း ရင်ခုန်ကြည်နူးခဲ့တဲ့ ပုံရိပ်တွေ။

"မင်း မင်းတို့"

ရင့် ရှက်လည်းရှက်သလို၊ ဒေါသတွေလည်း ထွက်ကာ စိုးပြည့်လက်ထဲက ရီမုဆွဲယူ၍ ပိတ်ပစ်လိုက်သည်။

စိုးပြည့်တို့ ရင့်ကိုကြည့်ပြီး သဘောတကျရယ်ကြသည်က ဝေါခနဲ။ ရင့်မျက်နှာကြီး ထူပိန်းကာ ဆောက်တည်ရာမရဖြစ်၏။





ကိုင်ထားတဲ့ ရီမုကို စားပွဲပေါ်ဆောင့်ချပြီး

"တောက် မင်းတို့ ယုတ်မာတယ်ကွာ"

"ယုတ်မာတာ မဟုတ်ဘူး၊ မင်းတို့ ဘယ်လိုဇီလင်တွေဖြစ်ခဲ့လဲဆိုတာ ပြန်ခံစားလို့ရအောင် မှတ်တမ်းတင်ထားတာ ဟား ဟား"

"စိုးပြည့် မင်း"

ရင့် ရှက်ရှက်နဲ့ စိုးပြည့်ရင်ဘတ်အင်္ကျီဆွဲယူ ဆုပ်ကိုင်လျက်လက်သီးမြှောက်ကာ ထိုးချဖို့ပြင်သည်။

သန့်စင်နှင့် သက်နောင် အရယ်ရပ်ကာ ကမန်းကတန်းထ၍ ရင့်ကို ဝိုင်းဆွဲကြသည်။

"ရင့်"

"မခေါ်နဲ့ကွာ"

ဆွဲထားတဲ့ သက်နောင်နဲ့ သန့်စင်ကို ရင့် တွန်းပစ်လိုက်သည်။ သက်နောင် ဖျန်ဖြေပေးဖို့ခေါ်လျှင် ခပ်ရင့်ရင့်ပဲ တုံ့ပြန်လိုက်သည်။

ရှက်စိတ်နဲ့ဒေါသရောနေသည့် ရင့်မျက်နှာနီနီပေါ်မှာ ချွေးဥကလေးများ စို့ထွက်လာသည်။

"မင်း ဘာဖြစ်နေတာလဲကွာ"

"ဘာဖြစ်ရမှာလဲ သန့်စင်၊ မင်းတို့လုပ်ပုံ ကောင်းလားကွာ"

သန့်စင် ပခုံးလေးပင့်တွန့်ကာ မျက်ခုံးနှစ်ဖက်ပါ ဟန်သို့လျက်



www.burmeseclassic.com

www.burmeseclassic.com



ပြောသည်။

"သူငယ်ချင်းအချင်းချင်းပဲ၊ ဘာရှက်စရာလိုလဲ"

"ဟ မင်းတို့ ဒီလိုနိုးကြောင်နိုးဝှက်လုပ်တာ ဘာသဘောလဲ။ ဘာရည်ရွယ်ချက်နဲ့လဲ"

"မင်း စိတ်အေးအေးထားပါကွာ"

သက်နောင်က သန့်စင်ရှေ့က ကာဆီး၍ ရင့်နဲ့ မျက်နှာချင်းဆိုင်မှာ ရပ်ရင်း ဖျောင်းဖျသလိုပြောသည်။

ရင့် လက်တစ်ဖက်ခါးထောက်ကာ ကျန်လက်တစ်ဖက်နဲ့ ဆံပင်တွေ နောက်ပြန်ဖွပစ်၏။

"လာ ထိုင်"

သက်နောင်ဆွဲ၍ ရင့်ကို ထိုင်ခုံမှာ အတင်းထိုင်စေသည်။ ရင့် ဝုန်းခနဲထိုင်ချပြီး သန့်စင်နဲ့စိုးပြည့်ကို စိုက်ကြည့်သည်က မကျေမနပ်ဖြစ်စွာ။

"မင်းတို့ကောင်တွေကို ငါ နားမလည်တော့ဘူးကွာ"

စိုးပြည့် ရင်ဘတ်အင်္ကျီကိုဆွဲဆန့်ရင်း ရင့်ကို ဖျတ်ခနဲ ကြည့်သည်။

"မင်းနားမလည်ရင် နားမလည်တဲ့အတိုင်း နေစမ်းပါကွာ"

"နေလို့ရမလားကွ၊ မင်း ဒီပုံတွေရအောင် ရိုက်ယူထားတာ ဘယ်နည်းနဲ့မှ ရိုးရိုးသားသားမဖြစ်နိုင်ဘူး၊ မင်း တစ်ခုခုကို အသုံးချ





ဖို့မဟုတ်လား စိုးပြည့်၊ အထူးသဖြင့် တို့ချစ်သူဘဝကို ခုတုံးလုပ်ပြီး ဦးမိုးသစ်ဆီက ငွေခြိမ်းဖို့မဟုတ်လား"

သူငယ်ချင်းအချင်းချင်း ထိုသို့မေးသည်က စိုးပြည့်အတွက် ခံပြင်းသွားစေသည်။ စိုးပြည့် ဝုန်းခနဲ ထရပ်သည်။ သက်နောင်က အခြေအနေပြင်းထန်လာမှာကို ကြိုမြင်သည်။

စိုးပြည့်လက်မောင်းကိုဆွဲ၍ အတင်းပဲ ပြန်ထိုင်စေသည်။

သန့်စင် နားလည်မှုလွဲနေတဲ့ သူငယ်ချင်းအတွက် ရင်လေးနေသည်။ သက်နောင်ကြောင့် စိုးပြည့်ထိုင်ရပေမယ့် ရင်ထဲမှာ ခံပြင်းသည့်အတိုင်း ပြောချလိုက်သည်။

"ဒီမှာ ရင့် ငါ့မှာရှိတဲ့အကြံအဖန်ဉာဏ်က သူများဆီက ငွေတစ်ပြားတစ်ချပ်မှယူတဲ့ဉာဏ်မျိုး မဟုတ်ဘူး"

"ဒါဆို မင်းဘာရည်ရွယ်ချက်နဲ့လဲ"

"ဦးမိုးသစ် ဟတ်ထိသွားဖို့ ဒါပဲ"

"ဘာ"

ရင့် ဝုန်းခနဲ ထရပ်လိုက်သည်။ စိုးပြည့်လည်း ထရပ်လျှင် သက်နောင်က ရင့်နဲ့ စိုးပြည့်နှစ်ယောက်ကြား ဝင်တားသည်။ သန့်စင်က စိုးပြည့်ကိုဆွဲသလို သက်နောင်ကလည်း ရင့်ကို တစ်ဖက်သို့ဆွဲသွား၏။

"ဒီလိုကွ၊ ဒီအစီအစဉ်က ငါတို့သုံးယောက် တိုင်ပင်ပြီးလုပ်



www.burmeseclassic.com

www.burmeseclassic.com



တာ၊ ဦးမိုးပြည့်ဟတ်ထိသွားရင် ပြီးပြီ"

"ဦးမိုးသစ် ဟတ်ထိတာထက် ငါ့နှလုံးသား ပြာကျသွားမယ် လေကွာ"

သက်နောင် ခေါင်းတစ်ချက်ယမ်း၍

"မဟုတ်သေးဘူးလေကွာ"

"ဘာမဟုတ်ရမှာလဲ။ မင်းတို့အစီအစဉ်က အဲဒါမျိုးလား၊ ဒါတွေ ငါ့ကို အစကတည်းက အသိပေးသင့်တယ်၊ ဟိုလူကြီး ဒါတွေ မြင်ပြီး သွေးရူးသွေးတန်းဖြစ်သွားရင် ငါနဲ့နေ ဝေးပြီပေါ့ကွာ၊ တောက်"

ပြောရင်း ရင့် ဘောင်းဘီခါးကြားက ဟမ်းဖုန်းထုတ်ကာ နေ့ဖုန်းနံပါတ်ကို ချက်ချင်းနှိပ်သည်။

သက်နောင်၊ စိုးပြည့်နဲ့ သန့်စင်တို့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကြသည်။

ဟိုလူကြီးဟတ်ထိအောင်လုပ်တဲ့ကိစ္စမှာ သူငယ်ချင်းအချင်း ချင်း ထိုမျှထိ မင်းတွေ့,ငါတွေနဲ့ ပြဿနာဖြစ်စရာမလိုဟု သက် နောင်ထင်သည်။

ခုတော့

"တောက်"

ရင့် တောက်ခတ်လိုက်သည်။ နေ့ကို ဖုန်းနဲ့ခေါ်လို့မရတာ ခံပြင်းသည်။ ခံပြင်းစိတ်နဲ့ ခေါ်လို့မရတဲ့လက်ကိုင်ဖုန်းကို စိုးပြည့်





ရင်အုံတည့်တည့် ပစ်ထည့်၏။

လက်ကိုင်ဖုန်းက စိုးပြည့်ရင်အုံမှတစ်ဆင့် ကြမ်းခင်းပေါ်သို့ ဒေါက်ခနဲကျသွားလျှင် စိုးပြည့် အံတင်းတင်းကြိတ်မိသွားသည်။

အဲဒီနောက် ချာခနဲလှည့်ထွက်သွားတဲ့ ရင့်။

"ဟေ့ ရင့် နေဦးကွ"

သက်နောင် ကမန်းကတန်းထပြီး ဆွဲထားသော်လည်း မရ။

သက်နောင် လက်တွေကိုခါထုတ်ပစ်ရင်း လှည့်မကြည့်ဘဲ တိုက်ခန်းထဲက ထွက်သွားတဲ့ ရင့်သဘာ။

နာမည်လိုက်အောင် ရင့်ရင့်ကြီး ဆက်ဆံတတ်သည့်နေရာ မှာ "သဘာ" ကြီး ပီသပါပေသည်။

"တွီ တွီ တွီ"

ကြမ်းခင်းပေါ်ကျနေတဲ့ လက်ကိုင်ဖုန်း တွီခနဲ အဆက်မပြတ် မြည်လာသည်။ စိတ်နောက်ကကာ တိတ်တိတ်ဆိတ်ဆိတ်ကြီးဖြစ်နေတဲ့ သက်နောင်တို့ မျက်ဝန်းသုံးစုံ လက်ကိုင်ဖုန်းလေးကို ပြိုင်တူကြည့်ကာ လှုပ်လှုပ်ရှားရှားဖြစ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



သန့်စင် လက်ကိုင်ဖုန်းကို ကုန်းကောက်မလိုဖြစ်တော့ စိုးပြည့်က လက်ဦးစွာ ကောက်ပြီးသားဖြစ်သွားသည်။

"ဟဲလို"

စိုးပြည့် နားနားကပ်ပြီး ဟဲလိုနဲ့ဖုန်းထူးလိုက်လျှင်

"ကိုရင့်သဘာလားဟင်"

ဝေါခနဲမေးချလာတဲ့ မိန်းကလေးတစ်ယောက်အသံ။ ထိုအသံက လူကြီးသူမတွေမသိအောင် အလောတကြီး ဖုန်းဆက်တဲ့အသံမှန်း သိသာနေသည်။ ဒါကြောင့်

"အေး ဟုတ်တယ်၊ အခုပြောနေတာ ဘယ်သူလဲ"

လို့ စိုးပြည့်က တစ်ဆက်တည်မေးချသည်။

"ပူစူးမပါ အစ်ကိုရင့်၊ မမလေးနေတို့ အိမ်စေပါ"

"အေး အေး၊ ပြော ပူစူးမ"

"မမနေကို ကိုထောနဲ့ နက်ဖြန်ပဲ မင်္ဂလာဆောင်ပေးတော့မှာ၊ အဲဒါလေ မမနေကို အမြန်လာခေါ်ပါတဲ့၊ မမနေလည်း ကြိုးစားပြီးထွက်ခဲ့မယ်တဲ့၊ ပြီးတော့"

"ဂွပ်"

ပြောရင်းတန်လန်း ဖုန်းခွက်ကို ဂွပ်ခနဲ ချပစ်သည့်အသံကျယ်ကြီး နားထဲဆောင့်ဝင်လာသည်။ တစ်ယောက်ယောက် ရိပ်မိသွားလို့ ဖုန်းခွက်ကို ကမန်းကတန်း ပူစူးမချလိုက်ပုံရသည်။





စိုးပြည့် ခေါင်းတစ်ချက်ယမ်းမိသွားသည်။ ဖုန်းခွက်ကို နားမှ ပြန်ခွာတော့

"ဘာတဲ့လဲ စိုးပြည့်"

သက်နောင် မေးတော့ စိုးပြည့်ရင်မှာ ပူပူကြီးဖြစ်သွားသည်။

"နေနှင်းဆီနဲ့ ကိုထောကို ဟိုလူကြီး ပေးစားပစ်ဖို့တဲ့ကွ၊ တောက်"

"ဟာ ဒါဆို ဘယ်လိုလုပ်မလဲ"

သန့်စင်အမေးကို စိုးပြည့်မဖြေနိုင်ရှာ။

"ခက်တာက"

"ဘာလဲ စိုးပြည့်"

"ရင့်လေကွာ၊ ဒီကောင်သိအောင် ပြောဖို့လိုတယ်၊ ဒီကောင်က ငါတို့ကောင်တွေကို နားလည်မှုလွဲပြီး ထွက်သွားတာ၊ ဘယ်သွားရှာမလဲ၊ အချိန်မရှိတော့ဘူး"

"ရှိတဲ့အချိန်မှာ တွေ့အောင်ရှာပြီး သတင်းပေးရမှာပေါ့ကွာ၊ မြန်မြန်ထ စိုးပြည့်၊ မင်း ကားသုံးစီးရအောင် ကြံဖန်ကွာ၊ တစ်ယောက်တစ်ဖက်လူခွဲပြီး အချိန်မီရှာရမယ်"

သက်နောင် ပြောရင်း ကမန်းကတန်းထကာ ထိုင်ခုံနောက်မှာချိတ်ထားတဲ့ ဂျာကင်ကို ဆွဲဝတ်သည်။

သန့်စင်ကလည်းထရင်း စားပွဲပေါ်က စီးကရက်ဘူးနဲ့ မီးခြစ်



www.burmeseclassic.com

www.burmeseclassic.com



ကို ရှုပ်အကျီအိတ်ထဲထည့်ရင်း ပြောသည်။

"ဟုတ်တယ် စိုးပြည့်၊ ရင့် ငါတို့ကောင်တွေကို မယုံမကြည် ဖြစ်နေတဲ့အထဲ ဟိုလူကြီးအစီအစဉ် လက်ဦးသွားလို့မဖြစ်ဘူး။ မြန်မြန်။ ဦးဘတိုးတို့ ကိုသာမောင်တို့ဆီက ကားသွားဆွဲရအောင်ကွာ"

စိုးပြည့် ဘာမှမပြောတော့။

လက်ကိုင်ဖုန်းကို ဘောင်းဘီအိတ်ထဲထိုးထည့်ရင်း ရှေ့မှ ဦးဆောင်ထွက်ခဲ့သည်။ ရင့်ကိုရှာဖို့ ကားတွေကို စိုးပြည့် အလွယ်တကူရယူဖို့ လွယ်သည်။

မလွယ်တာက ရင့်ကို ရှာတွေ့ဖို့။

✿ ✿ ✿



## အခန်း (၂၂)

ကောင်းကင်မျက်နှာပြင်မှာ ပါးပါးလွှာလွှာလေးဖြန့်ခင်းထားတဲ့ ပုစွန်ဆီရောင် တိမ်သားနုနုကို ရင့် တစ်ချက်ကြည့်မိသွားသည်။

နေဝန်းက အနာဂတ်မှိုးကုပ်စက်ဝိုင်းထဲ ဝင်သွားပေမယ့် နေရောင်ဟပ်ထားတဲ့ တိမ်သားတွေက. အလှမပြယ်သေး။

တိမ်သားတွေလို အကြည့်မခွာရက်အောင်လှနေတဲ့ နေ ကို ရင့် တမ်းတမ်းတတမြင်ချင်သည်။ တွေ့လိုသည်။

သူငယ်ချင်းတွေရဲ့ပယောဂကြောင့် နေနဲ့ မဝေးချင်။ လုံးဝလည်း အဝေးမခံနိုင်ဘူး။ ဖြစ်ချင်ရာဖြစ် နေနဲ့တွေ့ခွင့်ရအောင် ကြိုးစားမည်။ အဖြစ်အပျက်ကို သေချာပြောပြပြီး နေကို အပါခေါ်မည်။



www.burmeseclassic.com

www.burmeseclassic.com



နေ့မိဘနဲ့ရော၊ ရင့်သူငယ်ချင်းတွေနဲ့ပါ ဝေးတဲ့တစ်နေရာကို နေနဲ့ရင့် ရှောင်ပြေးကြမည်။

ထိုအတွေးနဲ့ ရင့်တစ်ယောက်တည်း ထွက်ခဲ့သည်။ နေတို့စံအိမ်ရှေ့မှ ကားကို အခေါက်ခေါက်အခါခါမောင်းရင်း နေ့အရိပ်အခြည်ကို အကဲခတ်ကြည့်မိသည်။

နေဝင်ရီတရောနဲ့ နေဝင်ပြီးစကောင်းကင်က ပုစွန်ဆီရောင်တိမ်သားပျော့ပျော့လေးတွေကြောင့် လောကကြီးလှနေပေမယ့် 'နေ့' အရိပ်အယောင်လေးကိုမျှ မတွေ့ရတော့ ရင့်ရင်ထဲမှာ လှပမနေ၊ မီးတစ်ပုံ ဖိုထားသလို ပူလောင်လှသည်။

နေ ဘယ်အခန်း ဘယ်အဆောင်မှာ ရှိနေမလဲ။

သိချင်လိုက်တာ နေ ရယ်။

ဟီးထနေတဲ့ သုံးထပ်တိုက်ကြီးရဲ့ မှန်တံခါးတွေစေ့ပိတ်ထားသလို ခြံတံခါးကလည်း သော့ခတ်ပိတ်လျက်သား ဖြစ်နေသည်။

ခုနေခါ ငှက်တစ်ကောင်သာဆိုရင် သော့ခတ်ပိတ်ထားတဲ့ ခြံဝင်းထဲကိုလည်း ရင့် မှုနေမှာမဟုတ်ဘူး။ နေတို့ခြံဝင်းထဲ ရင့် ပျံသန်းသွားမည်။ ပေါ်တီကိုအောက်မှ ပွင့်လျက်သားရှိနေတဲ့ တိုက်ဝင်ပေါက်တံခါးမှ မြန်မြန်ဆန်ဆန်ပျံဝင်ပြီး တိုက်တစ်တိုက်လုံးကို မွှေနှောက်ရှာဖွေမည်။

နေ့ကိုတွေ့လျှင် လည်ဆွဲလေးလိုလည်မှာခွဲကာ အိမ်နဲ့ဝေး





ရာ အချစ်ဂေဟာလေးဆီ ခေါ်ဆောင်သွားပြီး ချစ်တုံ့လှယ်ကြမည်။

ထိုစိတ်ကူးနဲ့ ရင့်မှာ တထိတ်ထိတ်ခုန်နေရှာသည်။ သို့သော်လည်း ရင့်က ငှက်တစ်ကောင်ဖြစ်မနေတာ ခက် သည်။

ထိုစဉ် နေတို့စံအိမ်ဆီ တစ်ဖက်လမ်းကွေ့မှ ချိုးဝင်လာတဲ့ အနီရောင်တက္ကစီတစ်စီး။ ဖျတ်ခနဲတွေ့လိုက်ရတဲ့ ရင့်မျက်ဝန်းထဲမှာ ရဲရဲကြီးဖြစ်ကာ အဝေးမှမြင်ကတည်းက ကိုသာမောင့်တက္ကစီကားမှန်း သိတာကြောင့် ရင့် ခံပြင်းသွားသည်။ ကားမောင်းသူနေရာမှာ သက်နောင်ဖြစ်မှန်း ဘယ်လောက်ဝေးဝေး ရင့် သိနေသည်။

"တောက်" ·

ဒါကြောင့် ခံပြင်းစွာ ရင့် တောက်ခတ်လိုက်သည်။

ဒီကောင်တွေ ဘာလာရှုပ်ပြန်ပြီလဲ။ ဒီကောင်တွေဝင်ရှုပ်တာ ရင့်မခံချင်တော့။

ကောင်းကင်ပြင်မှာလည်း ပုစွန်ဆီရောင်တိမ်သားတို့ လွင့်ပြယ်ကာ တိမ်ညိုတို့လွှမ်းခြုံပြီး မှောင်မိုက်လာသလို ပြောင်းလဲသွားသည်။ ရင့် စိတ်ကူးယဉ်အတွေးတွေကလည်း သက်နောင်မောင်းလာသည့်ကားကို အဝေးကတည်းက မြင်ရသည်မို့ ခံပြင်းစိတ်နဲ့ ကောင်းကင်အရောင်လို မှောင်မိုက်လာသည်။

ထို့ကြောင့် နေ့စံအိမ်ရှေ့မှ ရင့်ရှိနေဖို့ မသင့်တော့။

ဒီကောင်တွေ တစ်နည်းမဟုတ်တစ်နည်းနဲ့ ဝင်နှောင့်ယှက်



www.burmeseclassic.com

www.burmeseclassic.com



မှာ သေချာသည်။ ထို့အတွက်ကြောင့် နေတို့စံအိမ်ရှေ့မှ ရင့်ကားလေး အရှိန်မြှင့်ထွက်ကာ သက်နောင် မျက်ခြည်ပြတ်သွားဖို့ ညာဘက် လမ်းချိုးထဲ ကားကွေ့ချလိုက်သည်။

"တောက် ဒီကောင်ကွာ"

သက်နောင် အားမလို အားမရရေရွတ်မိသွားသည်။

"အရှိန်မြှင့် ညာဘက်ချိုး၊ ရင့်ကို မိအောင်လိုက်ကွ"

လို့ ကိုသာမောင် စိတ်မလျှော့တမ်းပြောသည်။ သက်နောင် လည်း လက်မလျှော့ချင်။ တော့တော့ဆိုင်ဆိုင်တွေ့ပေမယ့် ရင့် မျက် ခြည်ဖြတ်ပြေးတော့ အောင့်သက်သက်ဖြစ်သွားသည်။

"တောက် မိအောင်လိုက်မယ်ကွ၊ ရင့် မင်း ဘယ်လောက် ပြေးနိုင်မလဲ ပြေးကွာ"

လို့ ရင်ထဲမှ ကျိတ်ပြောသည်။ ထို့နောက် တစ်မိနစ်မှ မဆိုင်း တော့။ ကိုသာမောင်ပြောသည့်အတိုင်း လီဗာမြှင့်ကာ ညာဘက်လမ်း ချိုးထဲကွေ့လျက် နောက်မြီးမြင်လိုက်ရသည့် ရင့်ကားနောက် အမီ လိုက်တော့၏။

✿





လမ်းသွယ်လေးခုကိုကွေ့ပတ်မောင်းပြီး သက်နောင်ကားကို မျက်ခြည်ဖြတ်မောင်းပြေးလာတဲ့ ရင့်။

ရှေ့ဆက် ဒီကောင်တွေနဲ့ အခံမခံနိုင်တဲ့စိတ်သာ ကြီးစိုးနေ သည်။ တစ်နေရာရာမှာ ဝင်ခိုရမည်။ ဟုတ်တယ်။

ထိုအတွေးနဲ့ ရင့် ကားလေးကို ပြည်လမ်းဘက် ဦးတည် လိုက်သည်။ ပြည်လမ်းရှိ စိန်ပန်းမြိုင်လမ်းသွယ်ထဲ ကားကွေ့ဝင်လိုက် သည်။ စိန်ပန်းမြိုင်လမ်းသွယ်ထဲမှ နေနဲ့ရင့် နှစ်ဦးသဘောတူ နမ်းခဲ့ ကြသည့် နှလုံးသားဂေဟာလေးမှာ ဝင်ခိုရင် ဒီကောင်တွေ ရိပ်မိမှာ မဟုတ်ဘူး။

သက်နောင်တို့ မရိပ်မိအောင် ရှောင်ဖို့ နှလုံးသားဂေဟာကို ဝင်ခဲ့ခါမှ ပိုဆိုးသွားသည်။ စိုးပြည့်နဲ့သန့်စင်က ဦးဘတိုးတက္ကစီနဲ့ နှလုံးသားဂေဟာရှေ့မှာ နေရောက်နေသည်။

ကားပေါ်ကဆင်းပြီး သန့်စင် ခြံတံခါးဖွင့်နေသည်။ စိုးပြည့် ခါးမှာလက်တစ်ဖက်ထောက် ရပ်နေသည်။ စိတ်က တစ်ခုခုကို သိသ လို လှည့်ကြည့်လိုက်တော့ တက္ကစီအဖြူလေး။

ဒီကား ရင့်ကားပေါ့။ ဖျတ်ခနဲ မြင်တာနဲ့သိသည်။

"ဟော့ ရင့်"

နှုတ်က လွှတ်ခနဲထွက်သွားသည်။ သန့်စင်လည်း ခြံသော့ ဖွင့်ပြီးတော့ လှည့်ကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



ရင့်ကား ချက်ချင်းရပ်ကာ လာလမ်းအတိုင်း ပြန်ကွေ့ထွက်သွားသည်။

"ဟာကွာ စိုးပြည့် ကားပေါ်တက်လိုက်ကွ"

ဟု နှိုးဆော်တဲ့ သန့်စင်။

နှစ်ဦးသား ကားပေါ်ပြိုင်တူပြေးတက်ကြသည်။

တစ်ရှိန်ထိုးပြေးထွက်သွားတဲ့ ရင့်ကားနောက် အမီလိုက်မောင်းပေမယ့် ရင့်ကားအရိပ်အယောင်တောင် ရှာမတွေ့တော့။

"တောက် ရင့်ကွာ"

"မင်းရှောင်ပြေးနေတာ အရေးမကြီးဘူး။ နေနှင်းဆီနဲ့ ဝေးသွားနိုင်တယ်ကွ"

သူငယ်ချင်းတွေရင်ထဲမှာ ကျစ်ကျစ်ခဲခဲ ရွတ်မိကုန်သည်။

✿ ✿ ✿



၊

အခန်း (၂၃)

"ဟင့် ဟင့် ဟင့်"

မျက်နှာလေးရှုပူကာ နှာခေါင်းလေးရှုပ်ပွပြီး တဟင့်ဟင့်ရှိုက်ငိုနေတဲ့ သမီးလေးကို ချစ်ပေမယ့် မိဘနှစ်ပါးနှလုံးသားမှာ အလိုမလိုက်နိုင်ပေ။ ရင်ထဲက ချစ်ခြင်းမေတ္တာကို ရင်ထဲမှာပဲ မိဘနှစ်ပါးစလုံး သိမ်းထားသည်။

အခြေအနေမတူတဲ့ လူရွယ်တစ်ယောက်ကို မိဘအနေနဲ့ ဘယ်နည်းနဲ့မှ သဘောမတူနိုင်တာက အတွက်ကြီးလွန်းတယ်လို့ ဆိုချင်ဆို။

ဦးမိုးသစ်နဲ့ ဒေါ်မိုးမိုးလင်း အတွက်ကြီးစွာပဲ သမီးနှလုံးသား



www.burmeseclassic.com

www.burmeseclassic.com



ခံစားချက်ကို လိုက်လျောပေးဖို့ စိတ်ကူးမရှိပေ။

မာန်မာနကိုယ်စီ၊ ဂုဏ်ပကာသနတွေနဲ့ အနားသတ်ဖို့ ကိုထောနဲ့ ကိုကျိတ်စီစဉ်ခဲ့တာ။ မင်္ဂလာဆောင်တောင် မကြာခင် အကောင်အထည်ပေါ်တော့မည်။

ဒါကြောင့် ဒေါ်မိုးမိုးလင်း မျက်နှာထားနဲ့ပဲ ငိုရှိုက်နေတဲ့ သမီးကို ငုံ့ကြည့်ပြီးပြောသည်။

"သမီး မျက်ရည်တွေ သုတ်လိုက်၊ အလှပြင်ဆရာမ အခုလာတော့မယ်"

"ဟင့်အင်း မာမီ"

နေ အင့်ခနဲရှိုက်ကာ မာမီ့ခါးကို ဖက်လိုက်သည်က အသနားခံ တောင်းပန်ခြင်းတွေနဲ့။

"နေ ကိုထောကို မချစ်ဘူး မာမီ၊ ဟင့် ဟင့် မချစ်ဘူး မာမီရဲ့"

ပြောရင်း ဟီးခနဲငိုချတဲ့ သမီးကို ဦးမိုးသစ် မကြည့်ရက်သလိုဖြစ်ကာ သမီးအခန်းထဲက ချာခနဲလှည့်ထွက်သည်။

ဒေါ်မိုးမိုးလင်းကတော့ မာန်တင်းလျက်။

သမီးပခုံးကိုဆွဲယူကာ ပါးပေါ်မှ သမီးမျက်ရည်တွေကို သုတ်ပေးရင်း ဖျောင်းဖျသလိုပဲ ခပ်တင်းတင်းပြောသည်။

"သမီးဘဝမှာ အချစ်ထက်အရေးကြီးတာ အများကြီးပဲ၊





ဒါတွေကို သမီး ဘာမှမသိသေးဘူး၊ ဒါကြောင့် မာမီနဲ့ဒယ်ဒီက သမီးဘဝအတွက် အရေးကြီးတာကိုရွေးချယ်ပြီး စီစဉ်ခဲ့တာ၊ သမီး ငြင်းခွင့်မရှိဘူး၊ သမီးမျက်ရည်တွေကိုလည်း မာမီမမြင်ချင်ဘူး၊ သမီး ခေါင်းထဲက အချစ်တွေအားလုံး ထုတ်ပစ်လိုက်စမ်းပါ၊ မာမီတို့အစီအစဉ်ကို ခုချိန်မှာ သမီး ကျေကျေနပ်နပ်လက်ခံဖို့ ကြိုးစားသင့်တယ်၊ မာမီပြောတာ သဘောပေါက်တယ်နော်၊ သမီး ဒီထက်မျက်ရည်ကျပြနေရင် မာမီ ဒီထက်ပိုပြီး ကြပ်မတ်ရမယ်ကွယ့်"

နေ ရင်ထဲက ရှိုက်ကာ မာမီ့ရင်ခွင်ထဲက စိတ်ဆိုးမာန်ဆိုးရုန်းထွက်သည်။ မျက်နှာနုနုလေးကို ခေါင်းအုံးပေါ်မှောက်ချရင်း ငိုချမိသည်။

ဒေါ်မိုးမိုးလင်း ရှေ့ဆက်မချော့တော့။

အခန်းထောင့်မှာ အမိန့်နာခံစွာ ရိုရိုကျိုးကျိုးပုံစံနဲ့ ခေါင်းငုံ့ရပ်နေတဲ့ ပုစူးမကို တစ်ချက်ငဲ့ကြည့်ပြီး အမိန့်ပေးသည်။

"ပုစူးမ"

"ပြောပါ မေမေကြီး"

"အလှပြင်ဆရာမ လာတော့မယ်၊ သမီးကို အလှပြင်တဲ့နေရာမှာ လိုအပ်တာတွေ ဝိုင်းလုပ်ပေးလိုက်"

"စိတ်ချပါ မေမေကြီး"

"သမီးအနားမှာပဲ နေ၊ ကြားတယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ မေမေကြီး"

ပုရုးမ မျက်လွှာချလျက် ခေါင်းညိတ်လိုက်သည်။ ဘာပဲနိုင်းနိုင်း ပုရုးမ တလွဲတစ်ချက်မရှိ။ အရာရာကို စိတ်ချရတာကြောင့် သမီးအပါးမှာ ပုရုးမကို အနီးကပ်ထားခြင်းဖြစ်သည်။

အသံတိတ်ငိုရှိုက်နေတဲ့ သမီးကို တစ်ချက်ငဲ့ကြည့်သည်။ ရှိုက်တဲ့အရှိန်နဲ့ ကျောပြင်ကလေးပါ တသိမ့်သိမ့်တုန်ခါနေတဲ့ သမီးကို ဒေါ်မိုးမိုးလင်း မချော့တော့။

ချစ်တဲ့စိတ်၊ ချော့မော့ဖျောင်းချချင်စိတ်ကို ချိုးနှိမ်ကာ မာန်တင်း၍ပဲ သမီးအခန်းထဲက ထွက်ခဲ့သည်။

အောက်ထပ်ကို ဒေါ်မိုးမိုးလင်းဆင်းလာပြီး စီစဉ်စရာရှိတာကို စီစဉ်နေစဉ် မိတ်ကပ်ဆရာမ ရောက်လာသည်။ မိတ်ကပ်ဆရာမက ဒေါ်မိုးမိုးလင်းနဲ့ မရင်းနှီးသော်လည်း သူမသူငယ်ချင်း ချိုချိုဇော်နှင့်ရင်းနှီးသည်။

ဒါကြောင့် ချိုချိုဇော်နဲ့ရင်းနှီးတဲ့ မိတ်ကပ်ဆရာမနဲ့ပဲ သမီးကို ပြင်ပေးဖို့ စီစဉ်ပေးခြင်း။

မိတ်ကပ်ဆရာမက 'သူမ'လိုပဲ အမျိုးသမီးကြီး။ ဒါကြောင့် ပိုစိတ်ချသည်။ ချိုချိုဇော် မိတ်ဆက်ပေးထားပြီမို့ ဧည့်ခန်းထဲဝင်လာတဲ့ မိတ်ကပ်ဆရာမဒေါ်သီတာကို ရင်းရင်းနှီးနှီးပဲ ဖိတ်ခေါ်လိုက်သည်။





"လာ လာ ဒေါ်သီတာ"

ဒေါ်သီတာ ပြုံးကာ ခေါင်းလေးဆတ်၍ ငွေမင်ရောင် အလှပြင်လက်ဆွဲသေတ္တာလေးဆွဲပြီး ဝင်လာသည်။

"သတို့သမီးရော"

လို့မေးရင်း စားပွဲပေါ် မိတ်ကပ်သေတ္တာတင်လိုက်သည်။

"အပေါ်ထပ် ညာဘက်အခန်းမှာ ရှိတယ်၊ တက်သွားလေ၊ ပုရုးမလည်း ရှိတယ်၊ နိုင်းစရာရှိတာ နိုင်း၊ မိုးက ဧည့်သည်အတွက် ပြင်ဆင်စရာရှိတာ ပြင်ဆင်လိုက်မယ်"

"ရပါတယ်၊ သီတာတက်သွားလိုက်မယ်"

ဒေါ်သီတာ ပြောရင်း မိတ်ကပ်သေတ္တာလေးကို ကိုယ်တိုင်ဆွဲ၍ ကျွန်းလှေကားထစ်တွေကို တစ်ထစ်ချင်းနင်း၍ အပေါ်ထပ်တက်သွားသည်။

ဒေါ်မိုးမိုးလင်း လှေကားထိပ်ရောက်သည်အထိ ဒေါ်သီတာကိုကြည့်ပြီးမှ လုပ်စရာရှိတာတွေ ဆက်လုပ်သည်။ ဧည့်ခန်းမှာ ပန်းအိုးတွေပြင်ဆင်နေစဉ် အပေါ်ထပ်မှဆင်းလာတဲ့ ပုရုးမကို ရိပ်ခနဲမြင်သည်။ လှည့်မကြည့်ဘဲ ပန်းအိုးထဲ နှင်းဆီပန်းစုံထိုးနေရာမှ လှမ်းမေး၏။

"ဟဲ့ ပုရုးမ ဘယ်သွားမလို့လဲ"

"ပန်း သစ်ခွပန်း ခူးမလို့"



www.burmeseclassic.com

www.burmeseclassic.com



တဲ့။ စကားပြောရင် အသံကျယ်ကျယ်ပြောလေ့ရှိတဲ့ ပူစူး။ အခုမှ လုံးလုံးထွေးထွေးနဲ့ ခပ်တိုးတိုးပြောတာ အားမရ။

ဒေါ်မိုးမိုးလင်း ဘာမှမပြောတော့။

အလုပ်ပန်းအိုးတွေ ဆက်လက်ပြင်ဆင်နေသည်။ အဲဒီနောက် ပူစူးမကို သတိမထားတော့ဘဲ ထမင်းစားခန်းထဲ ဝင်သည်။

မကြာခင်ရောက်လာတော့မယ့် ဧည့်သည်တွေအတွက် စားသောက်ဖွယ်ရာတွေကို သူမကိုယ်တိုင် ပြင်ဆင်ပြန်သည်။

"မိုးမိုးရေ မင်းလည်း အဝတ်လဲတော့၊ ကျန်တာတွေ ဒေါ်ပုတို့လုပ်ပါစေ"

ဦးမိုးသစ် ထမင်းစားခန်းထဲအထိ ဝင်လာပြီးပြောသည်။ စားပွဲပေါ် မုန့်ပန်းကန်တွေပြင်ဆင်နေရာမှ ဒေါ်မိုးမိုးလင်း လုပ်လက်စသတ်သည်။ ထမင်းချက်ဒေါ်ပုကို နိုင်းပြီး ထမင်းစားခန်းထဲ ထွက်ခဲ့သည်။

ခင်ပွန်းသည်က ရှေ့က၊ သူမက နောက်က။

ခင်ပွန်းသည်က ရွှေဝါရောင် ပိုးပုဆိုး၊ တိုက်ပုံတို့နှင့် ခန့်ညား ချောမောနေသည်။

မိတ်ဆွေတချို့ရောက်လာတော့ ဦးမိုးသစ် ဧည့်ခန်းထဲထွက်သွားသည်။

ဒေါ်မိုးမိုးလင်း အခန်းထဲဝင်သည်။ ခင်ပွန်းသည်နဲ့ လိုက်





ဖက်အောင် ရွှေဝါရောင်ချိတ်ဝမ်းဆက်ဝတ်သည်။ မိတ်ကပ်ပါးပါးလိမ်း ခြယ်ပြီးတဲ့မျက်နှာမှာ သတို့သမီးမိခင်ပီသတဲ့ အပြုံးတို့နှင့် လှပနေသည်။

လည်တိုင်၊ နားနဲ့လက်ကောက်တို့နှင့် လက်ချောင်းတွေမှာပါ စိန်တွေချည်း သက်သက်ဆင်လိုက်သဖြင့် တဖိတ်ဖိတ်တောက်ပကာ အလှတို့ လင်းဖြာကုန်သည်။

"မိုးမိုးရေ မပြီးသေးဘူးလားကွ"

ခင်ပွန်းသည် အခန်းဝမှ လာရပ်ရင်းမေးလျှင် ဒေါ်မိုးမိုးလင်း မှန်ရှေ့မှ ကိုယ့်ကိုယ်ကိုယ် စိတ်တိုင်းကျကြည့်ပြီး

"ပြီးပါပြီ ကိုမိုး"

"ပြီးရင် လာတော့၊ မမမေတို့ရောက်နေပြီ"

"ဟင် မမမေတို့တောင် ရောက်နေပြီ၊ ဟုတ်လား"

ဒေါ်မိုးမိုးလင်း ပဝါပါးလေးခြုံ၍ ဝမ်းသာအယ်လဲမေးသည်။ ဦးမိုးသစ် ရှေ့ကထွက်ခဲ့တော့ ဒေါ်မိုးမိုးလင်းလည်း အပြုံးလှိုင်လှိုင်နဲ့ လိုက်ထွက်ခဲ့သည်။

ဧည့်ခန်းထဲယှဉ်တွဲလျှောက်ထွက်လာရင်း ခင်ပွန်းသည် သက်ပြင်းတချချဖြစ်နေတာမြင်တော့ ဒေါ်မိုးမိုးလင်း ဘဝင်မကျ။

ခင်ပွန်းသည်ကိုမော့ကြည့်ရင်း မေးသည်။

"ကိုမိုး ဘာဖြစ်နေတာလဲ၊ သက်ပြင်းတွေချည်း ချနေတာ"



www.burmeseclassic.com

www.burmeseclassic.com



"အင်း တစ်ခုခုကို စိုးရိမ်နေတယ် မိုးရယ်"

"အို့ ဘာစိုးရိမ်စရာရှိလဲ၊ အခုပဲ မင်္ဂလာပွဲဖြစ်တော့မယ့် ဥစ္စာ"

"ဟုတ်တော့ဟုတ်တယ်၊ စိုးရိမ်နေတာက စိုးရိမ်နေတာပဲ၊ ကဲ ကဲ မမမေတို့ကို နှုတ်ဆက်လိုက်ဦး"

ဦးမိုးသစ် စိုးရိမ်စရာမရှိမှန်းသိလျက် ကြံဖန်ပြီးစိတ်ပူနေသည်။ ဖနီးသည် ဘဝင်မကျမှန်းသိတာကြောင့် စိုးရိမ်စိတ်တွေ ဖယ်ကာ ခပ်သွက်သွက်လေးပြောသည်။

ပြီးသည်နှင့် ခေါင်းလေးညိတ်၍

"အင်းပါ"

ပြောမှ ဦးမိုးသစ် အနည်းငယ်စိတ်သက်သာသလို သက်မချသည်။ ဧည့်ခန်းထဲ ခင်ပွန်းသည်နှင့်တွဲလျက်ဝင်လာသည်။

တိမ်ပြာနုနုရောင် မိုးသားပြောင်ဝမ်းဆက်နှင့်ဆိုဖာပေါ် ကြွကြွလေးထိုင်နေတဲ့ ဒေါ်မေမေစိုးနဲ့ သားစည်းစိမ်ထော။

ကိုထောကလည်း အနောက်တိုင်းဝတ်စုံအဖြူနဲ့ စမတ်ကျနေသည်။

ဂုဏ်တူဒြပ်တူတဲ့ သမက်ကလေးမို့ ကိုထောကို ဒေါ်မိုးမိုးလင်း လှိုက်လှိုက်လှဲလှဲကြီး ပြုံးပြသည်။

"မမမေတို့သားအမိ အစောကြီး ရောက်နေတယ်ပေါ့လေ"





"ရောက်ရမယ်လေ ဟင့် ဟင့် ဟင့်"

ဒေါ်မေမေစိုး ပြောရင်းထလာကာ ဒေါ်မိုးမိုးလင်းကို အားရဝမ်းသာနှုတ်ဆက်သည်။ မိခင်နှစ်ဦး ဖက်လှဲတကင်းနှုတ်ဆက်ရင်း ပီတိတွေဖြစ်နေကြသည်။

ဦးမိုးသစ်က ကြွရောက်လာတဲ့ဧည့်သည်တွေကို နေရာထိုင်ခင်း စီစဉ်ပေးနေသည်။ ကိုထောက အတိုင်းမသိရင်ခုန်စွာ ကြည်နူးလျက်။

သတို့သမီးကိုပဲ တွေ့ချင်မြင်ချင်စိတ်နှင့် ဖင်တကြွကြွဖြစ်နေသည်။ မထင်မှတ်ဘဲ နေနဲ့ အမြန်ဆုံး မင်္ဂလာဆောင်ခွင့်ရတဲ့အတွက်လည်း ဖုံးမနိုင်ဖိမနိုင် မြူးထူးရွှန်းဝေနေကြောင်း ကိုထောမျက်ဝန်းအစုံက သက်သေခံနေသည်။

ဖိတ်ထားတဲ့ဧည့်သည်တွေနဲ့အတူ ကိုထောရဲ့ပြိုင်ဘက်လိုလို သတ်မှတ်လို့ရတဲ့ သားထက်တို့အဖွဲ့နဲ့အတူ နေ့သူငယ်ချင်းတွေပါ ရောက်လာကြသည်။

သူတို့ကို အသိမပေးဘဲ စီစဉ်တဲ့ပွဲမို့ ဟုတ်၊ မဟုတ်သိရအောင်စုံစမ်းရင်း စပ်စုဖို့ရောက်လာကြမှန်း မျက်နှာတွေကိုကြည့်ရုံနဲ့ ကိုထောသိနေသည်။

"ဟာ အန်တီ တကယ်ပဲလား၊ ကိုထောနဲ့ နေ့ကို ဒီနေ့ မင်္ဂလာဆောင်ပေးမယ်ဆိုတာ"



www.burmeseclassic.com

www.burmeseclassic.com



ဧည့်သည်တွေကိုဝေ့ကြည့်ရင်း အန်တီ့အပါးကပ်ပြီး 'ကေကေ' မအောင့်နိုင်ဘဲမေးသည်။

"ဟုတ်လား အန်တီ၊ ကျွန်တော်တို့ မယုံလို့ လာကြည့်တာ"

သားထက်ကလည်း မအောင့်နိုင်ဘဲ အန်တီ့ရှေ့လာပြီး မေးပြန်သည်။ နေ့သူငယ်ချင်းတွေရော နေ့ကို အသည်းအသန်လိုက်နေတဲ့ သားထက်တို့အုပ်စုပါ ဝိုင်းဝန်းမေးကြ၏။

ဒေါ်မိုးမိုးလင်း ဂုဏ်ယူစွာပြုံးရင်း ကေကေတို့နှင့်သားထက်တို့အဖွဲ့ကို ဝင့်ဝင့်လေးကြည့်ပြီး ပြောသည်။

"ဟုတ်တယ်၊ အခု သားတို့မြင်တဲ့အတိုင်းပဲ၊ မကြာခင် မင်္ဂလာအခမ်းအနား စတော့မယ်လေ"

"ဒါဆို ကျွန်တော်တို့ ကျန်ခဲ့ပြီပေါ့"

ကိုထောက်ပင် အားမနာနိုင်။ မင်းသွေး အသံကျယ်ကျယ်နဲ့ ပြောသည်။

"ကျန်ခဲ့ရင်လည်း ဘာဖြစ်လဲ၊ နေနဲ့ ကိုထောက ဂုဏ်ရည်တူလေ၊ တို့တော့ ကျေနပ်တယ် ဟင့်"

ရွှေနီက သားထက်တို့အုပ်စုရှေ့ လက်မလေးထောင်၍ ဝင်ပြောသည်။

သားထက်တို့အဖွဲ့နှင့် ကေကေတို့က ဂုဏ်ရည်တူအဝန်းအဝိုင်းထဲကပဲမို့ ဒေါ်မိုးမိုးလင်းနဲ့ ဒေါ်မေမေစိုးကို အပြစ်မမြင်။





လိုလားနှစ်သက်စွာပဲ ကြည့်ရင်း

"ကဲ သားတို့သမီးတို့ကို မဖိတ်ထားပေမယ့် ရောက်လာတဲ့အတွက် အန်တီတို့ နှင်မထုတ်ပါဘူး၊ သားတို့သမီးတို့ ထိုင်ကြလေကွယ်"

"ဟုတ်သားပဲ၊ ထိုင်ကြပါကွယ်၊ ဟင့် ဟင့် ဟင့်"

ဒေါ်မိုးမိုးလင်းနဲ့ ဒေါ်မေမေစိုး သဘောတကျရယ်ရင်း တစ်ယောက်တစ်ခွန်းပြောကာ သားထက်တို့အဖွဲ့နဲ့ ကေကေတို့ကို ထိုင်ခုံလွတ်တွေမှာ နေရာချပေးလိုက်သည်။

ကေကေတို့ မျက်နှာလေးတွေမော့၍ အားရဝမ်းသာထိုင်ကြသည်။ သားထက်တို့က အားရဝမ်းသာမဖြစ်ပေမယ့် ကိုထောကိုတော့ အားကျစွာကြည့်၍ ထိုင်သည်။

ကိုထောက ရင်းရင်းနှီးနှီးပဲ ပြန်ကြည့်၍ အောင်နိုင်သူတစ်ယောက်ရဲ့ပီတိမျိုးနဲ့ ဝင့်ဝင့်ထည်ထည်လေးဖြစ်နေသည်။

ဧည့်ခန်းထဲမှာ နှစ်ဖက်မိဘဖိတ်ထားတဲ့ ဧည့်ပရိသတ်အယောက်သုံးဆယ်နီးပါး ရောက်ရှိနေသည်။

နောက်ဆုံးမှ တရားသူကြီးမင်း ဦးသူရနဲ့ဇနီး၊ ရှေ့နေကြီး ဦးဝင်းမောင်နဲ့ဇနီး အသီးသီး ရောက်လာသည်။

ဦးမိုးသစ် အားရဝမ်းသာကြိုဆို၍ လွတ်နေသောဆိုဖာတွေပေါ်မှာ နေရာချပေးသည်။ ဧည့်သည်တွေအတွက် စားသောက်ဖွယ်



www.burmeseclassic.com

www.burmeseclassic.com



ရာတွေလည်း စားပွဲပေါ် အသီးသီးရောက်လာကြသည်။

လူစုံ၍ အားလုံးအဆင်သင့်ဖြစ်ပြီမို့ ဒေါ်မေမေစိုး စကားစပြောသည်။

"ညီ့သည်တွေအားလုံး စုံပြီဆိုတော့ သားနဲ့သမီးရဲ့ မင်္ဂလာပွဲလေးကို တရားသူကြီးဦးသူရတို့ရှေ့မှာ အကျဉ်းရုံးပြီး ကျင်းပပါမယ်၊ သမီးလေးကိုခေါ်ခဲ့တော့လေ မိုးမိုး"

"အေး၊ ဟုတ်ပါရဲ့ မမမေရဲ့၊ သမီးကိုခေါ်ဖို့ မေ့နေတယ်"

ဒေါ်မိုးမိုးလင်းပြောတော့ ညီ့သည်တွေအားလုံး သဘောတကျ ပြုံးကုန်သည်။

ကိုထောကလည်း ကြည်နူးစွာပြုံးသည်။

ဒေါ်မိုးမိုးလင်း ပြုံး၍ အပေါ်ထပ်တက်ဖို့ပြင်တော့ အပေါ်ထပ်မှ အလှပြင်ဆရာမဒေါ်သီတာနဲ့အတူ တွဲဆင်းလာတဲ့သမီး။ ဒေါ်မိုးမိုး လှေကားရင်းမှာပဲ ရပ်နေလိုက်သည်။

မိခင်နဲ့အတူ ညီ့သည်အားလုံးမျက်ဝန်းက လှေကားထစ်တွေပေါ် တစ်ဆင့်ချင်းနင်း၍ ဖြည်းဖြည်းချင်းဆင်းလာတဲ့ သတို့သမီးကိုပဲ မျက်တောင်မခတ် စိုက်ကြည့်လျက်။

ကိုထောက ရင် တထိတ်ထိတ်ခုန်စွာဖြင့် ကြည့်သည်။

ဖွေးဆွတ်နေတဲ့ ဂါဝန်ရှည်လက်အိတ်ရှည်နှင့် ခေါင်းဆောင်းပဝါဖြူ ပါးပါးလွှာလွှာလေးခြုံထားတဲ့ သတို့သမီး။





မေးဖျားထိဖုံးထားတဲ့ ဇာပဝါအထပ်လေးများကြောင့် မျက်နှာလေးကို မမြင်ရတော့။ အပြုံးချိုတို့မျက်ဝန်းတွေ အားမလို အားမရ ဖြစ်သွားသည်။

သတို့သားက ပိုဆိုးတာပေါ့။

သတို့သမီးမျက်နှာလေးကို တစိမ့်စိမ့်ကြည့်ချင်စိတ် ပို၍ပြင်းပြလာသည်။

သားထက်တို့ကလည်း သူတို့မရတဲ့ သတို့သမီး ဘယ်လောက်တောင်လှနေမလဲဆိုတာ ရှုစားချင်လာသည်။

စိတ်ထဲက အလှဆင်ထားတဲ့ ခေါင်းဆောင်းဇာပဝါလေးတွေကို လှန်ပြီးကြည့်ဖို့ စိတ်ရှုနေသည်။

"လာ သမီး"

လှေကားအောက်ဆုံးဆင့်ရောက်လာတဲ့ သတို့သမီးလက်ကို ဒေါ်မိုးမိုးလင်းနဲ့ ဒေါ်မေမေစိုး တစ်ယောက်တစ်ဖက်စီ တယုတယ တွဲ၍ခေါ်သည်။

ဒေါ်သီတာက သတို့သမီးနောက်မှာပဲ ရပ်နေလိုက်၏။

ဆုပ်ကိုင်ထားတဲ့ သမီးလက်တွေ အေးစက်ပြီး တုန်ယင်နေတာ မိဘနှစ်ပါးလုံးသိသည်။

သတို့သမီးအသစ်စက်စက်လေးဆိုတော့ ရင်ခုန်လှုပ်ရှားပြီး ခြေဖျားလက်ဖျားအေးနေမှာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



သူမတို့တုန်းကလည်း ဒီလိုပဲ လက်ဖျားတွေ အေးခဲ့တာပဲလေ။

ညည့်သည်အားလုံးရှေ့ရောက်လာတဲ့ သတို့သမီးရှေ့ ကေကေတို့ ဖျတ်ခနဲထလာကြပြီး

"အန်တီ ဇာပဝါလေး လှန်လိုက်မယ်နော်"

"အဲဒါမှ နေ ဘယ်လောက်လဲဆိုတာ မြင်ရမယ်လေ"

"ဟုတ်တယ် အန်တီ၊ ဇာပဝါလေးဖယ်လိုက်တာ ကောင်းတယ်၊ ဒါမှ ကိုထောရင်ခုန်သွားမယ်"

ကေကေတို့နဲ့အတူ အင်အားကလည်း ကိုထောကိုယ်စား ဖျတ်ခနဲ ပြောသည်။ အင်အားကို ကိုထော ကျိတ်ပြီးကျေးဇူးတင်စွာ ကြည့်သည်။

ကိုထောမျက်ဝန်းက သတို့သမီးကို ရင်ခုန်စွာနဲ့ ကြည့်ချင်လှပြီ။ မိခင်နှစ်ဦးကလည်း လူငယ်တွေကို လိုက်လျောစွာ ခေါင်းညိတ်သည်။

ညည့်ပရိသတ်တွေ ကြည့်ချင်စိတ်တွေဖြစ်နေတာနဲ့ အံကိုက်ဖြစ်သွားသလို

လက်မြန်တဲ့ ရွှေနီက သတို့သမီးခေါင်းထက်မှ ဇာပဝါသုံးထပ်ကို တစ်ထပ်ချင်း အပေါ်လှန်တင်လိုက်လျှင်

ထင်းခနဲပေါ်လာတဲ့ မျက်နှာတစ်ခု။





အားလုံး ကြက်သေသေကာ နှုတ်ခမ်းလေးတွေပွင့်ဟာပြီး အာမေဍိတ်သံတွေ ခုန်ထွက်လာတော့၏။

"အို"

"ဟင်"

"ဟာ"

"အလို"

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၄)

အာမေဋိတ်သံတွေ တစ်ပြိုင်နက်ထွက်လာကာ ရုတ်တရက် အသက်မဲ့သလို ဖြစ်သွားကြသည်။

ညှော်သည့်တချို့ ငုန်းခနဲထရပ်သလို တချို့ ရင်ဘတ်ဖိပြီး။ တချို့ သတို့သမီးကို လက်ညှိုးထိုးကာ ငြိမ်သက်သွားကုန်သည်။

ဦးမိုးသစ် တစ်ခုခုကို စိုးရိမ်ခဲ့သလို ခုတော့ ထင်မှတ်မထားစွာ ဖြစ်လာပြီ။

ကိုထော မယုံနိုင်စွာ မျက်လုံးကိုလက်နဲ့ပွတ်ပြီးကြည့်သည်။

သူ့သတို့သမီးလောင်းက မျက်နှာဝိုင်းဝိုင်းစက်စက်လေးဖြစ် မနေ။ သွယ်လျတဲ့မျက်နှာနှင့်။





မျက်ဝန်းမှာလည်း ကြောက်ရွံ့ပြီး မျက်ရည်တွေဝဲဖြာနေသလို၊ ပန်းသွေးရောင်ခြယ်ထားတဲ့ နှုတ်ခမ်းထူထူကြီးက တဆတ်ဆတ်တုန်နေသည်။

"ပူစူးမ"

လို့ရွတ်လိုက်တဲ့ ကေကေ့အသံကျယ် ပွံ့ထွက်လာ၍ အားလုံး လှုပ်နှိုးခံရသလို အသိဝင်လာကာ လှုပ်လှုပ်ရှားရှားဖြစ်ကုန်သည်။

ဒေါ်မိုးမိုးလင်းနဲ့ ဒေါ်မေမေစိုး အထိတ်တလန့်နဲ့ ပူစူးမ လက်ကိုလွှတ်ချကာ ခြေလှမ်းတွေနောက်ဆုတ်ပြီး ရင်ဘတ်ဖိကြည့်သည်က ရှုံ့ရှုံ့ရှာရှာ။

"ပူစူးမ နှင် "

ဒေါ်မိုးမိုးလင်း မျက်ဝန်းရဲရဲကြီးတောက်သွားသလို မျက်ဝန်းထဲ မြင်ယောင်လာသည်မှာ သူမ ညှော်ခန်းတွင် ပန်းအိုးထိုးစဉ်မှာ သစ်ခွပန်းခူးမယ်ဆိုပြီး ထွက်သွားတဲ့ ပူစူးမက သမီးလား။

ဘုရား ဘုရား။

ဒေါ်မိုးမိုးလင်း မျက်လုံးပြူးမျက်ဆန်ပြူးနဲ့ အထိတ်တလန့် ဖြစ်သွားသည်။ ပူစူးမဝတ်သလို ရှပ်အကွက်အကျီဖားဖား၊ ထဘီ အပွင့်ကြီးကြီး။ ဆံပင်အားလုံးကို သိမ်းစုခေါက်တင်ကာ ကျားပါးစပ် ကလစ်ကြီးနဲ့ ဖြစ်သလိုညှပ်တင်ထားတဲ့ပုံစံက သမီးအသွင်ပြောင်း ထားတာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



"တောက် ပူစူးမ နင် ဘယ်လိုလုပ်လာတာလဲ"

ဦးမိုးသစ်ရဲ့ ဒေါသသံနက်နက်ကြီးပေါ်လာလျှင် ဒေါ်မိုးမိုးလင်း လှုပ်လှုပ်ရှားရှားဖြစ်သွားသည်။

"ပူစူးမ နင် နင် အရှုံးထလာတာလား၊ ဒေါ်သီတာ သမီးရော သမီး"

ဒေါ်မိုးမိုးလင်း ဆောက်တည်ရာမရ မေးသည်။

ဒေါ်သီတာ အူကြောင်ကြောင်ဖြစ်ကာ ဘာတွေဖြစ်နေမှန်း မခန့်မှန်းတတ်အောင် ရှုပ်ထွေးသွားသည်။

ငိုချတော့မတတ်ဖြစ်ကာ ကြောက်ဒူးတုန်နေရှာတဲ့ သတို့သမီးကိုကြည့်ပြီး လက်ညှိုးထိုးမေးသည်။

"ဒါ ဒါ ဒေါ်မိုးမိုးသမီး မဟုတ်လား"

"မဟုတ်ဘူး၊ အိမ်ဖော်မ"

"အမလေး"

ဒေါ်သီတာ မျက်လုံးပြူးကာ ခြေလှမ်းနောက်ဆုတ်လိုက်သည်။ ဒေါ်သီတာက သတို့သမီးကို တစ်ခါမှမမြင်ဖူးပါ။

သတို့သမီးပြင်ဖို့ အခန်းထဲဝင်တော့ ရွယ်တူအရပ်တူ မိန်းကလေးနှစ်ယောက်ကိုမြင်ရသည်။

တစ်ယောက်က နွမ်းနွမ်းဖပ်ဖပ်အဝတ်အစားနဲ့ ဝတ်ထားသည်။ အိမ်ဖော်ဖြစ်ဟန်တူသည်။





တစ်ယောက်က ဇာအထပ်ထပ်ပါတဲ့ အဝါရောင် ဂါဝန် အကောင်းစားနှင့်။

ဂါဝန်နဲ့ မိန်းကလေးက သူဌေးသမီးပဲဖြစ်ရမယ်။ မျက်နှာသွယ်သွယ်နဲ့ ကောင်မလေးကိုကြည့်ပြီး သူဌေးသမီးကလည်း နုနုဖပ်ဖပ်မရှိလိုက်တာ။ မျက်နှာကအစ ခြေတွေလက်တွေကြမ်းပြီး မလှလိုက်တာလို့ တစ်ကိုယ်တည်းစိတ်ထဲပြောမိသည်။

သူမကိုယ်တိုင်လည်း သတို့သမီးပါလို့ ဂါဝန်နဲ့မိန်းကလေး ပြောတာနဲ့ မှန်တင်ခုံရှေ့ပေးထိုင်ပြီး အလှဆုံးဖြစ်အောင် ပြင်ပေးခဲ့တာလေ။

ခုတော့ အိမ်ဖော်မ,တဲ့။

"အခု ဘယ်လိုလုပ်ကြမလဲ။ သမီးရော သမီး"

ဒေါ်မိုးမိုးလင်း ထိတ်ထိတ်ပျာပျာမေးသည်။

ပန်းခူးမယ်ဆိုတဲ့အကြောင်းပြချက်နဲ့ ဆင်းသွားတဲ့ မိန်းကလေးက ပြန်ပြီးပေါ်မလာတာ။ သေချာတာက လစ်ပြေးပြီဖြစ်ရမယ်။

"ပူစူးမ ပြောစမ်း၊ သမီး ဘယ်မှာလဲ"

ပူစူးမလက်မောင်းကို ဒေါ်မိုးမိုးလင်း ဆုပ်ကိုင်ပြီး တရစပ်မေးသည်။

ပူစူးမ ဖြေဖို့ နှုတ်မရဲ၊ ပြဿနာအားလုံးက ပူစူးမခေါင်းပေါ် ပုံကျနေပြီ။



www.burmeseclassic.com

www.burmeseclassic.com



မပြောရဲ မဆိုရဲ ကြောက်ရွံ့နေတဲ့ ပူစူးမ မျက်နှာကို လက်ဖဝါးနဲ့အုပ်၍ ဟီးခနဲ ငိုချသည်။

"တောက် လုပ်ရက်တယ် ကိုမိုးရယ်၊ ရှင်တို့လင်မယား အကြံပက်စက်လိုက်တာ၊ မေ့သားကို အိမ်ဖော်မနဲ့မှ၊ တောက်"

ဒေါ်မေမေစိုးမျက်နှာက ခံပြင်းမှုတွေနဲ့ ပြာတူးကာ ဦးမိုးသစ်တို့လင်မယားကို ရွံရွံရှာရှာကြည့်ရင်းပြောချ၏။

"ဟာ မ မဟုတ်ဘူး မမမေ"

"ဘာမဟုတ်ရမှာလဲ၊ လက်တွေ့မြင်နေရတာတောင် ငြင်းချင်သေးတယ်ပေါ့လေ၊ မေမေစိုးတို့ကို ဒီလိုအချဉ်ဖမ်းလို့ ရမတဲ့လား၊ တောက် လာ သား"

ရှက်လွန်းလို့ ဒေါ်မေမေစိုး ပြောရင်း သားလက်ကိုဆွဲကာ ချာခနဲ ကျောခိုင်းခဲ့တော့၏။

"မမမေ မမမေ မဟုတ်ဘူး၊ ကျွန်တော် ပြောတာ နားထောင်ပါဦး မမမေ"

"သား ကိုထော နေဦးလေ၊ နေပါဦးလား၊ ဟင့် ဟင့်"

ဦးမိုးသစ်တို့လင်မယား ဒေါ်မေမေစိုးနဲ့ ကိုထောကို လိုက်လံရှင်းပြဖို့ ဆွဲတားကြပေမယ့် မရ။

ဂုဏ်ရှည်တူအချင်းချင်း ဒီလိုအကြံပက်စက်တာကို ဘယ်လိုမှ လက်မခံနိုင်တော့။





သူ့မသားကို အိမ်ဖော်နဲ့မှ အကြံကြီးကြံဖန်လိုက်တဲ့ ဒီလင်မယားမျက်နှာကို အီးရွံသလိုရွံသွား၏။

ထို့ကြောင့် ဆွဲတားနေတဲ့ လက်တွေကို ကြမ်းကြမ်းတမ်းတမ်း ပုတ်ချပစ်ကာ သားကို အပိုင်ဆွဲပြီးထွက်ခဲ့သည်က အရှက်ကွဲမခံနိုင်လို့ပဲ ဖြစ်သည်။

"အေးနော်၊ လုပ်ရက်တယ်"

"ဦးမိုးတို့ ဘာအကြံအစည်နဲ့လဲ မသိဘူး၊ သမီးနဲ့အိမ်ဖော်ကို အစားထိုးပြီး အကြံအဖန်လုပ်တာတော့ ယုတ်မာလွန်းတယ်ကွာ"

"ဘာအငြိုးရှိလို့လဲမှ မသိတာ"

"ဟွန်း ကျက်သရေမဲ့တဲ့ အကြံအစည်မျိုး၊ အံ့ပါ့"

"ဟုတ်ပါရဲ့၊ ကိုယ့်ဂုဏ်၊ ကိုယ့်သိက္ခာကို မထောက် ... လုပ်ရက်တယ်ကွာ"

တရားသူကြီးစုံတွဲပါ မကျန်၊ ဂုဏ်သရေရှိ ဧည့်သည်တွေအားလုံး မဲ့မဲ့ရွဲ့ရွဲ့ တစ်ယောက်တစ်ခွန်း ဝင်ပြောကြသည်။

ဦးမိုးသစ်တို့လင်မယားကို မျက်နှာကိုဖြတ်ရိုက်သလို အရှက်တကွဲဖြစ်စေသည်။ မျက်နှာမဖော်ရဲအောင် ရှက်လည်းရှက်ကာ ဒေါသတွေလည်း ထွက်လာသည်။

သားရှင်ကို တားလို့မရတာက ပိုအရှက်ရစေသည်။

ဒေါ်မေမေမိုးနဲ့ ကိုထော ကားပေါ်တက်ပြီး လှည့်မကြည့်



www.burmeseclassic.com

www.burmeseclassic.com



စတမ်း ကားမောင်းထွက်သွားတော့ ပိုဆိုးသည်။

"တော်ပါပြီ၊ အားတော့နာတယ်၊ ဟင့် ဟင့် သွားမယ်"

ရှေ့နေကတော်က မျက်နှာထားနဲ့သရော်သလိုပြောကာ ဦးဆောင်ထွက်သွားလျှင် ငြိမ့်ပရိသတ်တွေလည်း ဝေါခနဲထွက်သွား၏။

"နေ နေကြပါဦး၊ ခင်ဗျားတို့ထင်သလို မဟုတ်ဘူးပါဗျာ၊ ကျွန်တော်ရှင်းပြတာကို နားထောင်ပါဦး"

"ဟုတ်ပါတယ်ရှင်၊ အထင်မလွဲပါနဲ့ မိုးမိုးရှင်းပြပါရစေ"

လင်မယားနှစ်ယောက် မျက်နှာငယ်လေးတွေနဲ့ ပြောပေမယ့် မိတ်ဆွေဖြစ်ခဲ့တဲ့မျက်နှာကို မထောက်ထားကြ။

မဲ့ကာရွဲ့ကာနဲ့ ထွက်သွားကြခြင်းက ပိုသာ အရှက်ဖြန်းဖြန်းကွဲသွားသလိုဖြစ်တော့၏။

"အန်တီရယ် လုပ်ရက်တယ်နော်"

"ကံကောင်းလို့ ငါတို့ကောင်တွေ အိမ်ဖော်မနဲ့ နှစ်ပါးသွားရမလို့"

"ကိုထောခမျာ သနားစရာ၊ ကျွတ် ကျွတ် ကျွတ်"

သမီးသူငယ်ချင်းတွေနဲ့အတူ သားထက်တို့အဖွဲ့လည်း လူကြီးတွေကို လေးစားငဲ့ညှာရကောင်းမှန်းမသိစွာ ဆူဆူညံညံပြောကြ၏။

"ဟုတ်ပ့ါ၊ ကေတို့ ထင်တောင်မထင်ဘူး"





"အန်တီတို့မှာ ဒီလိုအောက်တန်းကျတဲ့ ဥာဏ်နက်မျိုးရှိလိမ့်မယ်လို့ မထင်ခဲ့ပြီး"

"အန်တီရေ ကျွန်တော်တို့လည်း အချဉ်အဖမ်းမခံတော့ဘူး"

"အန်ကယ့်သမီးကို တစ်ကိုယ်လုံးစိန်စီပေးရတောင် မယူတော့ဘူး"

ဘာညာပြောပြီး ဝင့်မတိုက်ရုံတမယ်။

ထွက်သွားကြသည့်က အသည်းတဆတ်ဆတ်တုန်မတတ်နာမျက်သွားသည်။

ဦးမိုးသစ်တို့လင်မယား ရှက်လွန်းလို့ ကိုယ့်မျက်နှာကိုယ်မားနဲ့နုပ်နုပ်စင်းပစ်ချင်လောက်အောင်ဖြစ်ကာ အရှက်မီး ဟုန်းဟုန်းတောက်သွား၏။

"တောက် ပူစူးမ၊ ညည်းကြောင့် ညည်းကြောင့်"

ဒေါ်မိုးမိုးလင်း ရှူးသွပ်မတတ်ရှက်ကာ ပူစူးမခေါင်းပေါ်က ခေါင်းဆောင်းပဝါနဲ့ ပန်းတွေဘာတွေကို ဆွဲပစ်၊ ပူစူးမကို ဆောင့်တွန်းရင် ဒေါသအလျောက် ထင်တိုင်းကြဲနေတော့၏။

ပူစူးမခမျာ ဆွဲဆောင့် အထုထောင်းခံလျက် ကြမ်းပြင်ပေါ် ပုံပုံလေးကျကာ ငိုပွဲဆင်ရရှာသည်။

ဧည့်ခန်းထဲမှာ ဦးမိုးသစ်၊ ဒေါ်မိုးမိုးလင်းနဲ့ ပူစူးမတို့သာ ကျန်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါသတွေက စက္ကန့်နဲ့အမျှ အရှိန်တက်နေဆဲ။

✿

“ဟင့် ဟင့် ဟင့်”

ပုစုံးမ မျက်နှာကို သွေးလင်မယားခြေထောက်အောက် ရောက်မတတ် ငုံ့ချကာ ငိုရှိုက်ရုံသာရှိတော့သည်။

ဒီလိုတွေဖြစ်မယ် မထင်ခဲ့တာ ပုစုံးမအမှား။ အမှားဖြစ်ရတာ လည်း မမလေးနေနှင်းဆီကို ကြောက်ရလွန်းလို့ဖြစ်သည်။

ကြောက်လွန်းလို့ ပထမတစ်ခါလည်း ကူညီပေးမိပြီး မေမေ ကြီးမျက်ခြည်မပြတ်စောင့်ကြည့်နေလျက် မေမေ့အလစ်မှာ ခြေဟန် လက်ဟန်လေသံတွေနဲ့ ပြောတယ်လေ။

ကိုရင့်သဘာကို ဖုန်းဆက်အကြောင်းကြားဖို့ ဖုန်းနံပါတ် ကိုလည်း နှုတ်ခမ်းလေး မသိမသာဖွင့်ဟ၍ အသံမထွက်အောင် ရွတ် ပြခဲ့သည်။

မမလေးအမိန့်ကိုမလွန်ဆန်နိုင်လို့ ကိုရင့်သဘောကို ပုစုံးမ ဖုန်းဆက်အကြောင်းကြားပေးခဲ့ရသည်။

မမလေးမှာ ဘယ်လိုအကြံစည်ရှိမှန်း ပုစုံးမ မသိခဲ့ရိုးအမှန်ပါ။





မေမေကြီးအောက်ထပ်ဆင်းသွားသည်နှင့် နေနှင်းဆီ ပစ်မှတ်က ပုစုံးမဆီ ကျရောက်လာသည်။

မှောက်ချထားတဲ့မျက်နှာကို ခေါင်းအုံးပေါ်က ပြန်ခွာသည်။ ငိုရှိုက်နေတာကိုရပ်ပစ်ကာ ပါးပေါ်ကမျက်ရည်စီးကြောင်းကို ခပ်ကြမ်း ကြမ်းပွတ်သုတ်သည်။

ပြီးတော့ ပုစုံးမကိုစိုက်ကြည့်ပြီး ပုစုံးမရှေ့ မမနေ လာရပ် ပြီးပြောသည်။

“ဒီမှာ ပုစုံးမ နင့်အပြစ် နင်သိလား”

“ဘာလဲဟင် မမလေး”

ပုစုံးမ ကြောက်ကြောက်ရွံ့ရွံ့နဲ့ မရဲတရဲကြည့်ရင်း ပြန်မေး တော့။

“ငါ့လက်ကိုင်ဖုန်းမှာ ခေတ်ခဲလဲထည့်ပါလို့ အတန်တန်ပြော တာကို နင် လဲမထည့်တဲ့အပြစ်လေ၊ အဲဒီအပြစ်အတွက် နင့်ကိုငါ အလုပ်ဖြုတ်ပစ်လို့ရတယ်”

ပုစုံးမ ခေါင်းလေးတခါခါနဲ့

“မထုတ်ပါနဲ့ မမနေရယ်၊ အလုပ်ထုတ်ပစ်ရင် ပုစုံးမကို အားကိုးနေရတဲ့ ညီမလေးတွေ ထမင်းငတ်ကုန်ပါ့မယ်၊ မမလေးရယ် သနားပါနော်၊ ပုစုံးမကို သနားပါ မမနေရယ်၊ ရှိကြီးခိုးပါရဲ့”

ပုစုံးမ ပျာပျာသလဲ တောင်းပန်ရှာသည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ဝမ်းနာ ကိုယ်သာသိဆိုသလို အလုပ်ဖြုတ်ခံရမှာ ကြောက်လှသည်။ အမေက မမာ၊ အဖေက အလုပ်အကိုင် အတည် တကျမရှိ၊ မောင်နှမကလည်း များတော့ ပုစုးမ အလုပ်လုပ်ရတယ် လေ။ ပုစုးမလခနဲ့ဆိုတော့ ချို့တဲ့ပေမယ့် ထမင်းနပ်မှန်၏။

အလုပ်ကို ဂရုတစိုက်လုပ်နေလျက်နဲ့ မာတ်ခဲလဲထည့်ဖို့ မေ့သွားတဲ့တစ်ခါပဲ ပုစုးမ အပြစ်လုပ်ဖူးသည်။

တစ်ခါတည်းလုပ်ဖူးတဲ့အပြစ်က သူဌေးသမီး အလုပ်ဖြုတ် ပစ်နိုင်တဲ့အထိ ကြီးနေသည်၊ အလုပ်ထုတ်ခံရမှာတွေးရင်း ရင်တထိတ် ထိတ်ဖြစ်နေခဲ့သည်။

အခု ထိုအပြစ်ကို လက်ဆုပ်လက်ကိုင် ထုတ်ဖော်ပြောနေ တော့ ပုစုးမ ပို၍ကြောက်လာသည်။

မိသားစုအရေးအတွက် မမလေးနေကို လက်အုပ်လေးချီ၍ ရှိခိုးမတတ် တောင်းပန်မိသည်။

ပုစုးမ လက်အုပ်ချီပြီးတောင်းပန်လျှင်

"အေး နင် အလုပ်ဖြုတ်မခံချင်ရင် ငါခိုင်းတာလုပ်ရမယ်"

"ဘာ ဘာလုပ်ရမှာလဲ ဟင်"

"လုပ်ရမှာက နင့်အဝတ်တွေချွတ်"

"ရှင်"

ပုစုးလန့်လန့်ဖျပ်ဖျပ်ဖြစ်ကာ ရင်ဘတ်နဲ့လက်ဖဝါးကပ်သွား





သည်။ မျက်လုံးလေးပြူးပြီး နေနှင်းဆီကို မော့ကြည့်သည်။

"ရှင်တွေ,ဘာတွေ လုပ်မနေနဲ့၊ နင့်အဝတ် ငါဝတ်မယ်၊ ငါ့အဝတ် နင်ဝတ်၊ မြန်မြန်ချွတ်"

ဘာလုပ်ဖို့မှန်းမသိပေမယ့် အလုပ်မဖြုတ်ခံရဖို့ မမလေးခိုင်း တဲ့အတိုင်း လုပ်မိသွားသည်။ ပုစုးမအဝတ်ကို နေ ဝတ်သလို နေ့ ဂါဝန်ကို ပုစုးမကို ပေးဝတ်ကာ လူပုံစံပြောင်းလဲရတော့သည်။

မမလေးက ပုစုးမကို မမလေးနေရာမှာ အလုပြင်ဖို့ အတန် တန်နားချ၏။ ခိုင်းတာကြောင့် ကြောက်ကြောက်လန့်လန့်နဲ့ပဲ နာခံရ သည့်အဖြစ်။

ပိုက်ဆံမရှိ၊ ချို့တဲ့နွမ်းပါးတဲ့သူများ အစေအခိုင်းဆိုတော့ လည်း စေသလိုလုပ်၊ ခိုင်းသလိုပဲ ပြုရတော့သည့်ဘဝ။

"ဖြစ်ပါ့မလား မမလေးရယ်၊ ပုစုးမ ကြောက်တယ်"

လို့ စိုးရိမ်စိတ်နဲ့ စောဒကတက်ကြည့်ပေမယ့် မရခဲ့။

"နင့်ဘက်က ပိပိရိရိရှိပါစေ၊ တစ်ခုခုလွဲလို့ကတော့ အလုပ် အဖြုတ်ပဲ"

ခြိမ်းခြောက်ကြိမ်းဝါးတော့လည်း ပုစုးမခမျာ သူဌေးသမီး အလိုကျ သရုပ်ဆောင်ပေးခဲ့ရသည်။

အခုတော့ ပြဿနာက မိုးမီးလောင်တာထက် ဆိုးရွားကာ သူဌေးနဲ့ သူဌေးကတော်တို့ရဲ့ ဒေါသမီးက ပုစုးမရှေ့တည့်တည့်မှာ



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေပြီ၊ ဘယ်လိုရင်ဆိုင်ရမှန်းမသိအောင် ဖြစ်လာသည်။

"ညည်းကြောင့်" တဲ့၊

"မ မဟုတ်ပါဘူး မေမေကြီးရယ်၊ ပူစူးမက ဟင့် ဟင့် မမလေးခိုင်းသလို လုပ်ရတာပါ၊ မမလေးက မလုပ်ရင် အလုပ်ဖြုတ်ပစ်မယ်တဲ့၊ မမလေးကို ကြောက်လို့ ပူစူးမ လုပ်မိသွားတာပါ မေမေကြီးရယ်၊ ပူစူးမကို ခွင့်လွှတ်ပါနော် နော်"

"တိတ် ပူစူးမ"

သူဌေးဟန့်တားတဲ့အသံနက်ကြီးကြောင့် ပူစူးမတစ်ကိုယ်လုံး တုန်ခါကာ ကိုယ်လုံးလေးပါ လွင့်မတတ်ဖြစ်သွားသည်။

အဖြစ်အပျက်ကိုရှင်းပြပေမယ့် လက်မခံသလို သူဌေးဟန့်တား၏။ ထိုအခါ ပူစူးမ ရှေ့ဆက် ဘာမှမပြောရဲရှာတော့။

ကိုယ်လေးကိုတွန့်ကာ ညော်ခန်းကြမ်းခင်းမှာ ပုံ့ပုံ့လေးထိုင်လျက်နဲ့ ခေါင်းငုံ့ရှိုက်ငိုရှိုက်ငိုရှာသာ။

"တောက် အမိုက်မ"

"ဟုတ်တယ် သမီးမိုက်တယ်၊ မိုးတို့ကို အရှက်ခွဲတယ်၊ အခုဘယ်လောက်ရှက်ဖို့ကောင်းလဲဟင်"

ဒေါ်မိုးမိုးလင်း ဒေါသစိတ်က သမီးဘက်လှည့်သွားပြန်သည်။ ဦးမိုးသစ် ပူစူးမရှေ့မှာ ခေါက်တုံ့ခေါက်ပြန်လမ်းလျှောက်သည်။

ရှက်ခြင်း ဒေါသဖြစ်ခြင်းကြောင့် ပတ္တမြားခဲလို နီရဲစိုလက်





နေတဲ့ မျက်နှာကို ပွတ်ပစ်ရင်း

"သမီး လုပ်ရက်တယ်ကွာ"

ဟု ပျစ်ပျစ်စေးစေး ရွတ်သည်။

"အခု အခု ဘယ်လိုလုပ်ကြမလဲဟင် ကိုမိုး"

"ဘယ်လိုလုပ်ရမလဲ၊ ဒီလောက်မိုက်တဲ့သမီး, မိဘရင်ကို စုံကန်ထွက်သွားတဲ့သမီး, အရှက်ပြန်းပြန်းကွဲအောင် ပြုတဲ့သမီး, သူ့တွေ့လို့ကတော့ ဟွန်း၊ ဒယ်ဒီ့အကြောင်း သိရသေးတာပေါ့ သမီးရယ်၊ တောက်"

ဦးမိုးသစ် အံ့ကြိတ်၍ ရင်နာနာရွတ်သည်။

သမီးကိုချစ်လွန်းလို့ အလိုလိုက်ခါမှ အရှက်လှလှကွဲတဲ့ အဖြစ်၊ မိဘမျက်နှာကို မထောက်၊ အသိုင်းအဝိုင်းနဲ့ ဂုဏ်သိက္ခာကို မငဲ့ကွက်ဘူး။

ဘာမှ အခြေအမြစ်မရှိတဲ့ ယောက်ျားတစ်ယောက်ကို ချစ်တယ်ဆိုတဲ့အကြောင်းပြချက်နဲ့ အိမ်ဖော်သော,ဘာသော ဂရုမစိုက်ဘဲ ခုတုံးလုပ်ကာ လွတ်အောင်ပြေးပေါက်ရှာထွက်သွားတဲ့ သမီး။

ဦးမိုးသစ်ခြေလှမ်းက ဦးမိုးသစ်ရဲ့ တောက်ခတ်သံနောက်မှာ ညော်ခန်းအပြင်သို့ ဒရောသောပါး လှမ်းထွက်သွားသည်။ ဒေါ်မိုးမိုးလင်းကလည်း ခင်ပွန်းသည်နောက် လိုက်ပါသွားသည်။

သူဌေးလင်မယားကား ဂူးခန်း မောင်းကာထွက်သွားလျှင်



www.burmeseclassic.com

www.burmeseclassic.com



ပူစူးမခမျာ ပါးပြင်ထက်က မျက်ရည်စီးကြောင်းတွေကိုသာ သုတ်မိ၍

"မမလေးရယ် ပူစူးမကိုမှ ခုတုံးလုပ်ရက်တယ်နော်၊ ခုတော့ အားလုံးရှုပ်ထွေးကုန်ပြီလေ"

ရှေ့ဆက် ဘာတွေဖြစ်လာဦးမလဲ ပူစူးမ မတွေးရဲတော့ပါ။

ပထမတွဲပြီးပြီ။

ဒုတိယတွဲ (ဇာတ်သိမ်းပိုင်း) အားပေးဖတ်ရှုကြပါရန်။

ချစ်ခြင်းဖြင့်ပျော်ရွှင်ချမ်းမြေ့ပါစေ

မိန်းကလေး
အမှတ် ၂၇ (A)၊ ပထမထပ်
ဦးလွန်းလမ်း၊ အရှိုးကုန်းရပ်ကွက်၊
တာမွေမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း – ၀၉၈၀၂၁၁၃၇

BURMESE CLASSIC .com
www.burmeseclassic.com